www.burmeseclassic.com

တွေ့သူများ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက်အမှတ် - ၁၅၅/၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၁၅/၂၀၀၁(၄)

၂၀၀၁ ခု၊ မေလ
**ဒုတိယအကြိမ်**
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀ ကျပ်
ကွန်ပျူတာ - **EDV**
ကာလာခွဲ - မြကျွန်းသာ
**ထုတ်ဝေသူ**
ဦးမောင်ကလေး
၁၅၊ ဩဘာလမ်း
ကျောက်မြောင်း၊ တာမွေ
**အတွင်းပုံနှိပ်**
ဦးကျော်ဌေး (၀၂၇၇၃)
ရွှေဇင်ကျော်ပုံနှိပ်တိုက်
စက်မှုဇုန်၊ တောင်ဒဂုံ
**မျက်နှာဖုံးပုံနှိပ်**
ဒေါ်မြမြဝင်း
၃၁၃၊ အောက်ကြည့်မြင်တိုင်လမ်း၊
ဌာနရပ်ကွက်၊ အလုံ
ဖြန့်ချိရေး - ဖြိုးနေလင်းတာပေ
အမှတ် (၂၀)၊ ပိတောက်လမ်း၊
တောင်ပိုင်းရပ်ကွက်၊ သောက်ကြန့်မြို့။

BURMESE CLASSIC .com



စာမျက်နှာ

၁။ ရတနာရွှေမန်းအမှာစာ .............. ၄
၂။ တက္ကသိုလ်သျှင်သီရိအမှာစာ .......... ၅
၃။ စကားဦး ...................... ၆
၄။ ထုတ်ဝေသူ၏အာသီသ .............. ၁၁
၅။ ဥပါလိ၏ ကြွေးကြော်သံ ............ ၁၅
၆။ ဒါရုစိရိယ .................... ၃၁
၇။ မစင်စားဇမ္ဗူကာ ................ ၅၂
၈။ အလှူ့ရှင်ပိဏ္ဍောလ နှင့် နိဂ္ဂဏ္ဍာန်ဆော် ....... ၇၃
၉။ လယ်ကွင်းထဲက မမွှေးတေးသံ .......... ၉၁
၁၀။ ရွှေသမက် ငွေသမက် .............. ၁၁၃
၁၁။ သက်န်းမဝတ်လိုက်ရတဲ့ရဟန်း .......... ၁၃၃
၁၂။ ဆဝသိသမန္တာန်အရှင် .............. ၁၅၃
၁၃။ စမ္ပာနဂိုရ်မြို့စားကြီး .............. ၁၇၃
၁၄။ လူချမ်းသာကြီးသုပ္ပဗုဒ္ဓကုဋ္ဌိ ............ ၁၉၃
၁၅။ ဦးကပ်စီး ...................... ၂၁၁

www.burmeseclassic.com

www.burmeseclassic.com



# ရတနာရွှေမန်း၏အမှာစာ

ဘဝဟူသည် ကံသုံးပါးအလျဉ်တွင် မပြတ်စဲသော ဖြစ်စဉ်တစ်ခု ဖြစ်သည်။ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့အားလုံး သက်ဆိုင်ပါဝင်သဖြင့် တရစပ်လည်နေသော စက်ယန္တရားဖြစ်သည်။ သက်ရှိသက်မဲ့ဟု သတ်မှတ်ပိုင်းခြားထားသော်လည်း ဖြစ်စဉ်အားဖြင့်မူ တူညီသော သဘာဝမျိုးဖြစ်သည်။ ရေမှ အပူဓာတ်ကြောင့် အခိုးအငွေ့၊ အခိုးအငွေ့မှ မိုးတိမ်၊ မိုးတိမ်မှ မိုးရွာကာ ရေပြန်ဖြစ်လာသည်။ သရက်စေ့မှ သရက်ပင်၊ ညောင်ပင်မှညောင်သီး ညောင်စေ့ဖြစ်စဉ်သည်လည်း ထိုနည်းတူပင်ဖြစ်သည်။ ဥတုနှင့် ဗီဇဖြစ်စဉ် နိယာမအတိုင်း သက်မဲ့အရာတို့ မပြတ်ဖြစ်ပေါ်ကြရသည်။

သက်ရှိတို့မှာမူ စိတ်စေတနာဟူသော ကမ္မနိယာမပါရှိနေသဖြင့် စွမ်းအားကြီးသည့် ဘဝဖြစ်စဉ် ယန္တရားပင်ဖြစ်သည်။ အကောင်းအဆိုးအမျိုးမျိုးသော ဘဝဖြစ်စဉ်ကို ဖန်တီးနိုင်သော စွမ်းအင်မှာ ကံ-ကမ္မပင်ဖြစ်၍ အသိဉာဏ်ရှင်သော အပြု၊ အပြော၊ အတွေး၊ အကြံတို့ကို နည်းမှန် လမ်းကျ ပြုမူပြောဆိုတွေးခေါ်တတ်ရန်မှာ အလွန်လိုအပ်လေသည်။ လိုအပ်သော ထိုအချက်ကို ဖြည့်ဆည်းရန်မှာ ဗုဒ္ဓရှင်တော်မြတ်၏ သွန်သင်ညွှန်ပြချက်တို့ကို အလေ့အလာရှိမှသာ ပြည့်ဝနိုင်ပေမည်။

ဤသို့ပြုလျှင် ထိုသို့ဖြစ်မည်ဆိုသည်ထက် ဘယ်သူဘယ်ဝါ ဘယ်အချိန်အခါက ဘာလုပ်၍ ဘယ်လိုဖြစ်သွားသည်ဆိုခြင်းက ပိုမိုစိတ်ဝင်စားဖွယ်ကောင်းမည်။ စိတ်ဝင်တစားလည်း ရှိတတ်ကြသည်။ စိတ်ပါဝင်စားမှုလည်း သိမြင်နားလည်နိုင်သည်ဖြစ်၍ စိတ်ဝင်စားအောင် ဝတ္ထုသာဓကဆောင်ကာ ရေးဖွဲ့ထားသော ဆရာမောင်ဆန္ဒ(လယ်ဝေး)၏ တင်ပြချက်တို့ကို လေ့လာခြင်းဖြင့် အသိဉာဏ်ယှဉ်သော ဘဝအမြင်ကို ရယူနိုင်မည်ဟု မျှော်လင့်မိပါသတည်း။

ရတနာရွှေမန်း(သ-စ-ဓ-ဓမ္မာစရိယ)





# ‘တက္ကသိုလ်သျှင်သီရိ၏အမှာစာ’

မောင်ဆန္ဒ(လယ်ဝေး)က မြတ်ပန်းရဂုံဦးအောင်ကျော်ထူးမှ တစ်ဆင့် သူ၏စာမူကို ဖတ်ကြည့်ရန် ဆန္ဒပြုပေးပို့လိုက်ပါသည်။

စာရေးသူသည် ရုံးလုပ်ငန်းတာဝန်အရ မိုးကုတ်မြို့တွင် ဖွင့်လှစ်မည့် ထေရဝါဒ လူပုဂ္ဂိုလ် သာသနာပြုသင်တန်း အမှတ် ၂၃ /၉၇ သို့သွားရောက် ဖွင့်လှစ် ရသည်။ တာဝန်လုပ်ငန်းကိစ္စတွေ သွားနေ၍ မောင်ဆန္ဒ(လယ်ဝေး)၏ စာမူကို ရုတ်တရက် မဖတ်ဖြစ်နိုင်ပါ။ မိုးကုတ်ကျမှ အေးအေးဆေးဆေးဖတ်မည်ဟုဆုံးဖြတ်ကာယူသွားပါသည်။ မိုးကုတ်မြို့၏ အေးမြလှသော မိုးရာသီဝယ် ညပိုင်းသင်တန်းနားချိန်၌ မောင်ဆန္ဒ(လယ်ဝေး)စာမူကို ဖတ်မိပါသည်။

ဥပါလိ၏ကြွေးကြော်သံမှ စတင်ဖတ်လိုက်ရာ တစ်ပုဒ်ပြီး တစ်ပုဒ် သက်မချနိုင် ဖတ်မိသွားသည်။ နောက်ဆုံး လယ်ကွင်းထဲမှ ဓမ္မတေးသံစာစု ပြီးမှပင် စာမူကိုချလိုက်မိသည်။ စိတ်ထဲတွင် ဆက်လက်ဖတ်လိုသောအာသီသ ဆန္ဒက မပြေမပျောက်နိုင်ဘဲရှိသွားသည်။

မောင်ဆန္ဒ(လယ်ဝေး)၏ ရေးသားသီကုံးမှုသည် မူရင်း ဓမ္မပဒ ဇာတကပါမာဂဓဘာသာ(ပါဠိဘာသာ)အရေးအဖွဲ့မျိုးလည်းမဟုတ်။ ဆရာကြီး ငွေဥဒေါင်း၏ဗုဒ္ဓစာပန်းချီရေးဖွဲ့မှုအရသာနှင့်လည်းမတူ။ တစ်မျိုးထူးခြားသော အရသာကိုခံစားနေမိပါသည်။ ထို့အတွက်အသင်စာရှုသူများကို တိုက်တွန်းပါရစေ။ မောင်ဆန္ဒ(လယ်ဝေး)၏"မသေဆေးတွေ့သူများ"မည်သောစာစုလေးကို တစိမ့်စိမ့် အချိန်ယူပြီး ဖတ်ကြည့်စမ်းပါ။ တသိမ့်သိမ့်ခံစားကြည့် စမ်းပါ။

အသင်စာရှုသူသည် ဆွတ်ပျံ့ကြည်နူးဖွယ်ရာ သိင်္ဂါရ ရသကိုလည်း ခံစားရပါမည်။ ဘဝတွက်တာ၊ သံဝေဂ ဓမ္မရသကိုလည်း ခံစားရပါမည်။ ချမ်းမြေ့ငြိမ်းအေးရာ သန္တိသုခရသကိုလည်း ခံစားရပါမည်။

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com



# စကားဦး

မသေဆေးတွေ့သူများနှင့် ပတ်သက်၍ အနည်းငယ် ရှင်းလင်းတင်ပြဖို့ လိုမည်ထင်ပါသည်။

သတ္တလောကရှိ သတ္တဝါတိုင်း ရင်မဆိုင်လိုသည်မှာ သေခြင်းတရားပင်။

အသိဉာဏ်ရှိသည့်လူသည်လည်း သေမှာကြောက်၏။ ဆင်းရဲတော်ပြတ်တောင်းစားရသူပင်လျှင် မသေချင်။ ဝတ်နေသူကို ဘီလျံနာသူဌေးကြီးဖြစ်အောင် ချက်ခြင်း လုပ်ပေးနိုင်မည်ဆိုလျှင် မလိုချင်ဘဲ နေမည်မဟုတ်။ အလွန်အမင်း ဝမ်းသာသွားမည်။ သို့သော် ယနေ့ဘီလျံနာဖြစ်မယ်။ မနက်ဖြန်တော့ သေရမည်ဟု ပြောလျှင် ထိုဘဝကိုလိုလားတော့မည်မဟုတ်။ ဖြစ်ရာဘဝမှာပဲ အသက်ရှင်နေပါတော့မည်ဟု ပြောမည်သာ။

လူသာမဟုတ်၊ အသိဉာဏ်မရှိသော အဟိတ်တိရစ္ဆာန်လည်း သေမှာတော့ကြောက်သည်။ ခွေးလည်းသူ့ဘဝကို မြတ်နိုးသည်။ ကြက်၊ ဝက်၊ ငါးမည်သည့်သတ္တဝါမဆို မိမိဘဝကို တွယ်တာမက်မောသည်မှာ ပြောစရာပင်မလို။ သေမည့်ဘေးကို သိလျှင် လွတ်လမ်းကို ရုန်းကန်ကြသည်။ မတတ်သာ၍ သေရတော့မည် ဆိုလျှင် မျက်ရည်ကျသော တိရစ္ဆာန်များကို တွေ့ကြုံဖူး၏။ နှုတ်ဖြင့်ထုတ်ဖော်ပြောနိုင်စွမ်းမရှိ၍ မျက်လုံးများဖြင့် အသနားခံသည်ကို တွေ့ရတတ်ပေသည်။

သတ္တဝါမှန်သမျှ သေလမ်းမသွားချင်။

အသိဉာဏ်ရှိသောသူသည် မသေချင်ရုံသာမက မနာ၊ မအိုနေလိုကြသည်။





သို့ဖြစ်၍လည်း အသက်ရှည်နည်းရှာကြသည်။ ဆေးဝါး၊ ဂါထာ၊ မန္တန်၊ အင်း၊ အိုင်၊ လက်ဖွဲ့အတတ်နှင့် လည်းကောင်း၊ သမထနည်းနှင့်လည်းကောင်း၊ အာယုသက်တမ်းရှည်နိုင်သမျှ ရှည်အောင် ကြိုးစားကြသည်။

လူတို့တောင်းတသော မသေနည်းရှိသည်။ မသေဆေး ရှိသည်ဆိုလျှင် လူတိုင်းလူတိုင်း အာသာငမ်းငမ်း လိုချင်ကြမည်။ ရှိသမျှစည်းစိမ်ပုံပေးပြီး မသေဆေးကို ဝယ်ယူကြမည်။ ဤကား လူတိုင်း ဆန္ဒပင်။

သတ္တဝါတိုင်းတောင့်တမက်မောသော "မသေဆေး"က အမှန်ပင်ရှိပါသည်။

* * * * * *

ရုပ်တရား၊ နာမ်တရားဖြစ်လာလျှင် တစ်နေ့ပျက်ဖို့ လမ်းသာရှိသည်။

ဤတရားကိုလူတွေမသိမဟုတ်၊ သိသည်။ သိသလားဟု မေးလျှင် တိတိကျကျသိခြင်းမဟုတ်။ မတွယ်တာ အပ်သည်ကို တွယ်တာ၊ ဆင်းရဲခြင်းကို ဆင်းရဲမှန်းမသိ။ ကိလေသာတဏှာကို ဖွဲ့ငြိလျက် သေခြင်းကို ရှောင်ဖယ် လိုကြသည်။ သေခြင်းတရား မသိ၍ သေမှာကြောက်နေခြင်းပင်။

သေခြင်းတရားနှင့်ပတ်သက်၍ ခုချိန်ခုခါ သတ္တဝါများသာ မသိကြသည်မဟုတ်။ ဘုရားရှင်လက်ထက်က လူများလည်း မသိခဲ့။ ထိုအကြောင်းနှင့် ပတ်သက်၍ ကိသာဂေါတမီထေရီမ အကြောင်းက သာဓကထင်ရှား လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတည်းသောသားလေးသေချိန်၊ သေခြင်းတရားမသိသော ကိသာ ဂေါတမီမှာ သားဟူသော သံယောဇဉ်နှင့် အလောင်းကိုမစွန့်ရက်။ အသက်ပြန်ရှင်အောင် ကုနိုင်မည့် ဆေးရှာခဲ့သည်။ နောက်ဆုံး သားအလောင်းကိုပွေ့လျက် ဘုရားရှင်ထံမှောက်ရောက်သွားတော့သည်။

“ချစ်သမီး ကိသာဂေါတမီ။ သင့်သားအသက်ရှင်လိုရင် သား၊ သမီး၊ မိဘ၊ ဆွေမျိုးမသေဘူးသည့်အိမ်က မုန့်ညင်းလက်တစ်ဆွမ်းယူခဲ့လော့. . .”

ဤသည်မှာ ဘုရားရှင်၏ ပွဲတွေ့မသေဆေးပင် ဖြစ်ပေသည်။

ဆေးနည်းသိသော ကိသာဂေါတမီသည် သားအလောင်းကို ရင်မှာပိုက်လျက် မုန့်ညင်းစေ့ လက်တစ်ဆွမ်းအတွက် သာဝတ္ထိမြို့အတွင်း တစ်အိမ်တက်ဆင်းတောင်းတော့သည်။ အချိန်သာကုန်ပြီး မုန့်ညင်းစေ့ကားမရ။ နေဝင်ချိန်ရောက်သောအခါ သားမျက်နှာ ငုံ့ကြည့်မိ၏။ အနံ့ထွက်စပြုနေသော သားကိုကြည့်ရင်း. . .

“ဪ. . အံ့ဖွယ်ပါတကား။ ငါဟာတဝန်လေးတဲ့ အမှုကိုပြုမိပါလား။ အသက်ရှင်သူ မှန်သမျှသေရမည်ကို မဆင်ခြင်မိတဲ့ငါဟာ အင်မတန်မိုက်မဲပေစွ”ဟုတွေးတောမိသည်။ ဤတွင် သားသေကို စွန့်လျက် ဘုရားရှင်ထံ ပြန်လာတော့သည်။

သေခြင်းတရားဆင်ခြင်ပြီးပြန်လာသော ဂေါတမီအား ဘုရားရှင်က . .

“ချစ်သမီးဂေါတမီ။ သားသမီး၊ ကျွဲနွား၊ ဥစ္စာများကို စွဲလမ်းပြီး မရသေးသောအရာကို တောင့်တလိုချင်သော လူအပေါင်း





ကို အိပ်မောကျနေသော ရွာတစ်ရွာလုံးကို ရေအလျဉ်ကြီးသည် တိုက်မျှောယူငင်သွားသကဲ့သို့ သေမင်းသည်ခေါ်ဆောင်သွားနိုင်၏” ဟူသော အောက်ပါတရား ဟောလေ၏။

“တံ ပုတ္တ ပသု သမ္မတ္တံ၊ ဗျာ သတ္တမာနသံ နရံ”

“သုတ္တံ ဂါမံ မဟော ဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ”

အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို အမြွက်မျှဟောရုံနှင့် ကိသာဂေါတမီဆင်ခြင်နိုင်သွားသည်။ မေ့လျော့ပေါ့ဆခြင်း ခြုံလွှာကို ဖယ်ရှားပစ်နိုင်ခဲ့သည်။ ဤတွင် ဂေါတမီရဟန်းပြုခွင့် တောင်းတော့သည်။

ထေရီမ ဂေါတမီသည် တစ်နေ့တွင် ဆီမီးပူဇော်ရင်း၊ မီးလျှံတို့ ပျက်စီးမှုသဘောကို ဆင်ခြင်မိ၏။ ဪ. . . သတ္တဝါ မှန်သမျှ မီးလျှံနည်းတူချုပ်ငြိမ်းရမည်သာ. . .”ဟု ဆင်ခြင်မိချိန် ဘုရားရှင်က ရောင်ခြည်တော်လွှတ်၍ ဆုံးမပြန်သည်။

“ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ”

“ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံပဒံ”

သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်သော ပုဂ္ဂိုလ်၏ အနှစ်တစ်ရာအသက်ရှည်ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုသည့်ပုဂ္ဂိုလ်၏ တစ်နေ့တစ်ရက် အသက်ရှည်ခြင်းက ပို၍မြတ်၏။

ဘုရားရှင်လက်ထက်က သာဝတ္ထိပြည်တွင် လူ(၇)ကုဋေရှိရာ (၅)ကုဋေသည် တရားထူးတရားမြတ်ရကြောင်း ဓမ္မပဒ အဋ္ဌကထာ၌ဆိုပေသည်။ တရားရသူကား သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်း၏။ သောတပန်ဖြစ်၏။

သောတပန်ပုဂ္ဂိုလ်သည် သံသရာတွင် ခုနစ်ဘဝသာ ကျင်လည်ရတော့၏။ အနာဂါမ်ပုဂ္ဂိုလ်ကား တစ်ဘဝသာ ကျန်တော့၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာဖြစ်လျှင် သေခြင်းတရားကိုနောင်တွင် မဆုံစည်းရတော့။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရသူကား မသေဆေးရသွားသူဖြစ်သည်။ ထိုအထဲမှ ပုဂ္ဂိုလ်အချို့ကို ထုတ်နှုတ်တင်ပြ ထားပါသည်။

ဤ "**မသေဆေးတွေ့သူများ**" စာအုပ်ကို ဖတ်ရှုပြီး အသိဉာဏ်အမှန်ရလျက်၊ အမိုက်တိုက်ဖုံးလွှမ်းနေမှုကို ဖယ်ရှားနိုင်လျှင် သင်လည်း မသေဆေးတွေ့သူ ဖြစ်မည်ပင်။

ဘုရားရှင်သည် နေ့စဉ် ဟောကြားသော တရားရှိ၏။ ကြိမ်ဖန်များစွာလည်းဟော၏။ ပရိနိဗ္ဗာန် ပြုခါနီးတွင်ပင် နောက်ဆုံးအကြိမ် ဟောခဲ့သေး၏။

"အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနောပဒံ"

"အပ္ပမတ္တာ နမီယန္တိ၊ ယေပမတ္တာ ယထာမတာ"

မမေ့မလျော့ခြင်းသည် မသေရာနိဗ္ဗာန် မျက်မှောက်ရောက်ခြင်းဖြစ်၏။ နာရီစက္ကန့်မလပ် သတိရှိလျက် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပြုလျက် ရုပ်နာမ် ဓမ္မ သင်္ခါရကို ဆင်ခြင်လျှင် နိဗ္ဗာန်မျက်မှောက်ပြုမည် ဖြစ်၏။ နိဗ္ဗာန်ရောက်ခြင်းသည် မသေဆေးတွေ့ခြင်းပင် ဖြစ်သည်။

ကျွန်တော့်စာအုပ်ကိုဖတ်မိ၍ "အပ္ပမာဒ" တရား ဆင်ခြင်နိုင်ပြီဆိုလျှင် ကျွန်တော်ကျိုးပမ်းရကျိုးနပ်ပြီဟု နှလုံးပိုက်နှစ်ခြိုက်ရပါတော့မည်။

**မောင်ဆန္ဒ (လယ်ဝေး)**



# ထုတ်ဝေသူ၏ အာသီသ

လူ့ဘဝတွင် အရေးကြီးဆုံးကဘာလဲ၊ ဤ မေးခွန်းကို ကြိမ်ဖန်များစွာမေးဖူးသည်။

စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းသည် အရေးကြီးဆုံး ဟုထင်ခဲ့သည်။ သေသေချာချာ ဆန်းစစ်ကြည့်တော့ စည်းစိမ်ဉစ္စာ၏အခန်းကဏ္ဍက တဖြည်းဖြည်း နောက်ရောက်သွားသည်။

သို့ဖြစ်လျှင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာမှုလားဟု တွေးမိပြန်သည်။ ဘဝတစ်ခုအတွက်ဆိုလျှင် မှန်ကန်သော်လည်း၊ သံသရာတွင်းကရွတ်ကင်းလျှောက်သည့်နှယ် ကျင်လည်နေသော ပုဂ္ဂိုလ်သတ္တဝါအတွက်မူ အရေးမကြီးသော ကိစ္စ ဖြစ်သွားသည်။

ကျွန်ုပ်တို့အတွက် အရေးကြီးဆုံးကား အမြင်မှန်ဖို့သာ အဓိကဖြစ်သည်။ အမြင်မှန်မှ အတွေးမှန်မည်။ အတွေးမှန်မှ အလုပ်မှန်မည်။ မှန်ကန်သည့်အလုပ်ကို ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ပြုမိမှသာ အဆင့်အတန်းမြင့်သော ဘဝ ရောက်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအတွေးအမြင်ရှိချိန်၊ ကျွန်တော်သည် ဆရာမောင်ဆန္ဒ(လယ်ဝေး)၏ "မသေဆေးတွေ့ သူများ" စာအုပ်ကို ဖတ်မိသည်။ အမြင်မှန် ရှင်သန်ရေးအတွက် ဇာတ်၊ နိပါတ်တွေက ထုတ်နှုတ်ပြီး ဖတ်ချင်စဖွယ်ရေးထားသည်ကို တွေ့ရသည်။ ကျေနပ်ပီတိ ဖြစ်မိသည်။


ဟင်းကောင်းစားရလျှင် မိတ်ဆွေကောင်းကို သတိရတတ်၍ ဟင်းကောင်းချက်လျှင်လည်း အိမ်နီးနားချင်းကို လက်ဆင့်ကမ်းပေးဝေတတ်ကြသည်မှာ မြန်မာတို့၏ ဓလေ့ဖြစ်သည်။

ကျွန်တော်သည် ဆရာမောင်ဆန္ဒ(လယ်ဝေး) စာအုပ်ကို လက်ဆင့်ကမ်းဝေငှလိုသည်။ ဟင်းကောင်းတစ်ခွက်ကို မိတ်ဆွေကောင်းတို့လက်သို့ အရောက်ပို့လိုသည်။

ဤရည်ရွယ်ချက်ဖြင့် "မသေဆေးတွေ့ သူများ" ကို ဒုတိယအကြိမ် ထုတ်ဝေလိုက်ပါသည်။

နေလင်း

နေလင်းစာပေ



www.burmeseclassic.com



> တော်ပြီနိဂဏ္ဍ၊ သင်တို့ကို ငါမလိုတော့ဘူး။
> ငါဟာကိုးကွယ်ထိုက်တဲ့ ဘုရားရှင်ကိုတွေ့လာပြီ။
> (ဥပါလိ)





# ဥပါလိ၏ကြွေးကြော်သံ

တက်ကြွရွှင်မြူးသည့် မျက်နှာထား၊ ဖျက်လတ်သွက်လက်သည့် ခြေလှမ်းများဖြင့် ပြန်လာသော ဒီဃတပဿီကို မြင်လိုက်သည်နှင့် အောင်ပွဲတစ်ခု ခံလိုက်ပြီဟု အတတ်သိလိုက်သည်။

'ဘယ် .. ဘယ်လိုလဲနိဂဏ္ဍ၊ ရှင်ကြီး ဂေါတမနဲ့ တွေ့ခဲ့တယ်မို့လား. . .'

ကျွန်ုပ် ဥပါလိ၏ အမေးကိုပင် နှုတ်တုံ့မပြန်နိုင်။ လည်တဆန့်ဆန့်၊ ဖင်တကြွကြွ စောင့်မျှော် နေသည့် မဟာဝီရထံ ခပ်သုတ်သုတ် လျှောက်သွားသည်။ ဒီဃတပဿီကို မှီအောင် အပြေးတစ်ပိုင်း လိုက်သွားရသည်။

'ရဟန်းကြီး ဂေါတမကို ဒီတစ်ခါ အပြတ်နိုင်တော့မယ် မဟာဝီရ'

လက်မထောင်လျက် ဝင့်ကြွားသည့် လေသံနှင့် ပြောလိုက်သော နိဂဏ္ဍစကားကြောင့် ဂိုဏ်း ဆရာကြီး မဟာဝီရမှာ အံ့ရွှေပင် မသိမ်းဆည်နိုင်။

'ဘာ. . . ဘယ်လို၊ ငါရှင်းအောင်ပြောစမ်း နိဂဏ္ဍ



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဂေါတမကို အောင်နိုင်တော့မည် ဆို၍ ဂိုဏ်းဆရာကြီး မဟာဝီရ အလွန်အမင်း ဝမ်းသာသွားပုံရသည်။ မဟာဝီရမဆိုထားနှင့် ကျွန်ုပ်လိုဥပသကာတစ်ယောက်ပင် ပျော်မြူးသွားသည်ထိ ဝမ်းသာမိသည်။

ဝါဒစစ်ပွဲတွင် အတ္တဝါဒီဂိုဏ်းသားတွေ တစ်ပွဲပြီးတစ်ပွဲ ရှုံးနိမ့်နေရာ အိမ်ရှေ့ပူအိမ်နောက်မချမ်းသာဆိုသလို နိဂဏ္ဌတွေ မျက်နှာပန်း မလှတော့ ကျွန်ုပ်လည်း ခေါင်းမဖော်ဝံ့။ အောင်နိုင်မည့် နည်းဗျူဟာတွေပြီဆိုသဖြင့် နိဂဏ္ဌတို့၏ ဥပကာဖြစ်သော ကျွန်ုပ် ရင်ကော့နိုင်တော့မည်။

'ပြောစမ်းပါဦး နိဂဏ္ဌရဲ့၊ ပါဝါရိက သူဌေးရဲ့ သရက်ဥယျာဉ်မှာ သီတင်းသုံးနေတဲ့ ရဟန်းကြီးဂေါတမနဲ့ တွေ့ခဲ့တယ်ဆိုပါတော့'

'သေသေချာချာကို တွေ့ခဲ့တယ်ဥပါလိရေ့'

'နိဂဏ္ဌက ကျွန်ုပ်ကို ဝမ်းသာအားရပြောနေစဉ် မဟာဝီရက ကျွန်ုပ်ကိုတွန်းဖယ်လိုက်သည်။

'ခဏနေစမ်းပါဥပါလိရယ်. . . ငါမေးစမ်းပါရစေဦး။ ဒါနဲ့ပြောစမ်းဒီဃတပဿီ, ရဟန်းဂေါတမနဲ့ တွေ့တော ဘာဖြစ်လဲ၊ ဘာမေးလဲ၊ သူဘာပြောလဲ။'

သိချင်စိတ်ဖြင့်ဆောက်တည်မရဖြစ်သော မဟာဝီရက ကျွန်ုပ်ကိုဟန့်တားပြီး အလောတကြီးဝင် မေးသည်။ ဒီဃတပဿီက လက်ဖျောက်တစ်ချက်တီးလျက် မခိုးမခန့် ပြုံးရယ်ရင်း. . .

'အဟဲဟဲ. . . ဒီလိုမဟာနိဂဏ္ဌ. . . ကျုပ်ဘာကိစ္စနဲ့ သရက်ဥယျာဉ်သွားတယ်ဆိုတာသိတယ်နော်. . .'

'ဟာ. . . သိတာပေါ့။ ဝါဒရေးရာနဲ့ ပထိသက်လို့





ရဟန်းကြီးဂေါတမနဲ့ တိုက်ပွဲဝင်ဖို့ ငါ့ရဲ့ ညာလက်ရုံးသင့်ကို လွှတ်တာ ငါမသိဘဲနေမလားဟ'

'ဟုတ်တယ်၊ ဒီအကြောင်းနဲ့သွားတာ၊ ဥယျာဉ်ထဲရောက်တယ်ဆိုရင်ပဲ တပည့်လက်သားတွေနဲ့ တရားရှုနေတဲ့ ရဟန်းကြီးဂေါတမနဲ့တန်းတွေ့တာပဲ၊ ကျုပ်ကနှုတ်ဆက်စကားဆိုတော့ ဘာပြောတယ်ထင်သလဲ။ အဟဲဟဲ. . . ဒီမှာ ဒီဃတပဿီတဲ့၊ နေရာတို့ရှိကုန်၏။ အလိုရှိကထိုင်လော့တဲ့။'

ဒီဃတပဿီစကားကြားလျှင် ကျေနပ်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ရင်း'အဟောဟော. . . ဒီလိုတော့လဲ ဖော်ရွေသားပဲ။ အင်းလေ. . . သင်က နိဂဏ္ဌဂိုဏ်းကြီးရဲ့ ညာလက်ရုံးမဟုတ်လား'ဟု ပီတိ စကားဆိုလိုက်သည်။

'အဲ၊ ဒါနဲ့ ကျုပ်က သင့်ရာမှာထိုင်လိုက်တာနဲ့ ရဟန်းဂေါတမ မေးတော့တာပဲ'

'ဘာ. . . ဘာမေးလဲ'

'သင်တို့ရဲ့ ဂိုဏ်းဆရာက အဘယ်မျှသော မကောင်းမှုကံ ပညတ်သတုန်းတဲ့'

'သင်ဘယ်လိုဖြေလိုက်လဲ နိဂဏ္ဌ'

'အဟဲ၊ ကျုပ်အရည်အချင်းကို မဟာဝီရသိ သားနဲ့။ ရဟန်းဂေါတမရဲ့ အားနည်းချက်တွေ့တာနဲ့ ပက်ခနဲ အလဲထိုးဖို့ကြံထားတာ မဟုတ်လား။ ငါတို့အရှင်နာဋပုတ္တက ကံလို့မသုံးဘူး။ ရှေးရှေးက ပြုခဲ့တဲ့ အပြစ်ရဲ့ ဒဏ်ကျခြင်းသဘောမို့ ဒဏ်လို့သုံးတယ်။ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ရယ်လို့ သုံးပါး ပညတ်ထားတယ်လို့ ဖြေခဲ့လိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါအမှန်ပဲ'

ချက်ပိုင်ပိုင်ထိုးနှက်လိုက်နိုင်သည့်တပည့်ကြီးကို သဘောကျဟန်ဖြင့် ဝမ်းပန်းတသာပြေးဖက်လိုက်ပြီး၊ အားကိုးရသည့် တပည့်မျက်နှာကို စေ့စေ့ကြည့်ကာ ပြုံးနေသည်။

'ဒါနဲ့ဘာဆက်မေးသလဲ'

'ဒီဒဏ်သုံးပါးဟာ တသီးတခြားစီ လား. . . တစ်ပါး စီလား၊ တစ်ပါးစီဆိုရင် ဘယ်ဒဏ်က အပြစ်အကြီး ဆုံးလဲတဲ့'

'အေး. . . ဒါကိုနင်ဘယ်လိုဖြေလိုက်လဲ တပည့်'

'ဘယ်လိုဖြေရမလဲ မဟာဝီရရဲ့၊ ကာယဒဏ်ဟာအပြစ် အကြီးဆုံး၊ ဒဏ်သုံးပါးမှာ ကာယဒဏ် အပြစ်ကြီးတယ်လို့ သုံးခါတိတိ ဖြေလိုက်တယ်'

'မှန်လိုက်တာ နိဂဏ္ဌရယ်. . . ဒါရှင်းနေတာပဲ။ ဒဏ် သုံးပါးမှာကာယဒဏ်က အပြစ်အကြီးဆုံးပေါ့။ မဟုတ်ဘူးလား ဥပါလိရယ်. . .'

နိဂဏ္ဌဂိုဏ်းဆရာကြီးက ဝါဒရေးရာနှင့် ပတ်သက်၍ ချက်ပိုင်ပိုင် ဖြေရှင်းနိုင်သည့် တပည့်ကြီးကို ကျေနပ်ဟန် ချီးကျူးရင်း ကျွန်ုပ်ကိုပင် အဖော်ညှိလိုက်သည်။ ဆရာတို့၏ဝါဒကို သက်ဝင်ယုံကြည်ထားသော ကျွန်ုပ်က ဘာများငြင်းပယ်ရန် လိုမည်နည်း။

'နေ. . . နေဦးမဟာဝီရရဲ့၊ အရှင်ပညတ်ထားတဲ့ဒဏ် သုံးပါးဟာ နိဂဏ္ဌတွေရဲ့ အကြိုက် ဖြစ်ပေမယ့် ရဟန်းဂေါတမက ကျွန်ုပ်တို့နဲ့ ဆန့်ကျင်ပြီး မနောဒဏ်က အပြစ်ကြီးသတဲ့'





'ဘာ. . . ဘယ်လို၊ ပြန်. . . ပြန်ပြောစမ်း၊ ဘယ်ဒဏ်က ပိုကြီးတယ်'

'မနော. . . မနောဒဏ်တဲ့'

နိဂဏ္ဌ၏အဖြေကြားလိုက်သည်နှင့် မဟာဝီရသည် အားပါးတရအော်ဟစ် ရယ်တော့ သည်။

'သွား ပြီ. . . သွားပြီပေါ့ ဂေါတမရယ်. . . မကောင်းမှု ဒဏ်သုံးပါးမှာ မနောဒဏ်က အပြစ်ကြီးသတဲ့လား။ အဟားဟား. . . ဘယ်ဒဏ် ဘယ်လောက်အပြစ်ကြီး မှန်းမသိဘဲနဲ့ ဂိုဏ်းဆရာ လုပ်နေသတဲ့။ဟေ့. . . ဒီယတပည့်၊ ဒီတစ်ခါ ဂေါတမပျက်စီးပြီသာမှတ် ပေတော့။'

'အမှန်ပေါ့၊ ရဟန်းကြီးဂေါတမကို ပရိသတ်အလယ်မှာ အရှုက်တကွဲအကျိုးနဲလုပ်ဖို့ သင်းကိုယုံကြည်နေတဲ့လူတွေ အယုံအကြည်မဲ့ဖို့လုပ်ရမှာ ဒီကိစ္စအကောင်းဆုံးပဲ။ ဝါဒမှားနေတဲ့ဂေါတမကို ဆုံးမဖို့ သတင်းကောင်း ပါးချင်တာနဲ့ အဆောတလျင်ပြန်ပြေးခဲ့တယ်မဟာဝီရ'

ခုမှပင် ဒီယတပည့် ဘာ့ကြောင့်အရေးတကြီးဖြစ်လာသည်ကိုသိလိုက်တော့သည်။ သည်တော့ ကျွန်ုပ်ဥပါလိ ဘာလုပ်ရမည်ကို၊ ဖျတ်ခနဲတွေးလိုက် သည်။ တွေဝေတုံ့ဆိုင်းမနေသင့်သောကိစ္စမို့ ကျွန်ုပ် ရဲရဲဝံ့ဝံ့ တောင်းဆိုလိုက်သည်။

'ဒီကိစ္စ ကျွန်ုပ်တာဝန်ယူမယ် မဟာနိဂဏ္ဌ'

* * * * * * *

လောကတွင် ဘုရားတွေ အပြိုင်အဆိုင် ပေါ်နေသည်မှာ ကြာပြီ။ ဟိုကလည်း ဘုရား၊ ဒီက လည်းဘုရားဟု ဟစ်ကြွေးပျက် ဝါဒရေးရာ အမျိုးမျိုး ဟောပြောကြသည်။ နည်းလမ်းအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန်ကြပေမဲ့ အဓိကပြောချက်မှာ 'အတ္တဝါဒ' ချည်းသာဖြစ်သည်။

သို့သော်. . . နောက်မှပေါက်လာသည့် ရှေ့ကြာပင်ရှင်ကြီးဂေါတမက 'အနတ္တဝါဒ'ထူထောင် ဟောလိုက်သဖြင့် တစ်လောကလုံး ပွတ်လောရိုက် သွားတော့သည်။ အတ္တဝါဒ သမားတွေခေါင်းချင်းဆိုင် တိုင်ပင်ပြီး အနတ္တဝါဒီတွေကို တိုက်ထုတ်ရန်ကြိုးပမ်းကြသည်။ ကြိုးပမ်းသမျှသည် မြင့်မိုရ်တောင် ကို ဆီးစေ့နှင့်ပေါက်သကဲ့သို့ အရာမထင်။ ကျောက်တောင်ကို ဝှေ့သောနွားသိုးပမာ လဲပြိုကုန်ကြသည်။

ကျွန်ုပ်ဆရာ နိဂဏ္ဌများလည်း ရှင်ကြီး ဂေါတမကို အကြိမ်ကြိမ်တိုက်ပွဲဝင်ဖူးသည်။ တိုက်လေတိုင်း အရှုံးနှင့် ရင်ဆိုင်ရရာဆရာအတွက် တကာ စိတ်မချမ်းသာ ဖြစ်ခဲ့ရသည်။ သည်တစ်ခါတော့ ကျောက်တောင်ကြီးလဲပြိုဖို့ အချိန်တန်ပြီဟု အတတ်တွေးမိသဖြင့် ရဲရဲဝံ့ဝံ့ တောင်းဆိုလိုက်တော့သည်။

'အရှင်မဟာဝီရ၊ ဝါဒစစ်ပွဲမှာ ရဟန်းဂေါတမကို ဝါဒရေးရာနဲ့ ဆွဲငင်တွန်းထိုးမွှေ့ရမ်းပစ်ပါမယ်၊ ယုံစမ်းပါ နာဋပုတ္တ။ အားကောင်းတဲ့အရက်ဆိုင်အလုပ် သမားဟာ ခင်းထားတဲ့ ဖျာကို ဆေးကြောတဲ့အခါ ရေအိုင်ထဲမှာ မွှေ့ရမ်းသကဲ့သို့ ရမ်းခါပစ်လိုက်ပါမယ်။ ဒီမယ် မဟာနိဂဏ္ဌ. . . ဆင်ပြောင်ကြီးဟာ ရေအိုင်ထဲက ကြာစွယ်၊ ကြာရင်းကို ဆွဲနုတ်၊ မြောက်ပင့်၊ ရိုက်ဖွပ်၊ ရေမှာ နှစ်ခြင်းပြုသကဲ့သို့ ဝါဒမှားနေတဲ့ ရှင်ကြီးဂေါတမကို ရိုက်ဖွပ်ခါရမ်းပစ်လိုက်မယ်. . . စောင့်ကြည့်နေပါ။

ကျွန်ုပ်ဥပါလိကရဲရဲဝံ့ဝံ့ စကားဆို လိုက်သည်နှင့် မဟာဝီရအားပါးတရ ရယ်မောချလိုက်သည်။





'အဟား. . . ဟား. . . ဟား။ သိပ်ဟုတ်တာပေါ့ ဥပါလိရာ. . . ဒီကိစ္စမှာ ငါရဲ့ ဒကာရင်းဖြစ်တဲ့ သင်ကလွဲလို့ ဘယ်သူ့ တာဝန်ပေးရမလဲ။ ဒဏ်သုံးပါးမှာ မနောဒဏ်က အပြစ်ကြီးတယ်ဆိုတဲ့ ရဟန်း ဂေါတမကို ခုချက်ချင်း သင်သွားတွေ့လိုက်။ ဒီမယ် ဥပါလိ. . . သင်နဲ့ ရဟန်းဂေါတမ တွေ့ရင် ဘာပြောရမလဲ သိလား. . .။

နာဋပုတ္တက အဆီပြန် အက်ကွဲနေသည့် သူ့မျက်နှာကြီးကို ကျွန်ုပ်မျက်နှာနှင့် နီးနိုင်သမျှ နီးအောင် တိုးကပ်လိုက်ပြီး လေသံမြင့်မေးလိုက်သည်။ ကျွန်ုပ်သည် မီးတောက်လုနီးအလျှံတဝင်းဝင်းထနေသည့် သူ့မျက်လုံးတွေကို ပြန်ကြည့်ရင်း ပြောရမည့် စကားတွေကိုတွေးလိုက်သည်။ နာဋပုတ္တက မညီမညာ မသပ်ရပ်သည့် သူ့သွားများ ပေါ်အောင် ဖြဲလျက် ရယ်မောရင်း. . .

'ဒဏ်သုံးပါးမှာ ကာယဒဏ်ကြီးတာတောင် မသိဘူးလား ဂေါတမရယ်. . . ကာယ၊ ဝစီ၊ မနောအဟောရှိတဲ့ထဲမှာ ကာယဒဏ် ကြီးတယ်ဆိုတာ လူကြီးမဆိုထားနဲ့ ကလေးတောင် သိနိုင်ပါတယ်။ ရှင်ကြီး ဂေါတမ မသိရင် တစ်သက်လုံးမှတ်၊ ကာယဒဏ်ဟာ အကြီးဆုံးမှတ်လိုက်ပါလို့ ပြောလိုက် စမ်းဟေ့. . .'

* * * * *

ဝါဒစစ်ပွဲ ဆင်နွှဲရန် ကျွန်ုပ်သွားမည်ဆိုခြင်းကို ဒီဃတပသီ အတန်တန်တားသည်။ ရှင်ကြီး ဂေါတမက မာယာများသူ၊ မှော်အတတ်နှင့် လူကို ဖမ်းစားတတ်သူ၊ စိတ်ညှို့ပညာနှင့် ရုန်းမထွက်နိုင် အောင် လူကို စည်းရုံးနိုင်သူမို့ အန္တရာယ်ကြီးသည်ဟု ဆိုပေမယ့် ကျွန်ုပ်ကား စိုးရိမ်မှုဟူ၍မြူမျှပင် မရှိ။ အခြားသူကို



www.burmeseclassic.com

www.burmeseclassic.com



ညို့ယူဖမ်းစားနိုင်သည်ဆိုပေမယ့် ကျွန်ုပ်လို နာဠုပုတ္တ၏ လက်ရင်းဥပသကာကိုမူ ဖမ်းစားနိုင်မည်မဟုတ်။

နာဠုပုတ္တကလည်းကျွန်ုပ်ကို ယုံယုံကြည်ကြည် နှင့် လွှတ်လိုက်သည်။

'ချစ်သား ဥပါလိ လာလော့... ဆန္ဒရှိလျှင် ထိုင်လော့'

ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း နှုတ်ခွန်းဆက် စကား ဆိုလိုက်သဖြင့် ရှင်ကြီးဂေါတမကို ကြည့်လိုက်သည်။ ဆွဲဆောင်မှုရှိသော မျက်နှာတော်နှင့် တည်ငြိမ်သော အကြည့်တို့ကို တွေ့လိုက်ရသဖြင့် မာန်တင်းထားသည်များ ပျော့ပြောင်းလာသလို ဖြစ်သွားသည်။ 'အင်း... ရှင်ကြီး ဂေါတမ ငါ့ကို ညို့ယူဖမ်းစားနေပြီထင်တယ်။ ရန်သူ့ထံက မြားဦးမလွှတ်မီ တိုက်ပွဲမစသင့်သေးဟု တွေးလျက် သင့်ရာဝင်ထိုင် လိုက်သည်။

'ချစ်သားဥပါလိ၊ သင်တို့ဆရာ နာဠုပုတ္တက မကောင်းမှု ဒဏ်သုံးပါး သတ်မှတ်တယ်ဆိုတာ မှန်ပါရဲ့လား...'

တိုက်ပွဲစပြီဟု တွေးလိုက်သည်။ ယုံကြည်မှု အပြည့်နှင့် ပြန်လည်တိုက်ခိုက်လိုက်၏။

'မှန်ပါတယ် အရှင်...'

'အဲဒီဒဏ်သုံးပါးမှာ ကာယဒဏ်က အပြစ်အကြီးဆုံး ဆိုတာကော ဟုတ်လား'

ရန်သူစစ်ကြောင်းက ကျွန်ုပ်၏ သတ်ကွင်းထဲ တိုးဝင်လာပြီကို သိလိုက်သည်။ နယ်ကျွံလာသော ရန်သူကို မိမိရရ ဖျက်စီးပစ်ရန် အချိန်ကျပြီဟု တွေးလိုက်သည်။

'အမှန်ပေါ့ အရှင်... ကာယဒဏ်ဟာ အပြစ် အကြီးဆုံး ပေါ့...'

HEIN HTET PRINTING GROUP



'အင်း... နိဂဏ္ဌတွေ အယူမှားနေပြီ ဥပါလိ...'

'အိုး... ဘာကို အယူမှားရမှာလဲ အရှင်၊ နာဠုပုတ္တ စကားဟာ အကြွင်းမဲ့ မှန်ပါတယ်။ ဒဏ်သုံးပါးမှာ ကာယဒဏ်ထက် အပြစ်ကြီးတာ ဘာရှိဦးမှာလဲ...'

'ဥပါလိ... သင့်စကား သစ္စာတည်ပြီး ဒီအကြောင်းတွေ ပြောနိုင်မလား

ရှင်ကြီးဂေါတမက ကျွန်ုပ်ကို စေ့စေ့ကြည့်ပြီး ပကတိ တည်ငြိမ်သော လေသံနှင့် မေးသည်။ ကျွန်ုပ်အနေနှင့် ဆရာ သခင်တို့ လမ်းညွှန်သည့် အတိုင်း အပိုင်အနိုင် ဆုပ်ကိုင်ပြောရန် သာလိုတော့သည်။ ရှင်ကြီးဂေါတမအား ဆင်ပြောင်ကြီးက ကြာစွယ်ကို နှုတ်ယူမွှေ့ရမ်း ရိုက်ဖွပ်ပစ်သကဲ့သို့ လုပ်ရုံသာ ရှိတော့ကြောင်း သိလိုက်သည်။

'ပြောနိုင်ပါတယ်... သစ္စာတည်ပြီး ပြောပါမယ်။ ဒဏ်သုံးပါးမှာ ကာယဒဏ်သာ အပြစ်အကြီးဆုံး။ ဒီစကား ထပ်ပြောပါမယ်။ ကာယဒဏ်... ကာယဒဏ်၊ ဒီဒဏ်ဟာ အကြီးဆုံးဖြစ်တယ်၊ ရှင်ကြီး ဂေါတမ...'

* * * * * * *

မာယာများသည့် ရှင်ကြီးဂေါတမက 'ချစ်သား ဥပါလိ၊ ငါဘုရားရဲ့ စကားကို စေ့စေ့နာလော့' ဟု စကားစလိုက်သည်။ ကျွန်ုပ်သည် ရှင်ကြီးဂေါတမ ပြောမည့်စကားကို အသေအချာ နားစိုက်ထားလိုက်သည်။ အမှားတစ်ချက်ပါသည်နှင့် ဘယ်ပုံ အရှက်ခွဲ ရမည်ကို တွေးရင်းနားစွင့်မိသည်။

'ဥပါလိ၊ နိဂဏ္ဌတစ်ယောက်ဟာ သည်းခြေရောဂါကြောင့် ရေအေးသာတည့်သည် ဆိုပါစို့။ ဒါပေမယ့် နိဂဏ္ဌတွေရဲ့ ကျင့်စဉ်မှာ ရေအေးဟာ သက်ရှိသတ္တဝါဖြစ်လို့ မသုံး

HEIN HTET PRINTING GROUP

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဘူးဆိုထားပါတယ်။ ဒါကြောင့် နိဂဏ္ဌဟာ ကိုယ်၊ နှုတ် အားဖြင့် ရေအေးကို သောက်ချင်နေပါတယ်။ အားကြီးနေတဲ့ ဆန္ဒကိုလည်း ဘယ်လိုမှ ထိန်းမရဘူး။ မနောကံ ကျိုးပေါက် တယ်ဆိုပါတော့။ ဒီလို ကျိုးပေါက်တဲ့ နိဂဏ္ဌသေရင် ဘယ်အရပ်မှာ စွဲတယ်လို့ သင်တို့ ဆရာ ဟော သလဲ. . .’

ရဟန်းဂေါတမမြွှားချက်က ကျွန်ုပ်၏ ကိုယ်ခန္ဓာကို သွက်သွက်ခါအောင် ပြင်းထန်လှပါဘိ။ အခြေပျက်လုနီး ဖြစ်ပေမယ့် ဣန္ဒြေကို ထိန်းလျက် ဖြေလိုက်ရသည်။

‘စိတ်စွဲလန်းမှုကြောင့် သေလို့ မနောသတ္တ နတ်မျိုး ဖြစ်ပါလိမ့်မယ်။’

‘ဟော. . . သင့်စကားက ရှေ့နောက်မညီပါလား။ အားကြီးတယ်ဆိုတဲ့ ကာယဒဏ် စောင့်ထိန်းပါလျက် မနောဒဏ်ကျိုးပေါက်ရုံနဲ့ ဒဏ်သင့်ရ ရောလား ဥပါလိ’

စစ်ပွဲစပြီဆိုကတည်းက ကိုယ့်ဘက်က ယိမ်းယိုင် သွားမှန်း သိလိုက်သည်။ သို့သော် လွယ်လွယ်ကူကူ အရှုံးပေး၍မဖြစ်။ ကျွန်ုပ် အရှုံးပေးလျှင် နာဋပုတ္တ အရှက်ကွဲချေတော့မည်။

‘ဒီလိုတွေးရင်တော့ မှန်တာပေါ့ ဘုရား. . . ဒါပေမယ့် ကာယဒဏ်အပြစ်ကြီးတာ ဧကန်ပါ။’

‘ထားပါဦး. . . ဥပါလိ၊ ထပ်မေးပါဦးမယ်။ သင့်ဆရာ နာဋပုတ္တက သူ့အသက်မသက်ရ၊ သူ့ဥစ္စာမခိုးရ၊ မုသား မပြောရ၊ အဗြဟ္မရှောင်ကြည်၊ ရေအေးလည်းမသုံး၊ မကောင်းမှုမှန်သမျှ တားတယ်။ ဒီလို မဟုတ်လား’

‘အဲဒါအမှန်ပါ. . .’





‘ဟုတ်ပြီ၊ ဒီအကျင့်ရှိတဲ့ နာဋပုတ္တဟာ ခရီးသွားရင်း တိရစ္ဆာန်လေးတွေ နင်းမိလို့ သတ္တဝါလေးတွေ သေကုန်တယ်ဆိုပါတော့။ ဒီအခါ ဘယ်လိုအပြစ် ဖြစ်မယ်လို့ သင်တို့ ဆရာဟောသလဲ. . .’

‘သတ္တဝါတွေ သေလိုတဲ့ ဆန္ဒမရှိလို့ အပြစ်ကြီးမရှိပါဘူး’

‘ဒါဖြင့် စေတနာကို ဘယ်ဒဏ်မှာ ထည့်သလဲ။’

‘အဲ. . . မနော၊ ဟို. . . မနောဒဏ်ပါအရှင်’

ကျွန်ုပ်သည် ဘုရားရှင်၏ ထိုးစစ်ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်း မရှိတော့။ ကာယဒဏ်အမှုကျူးလွန်ပါလျက် ထိုဒဏ်က အကျိုး မသက်ရောက်၊ မနောဒဏ် အားကြီးသည်ကို အလိုလိုဝန်ခံ ရက်သား ဖြစ်သွားသည်။

ဝါဒစစ်ပွဲဆင်နွှဲနေစဉ်မှာပင် နာဋပုတ္တ၏ အဆုံးအမသည် ကြောင်းကျိုးမခိုင်လုံ၊ မတိမကျမှုကို တွေ့လာရသည်။ သို့သော် လာကတည်းက အရှုံးပေးရန် စိတ်ကူးမထားရာ၊ ကာယဒဏ်သာ အပြစ်ကြီးကြောင်း ဇွတ်မှိတ်ငြင်းလိုက်ပြန်သည်။

‘ကောင်းပြီ ဥပါလိ၊ ငါဘုရားဆက်မိန့်ဦးအံ့။ တစ်စုံ တစ်ယောက်က သန်လျက်စွဲကိုင်ပြီးနာဠန္ဒမြို့သား တွေ အသားတောင်လို ပုံအောင် တစ်ခဏချင်း လုပ်မယ်လို့ ကြုံးဝါးတယ်ဆိုပါစို့။ သူတကယ် လုပ်နိုင်ပါမလား’

‘ဘယ်မှာ လုပ်နိုင်မှာလဲ၊ ဒီလိုလူ ငါးဆယ်ရှိရင်တောင် လုပ်ဖို့ မလွယ်ပါဘူး အရှင်’

‘ကောင်းပြီ၊ စိတ်တန်ခိုးရှင်တစ်ယောက်က မြို့ကို ပြာကျ အောင်လုပ်မယ် ဆိုရင်ကော’

‘မှန်ပါ။ စိတ်တန်ခိုးရှင်ကတော့ ဒီမြို့တင်မကပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါင်းများစွာ ပြာကျအောင် လုပ်နိုင်တာပေါ့ဘုရား။'

'ချစ်သား ဥပါလိ၊ ဒဏ္ဍကာဏီ၊ ကလိင်္ဂ၊ မာတင်္ဂစတဲ့ တိုင်းကျွေဟာ ဘာကြောင့် တောအတိ ဖြစ်တယ်လို့ ကြားဖူးလဲ။'

'ရသေ့များ စိတ်ဆိုးလို့ပါတဲ့ ဘုရား။'

'ကာယအမှုနဲ့ မဗွန်းနိုင်တဲ့ ကိစ္စကို မနောနဲ့ ပြီးစေနိုင်တယ်ဆိုတာသင်လက်ခံပြီလား။'

ကျွန်ုပ်ဘာထပ်ပြောဖို့လိုမည်နည်း။

ဝါဒစစ်ပွဲဆင်နွှဲရန် လာသော ကျွန်ုပ်သည် ဘုရားရှင်၏ စကားတစ်ခွန်းကြားကတည်းက ရှုံးနိမ့်ပြီ ဖြစ်ကြောင်း နားလည်လိုက်သည်။ မှားကြောင်းသိပါပြီဘုရားဟု ဝန်ခံချင်ပေမယ့် ဆန်းပြားသော စကားကို ကြားချင် အရှုံးမပေးဟန် ဆက်ငြင်းခဲ့သည်။ ဝါဒစစ်ပွဲတွင် နာဋပုတ္တ ဘယ်နည်းနှင့်မျှ ယှဉ်၍မနိုင်သည့် သဗ္ဗညုတဉာဏ်ရှင် ဘုရား စင်စစ်ကို ကျွန်ုပ်တွေ့လိုက်ရလေပြီ။

* * * * * * *

ကျွန်ုပ်သည် တစ်စုံတစ်ယောက်မျှ တိုက်တွန်း ခြင်းမရှိဘဲ အလိုလို ဒူးတုပ်လက်အုပ်ချီမိသား ဖြစ်သွားသည်။

'အရှင်ဘုရား. . . အမှားအမှန်ခွဲခြားသိရ၍ တပည့်တော်အား အရှင့်အရိပ်တွင် ခိုလှုံခွင့်ပြုပါ။'

'ချစ်သား ဥပါလိ ၊ သင်ကား သာမန် သူမဟုတ်၊ နာဠန္ဒမြို့က သူဌေးတစ်ယောက် သာမက ပရိတ်သတ် အလယ် ထင်ရှားသူဖြစ်တယ်။ ကိုယ်ပြုသည့် အမှုကို အရာရာ စဉ်းစားပါလော့။'

ကျွန်ုပ်ခွင့်ပန်သည်ကို ငြင်းပယ်သည့်အတွက် တအံ့တဩ မော့ဖူးလိုက်မိသည်။ အမှန်က ကျွန်ုပ်လို ဥပသကာမျိုး ခိုဝင်သည်





ဆိုလျှင် ဘယ်ဂိုဏ်း ဆရာမျိုးမဆို လိုလိုချင်ချင် ရှိကြသည်။ နာဋပုတ္တဆိုလျှင် ကျွန်ုပ်ကို ဖူးဖူးမှုတ်ထားသည်။ ဥပါလိ. . . ဥပါလိဟူသော စကားကို ပါးစပ်ကပင်မချ။

'အို. . . ဘုရားရှင်၊ ကပည့်တော်ဟာ ဘုရားစစ်၊ ဘုရားမှန်ကို ပူဇော်ချင်၍ ရှာဖွေနေပေမဲ့ အတုအယောင်များနှင့်သာ တွေ့ရတာမို့ဥပသကာအဖြစ် ခွင့်ပေးတော်မူပါဘုရား'

'ကောင်းပြီဥပါလိ၊ ဒါပေမယ့် နှစ်ပေါင်းများစွာက နိဂဏ္ဍတို့ရဲ့ အားထားရာဖြစ်တဲ့ သင့်အနေနဲ့ နိဂဏ္ဍတွေ ဆွမ်းအတွက် မညှိုးပါစေနဲ့။'

တည်တည်ငြိမ်ငြိမ် မိန့်ခြွေလိုက်သည့် စကားကြောင့် အံ့အားသင့်မိရပြန်သည်။ နိဂဏ္ဍတွေက 'ရှင်ကြီးဂေါတမဟာ ငြိုးဖြဲတဲ့ အကျင့်လည်းမကျင့်ဘူး၊ ဒုက္ခလည်းမခံဘူး၊ အလိုရမက်ကြီးတာလဲ လွန်ရော။ လောဘကြီးပုံများ လှူတာတောင် သူ့လှူရမယ်တဲ့။ သူ့လှူမှ အကျိုးရှိမယ်၊ တခြားသူတော်စင်တွေ လှူရင် အကျိုးမရှိဘူးတဲ့။ ဒီလို ဣဿာမစ္ဆေရိယများတဲ့ ရဟန်းက သဗ္ဗညုတဖြစ်မလား။ အလကားပါ။'ဟု ပြောသည်။

နာဋပုတ္တ ပြောဟောချက်က ဘုရားရှင်အပြုအမူနှင့် တခြားစီ၊ အမှန် ဣဿာမစ္ဆေရိယများ သူကား နိဂဏ္ဍတွေသာ။

ကျွန်ုပ်ဘာလုပ်ရမည်ကို ပြတ်ပြတ်ထင်ထင် သိလိုက်ရလေပြီ။

* * * * * * *

ဝါဒပြိုင်ပွဲမှ ပြန်လာသည့် ကျွန်ုပ်ကို ဒီယတပဿီက အိမ်ပေါက်က စောင့်ကြိုနေသည်။ ကျွန်ုပ် မသိကျိုးကျွံပြုလျက် အိမ်ထဲလှမ်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'နေဦး ဉပါလိ. . . ခဏလေးနေစမ်းပါ။ သင်, ရှင်ကြီး ဂေါတမနဲ့ တွေ့ရဲ့လား။ ဝါဒစစ်ပွဲမှာရဟန်းဂေါတမကို အပြတ်ဖြိုလှဲခဲ့ရဲ့လား. . .'

ကျွန်ုပ်သည် ရှေ့က ကိုးယို့ကားယားလုပ် နေသော နိဂဏ္ဌကို ခပ်စိမ်းစိမ်းကြည့်လျက် 'တော်ပြီ နိဂဏ္ဌ၊ သင်တို့ကို ငါ မလိုတော့ဘူး။ ငါဟာ ကိုးကွယ်တိုက်တဲ့ ဘုရားရှင်ကို တွေ့လာပြီ။' ဟု ပြောလိုက်သည်။

ကျွန်ုပ်စကားကြောင့် နိဂဏ္ဌသည် တဒင်္ဂမျှ ကြက်သေသေ သွားသည်။ ဘာစကားမျှ မပြောဘဲ ကျွန်ုပ်မျက်နှာကို ကြည့်ကာ အတန်ကြာ ရပ်နေသည်။ ထို့နောက် ပျာပျာသလဲ အမူအရာဖြင့် 'နင်မှားနေပြီ ဉပါလိ၊ နင်ကိုးကွယ် ဆည်းကပ်ရမည့်သူ မှားနေပြီ။ နင်ကိုးကွယ်ရာမှာ ဂေါတမ မဟုတ်ဘူး။ နိဂဏ္ဌ. . . နိဂဏ္ဌဟဲ့'ဟု ကြုံးအော်လိုက်သည်။ ကျွန်ုပ်သည် နိဂဏ္ဌကို အလေးမထား။ နိဂဏ္ဌကို လက်နှင့်ဖယ်ရှားပြီး အိမ်ထဲသို့ ခပ်မှန်မှန် လှမ်းဝင်လိုက်သည်။ ထို့နောက် ခြံတံခါးကို ပိတ်စေလိုက်သည်။

ခြံဝတွင် ဒေါင်ဒိုင်ကျန်ရစ်သော နိဂဏ္ဌ ကြားနိုင်အောင် ကျွန်ုပ်ရင်ထဲရှိသော စေတနာမှန်ကို ထုတ်ဖော်၍ ကြွေးကြော် ပစ်လိုက်သည်။

" ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ
ဓမ္မော မေ သရဏံ အညံ နတ္ထိ
သံဃော မေ သရဏံ အညံ နတ္ထိ "

မောင်ဆန္ဒ(လယ်ဝေး)

ညွှန်း။ ။ဝေပုလ္လ အတွဲ(၄) အမှတ်(၁)
စာမျက်နှာ(၅၆)မှ (၆၂)

HEIN HTET PRINTING GROUP




www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး၊ လုံးဝမဖြစ်ဘူး။ ဒါဟာငါ့အတွက် သေရေးရှင်ရေးပဲ။ မိုးလင်းလို့ သုပ္ပါရကမြို့သားတွေ ရောက်လာရင် ငါဘယ်လိုမှ ထွက်လို့ရမှာ မဟုတ်ဘူး။ ဘုရားလို့ အသံကြားရုံနဲ့ ငါ့ရင်ထဲကြည်ညိုစိတ်ဖြစ်သွားပြီ။

(ဒါရုစိရိယ)





# ဒါရုစိရိယ

ကျွန်ုပ်ကို သုပ္ပါရက မြို့သားတွေက ဒါရုစိရိယလို့ ခေါ်ကြတယ်။

သုပ္ပါရကမြို့ဟာ ကျွန်ုပ်ရဲ့နေရပ်မဟုတ်ပါဘူး။ ကံကြမ္မာ အလှည့်အပြောင်းသဘောနဲ့ ကံပစ်ချရာ ကျလာတာပဲပြောရမယ်။ ဒီကိုရောက်လာပုံနဲ့ ဒါရုစိရိယလို့တွင်ရပုံက စိတ်ဝင်စားဖို့ကောင်းပါတယ်။ အဲဒီနေ့ကို ကျွန်ုပ်တစ်သက်မေ့မယ် မထင်ပါဘူး။

ဒီလို . . ဒီလို။

ကျွန်ုပ်ဟာဗာဟိယတိုင်းသား ပစ္စည်းဉစ္စာကြွယ်ဝတဲ့ ကုန်သည်တစ်ယောက်ပါ။

ကုန်ကူးသန်းဖို့ ဗာဟိယတိုင်းက သင်္ဘောတွေနဲ့ ထွက်ခဲ့တယ်။ ရေလမ်းခရီး အန္တရာယ်ကြီးမှန်း ကျွန်ုပ်သိပါတယ် . . ။ ဒါကြောင့် ခရီးမထွက်ခင် လောကပါလနတ်မင်းကြီးကို တိုင်တည်၊ ရေနတ်သမီးကိုပသ၊ ဂါထာမန္တယားတွေ ရွတ်ဖတ်သရဇ္ဈာယ်၊ ဒီလိုပြုလုပ်ပြီးမှ ထွက်ခဲ့တာပဲ။ ဒါပေမယ့် ဘယ်နေရာမှာ အာချွတ်ယွင်းတယ် မသိဘူး။ မုန်တိုင်းနတ်သားရဲ့ စိတ်ဆိုးဒေါသကြွင်းခံရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်တွေဟာ ဆန်ကောထဲ ထည့်လှိမ့်ခံရတဲ့ ဆီးဖြူသီးတွေလို ဆောက်တည်ရာမရ ဖြစ်ကုန်တယ်။ မိုးသက်မုန်တိုင်းက သဲသဲမဲမဲကျ၊ လှိုင်းတံပိုးကထန်၊ ရေလုံးကြီးတွေ ရိုက်ခတ်လို့ သဘော်တွေ ပြောင်းဆန်ကုန်တယ်။ ခလုတ်ထိတော့ အမိတဆိုတဲ့ စကားအတိုင်း အမေကယ်ပါ. . အဘကယ်ပါ. . နတ်ဗြဟ္မာတွေကယ်ပါလို့ ငိုယိုအော်ဟစ်ကြတာ ပွက်ပွက်ညံနေတာပဲ။

ကမ္ဘာပျက်တာ ကျွန်ုပ်မကြုံဖူးပါဘူး။ ကမ္ဘာကြီးပျက်ရင် မီးဟုန်းဟုန်းတောက်၊ တစ်ကမ္ဘာလုံး ရေတွေလွှမ်း၊ သတ္တဝါတွေ ပြေးလွှားအော်ဟစ် သေပွဲဝင်ကြရတယ်လို့ ရှေးလူကြီးတွေ ပြောကြတယ်။ မမြင်ဘူးတော့ ကြောက်ရကောင်းမှန်းမှုသိဘူး။ ခုလက်တွေ့ကြုံနေတာက ကျွန်ုပ်တို့ကမ္ဘာလေး ပျက်တာပါ။ ကြုံတွေ့ရတော့ ကြောက်မိတယ်။ ဘယ်ပြေးလို့ ဘယ်ပုန်းရမှန်းမသိဘူး။ သဘော်ပေါ် မနေရဲလို့ခုန်ချရင်လည်း ကြောက်မက်ဖွယ် လှိုင်းတံပိုးကြီးတွေထနေတဲ့ ပင်လယ်ထဲကျမှာပဲ။ ပင်လယ်ပြင်မှာ လူးသားစားဖို့ စောင့်နေတဲ့ ငါး၊ လိပ်၊ မကန်း တွေရဲ့ ပါးစပ်ထဲ ရောက်မှာပဲ။ ကျွန်ုပ်ရဲ့အဖော်တွေကတော့ ကြောက်လန့်တကြား အော်ဟစ်ရင်း ပင်လယ်ထဲကျကုန်ပြီ။ ရေသတ္တဝါတွေရဲ့ဝါးမြို စားသောက်ခံကုန်ကြရပြီ။

ကြောက်မက်ဖွယ်မြင်ကွင်း မျက်ဝါးထင်ထင်မြင်ရတော့ ကြောက်မိတယ်။ ဟုတ်တယ်လေ . . . သေမှာကိုမကြောက်တဲ့ လူရှိမလား။ ဒါပေမယ့်ကျွန်ုပ် ဆင်ခြင်ပါတယ်။ လူဟာ တစ်နေ့မဟုတ်တစ်နေ့ သေရမှာပဲ။ ပြေးမလွတ်တဲ့ ဒီသေခြင်းကို စိုးရွံ့မနေသင့်ဘူး။ မသေသင့်ဘဲ မသေရအောင် ရုန်းကန်ရမှာ ငါ့တာဝန်။ သေမင်းကို ရဲရဲရင်ဆိုင်ရင်း ခွန်အားရှိသမျှ





ရုန်းကန်ရမယ်။ ဒီလိုတွေးပြီး လွတ်လမ်းကို စဉ်းစားတယ်။

အင်း. . ကံကြမ္မာဆိုတာ ဒါပဲဖြစ်မယ်။ ရေလုံးရိုက်လို့ ပြုတ်ထွက်လာတဲ့ ပျဉ်တစ်ချပ်က ကျွန်ုပ်နဲ့မလှမ်းမကမ်း ရောက်လာတယ်။ တွံ့ဆိုင်းမနေဘဲ ဒီပျဉ်ချပ်ကို ကောက်ယူ၊ ဖက်တွယ် ထားလိုက်တယ်။ ဒီအချိန်မှာ ဧရာမလှိုင်းလုံးကြီး တစ်လုံးက ရိုက်ထုတ်လိုက်လို့ ကျွန်ုပ်ဟာလေထဲ မြောက်တက်သွားတယ်၊ ခပ်ဝေးဝေးလွင့်သွားပြီး ပင်လယ်ပြင်ပေါ် ပြန်ကျတာသိလိုက်တယ်။

သေက်မရောက်လို့ သက်မပျောက်တာပဲ ထင်တယ်။ ပင်လယ်မုန်တိုင်းထဲမှာ မျောချင်ရာမျောနေရာက မထင်မှတ်ဘဲ ကမ်းစပ်တစ်ခုမှာ သွားတင်တယ်။ အဲဒါ သုပ္ပါရကဆိပ်ကမ်း။

ငါမသေသေးဘူးလို့သိတဲ့အတွက် ဝမ်းသာသွားပေမယ့် လက်ရှိအခြေအနေကို ကြည့်ပြီး စိတ်ပျက်အားငယ်သွားတယ်။ ကျွန်ုပ်ဟာ အတော်အသင့် ချမ်းသာသူပါ။ ဒါပေမယ့် ဒီနေ့ အဲဒီချမ်းသာမှုတွေ ဆုံးရှုံးကုန်ပြီ။ ပင်လယ်ထဲမှာ ပျက်စီးသွားပြီ။ ကျွန်ုပ်မှာ ဘာမှမရှိတော့ဘူး။ ကုန်ကုန်ပြောရရင် ခါးဝတ်ပုဆိုး တောင် မကျန်တော့ဘူး။ ဒီအနေအထား၊ ဒီအခြေအနေနဲ့ ဘာလုပ်ရမှန်းမသိဘူး။ ဘယ်သွားရမှန်းလည်း စဉ်းစားမရဘူး။

ကျွန်ုပ်ဘဝကို ကပြောင်းကပြန် လုပ်လိုက်တဲ့ ဒီပင်လယ်ကြီးကို ဒေါပွမိတယ်။ တတ်နိုင်ရင် ပင်လယ်ပြင်ကို မီးနဲ့ တိုက်ဖျက်ပစ်ချင်တော့တယ်။

“ဟော. . လူသံတွေပါလား။ အဲ ဟုတ်တယ်။ မိန်းကလေး တစ်သိုက် ဆိပ်ကမ်းဘက် လာနေပါလား။ ဘာလာ လုပ်ကြပါလိမ့်။ အဲ၊ ရေခပ်လာကြတာကိုး။ ဒါဆိုသူတို့ ဒီနားလာတော့မယ်။ ငါဘာလုပ်ရမလဲ။ ဒီပုံကြီးနဲ့အမြင်တော် ပါ့မလား။ မဖြစ်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



အရှက်လုံရုံတော့ တစ်ခုခုလုပ်မှ။ ဟုတ်ပြီ. . ပေါ့ဟိုက ပျဉ်တိုပျဉ်စတွေနဲ့ ကောက်ပတ်ထားမှ ဖြစ်မယ်။"

*    *    *    *    *

ဘာမှမသိတတ်တဲ့ ကလေးငယ်က အဝတ်မပါ ဗလာ ကိုယ်ထီးနေတာ အကြောင်းမဟုတ်ဘူး။ ရှက်ရမှန်းလည်း သိမှာ မဟုတ်ဘူး။ ကျွန်ုပ်လို လူကြီးတစ်ယောက်က တော်မလား၊ မရှက်ဘဲနေမလား။ မိန်းကလေးတွေကို ဘယ်လိုမျက်နှာချင်း ဆိုင်ရမလဲ။ ဒီတော့ သူတို့ကိုကျောပေးပြီး ပင်လယ်ပြင်ဆီ မျှော်ကြည့်ရင်း ရပ်နေလိုက်တယ်။

"ဟယ်. . ဟိုမှာ . . ဟိုမှာ ကြည့်ကြစမ်း။ "

"အေးဟဲ့၊ အဝတ်အစားလဲ ဝတ်မထားဘူး။ ပျဉ်တို ပျဉ်စတွေနဲ့ သစ်ရွက်တွေကြိုးနဲ့သီပြီး ခါးမှာပတ်ထား တယ်ဟဲ့။ ဒီပုံမျိုး၊ တစ်ခါမှ မတွေ့ဖူးဘူး။ ပုဂ္ဂိုလ်ထူး ဖြစ်မယ်. . "

"ဟုတ်တယ်နော်. . ပျဉ်ချပ်ကိုယ်တော်ကြီး ဖြစ်မယ်။ မဟုတ်မှ လွဲရောအေ. . ဒါဟာပုဂ္ဂိုလ်ထူး ဒါရုစိရိယပဲ"

"အေး. . ညည်းပြောတဲ့ ဒါရုစိရိယထားပါတော့။ သူကပင်လယ်ပြင်ကို ဘာလို့ ငေးကြည့်နေတာလဲ"

"ဟဲ့၊ ဒါကျင့်စဉ်တစ်ရပ်ပေါ့ ကောင်မရဲ့။ ပင်လယ် ပြင်ဆိုတာ အဆုံးအစမရှိ။ တစ်ဖက်ကကမ်းစပ်ကို လှမ်းမမြင်နိုင်ဘူး။ သံသရာဆိုတာလည်း အဆုံးအစ ရှိလား. . . ညည်းတို့ငါတို့ဟာ ဘယ်ဘဝရောက်မယ် ဘယ်ကမ်း ဆိုက်မယ်ဆိုတာ သိနိုင်လား၊ . . . ဒါကို





ဆင်ခြင်နေတာ ဖြစ်မှာပေါ့။"

"ဟုတ်မယ်. . . တို့များကံထူးလို့ ဖူးခွင့်ရတာပဲ။ ကဲလာကြ၊ ကိုယ်တော်ကြီးကို အနီးကပ်ဖူးကြရအောင်"

သုပ္ပါရကမြို့သူတွေ အချင်းချင်း ပြောနေသံကို အတိုင်းသား ကြားနေရတယ်။ သူတို့ကို ရင်မဆိုင် ဝံ့လို့ တဖက် လှည့်ရပ်နေပေမယ့် သူတို့က ကျွန်ုပ်နှင့် တွေ့ဖြစ်အောင်တွေ့ဖို့ လာနေကြပြီ။

တကယ်တော့ ကျွန်ုပ်ဟာ ဘာမှမဟုတ်။ သင်္ဘောပျက်ပြီး ပင်လယ်ထဲ မျောလာသူ။ ကံကောင်းလို့ အသက်မသေတဲ့ ဒုက္ခသည်။ ပင်လယ်ထဲ လေးငါးရက် မျောနေလို့ ဘာမှမစားရ သေးဘူး။ ဆာလွန်းလို့ ရင်တစ်ခုလုံး မီးဟုန်းဟုန်း တောက် နေတယ်။ ဒီအထိ ဒုက္ခပေးတဲ့ ပင်လယ်ကြီးကို ဒေါပွနေမိတယ်။ လွန်ခဲ့တဲ့ လေးငါးရက်လုံး တဝုန်းဝုန်း၊ တပြုန်းပြုန်းလှိုင်းတံပိုး ထန်ခဲ့တဲ့ ပင်လယ်ပြင်ကြီးက ခုတော့ သူမဟုတ်သလိုပဲ ငြိမ်လို့။

ငြိမ်သက်နေတဲ့ ပင်လယ်ပြင်ကြီးကို ကြည့်ပြီး ဖျတ်ခနဲ သတိရလိုက်တယ်။ အင်း. . အခြေအနေအရ ငါလည်းငြိမ်နေတာ အကောင်းဆုံးပဲ။

"အို. . . အရှင်ဒါရုစိရိယ"

သူတို့ အပါးကပ်လာပြီး နှုတ်ဆက်ကြတယ်။ အဟင်း ဟင်း. . . သဘာဝကျသကွာ။ ဒါရုစိရိယဆိုတော့ ပျဉ်ချပ် ကိုယ်တော်ကြီးပေါ့။ ဟုတ်ပြီ . . . သူတို့ထင်သလို ပျဉ်ချပ် ကိုယ်တော် လုပ်လိုက်မှပဲ။

"အရှင်သူမြတ်ကြီး ဘယ်ကကြွလာပါသလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



ဟော. . . ဘယ်ကလာလဲလို့ မေးနေပါလား။ ငါဘယ်လို ဖြေရမလဲ။ ဟာဟိယတိုင်းက ကုန်ကူးရင်း ရောက် လာတာလို့ ပြောရင်ကောင်း မလား။ ဒီလိုပြောရင်. . အင်း၊ မဖြစ်သေးပါဘူး။ လောလော ဆယ် ဟိုလိုလို ဒီလိုလိုဝေ့လည် ကြောင်ပတ်လုပ်တာ ကောင်းတယ်။ ပင်လယ်ဘက် ညွှန်လိုက်တာ ကောင်းမယ်။

"ဩော်. . ကိုယ်တော်ကြီးက ဟိုးပင်လယ် ကြီးရဲ့ တစ်ဖက်က လာတာကိုး။ ဝမ်းသာလိုက်တာ၊ တပည့်တော်တို့ ဖူးခွင့် ထိုက်လို့ ကိုးကွယ်ထိုက်လို့ သုပ္ပါရကကို ရောက်လာတာပဲ။ သုပ္ပါရကမြို့သူ တွေက အရှင့်ကို ကြိုဆိုပါတယ်။ အခုလို ခြိုးခြံတဲ့ အကျင့်ရှိတဲ့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ထူးကို အထူးကြိုဆိုပါတယ်။ မှန်ပါကိုယ်တော်. . . တပည့်တော် တို့ဟာ ရေခပ်လာတာမို့ ဘာမျှ လှူဒါန်း စရာပါမလာဘူး။ ကိုယ်တော်ကြီး ချီးမြှင့်မယ်ဆိုရင် တပည့်တော်တို့ လှူဒါန်းပူဇော်ပါရစေ၊ သုပ္ပါရကမြို့ထဲ လိုက်တော် မူပါ"

ကျွန်ုပ်ရဲ့ လက်ရှိအနေအထားက ဘာများစဉ်းစား စရာ လိုသေးလဲ။ ရလာတဲ့ အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခံလို့ ဖြစ်မလား။

* * * *

အသက်အန္တရာယ်အတွက် ရုန်းကန် လှုပ်ရှား ရတဲ့ပင်ပန်းမှုဒဏ်ဟာ ကျွန်ုပ်ရဲ့ရုပ်သွင်ကို လုံးဝပြောင်း လဲပစ်သလိုပါ။ ချုံးချုံးကျသွားတာ ပကတိရုပ်မရှိတော့ဘူး။ ပင်လယ်ထဲမျောနေတုန်း ဘာမျှမစားရလို့ ဆာလောင်မွတ်သိပ် နေတာလဲ ရင်ထဲဆတ်ဆတ်တုန် နေတယ်။ လူဟာ ကျိတ်ဆုံက ကျလာတဲ့ ကြံဖတ်လို ပျော့ခွေနေလို့ လှမ်းချင်၊ ရွေ့ချင်စိတ်ကို





မရှိဘူး။ ဒီကြားထဲ အရှက်လုံရုံ ဖြစ်သလို ကာထားရတော့ မိန်းမသားတွေ အလယ်မှာ မျက်နှာဘယ်ထားရမှန်း မသိဘူး။

အင်း. . . အဟင်းဟင်း. . .။ လူတွေက တော်တော် ရယ်စရာကောင်းသဗျ။

အဝတ်မရှိလို့ မဝတ်တာ ခြိုးခြံတဲ့အကျင့်လို့ ထင်တယ်. .။ အားအင်ကုန်ခမ်းလို့ မလှမ်းချင်လှမ်းချင် လှမ်းနေတာကို အသွားအလာသိမ်မွေ့တယ်၊ အိန္ဒြေရှိတယ်လို့ ထင်ကြပြန်တယ်. .။ ခက်တယ်. . လူတွေကြည်ညိုပြီဆိုရင် ဘာကိုမှ ကြောင်းကျိုး မဆင်ခြင်တော့ဘူး။ မျက်လုံးဇွတ်မှိတ် ယုံတော့တာပဲ။

သုပ္ပါရကမြို့သူတွေက မြို့ထိပ်ရှိ အဆောက်အဦးကြီး တစ်ခုကို ခေါ်သွားတယ်။

"အို. . . အရှင်ဒါရုစိရိယ။ ဒီခမ်းနားတဲ့ အဆောက် အဦးဟာ သုပ္ပါရကမြို့သားတွေအတွက် အထွတ်အမြတ် ထားရာ နေရာဖြစ်ပါတယ်။ အရှင်ဟာ ဒီမှာ စံမြန်းနေပါ။ တပည့်တော်တို့ မြို့ထဲပြေးသွားပြီး ကိုယ်တော်ကြီး ရောက် လာတာ သတင်းပေးလိုက်ပါမယ်။ သုပ္ပါရကမြို့သား တွေဟာ အရှင့်လို ပုဂ္ဂိုလ်ထူးကို စောင့်နေတာ ကြာပါပြီ။ မကြာခင် စားသောက်ဖွယ်ရာတွေနဲ့ သုပ္ပါရက မြို့သားတွေ ရောက်လာပါလိမ့်မယ် . . . "

မိန်းကလေးတွေက သူတို့ထင်ရာမြင်ရာပြောပြီး ကသုတ် ကရက် ပြန်သွားကြတယ်။ ကျွန်ုပ်လည်း ခုမှကိုယ့်ကြမ္မာကို ပြန်စဉ်းစားနေမိတယ်။

ရက်ပိုင်းအတွင်း တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်စဉ်းစားရင်း။ "စိုင်ကော်လို့ ချုပေါ်ရောက်လေရော့သလား" လို့ ထင်မိတယ်။ ဖြစ်ပျက်လာပုံတွေက အိပ်မက်လိုပဲ။ ကိုယ့်ကိုယ်ကိုတောင် မယုံနိုင်ဘူး။

တွေးနေစဉ် အုတ်အုတ်ကျက်ကျက် ဆူဆူညံညံ အသံတွေကြားလို့ လမ်းကို မျှော်ကြည့်လိုက်တယ်။ ဟာ ... လူတွေများလှချည်လား။ သုပ္ပါရကတစ်မြို့လုံး ထွက်လာတာ လား။ ကြည့်စမ်း ... သူတို့လက်ထဲမှာလည်း စားစရာ သောက်စရာတွေနဲ့။ အင်း ... ဆာလောင်နေတဲ့ ငါ့အတွက် အဟောဝတဖြစ်ဦးမှာပေါ့။

ပြည့်စုံမှာတော့ ဟုတ်ပြီ။ ဒီလူတွေကို ငါဘယ်လို ဆက်ဆံမလဲ။

သူတို့ကို ငါဘာပါလို့ ပြောရမလဲ။ အဲဒါမှ ခက်တာ။ ဘာမှလည်း မပြောတတ်ဘူး။ အင်းလေ ... မပြောတတ်ရင် မပြောဘဲနေလိုက်ရုံပေါ့။ သူတို့ပြောတာ နားထောင်၊ မေးရင် ခေါင်းညိတ်၊ နားမလည်ရင် ခေါင်းခါ၊ ဘာဘာညာညာ မပြောတာ အကောင်းဆုံးပဲ။

* * * *

သူ့အရပ်နဲ့သူ့ဇာတ်ကတော့ ဟပ်နေတာပဲ။

"အို ... မြင့်မြတ်သော ဒါရုစီရိယ။ အရှင်ဟာ သုပ္ပါရကမြို့သားတွေကို ချီးမြှောက်ချင်လို့ ဝေးလံတဲ့ဒေသက ပင်လယ်ပြင်ကြီး ဖြတ်လာတယ်ဆိုတာ အမှန်ပဲလား..."

သူတို့ထဲက အသက်အကြီးဆုံး ပုဂ္ဂိုလ်ကြီးက လက်အုပ်ချီ အရိုအသေပြုရင်း မေးတယ်။ သူဖြစ်စေချင်တဲ့ အဖြေက သူ့





အမေးမှာပါနေတော့ ကျွန်ုပ်ခေါင်းညိတ်လိုက်တယ်။ သုပ္ပါရကမြို့သားတွေမျက်နှာဟာ ကျေနပ်လို့ ပြုံးနေတာ တွေ့လိုက်ရတယ်။

"ဝမ်းသာလိုက်တာကိုယ်တော်ကြီးရယ် ... သုပ္ပါရကမြို့သားတွေက အရှင့်ကို ကြိုဆိုပါတယ် ... ဒါနဲ့ ကိုယ်တော်ကြီး ဟောဟို အပြောကျယ်တဲ့ ပင်လယ်ကို ဘယ် လို ဖြတ်လာလဲ ..."

ပင်လယ်ပြင်ကို ဘယ်လိုဖြတ်လာလဲတဲ့။ အဖြစ်မှန်ကို ပြောရင် အထင်ကြီးနေတာအားလုံး ပျက်ပြယ်တော့မှာ အမှန်ပဲ။ ဘယ်လိုဖြေသင့်သလဲလို့ စဉ်းစားနေစဉ် ခြင်တစ်ကောင်က ခြေသလုံးလာကိုက်နေလို့ ဖတ်ခနဲ ရိုက်လိုက်တော့ . . .

"ဟယ် ... ပင်လယ်ကို ခြေထောက်နဲ့ လမ်းလျှောက်ဖြတ်လာတယ်။ အံ့ဩထူးခြားလိုက်တာ။ အင်း ... ဟုတ်ပါပြီ။ လွန်ခဲ့တဲ့ သုံးလေးရက်လောက်က ကျွန်တော်မျိုး အိပ်မက် မက်ပါတယ်။ အိပ်မက်ထဲမှာ ဗြဟ္မာကြီးတစ်ပါး ပေါ်လာပြီး ကျွန်တော်မျိုးကို ပင်လယ်ကမ်းစပ်ဆီ လက်ဆွဲခေါ်သွားတယ်။ အဆုံးအစမရှိတဲ့ ပင်လယ်ကို လက်ညိုးထိုးပြတယ်။ သူဘာကို ပြနေမှန်းမသိဘူး။ မြင်လည်း မမြင်ဘူး။ သူကပင်လယ်ကို လက်အုပ်ချီ ရှိခိုးတယ်။ ပြီးတော့ ပျောက်သွားရော ... ဒီကတည်းက သုပ္ပါရကကို ကိုးကွယ်ရာ အရှင်မြတ်တစ်ပါး ရောက်လာတော့မယ်ဆိုတာ တွေးခဲ့တယ်။ မှန်လှပါ ကိုယ်တော်ကြီးဟာ ရဟန္တာအရှင်မြတ်ကြီး မဟုတ်လား"

ကျွန်ုပ်က ခပ်တည်တည်နဲ့ ခေါင်းညိတ် လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သုပ္ပါရကမြို့သားတွေ ဝမ်းပန်းတသာ ဦးညွတ်ရှိခိုးကြတယ်။ တချို့က သူတို့ခေါင်းတွေနဲ့ ကျွန်ုပ်ဖဝါးကို လာတိုက်ကြတယ်။ တချို့က စားကောင်းသောက်ဖွယ်တွေ လာကပ်ကြတယ်။ တချို့က လက်ဝတ်လက်စားတွေ လာလှူကြတယ်။

အဟဲဟဲ၊ လှူကဲ့နော်. . . လှူကဲ့။ ကဲ့ကြမ္မာဆိုတာ ပြောရခက်သား။ မနေ့က ဘာမျှမရှိအောင် ဆင်းရဲ ချွတ်ခြုံကျနေတဲ့ တာဟိယဟာ ဒီနေ့ ရွှေတွေ၊ ငွေတွေ၊ စားသောက်ဖွယ်တွေနဲ့ လိုလေသေးမရှိအောင် ပြည့်စုံနေတဲ့ ဒါရုစီရိယ ဖြစ်သွားပြီ။ ကိုင်း. . . ဘာလုပ်မလဲ။ အဟဲ။ ဒါကလွယ်ပါတယ်။ ဒီကနေ့ ကျွန်ုပ်အတွက် ဘာအရေးကြီးဆုံးလဲ။ ဟာနေတဲ့ ဝမ်းကို ဖြည့်ဖို့ကလွဲပြီး တခြားဘာမှ အဓိက မကျဘူး။ ဆီဦးသောပတ် ရသာစုံအစားအစာတွေသာ ကျွန်ုပ်လိုချင်တယ်။ ဒီရွှေတွေငွေတွေ ဘာလုပ်ရမှာလဲ။ ကိုင်း သွားစမ်း . . . ယူကြစမ်း၊ လိုချင်တဲ့လူယူ။

ကျွန်ုပ်ဟာ လှူထားတဲ့ ရွှေတွေ၊ ငွေတွေကို လူအုပ်ထဲ ကျဲပက်လိုက်ပြီး၊ ရွှေငှက်ပျောသီးတစ်လုံးကို ကောက်ယူစားလိုက်တယ်။

ကျွန်ုပ်အပြုအမူကို သုပ္ပါရကမြို့သားတွေ ပထမ ကြောင်ကြည့်နေကြတယ်။ နောက် . . . သတိရကာ ခုန်ထကြပြီး ရွှေတွေငွေတွေ အလုအယက် ကောက်ကြတယ်.။ လုလိုက်ကြတာ တဝုန်းဝုန်း၊ တရုန်းရုန်း၊ အလဲလဲ၊ အပြိုပြို။

ကျွန်ုပ်ရဲ့လုပ်ဆောင်မှုဟာ အစက ဒီလောက်ထိ လေးနက်မယ် မထင်ဘူး။ မလိုအပ်တာ စွန့်ကြဲလိုက်တာ သက်သက်ပဲ။ ဒါပေမယ့် ဒီလုပ်ရပ်ကြောင့် သုပ္ပါရက မြို့သားတွေ ကျွန်ုပ်ကို ပိုကြည်ညိုကုန်တယ်။





"ဝေး . . . ငါတို့အရထူးပြီကွ။ တပ်မက်မှု ဘာမျှမရှိတဲ့၊ အလိုရမက်နည်းတဲ့ ရဟန္တာကြီးကို ကြည်ညိုခွင့်ရပြီ . . . ကိုးကွယ်ခွင့်ရပြီ"

* * * *

လောကမှာ ရှိတဲ့လူတွေ နေ့စဉ်ပြေးလွှား လှုပ်ရှားရုန်းကန်နေတာ ဘာကြောင့်လဲ။ လောကီစည်းစိမ်ချမ်းသာ ပြည့်စေချင်လို့ မို့လား . . . ။ စားဝတ်နေရေး မတောင့်တ၊ မကြောင့်ကြချင်လို့ မို့လား အဟဲဟဲ . . . သုပ္ပါရကရောက်လာ တဲ့ ကျွန်ုပ်အဖို့ ဒါတွေ အားလုံး ပြည့်စုံနေပြီ။ ကျွန်ုပ်လက် ဖြန့်တာနဲ့ ဘာမဆို ရောက်ပြီးသား။ ကျွန်ုပ်တစ်ခွန်းပြောတာနဲ့ သူတို့နားထောင်ပြီးသား။ ကိုင်း . . . ဘယ်လောက် စိတ် ချမ်းသာစရာ ကောင်းလဲ။

အင်း . . . ဒါပေမယ့် စိတ်မချမ်းသာပါဘူးလေ။

ဒီလိုပြောတော့ မေးစရာရှိတယ်။ အစစအရာရာ ပြည့်စုံနေရက်သားနဲ့ ဘာကို စိတ်မချမ်းသာတာလဲ။ ဘာကြောင့် မပျော်တာလဲ။ အင်း ဒီလိုမေးရင် အဖြေရှိပါတယ်။ ဥပမာတစ်ခု စဉ်းစားကြည့်။

"ခင်ဗျားအိမ်မှာ ကြက်တူရွေးငှက်တစ်ကောင်ကို ရွှေလှောင်ချိုင့်နဲ့ လှောင်မွေးထားတယ်ဆိုပါတော့။ ဒီငှက်ကို အစားအသောက်တွေလည်း ကျွေးတယ်။ ဆေးဝါးလည်း တိုက်တယ်။ တင့်တင့်တယ်တယ်လည်း ထားတယ်။ ပြောရရင် ငှက်ကလေးက ရှာမစားရဘဲ အကုန်ပြည့်စုံတယ် ဆိုပါတော့။ ဒါပေမယ့် ဒီငှက်လေး ပျော်မယ်ထင်လား။ အဟဲ . . . ဝေးသေး။ သူ့သဘာဝအတိုင်း ပျံသန်းနေချင်မယ်။ အော်မြည်နေချင်မယ်။



www.burmeseclassic.com

www.burmeseclassic.com

တောထဲတောင်ထဲ သွားချင်မှာ အမှန်ပဲ။ ဒါကသူ့သဘာဝကိုး။

ငှက်လေးတောင် ဒီလိုစိတ်ရှိသေးတာ လူဖြစ်တဲ့ ကျွန်ုပ်ဟာ ဒီထက်ပိုလွတ်လပ်ချင်တာပေါ့။ တောင့်တမှု ပိုတာပေါ့။ လူ့စိတ်က ပြောရခက်တယ်။ ဘယ်တော့မှ တင်းတိမ်ရောင့်ရဲမှု မရှိတာ လူဘဲ။ ကျွန်ုပ်အနေနဲ့ အရာရာ ပြည့်စုံပေမယ့် တစ်ခုလိုနေတာ ရိပ်စားမိမှာပါ။

ဒါရုစိရိယဖြစ်လာတဲ့ ကျွန်ုပ်ဟာ တခြားလူတွေလို မနေနိုင်တာတော့ တွေးမိမှာပါ။ ပျဉ်ချပ်တွေ ကြိုးနဲ့သီဝတ် ထားလို့ ဒါရုစိရိယလို့ တွင်နေတဲ့ ကျွန်ုပ်ဟာ တခြားလူတွေလို အဝတ်ဝတ်လို့ မဖြစ်ဘူး။ မရဘူး။ ဝတ်ရင်လည်း ဒါရုစိရိယ ဖြစ်ဦးမလား။ လူတွေကြည်ညိုနေတာ ဒီလိုနေလို့။ မြိုးမြံတဲ့ အကျင့်ရှိလို့ဆိုပြီး ကိုးကွယ်ကြတာမို့လား . . . ။ ကဲ၊ လူတွေ ကြားမှာ တစ်သက်လုံး ဒီလိုနေရတော့မယ်။ ကျွန်ုပ်ဟာ တိရစ္ဆာန်တစ်ကောင်နဲ့ ဘာခြားနားသေးလဲ။ ဟိရိဩတ္တပ္ပ တရားရှိတဲ့ လူတွေကြားမှာ အရှက်နည်းတဲ့ အသွင်နဲ့ နေရတာ ဘယ်လောက် စိတ်ဆင်းရဲစရာကောင်းလဲ။ အင်း . . . ဒီဘဝကို ငြီးငွေ့စက်ဆုပ်လှပါပြီ။

*    *    *    *

"တာဟိယ"

ခမ်းနားတဲ့ နတ်ကွန်းကြီးထဲက ရွှေကုတင်ထက် အိပ်စက်နေတဲ့ ကျွန်ုပ်ကို တစ်စုံတစ်ယောက်က အနားကပ် ခေါ်သံကြားလိုက်တယ်။ သုပ္ပါရက ပြည်သားတွေခေါ်နေတဲ့ ဒါရုစိရိယ မဟုတ်ပဲ ငယ်မည်ကို ထုတ်ခေါ်လိုက်လို့ တုန်လှုပ်သွားတယ် အိပ်စက်ရာက ကမန်းကတန်း လူးလဲထပြီး မော့ကြည့်လိုက်တယ်။





"သင် ဘယ်သူလဲ"

ကျွန်ုပ်ရှေ့မှာ ခပ်တည်တည်ရပ်ပြီး စိုက်ကြည့် နေတဲ့ ပုဂ္ဂိုလ်ကို ဘုဆတ်ဆတ် ပြန်မေးလိုက်တယ်။

"ငါဘယ်သူလဲလို့ သိဖို့ထက် သင်ဘယ်သူလဲ ဆိုတာ ကိုယ့်ကိုယ်ကို သိဖို့မလိုဘူးလား တာဟိယ"

"ဟုတ်တယ် . . . ငါတာဟိယပဲ။ ဘာဖြစ်လဲ"

"ဘာဖြစ်လဲ ဟုတ်လား . . . သင်ဟာ ကိုယ့်ကိုယ်ကို လိမ်နေတယ် . . . တစ်လောကလုံးကို လိမ်နေပြန်တယ် . . . မရှက်ဘူးလား တာဟိယ"

ကျွန်ုပ်လို အများကြည်ညို ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်ကို မခန့်လေးစား ပုတ်ခတ်ပြောဆို နေသူကို နတ်ကွန်းထဲက မောင်းထုတ်ပစ်ဖို့ စိတ်ကူးလိုက်တယ်။ သွားစမ်း . . . ငါပိုင်တဲ့ ဒီနတ်ကွန်းထဲက ချက်ချင်းထွက်သွားစမ်းလို့ လက်ညှိုးထိုး ပြောချင်တယ်။ ဒါပေမယ့် သူ့အသွင်ကိုကြည့်ပြီး စကား ပြောမထွက်ဘူး။

"နေ . . . နေစမ်းပါဦး။ သင်က ငါ့ကို တာဟိယလို့ ခေါ်နေပါလား။ ဒီလိုဆိုတော့ သင်ငါ့အကြောင်း ကောင်းကောင်း သိနေတယ်ထင်ပ"

"သိတယ်တာဟိယ၊ သင့်ရဲ့ပစ္စုပ္ပန်ဘဝမှန်ကို သိရုံတင် မကဘူး၊ ဟိုးရှေးအတိတ်ဘဝကိုပါ သိနေတယ်"

"ဟုတ်လား . . . ကိုင်းပြောစမ်း"

"အို . . . တာဟိယ၊ သင်နဲ့ ငါဟာ ကဿပ ဘုရားရှင် လက်ထက်က တရားကျင့်ဖော်တွေ ဖြစ်ဖူးတယ်။ ကျင့်ဖော် ငါးဦးအနက် တစ်ဦးက ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ပြုသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငါကပြဟ္မာ့ဘုံ ရောက်ပြီး ဒီက ကျွတ်တမ်းဝင်မယ်။ သင်ရယ်. . ပုက္ကုသာတိရယ်. . . ကုမာရကဿပရယ်. . . ဒွေ့ရယ်သာ တရားစစ်တရားမှန် မတွေ့သေးပဲ သံသရာမှာ ကျင်လည်နေဆဲဖြစ်တယ်။ တာဟိယ သင်ဟာ ရဟန္တာ မဟုတ်ပဲ ဘာကြောင့်ရဟန္တာဖြစ် သယောင်ဆောင် နေတာလဲ။ ရဟန္တာအကျင့်မသိပဲ သိလေသယောင် ဘာဖြစ်လို့ ညာနေတာလဲ. . ။”

ကျွန်ုပ် ဒါရုစီရိယဟာ အလိမ်ပေါ်သွား၍ ရှက်စနိုးဖြင့် ခေါင်းငုံ့ကျသွားတယ်။

“မိတ်ဆွေ တာဟိယ. . သင်ဟာပါရမီ အခြေခံရှိသူလည်း ဖြစ်တယ်. . သင်ဖြစ်ချင်တဲ့ ရဟန္တာကို ကျင့်ရင်လည်း ခဏနဲ့ ကိစ္စပြီးနိုင်တယ်. . ဒီအခွင့်အရေးရှိ ရက်နဲ့ မဟုတ်တဲ့နေရာ ဘာကြောင့်ပျော်ပါးနေတာလဲ”

“အင်းမိတ်ဆွေပြဟ္မာ။ ငါမှားပါတယ်. . ဒီအမှားကို စိတ်ထဲသိနေပေမယ့် မစင်ထဲကလောက်ဟာ မစင်ထဲက ရုန်းမထွက်နိုင်သလို ငါ့ဘဝဖြစ်နေပါတယ်”

“သင်အချိန်မနှောင်းသေးပါဘူး။ ရဟန္တာဖြစ်အောင် ကျင့်ပါ တာဟိယ”

“ကောင်းတယ်. . ငါလည်းကျင့်ချင်ပါတယ်။ ဒါပေမယ့် ဒီအကျင့်ကို ငါမသိဘူး။ ဒီလောကမှာ ရဟန္တာဖြစ် သူရောရှိလို့လား. . ”

“သြော်. . တာဟိယရယ်။ မဇ္ဈိမမှာ ရဟန္တာပေါ်နေပြီ ကွဲ့။ ရဟန္တာအကျင့်တွေ ရှိနေပြီကွဲ့။ ဒီလို အမှန်လမ်းညွှန်တဲ့ ဗုဒ္ဓဆိုတာ ပေါ်နေပြီတာဟိယရဲ့။”





“ဗုဒ္ဓ . . . ဗုဒ္ဓ . . . ဘုရားပွင့်ပြီ”

ကျွန်ုပ် ဒါရုစီရိယဟာ ဘုရားဆိုတဲ့ အသံကြား လိုက်သည်နှင့် တစ်ကိုယ်လုံး ကိုင်လှုပ်ခံရသလို တုန်လှုပ်သွားတယ်။ ဝမ်းသာစိတ်ဖြစ်လို့ လူလည်း မြောက်တက်သွားသလိုပဲ။ ဒါနဲ့ ကုတင်ပေါ်က ခုန်ဆင်းလိုက်တယ်”

“ဒီမှာ . . ဒီမှာ မိတ်ဆွေပြဟ္မာ. . ဘုရားပွင့်တာသေချာ လား. . အဲဒါဘယ်မှာလဲ။ ငါဘုရားရှင်ကို တွေ့ရအောင် ဘယ်ကိုသွားရမလဲ။ လမ်း. . လမ်းညွှန်စမ်းပါ”

“ဒီမယ်တာဟိယ၊ ဟောဒီက မြောက်စူးစူးကိုသွား။ ယူဇနာသုံးရာခရီးမှာ သာဝတ္ထိဆိုတာရှိတယ်။ အဲဒီမှာ ဘုရား ရှင် ယာယီသီတင်းသုံးနေလေရဲ့”

“အို. . ကျေးဇူးတင်လိုက်တာ၊ ဝမ်းသာလိုက်တာ မိတ်ဆွေ ပြဟ္မာရယ်. . ဒါဆို ငါခုပဲသွားမယ်”

“ဟော. . လောမ့်လောတော့ ချက်ခြင်းပါလား။ ခုလိုညကြီး မင်းကြီး ခရီးသွားလို့ တော်မလား။ မိုးလင်းမှ သွားတော့ ပေါ့”

“မဖြစ်ဘူး။ လုံးဝမဖြစ်ဘူး။ ဒါဟာငါ့အတွက် သေရေး ရှင်ရေးပဲ။ မိုးလင်းလို့ သုပ္ပါရကမြို့သားတွေ ရောက်လာရင် ငါဘယ်လိုမှ ထွက်လို့ရမှာ မဟုတ်ဘူး။ ဘုရားလို့ အသံ ကြားရုံနဲ့ ငါ့ရင်ထဲ ကြည်ညိုစိတ်ဖြစ်သွားပြီ။ ကျေးဇူး တင်တယ်. . ငါသွားတော့မယ်”

ကျွန်ုပ် ဒါရုစီရိယဟာ ပြောပြောဆိုဆို တောင်ဝှေးကို ကောက်ကိုင်လိုက်ပြီး သုပ္ပါရကမြို့က ထွက်ခဲ့တယ်။ နှစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ချီနေလာတဲ့ နတ်နန်းကို တွယ်တာမှုမရှိပဲ စွန့်ပစ်လိုက်ပါတော့တယ်၊

*　*　*　*

ယမုနာသုံးရာကျော်ခရီးကို အပြင်းချီလာတဲ့ ကျွန်ုပ် တာဟိယဘယ်လို ပင်ပန်းမယ်ဆိုတာ စဉ်းစားရုံနဲ့ ချင့်ချိန်နိုင် ပါတယ်။ ဒါပေမယ့် သာဝတ္ထိကိုရောက်ပြီဆိုတာနဲ့ ကျွန်ုပ်အားပြန်တတ် လာတယ်။ ရှိစုမဲ့စုခွန်အား ဖြစ်ညှစ်သုံးရင်း တွေ့ရာလူကို စုံစမ်း လိုက်တယ်။

"ဒီမယ်. . ဒီမယ်ဗျ။ ဘုရား. . . ဘုရားရှင်ဘယ်မှာရှိလဲ"

"ဂေါတမဘုရားသခင်ကို မေးတာထင်တယ်"

"ဟုတ်ပါတယ်. . လောကမှာပွင့်တော်မူတာ ဒီဘုရား တစ်ဆူပဲ ရှိတယ်မို့လား. ."

"ဘုရားစစ် ဘုရားမှန်ကတော့ တစ်ပါးတည်းပေါ့။ ဒီလို မိတ်ဆွေ. . ဘုရားရှင်ဟာ ခုချိန်နောက်ပါ ရဟန္တာတွေနဲ့ သာဝတ္ထိမြို့ထဲ ဆွမ်းခံကြွနေတယ်။ တွေ့ချင်တော့ လိုက်သွားပေါ့"

"ကျေးဇူးပဲ"

ဘုရားရှင်ရှိကြောင်းသိလိုက်သည်နှင့် ကျေးဇူးတင် စကားတောင် ဆုံးအောင်မပြောမိပဲ၊ ချက်ချင်းခရီးဆက်ခဲ့ တယ်။ ဘိုမေးဒီစမ်း လိုက်ခဲ့ရာ ဘုရားရှင်နဲ့ ပက်ပင်းတိုးပါ တော့တယ်။

" အို . . . လေးမြတ်ကြည်ညိုရပါသော ဗုဒ္ဓဘုရား . . . တပည့်တော်တာဟိယ ခရီးဝေးကရောက်လာပြီး ဘုရားရှင် ကို ဖူးခွင့်ရလိုက်လို့ ဝမ်းသာပီတိဖြစ်ရပါတယ် . . . ။ အို မြတ်စွာဘုရား၊ နှစ်ရှည်လများ အကျိုးပွားမည့်





တရားဟောကြား တော်မူပါ "

ကျွန်ုပ်ဟာ ဘယ်နေရာ၊ ဘယ်ကာလရယ်လို့ မချင့် တွေးနိုင်ပဲ လိုချင်တဲ့တရားကို တောင်းမိတယ်။ ဘုရားရှင်က ကရုဏာသက်တဲ့ အကြည့်နဲ့ကြည့်ရင်း "ချစ်သား ဗာဟိယ၊ တရားဟောရန် အချိန်မဟုတ်၊ ခုချိန်ဟာ အိမ်စဉ်လည် ဆွမ်းခံ ချိန်ဖြစ်တယ် "ဟု ငြင်းပယ်လိုက်သည်။

ဘုရားရှင် ဘာကြောင့် ဒီလိုငြင်းမှန်းကျွန်ုပ်မသိ ဘူး။ ဒါပေမယ့် ကိုယ့်ကိုယ်ကို သိနေသလိုလို သိနေတာက တော့ တစ်ခုရှိတယ်။ ဒါဘာလဲဆိုတော့ ကျွန်ုပ်အားနည်းနေ တယ်၊ အတိုင်းအဆမရှိ ပင်ပန်းနေတာရယ်၊ မထင်မှတ်ဘဲ သေသွား နိုင်တာရယ် . . . ဒါကိုသိနေသလိုလိုပါ။

" မှန်ပါဘုရား . . . အခါမသင့်တာ တပည့်တော်သိ ပါတယ်။ ဒါပေမယ့် သေခြင်းတရားကြုံမယ့်ကာလကို တပည့်တော် မသိပါ။ နာခွင့်ရှိတုန်း နာပါရစေ။"

" တာဟိယ၊ အနွမ်းနယ်ပျောက်ပါစေဦး၊ ငါလည်း ဆွမ်းခံ ပါရစေဦး"

" နွမ်းနယ်တာ ပဓာနမဟုတ်ပါဘုရား . . . တရားနာရင် နွမ်းသမျှလန်းလာမှာပါ။"

ကျွန်ုပ်က ထွတ်တရွတ် တောင်းဆိုနေလို့၊ ဘုရားရှင် ခေတ္တရပ်ကာ နားလည်လွယ်အောင် တရားချီးမြှင့်ပါတယ်။

"ကောင်းပြီလေ တာဟိယ။ ဒါဖြင့် လွယ်လွယ်မှတ်၊ မပြင်း ကျင့်သုံးလေတော့။ မြင်လျှင်မြင်ကာ မတ္တဖြစ်လတ္တံ့။ ကြားလျှင်ကြားကာ မတ္တဖြစ်လတ္တံ့။ နံလျှင်နံကာ မတ္တ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လတ္တံ့။ စားလျှင်စားကာ မတ္တဖြစ်လတ္တံ့။ ထိလျှင်ထိကာ မတ္တဖြစ်လတ္တံ့။ သိလျှင်သိကာ မတ္တဖြစ်လတ္တံ့။ ဒီလိုသာနာယူ မှတ်သားလော့။"

ဘုရားရှင်က တရားတော်လိုရင်းကို အကျဉ်းချုံးဟောလျက် ခရီးဆက်သွားသည်။ အကျဉ်းမျှဖြစ်သော်လည်း အသုဘ၊ အနိစ္စ၊ဒုက္ခ၊ အနတ္တ ဟူသော ရှုမြင်သုံးသပ်မှု အနုပဿနာတရားစဉ်ကို ရင်တွင်း၌ထင်လင်းသွားသည်။ တစ်စုံ တစ်ခုကို မြင်လျှင် ရောက်ရာရာဆက်မတွေးဘဲ မြင်ကာ မတ္တရပ်ပြီး၊ လိုချင်ရာဟု သုဘအစွဲပေါ်မလာအောင်ရပ်ခိုင်း ခြင်းဖြစ်သည်။ ထိုအစွဲမရှိလျှင် အသုဘဘာဝနာကို ပွားစရာ မလိုဘဲ အလိုလို ရပ်ပြီးသည်ကို မြင်လာသည်။ ဤတွင် သုခ၊ နိစ္စ၊ အတ္တတွေလည်း ကိုယ်မှာ ကပ်ခွင့်မရနိုင်တော့။ ကျွန်ုပ် ရင်တွင်း သံယောဇဉ်အားလုံး ကင်းပြတ်သွားသည်။

ကျွန်ုပ်ဗာဟိယဟာ တစ်သာသနာမှာ တစ်ခါသာ ကြုံကြိုက်ရသည့် ဘုရားရှင်ကို ဖူးခွင့်ရ၊ နာခွင့်ရသဖြင့် ကြည်ညိုလွန်းလို့ ဘုရားရှင်သာသနာတော် ခိုလှုံနိုင်ရန် သင်္ကန်းရှာဖို့ထွက်ခဲ့သည်။

သို့သော် . . .

ကျွန်ုပ်ဘုရားရှင်ထံပါးနေခွင့် မရလိုက်ပါ။ သင်္ကန်းရှာနေစဉ် နွားမတစ်ကောင် နောက်ကဝှေ့လိုက်၍ အမှိုက်ပုံမှာ ခေါင်းစိုက်သွားရသည်သာ နောက်ဆုံးသိလိုက်ရပါတော့တယ်။

မောင်ဆန္ဒ(လယ်ဝေး)





# မစင်စားဇမ္ဗူကာ

ကျွန်ုပ်ဇမ္ဗူကဟာ ဘယ်ဝဋ်ကြွေးကြောင့် ဒီဘဝမျိုးရောက်ရတယ်ဆိုတာ ကျွန်ုပ်ကိုယ်တိုင်မသိပါ။

ကိုယ့်ဘဝကို ဘာမှန်းမသိတဲ့ကျွန်ုပ်ကို ဆင်ခြင်ဉာဏ်မရှိသူတွေက ကြည်ညိုနေကြပြန်တယ်။ ရယ်စရာတော့ကောင်းသားပေါ့။

ကျွန်ုပ်မိဘတွေဟာ ရာဇဂြိုဟ်ပြည်သားတွေပါ။ ရာဇဂြိုဟ်ကိုတော့ သိကြမှာပါလေ။ ကိုးကွယ်ဆည်းကပ်ရာမှာ မဖွံ့မဘစ်ဝှမ်းသာမက အနယ်နယ်အရပ်ရပ်နဲ့စပ်အောင် ကျော်စောတဲ့ဒေသပေါ့။ ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရဆိုရင် တက္ကတွန်းတွေရဲ့ မှီခိုရာဖြစ်သလို၊ နောက်မှပေါ်လာတဲ့ ဂေါတမရဟန်းကြီးကိုလည်း ကြည်ညိုတယ်၊ ထားပါ။ ဒါတွေက ကျွန်ုပ်နှင့်မဆိုင်ပါဘူး။ ဆိုင်တာသာ ပြောကြစို့။

ကျွန်ုပ်မိဘတွေဟာ လူကုံတန်သူဌေးကြီးတွေ မဟုတ်ပေမယ့် ဆင်းဆင်းရဲရဲတော့မဟုတ်ဘူး၊ အိုးနဲ့အိမ်နဲ့တင့်တောင့်တင့်တယ်နေနိုင်သူပါ။ သားသမီးတစ်ယောက်ကို တန်းစေ့လမ်းစေ့ထားနိုင်ကြပါတယ်။ တစ်ဦးတည်းသားဖြစ်တဲ့ ကျွန်ုပ်ဟာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပူစရာမလိုဘူး။ ဘာဝတ်မလဲ၊ ဘာစားမလဲ၊ ဘယ်လိုနေချင်လဲ
ပူစရာမလိုအောင် ဖြည့်ဆည်းပေးနိုင်ကြပါတယ်။ သို့သော်ကျွန်ုပ်
ဘဝက ဆင်းရဲလိုက်တာ လွန်ရော။ ဩော်...နားရှုပ်သွား
လားမသိဘူး။ ဒီလို...ဒီလို။

ကျွန်ုပ်မိဘတွေကအိုးနဲ့အိမ်နဲ့ထားတယ်။ အိပ်ယာ
ကုတင်နဲ့ထားကြတယ်။ ခင်းစရာမွေ့ရာ၊ ခြုံစရာစောင်စတဲ့
လူ့အသုံးအဆောင်တွေနဲ့ ထားပါတယ်။ ဒါပေမယ့် ကျွန်ုပ်ဟာ
ငယ်ငယ်ကတည်းက အဲသလို စည်းစိမ်ချမ်းသာနဲ့အိပ်မရဘူး
အိပ်မပျော်ဘူး။ မြေပေါ်မှာချသိပ်တော့မှ နှစ်နှစ်ခြိုက်ခြိုက်
အိပ်လိုရတယ်။ နောက်တစ်ခုပြောရဦးမယ်။ မိဘတွေက
ကောင်းပေ့ဆိုတဲ့ အဝတ်အစားတွေဆင်ပေးတယ်။ ဒါလည်း
ဝတ်မရဘူး။ အဝတ်ဝတ်ရင် စူးနဲ့ထိုးသလိုနာကျင်တယ်။ တစ်ကိုယ်
လုံး ပရွတ်ဆိတ်တက်သလို ရှစိရှစိဖြစ်နေတယ်။ ဒါနဲ့အဝတ်မဝတ်
တော့ဘူး။ အဲသလို ဗလာကိုယ်ထီးနေမှ ချမ်းသာရာရတယ်
အဲအဆိုးဆုံးကတော့ ထမင်းစားမရတာပဲ။ ကျွန်ုပ်ငယ်စဉ်က
အမေကိုယ်တိုင်ထမင်းခွံ့ကျွေးတယ်။စားမဝင်ဘူး။ ဒီလိုစား
မရတာကို ဆန်မာတယ်ထင်ပြီး နူးညံ့တဲ့ဆန်ကိုချက်ကျွေးပြန်တယ်
ဒါကိုလည်း မစားနိုင်ဘူး၊ ကျွန်ုပ်ပါးစပ်က ထမင်းဆိုရင်
ဘယ်လိုမှ လက်မခံဘူး၊ သံပုသံခဲတွေကို မျိုရသလို အဝင်ဆိုးတယ်
စားမရတော့ ကျွန်ုပ်လည်း မစားတော့ဘူး၊ အဲ...ထမင်း
မစားရင်ဘာစားလဲ။ အာဟာရပြီးနေလား အဲသလိုမေးစရာ
တယ်။ အဟဲ.. အာဟာရသိဒ္ဓိရှိလို့တော့မဟုတ်ပါဘူး။ စားချင်တာ
မှ ပါးစပ်ကိုယားလို့၊ တောင့်တလိုက်တာမှ ဝမ်းကလှုပ်လို့
ဆာတော့စားတာပေါ့။ စားလို့ရတာစားတယ်။ ဘာလဲသိလား...
ဟိုဒင်း....မစင်...မစင်။





ဟုတ်တယ်။ ကျွန်ုပ်ဟာ ထမင်းကိုမစားဘဲ
ကိုယ့်မစင်ကိုယ်ပြန်စားတဲ့ ဇမ္ဗူကပါ။

* * * * *

မစင်ကို ခုံခုံမင်မင်စားတဲ့ ကျွန်ုပ်ကိုမိဘတွေကလည်း
စိတ်ပျက်နေပြီ။ ဆုံးလည်းဆုံးမကြပါတယ်။ ငေါက်လို့တစ်မျိုး၊
ဆဲပြီးတစ်ဖုံ၊ တုတ်နှင့်သွန်သင်လို့ တစ်မျိုး၊ အနည်းနည်းအဖုံဖုံ
ဆုံးမသွန်သင်ပေမယ့် ကျွန်ုပ်ကိုယ်တိုင်က ဒီအကျင့်ဆိုးကို
ဖျောက်ဖျက်မရဘူး။

ဒီလိုနှင့်ကျွန်ုပ်အရွယ်ရောက်တော့ မိဘနှစ်ပါးက
တက္ကတွန်းတွေဆီပို့တယ်။ ရဟန်းပြုပေးတယ်။ တက္ကတွန်း
တွေကိုးကွယ်တဲ့ ကျွန်ုပ်မိဘတွေဟာ ဆုံးမရတဲ့ သူတို့သားကို
ဆရာသခင်တွေပဲ့ပြင်ရင် ကောင်းလာလိမ့်မယ်၊ လိမ္မာလာ
ကြလိမ့်မယ်လို့ တွေးကြတယ် ထင်ပါတယ်။

အင်း.....ကိုယ့်ဘဝကိုဘာမှန်းမသိ၊ ဆင်းရဲဒုက္ခခံ
နေရတဲ့ ကျွန်ုပ်ဇမ္ဗူကဟာ တက္ကတွန်းတွေဆီရောက်တော့
ငရဲကျတာပဲ။

ရဟန်းပြုပေးဖို့ခေါင်းတုံးကတည်းက အရှင်လတ်လတ်
ငရဲခံရတယ်လေ။ ဟုတ်တယ်။ ကျွန်ုပ်ဆံပင်က ဓားမတိုးဘူး။
ဓားတုံးတယ်ထင်ပြီး ထက်ပေ့ဆိုတဲ့ဓားကိုပြောင်း၊ တက္ကတွန်း
တစ်ပါးပြီးတစ်ပါး ကြိုးစားကြတယ်။ ဘယ်လိုမှန်းမသိဘူး။
ဆံပင်တစ်မွေးမှ ကျမလာဘူး၊ ဒါနဲ့တက္ကတွန်းတွေ စိတ်ဆိုးမာန်
ဆိုးနဲ့ ကျွန်ုပ်ကိုကျင်းတစ်ခုထဲ ပစ်ချတယ်။ ကျွန်ုပ်ပခုံး
ပေါ် ပျဉ်ချပ်တွေတင်၊ အဲဒီအပေါ်တက္ကတွန်းတွေထိုင်၊ ပြီးတော့
ခေါင်းကဆံပင်ကို တစ်မွေးချင်း မွေးညှပ်နဲ့ ဆွဲနုတ်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပြောကောင်းမလဲ။ နာလိုက်တာလွန်ရော။ ရှန်းကန်လို့လည်းမရ၊ လှုပ်ရှားလို့လည်းမရ။ ငရဲကျတာမှ တကယ့်ငရဲဗျာ. . .။

အဲဒီဒဏ်က ဖျားတောင်ယူရတယ်။ အိပ်ယာက မထနိုင်အောင် တဟင်းဟင်းအော်နေရတယ်။ ကုန်ကုန်ပြောရရင် တက္ကတွန်းတွေ ဆွမ်းခံရာနောက်ကိုတောင် မလိုက်နိုင်အောင် ခံရတာပဲ။ အဟင်း ဟင်း . . . ဒါပေမယ့်ကျုပ်ပျော်တယ်။ ဒီလိုဖြစ်တာကို ဝမ်းသာတယ်။ ဘာဖြစ်လို့လည်း သိလား။ တက္ကတွန်းတွေဆွမ်းခံထွက်တော့ ကျောင်းမှာကျုပ်တစ်ယောက်တည်း ကျန်ခဲ့တယ်လေ။ ဒီတော့စိတ်ရှိလက်ရှိ မစင်စားခွင့်ရသွားတာပေါ့။ ရတဲ့အခွင့်အရေးကို ကျုပ်လက်လွှတ်မခံချင်ဘူး။ ဒါကြောင့်အဖျားပျောက်တာတောင် မပျောက်သေးသလို ဟန်ဆက်ဆောင်လိုက်တယ်။

အင်း. . . ကျုပ်ဟာကံဆိုးပါတယ်ဗျာ။ စွန့်မစ်တဲ့ မစင်တောင် လွတ်လွတ်လပ်လပ်စားခွင့် မရပြန်ဘူး။ ဟန်ဆောင်ကျောင်းမှာနေရစ်ပြီး မစင်ခိုးတွယ်နေတာကို တက္ကတွန်းတွေရိပ်မိသွားတယ်။ အလစ်ဝင်ဖမ်းတော့ မိသွားတာနဲ့ အယုတ်တမာကောင်ဆိုပြီး ကျောင်းကရိုက်ပုတ်နှင်လွှတ်ခံရတယ်။

ဒီကိုးရာမဲ့ ကျုပ်ဇမ္ဗူကဟာ ဘယ်သွားလို့ဘယ်လာရမှန်းမသိ၊ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။ ဟိုလိုလို၊ ဒီလိုလို ဦးတည်ရာမဲ့ သွားနေမိတယ်။ အင်း . . . လူ့ကံဆိုတာ ပြောရခက်သားနော့။ ကံဆိုးတယ်၊ ကံဆိုးတယ်လို့ပြောရမယ့် ကျုပ်ဟာ ကံကောင်းချင်တော့လည်း သူ့အလိုလိုဗျ။ မစင်စားလို့ တက္ကတွန်းတွေ နှင်ထုတ်ခံရတဲ့ကျုပ်ဟာ ရွှေဘုံဆိုက်လာတဲ့ အလားပေါ့။ မစင်ကျင်းထဲ ပြုတ်ကျတယ်ဆိုရင် တခြား





လူတွေအဖို့တော့ ကံဆိုးလွန်းလို့လို့ ပြောရမှာပဲ။ ကျုပ်အဖို့တော့ ရေငတ်တုန်းရေတွင်း ထဲပြုတ်ကျတဲ့ ကိန်းဆိုက်တာပဲ။ ဆောက်တည်ရာ မရလျှောက်သွားရင်း မြို့သူမြို့သားတွေ မစင်စွန့်တဲ့ ကျောက်ဖျာကြီးနား ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားတယ်။ အဟဲဟဲ. . . ဘာပြောကောင်းမလဲ။ ဇမ္ဗူကတဲ့။ စားရက်ကြုံတော့မုတ်ဆိတ်ပျားစွဲ၊ အဲ. . ဟုတ်သေးပါဘူး။ စားရက်ကြုံတော့ မစင်ပုံခွထိုင်မိလေသကိုး။

အင်း. . . . ဒီကမ္ဘာကြီးမှာ ငတ်သေတဲ့မသာ မရှိနိုင်ဘူးဆိုတာ ကျုပ်လက်ခံလိုက်တယ်။ ဟုတ်တယ်လေ၊ ငတ်လို့တော့ ကျုပ်သေစရာ အကြောင်းမရှိဘူး။ လောကမှာ လူတွေရှိနေရင် ဒီလူတွေမစင်စွန့်နေကြရင် ဟယ်. . . မစင်မစွန့်ဘဲနေကြမလား။ ဒါဆိုကျုပ်ငတ်ဦးမလား အဟား . . ဟား . . . ဟား။

ကိုင်း. . . ဘယ်လောက်ဟန်လဲ၊ တက္ကတွန်းတွေ ကျောင်းကနှင်ထုတ်ပေမယ့် ကျုပ်အတွက် နေစရာရပြီ။ ဟောဒီကျောက်နံရံနဲ့ ကျောက်ဖျာစွန်းကို ဘယ်သူက အခြေတကျနေမလဲ။ ဒီကျောက်စွန်းကို လူတွေခဏတဖြုတ်တော့ လာထိုင်ကြတယ်။ ဝန်မဆောင်ထားနိုင်တဲ့လူတွေ ကိစ္စလာရှင်းကြတာ။ ပြီးပြန်သွားတယ်။ ဒီနေရာကိုကျုပ်က မောင်ပိုင်စီးလိုက်ပြီ။

အဟဲ. . . စားစရာလည်းပူစရာမလိုဘူး။ စွန့်ပစ်ပစ္စည်းတွေက မြောင်းထဲမှာ တစ်ပုံတစ်ပင်။ ဒီကျောက်ဖျာစွန်းကိုခြေနှင့်ကန်၊ နောက်ကကျောက်နံရံကို ကျောမှီ၊ ပြီးတော့မြောင်းထဲက ပစ္စည်းတွေကို ယူစားရုံပဲ။ အားလုံးက အသင့်။ ရေကန်အသင့် ကြာအသင့်။



www.burmeseclassic.com

www.burmeseclassic.com



စားခွင့်ကြုံတုန်း စိတ်ရှိလက်ရှိအားရပါးရ စားနေစဉ် ဖြုန်းဆိုလူတွေရောက်လာတယ်။ ခက်လိုက်တာ။ အေးလေ . . သူတို့လည်း လွယ်ထားလို့မှ မရတာ။ လောကမှာ ကြိုက်မရှက်၊ ငတ်မရှက်၊ ငိုက်မရှင်လို့ မရှက်သုံးပါးရှိတယ်နော်။ ဒီကိစ္စမျိုး ဖြစ်လာရင်လည်း ရှက်မနေနိုင်ဘူးဗျ။ အောင့်အည်းထားလို့ ဖြစ်တာမျိုးမဟုတ်တော့ တစ်ခါတစ်ရံ ရှက်စိတ်ကိုပျောက်ရော . . . ကောင်းပါတယ်။ ကောင်းပ။ သူတို့ဒီလို . . . ဝေဒနာဖိစီးမှ ကျွန်ုပ်ဘဝက စိုပြေမှာကိုး။ လာ . . . လာ . . . လာကြ။

အဲလူတွေလာချိန်တော့ ကျွန်ုပ်လည်း အိနြေ္ဒစောင့်စည်းရတယ်။ ဟုတ်တယ်လေ။ ဇမ္ဗူကကြီး မစင်စားနေတယ်လို့ အပြောခံရရင် ဘယ်ကောင်းမလဲ။ ရှက်ဖို့ကောင်းတာပေါ့။ ဒီတော့သူတို့လာချိန် ထိန်းထိန်းသိမ်းသိမ်းရှိရမှာပေါ့။

ချောက်ထဲကမစင်ကုန်းယူနေတုန်း လူကရောက်လာတော့ မစင်ကိုစွန့်လို့လည်းမဖြစ်၊ လွှင့်ပစ်လို့လည်းမရ၊ ဒါနဲ့မစင်ပေတဲ့လက်ကို လူမမြင်အောင် အပေါ်မြှောက်ထားလိုက်တယ်။ ကျန်လက်တစ်ဘက်ကတော့ ကျောက်နံရံကိုထောက်ထားလိုက်တယ်။ အင်း. . . . မထောက်ထားလို့တော့မဖြစ်ဘူး။ ပြုတ်ကျသွားရင် ခက်မယ်။ ဒါတောင် စောစောကအစာငမ်းပြီး ခြေချော်ကျသွားသေးတယ်။ ခြေထောက်ကို မစင်တွေပေကုန်တာပေါ့။ ဒီတော့မစင်ပေတဲ့ခြေထောက်ကို လူမမြင်အောင် မြှောက်ထားပြီး ထောက်ထားတဲ့ခြေထောက်ပေါ် အသာတင်ထားလိုက်တယ်။ အဲ . . . မစင်စားလို့ ပေကျံနေတဲ့ပါးစပ်ကို မမြင်အောင်နဲ့ ပါးစပ်ကအနံ့မထွက်အောင် မျက်နှာကိုအပေါ် မော့ထားလိုက်ရတယ်။





ရှုတ်တရက်ကြံရာမရလို့ ကြံမိကြံရာ၊ လုပ်မိလုပ်ရာ လုပ်ရာ လုပ်နေလိုက်နဲ့ ကျွန်ုပ်ပုံက ဘယ်လိုဖြစ်နေမလဲ။ ကိုင်း. . . . တွေးသာကြည့်။ အဟဲဟဲ . . . အဲဒီအတိုင်းပဲ။

* * * * *

ရော. . . ခက်ပဲခက်သေး။

- ကိုယ်ကိစ္စနဲ့ကိုယ် အပြေးအလွှား ရောက်လာတဲ့လူတွေက ကိုယ့်ကားယားအသွင်နဲ့ တွေ့ရတဲ့ကျွန်ုပ်ကိုကြည့်ပြီး အံ့အားတသင့်ဖြစ်နေပြန်တယ်။ ကိုယ်ကိစ္စတောင် မေ့နေပြန်တယ်။ ခြေတစ် ချောင်းထောက်၊ လက်တစ်ဘက်မြှောက်၊ မျက်နှာမော့၊ ပါးစပ် ဟထားတာကိုပဲ အထူးအဆန်းဖြစ်နေတာယ်။ ကျွန်ုပ်ကို တလေးတစားကြည့်ပြီး မဝံ့မရဲချဉ်းကပ်လာတယ်။ မလှမ်းမကမ်းမှာ ပဆစ်ဒူးတုပ်ထိုင်ချပြီး လက်အုပ်ချီမိုး ရှိခိုးကြပြန်တယ်။ ပြီးတော့ ရိုရိုသေသေမေးကြတယ်။

"အရှင် . . . အရှင်ဟာ အဘယ်ပုဂ္ဂိုလ်ပါလဲ"

အင်း . . . သင်တို့ မသိလို့ အထင်တကြီး မေးလာမှတော့ အလိုက်သင့်ချော်လဲရောထိုင် ပြောရတော့မှာပဲလို့ တွေးလိုက်တယ်။

"ငါ ဇမ္ဗူက . . . ဇမ္ဗူကဖြစ်တယ်"

"မှန်ပါ။ အရှင့်ကို ယခုမှ တွေ့ဘူးပါတယ်။ တွေ့ရတဲ့ အသွင်ကလည်း ထူးခြားလှပါဘိ။ ဒါနဲ့ အရှင်ဇမ္ဗူက မျက်နှာကိုမိုးမော့ပြီး ပါးစပ်ကိုဘာကြောင့်များ ဟထားရပါလဲအရှင်"

www.burmeseclassic.com



"အိမ်း . . . ဒါလား၊ ငါဟာ သူတော်စင်ဖြစ်တယ်။ အခြားခြားပုဂ္ဂိုလ်တွေက အာဟာရအဖြစ် ဆွမ်း၊ ဘောဇဉ် စားကြတယ်။ ငါကမူကား ယင်းကိုမစား၊ သန့်စင်တဲ့ လေကိုသာ စားဘိတယ်။ ယခု လေကိုမှီပဲ နေခြင်းပ"

"အို . . . ထူးခြားလှပါဘိ၊ ပုဂ္ဂိုလ်ထူးနဲ့ ကြုံရတာပါလား။ ဒါနဲ့ အရှင် ခြေထောက်တစ်ဖက်ထဲနဲ့ ဘာကြောင့် ရပ်နေရတာလဲ"

"ဩော် . . . ဒါကို မေးတာလား။ ဒီလိုလေ ငါလို ဘုန်းရှင်ကံရှင်ရဲ့ ခြေအစုံဟာ မြေပေါ်စုံချလိုက်ရင် ဟောဒီ ပထဝီမြေကြီးဟာ ဒဏ်ခံနိုင်တော့မယ်မဟုတ်။ မြေပြင်ဟာ သွက်သွက်ခါတုန်လှုပ်ပြီး ထက်ခြမ်း ကွဲသွားလိမ့်မယ်။ ဒီကမ္ဘာမြေကြီး အကောင်းပကတိ မရှိရင် သင်တို့လူသားတွေ အခက်ကြုံတော့မှာပေါ့။ သတ္တဝါအများကို သနားငဲ့ညှာလို့ ခြေတစ်ဖက်တည်း ရပ်ရတယ်"

ကျွန်ုပ်ဇမ္ဗူက ရှေ့ရောက်နေသော လူတို့သည် အသိဉာဏ် နည်းပါးလွန်းလေစွ။ ကျွန်ုပ်လုပ်ကြံ၊ လိမ်ဆယ်ပြောသည်ကို အဟုတ်ထင်လျှက် ကျွန်ုပ်ကို ပုဂ္ဂိုလ်ထူးဟုထင်ကာ အထပ်ထပ် ရှိခိုးနေလေပြီ။

"အဟင်း . . . ဟင်း ဟင်း၊ ဇမ္ဗူကတဲ့ကွ။ ဒီလို အသိဉာဏ်မဲ့တဲ့လူတွေရှိနေသမျှ ငါဆင်းရဲစရာအကြောင်း ဘယ်မှာ ရှိတော့မလဲ။ မပြောပလောက်တဲ့ အသိဉာဏ် ရှိသူတစ်စုအတွက် ငါဘာကြောင့်ကြစရာ လိုသေးလဲ"

ကျွန်ုပ်သည် စဉ်းစားမှုနည်း၊ မိုက်မဲတဲ့ လူတစ်စုကို





ငုံ့အကြည့်တွင် ချောက်ထဲက မစင်ပုံကို မြင်လိုက်ရာ ဆာလောင် မွတ်သိပ်မှုကို မျိုသိပ်မရလေတော့။

* * * *

ကိုယ့်အကြောင်းနှင့် ကိုယ်၊ ကိုယ့်ပရိသတ် နှင့်ကိုယ် ဟန်ကျနေပုံများ တက္ကတွန်းတွေ မြင်စေချင်ပါဘိ။ ကြည့်လေ . . . အဟာရမစား၊ လေကိုသာ စားတယ်လို့ ကြွားလုံးထုတ်တာ အဟုတ်ထင် ကြည်ညိုတဲ့ပရိသတ်တွေ ရောက်လာလိုက်တာနည်း ရောလား။ လာသမျှလူတွေ ယူလာတဲ့ပစ္စည်းတွေကလည်း တစ်ပုံတစ်ပင်။ ဆီဦး၊ ထောပတ်၊ ချိုချဉ် ရသာအစုံ၊ စားမကုန်၊ သောက်မကုန်။ သို့သော်လည်း ဒါတွေက အခြားလူတွေအဖို့ အဖိုးထိုက်ပေမယ့် ကျွန်ုပ်အဖို့တော့ ဘာအသုံးဝင်မှာလဲ။ နတ်သုဒ္ဓါ ထမင်းပွဲလာချပေးတောင် ကျွန်ုပ်မမက်ဘူး။ မခုံမင်ဘူး။ ကျွန်ုပ် စွဲမက်တာက မစင်ပဲလေ။

"အို . . . အရှင်ဇမ္ဗူက ဤမွန်မြတ်သော စားဖွယ်ရာများ သုံးဆောင်ပါ။ ကျွန်တော်မျိုးတို့ ဒါန ကုသိုလ်ရအောင် သုံးဆောင်တော်မူပါ။"

အင်း . . . ခက်တာပဲ။ စားမရဘူးဆိုမှ လှူကြတယ်။ တကယ်စားချင်နေတဲ့ တက္ကတွန်းတွေလှူရင် ဘယ်လောက် သဘောကျမလဲ။ ဒါပေမယ့် သူတို့သဘောကျအောင် လုပ်ရမှာပဲ။

ကျွန်ုပ်ဟာ လှူတဲ့ပစ္စည်းကို စားမရတာ ဝန်မခံဘဲ တကယ်ခြိုးခြံတဲ့ အကျင့်ရှိသူလိုထင်ပြီး မြက်တစ်ပင်ဆွဲနုတ် လိုက်တယ်။ ပြီးတော့ မြက်ဖျားနဲ့အစာကို တို့လိုက်တယ်။ ပါလာတဲ့ အစာကို ဟန်ပြစားပြီး "အာဟာရ ကိစ္စပြီးပြီ"လို့ ပြောလိုက်တယ်။

အဟား . . . ဟား ။ လူတွေက တကယ်ရူးတာပဲ။ ကျွန်ုပ်အပြုအမူကြည့်ပြီး အင်မတန် ခြိုးခြံတဲ့ အကျင့်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ထူးကို ခုမှတွေ့ရတယ်။ တခြား ပုဂ္ဂိုလ်တွေထက်သာတဲ့ ပုဂ္ဂိုလ်မြတ်ကို ခုမှဖူးခွင့်ရတယ်ဆိုပြီး ဝိုင်းကြည်ညိုလိုက်ကြတာ။

ဩော် . . . ဇမ္ဗူကတို့ ဟန်ကျချင်တော့ ပရိတ်သတ်ကို အထူးစည်းရုံးစရာမလိုဘူး။ မိုက်မဲတဲ့သတ္တဝါတွေ မှန်သမျှ အပြေးအလွှားရောက်လာကြတာပဲကိုး။

* * * *

အင်း . . . ကျွန်ုပ်အဖို့ ကံဆိုးချင်ပြန်လေသလားမသိဘူး။ ကိုယ့်ဟာနဲ့ကိုယ် အဆင်ပြေနေတုန်း ဖြုန်းဆိုအခါမဲ့မိုးကြီးရွာချလိုက်တယ်။

မိုးရွာတာ ဘာအကြောင်းလဲလို့ ပြောချင်ပြောမယ်။ တခြားသူတွေအဖို့ အကြောင်းမဟုတ်ပေမယ့် ကျွန်ုပ်အဖို့ကတော့ အကြောင်း၊ တကယ့်အကြောင်း။ မိုးရွာတော့ ရေတွေကျလာရော။ အဲဒီရေတွေက ကျွန်ုပ်ရဲ့အဖိုးတန် ရိက္ခာတွေ တိုက်ချသွားရော။ သွားပြီ . . . ကုန်ပြီ။ ဒေါပွပွနဲ့ မိုးနတ်သားကို ကလော်တုတ်ပစ်တယ်။ ဘယ်နှယ့်ဗျာ . . . ဒုက္ခ ပေးစရာရှားလို့ ကြံဖန်ဒုက္ခပေးတယ်။ ခု ဘယ်လိုလုပ်မလဲ။ စားစရာမရှိတော့ဘူး။ လက်ကျန်လေး ရလိုရငြား ချောက်ထဲဆင်းကောက်ရတယ်။

"အို . . . အသင်ဇမ္ဗူက"

ကိုယ့်ကိစ္စနဲ့ကိုယ် အလုပ်ရှုပ်နေချိန် ဘယ်သူခေါ်သလဲ မသိဘူး။ လာနေကြလူတွေတော့ မဟုတ်ဘူး။ လာနေကျဆိုရင် အရှင်ဘုရား၊ အရှင်ဇမ္ဗူကလို့ ခေါ်ကြတယ်။ ဒေါပွပွနဲ့ ဆတ်ခနဲ နောက် လှည့်ကြည့်လိုက်တယ်။

"ဘာလဲ . . . ဘယ်သူလဲ . . . ဘာကိစ္စလဲ"

ဒေါသဖြစ်ဖြစ်နဲ့ ဆက်တိုက်မေးရင်း ကြည့်လိုက်ချိန်မှာ





ပကတိတည်ငြိမ်သော အသွင်နဲ့ရပ်နေတဲ့ ရဟန်းတစ်ပါးကို တွေ့လိုက်ရတယ်။ ကြည်ညိုဖွယ်အသွင်နဲ့ ပုဂ္ဂိုလ်ထူးကို တွေ့ရပေမယ့် ဝမ်းမသာနိုင်ဘူး။ ငါ့ကို အနှောင့်အယှက်ပေးမယ့် ပုဂ္ဂိုလ်ဆိုတဲ့ အမြင်နဲ့ ခပ်မာမာထပ်မေးလိုက်တယ်။

"ငါ ဗုဒ္ဓ၊ လူနတ်ဗြဟ္မာသတ္တဝါတို့ရဲ့ ဆည်းကပ်ရာ ဘုရားရှင်ပဲ ဇမ္ဗူက"

"ဘာ . . . ဗုဒ္ဓလဲ။ ဘယ်က နတ်၊ လူ၊ ဗြဟ္မာလည်း မသိဘူး။ နားမလည်ဘူး"

"မှန်ပေတယ်ဇမ္ဗူက သင်မသိသေးတာ မှန်ပေတယ်။ သင်မသိပေမယ့် ငါဘုရားသိတယ် ဇမ္ဗူက၊ ဒီတစ်ညတာမျှ သင့်ရဲ့ကျောက်ဖျာမှာ တည်းခိုပါရစေ . . ."

"ဘာ . . . ဘယ်လို၊ ဒီမှာ တည်းခိုပါရစေဟုတ်လား။ မရဘူး ခွင့်မပြုဘူး။ ဒီမှာဘယ်သူမှ တည်းခိုခွင့်မပြုဘူး။ သွား . . . သွား၊ ဘယ်သူမှ မလာနဲ့"

"ချစ်သား ဇမ္ဗူက၊ ညဉ့်သည်ကို မကြိုဆိုဘဲနှင်ထုတ်ရသလော . . . အချိန်မဲ့လို့ ဒီမှာ တစ်ညတည်းခွင့်ပြုလော့"

ရော . . . ခက်ပါလား။ ဒီမှာ ဘာပြဿနာ ဖြစ်နေတယ်ဆိုတာ မသိဘူး။ စားရေးသောက်ရေး ခက်နေချိန် ညဉ့်သည်က ရောက်လာပြန်တယ်။ တည်းခိုခွင့်ပြုလို့ရော ဖြစ်မလား။

"တစ်ည . . . ဟုတ်လား၊ တစ်ညမပြောနဲ့၊ တစ်နာရီတောင် ခွင့်မပြုဘူး။ ငါ့နေရာကို ဘယ်သူမှ မလာနဲ့၊ သွားကြ၊ ကိုယ့်လမ်းကို သွားကြ"

"ကောင်းပြီလေ . . . သင့်နေရာတည်းခွင့် မရလည်း ဟောဟိုတောင်ပို့မှာပဲ နေပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းကြီးက ပြောပြောဆိုဆို မလှမ်းမကမ်းက တောင်ပို့ဆီ ထွက်သွားတယ်။ စိတ်ထဲက ဒီနားမနေနဲ့လို့ ပြောချင်ပေမယ့် ကိုယ်မပိုင်တဲ့နေရာဆိုတော့ ပြောဖို့မသင့်ဘူး။ ဒါနဲ့ မကျေနပ်ဘဲ ခွင့်ပြုလိုက်ရတော့တယ်။

* * * *

၉

ညဥ့်အမှောင်ကျလာတာနဲ့ လက်ကျန်ရိက္ခာလေး ရှာဖွေစားသောက်မယ်လို့ကြံတုန်း ဖြုန်းဆို အလင်းရောင်က ပြာထွက်လာတယ်။ ဟော . . . တောင်ပို့နေတဲ့ ရဟန်းကြီး မီးထိုးပြီထင်ရဲ့။ ခက်တာပဲ။ ကိုယ်လုပ်မယ့်ဟာ လွတ်လွတ်လပ်လပ်ကို မရှိဘူး။

ဒေါ်ပွပွနဲ့ ချောက်ထဲက တက်ကြည့်လိုက်တော့ လင်းထိန်နေတဲ့ အလင်းရောင်အောက်မှာ ရဟန်းကြီးက မလှုပ်မရှက်ထိုင်နေတယ်။ သူလည်း မီးမဖိုဘူး။ သူ့အနားမှာလည်း ထူးထူးခြားခြား ပုဂ္ဂိုလ်တွေ တွေ့နေရတယ်။

ဘယ်လိုလဲ၊ စာစောက တစ်ပါးတည်း။ ခုပရိသတ်က ဘယ်ကရောက်လာတာလဲ၊ အမယ် . . . ရောက်လာတဲ့ ပုဂ္ဂိုလ်တွေက တရိုတသေ လက်အုပ်ချီရှိခိုးလို့ပါလား။

ဩော် . . . လက်စသတ်တော့ ရောက်လာတဲ့ ပုဂ္ဂိုလ်တွေက အရောင်တွေ ထွက်နေတာကိုး။ သင်းတို့ ဝတ်ထားတဲ့ အဝတ်တန်ဆာ၊ ဦးဒရာ လက်ဝတ်လက်စားတွေက အရောင်တွေ လျှံထွက် နေတာပဲ။ အဖိုးတန် စိန်ကျောက်တွေ ဝတ်ထားလို့ အဲဒီက အရောင်တွေထွက်နေတာ ထင်ပါရဲ့။

ဟင်း . . . ဒုက္ခပါပဲ။ အဲဒီကအရောင်က ဒီအထိ လင်းထိန်နေပါလား။ အမှောင်ရိပ်ခိုပြီး ရှာဖွေစားသောက်မယ်လို့





ကြံခါမှ ခုကျပြန်ရော။

နောက်ထပ်ရောက်လာတဲ့ ဧည့်သည်တွေ ပြန်သွားရင်တော့ ဒီအရောင်ပျောက်သွားမှာပဲ။ အဲဒီအခါမှ ရှာဖွေစားတော့မယ်လို့ တွေးပေမယ့် တော်တော်နဲ့မပြန်ကြဘူး။ သင်းတို့က ဒီရဟန်းကြီးဆီ ဘာများလာလုပ်နေကြတာလဲ။ ရဟန်းကြီးကရော ဘာတွေများ ပြောဟောနေလဲ မသိပါဘူး။

ဒေါ်ပွပွနဲ့ အောင့်အည်းစောင့်နေလိုက်တာ သန်းခေါင်ယံရောက်ရော။ စာစောကပုဂ္ဂိုလ်တွေ ပြန်သွားပြီး နောက်တစ်ယောက် ရောက်လာပြန်တယ်။ အလင်းရောင်က ပိုလို့ထိန်လာတယ်။ ဒီတစ်ယောက်တော့ သည်းခံစောင့်တော့မယ်ဆိုပြီး နေလိုက်တာ မိုးသောက်ယံရောက်လာပြီ။ ဟော . . . ပိုတောင်ဆိုးလာပါလား။ နောက်လူက ပိုလင်းလာပါလား။ တစ်လောကလုံး နေ့ခင်းတမျှ လင်းထိန်နေပါလား။

ဒီညတော့ ဘာမှမစားရပဲ မိုးစင်စင်လင်းသွားပြီ။ ဒီရဟန်းကြီး ဒုက္ခပေးလို့ငါငတ်တာ၊ နေဦး။ သင်းကိုတော့ မိုးလင်းမှ ရန်တွေ့ပစ်မယ်။ ဘယ့်နှယ့်ဗျာ . . .။

* * * *

"ဒီမယ် . . . ဒီမယ် နေစမ်းပါဦး ရဟန်းကြီးရဲ့၊ အသင် ရဟန်းကြီးဆီလာလိုက်တဲ့ ဧည့်သည်ကလည်း တစ်ညလုံးပါလား။ ဒီလူတွေလည်း တဝင်းဝင်း တထိန်ထိန်နဲ့ ဘယ်လိုများဖြစ်နေတာလဲ"

ကျွန်ုပ်ဟာ ဗုဒ္ဓဆိုတဲ့ရဟန်းကြီးရှေ့မှာ ပမာမခန့် အမူအယာနှင့် ခါးထောက်ရပ်ရင်း ရန်စကားနဲ့ မေးလိုက်တယ်။

"မှန်တယ် ဗမ္မူက။ သူတို့ဟာ တရားနာသောကြတဲ့



www.burmeseclassic.com

www.burmeseclassic.com

နတ်ပြဟ္မာတွေပါ"

"ဘယ်လို၊ ဘယ်နှယ့်ပြောတယ်။ နတ်ပြဟ္မာတွေ ဟုတ်လား။ တရားနာလာကြတာ ဟုတ်ရဲ့လား"

"အမှန်ပဲ ဇမ္ဗူက၊ ညဥ့်ရဲ့ပထမယံမှာ လာတဲ့လေးဦးဟာ စတုမဟာရာဇ် နတ်မင်းကြီးလေးပါး ဖြစ်တယ်၊ ညဥ့်လယ်မှာလာတဲ့ ပုဂ္ဂိုလ်ကတော့ သိကြားမင်းပဲ။ အဲ . . . မိုးသောက်ယံ လာသူကတော့ မဟာဗြဟ္မာကြီးပေပဲ"

ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြည့်ရင်း ပကတိ အေးဆေးတဲ့ အမူအယာနဲ့ ပြောနေတဲ့ ဗုဒ္ဓစကားကို ယုံရခက်၊ မယုံရခက် နားထောင်မိတယ်။ မျက်စိနဲ့ တပ်အပ်မမြင်ရရင် ဗုဒ္ဓပြောစကားကို ဟားတိုက်မိမှာပါ။ ဝါကြွားလိုက်တာလို့လည်း အပြစ်တင်မိမှာပဲ။ ကိုယ်တိုင်အံ့သြစရာမြင်ရတော့ ထုတ်ဖော်မပြောဘဲ မနေနိုင်တော့ဘူး။

"သင်ဘာကို အံ့သြနေတာလဲ ဇမ္ဗူက"

"ဘာကိုအံ့သြရမှာလဲ ဗုဒ္ဓ။ ကျွန်ုပ်ဟာ ဒီအရပ်မှာ တရားကျင့်နေတာကြာပြီ၊ ခြိုးခြံတဲ့အကျင့်နဲ့ ပြင်းပြင်းထန်ထန် လုပ်နေပေမယ့် ဘယ်နတ်ပြဟ္မာမှ လာမခစားဘူး။ ဘာမဟုတ်တဲ့ အသုံးမကျတဲ့ လူတွေပဲလာကြတယ်။ သင်ရဟန်းကြီးထံတော့ ဒီလိုလာကြတာ အံ့စရာပဲ"

"ဇမ္ဗူက . . . သင်ဟာ တစ်ပါးသူကို လှည့်စားလို့ ရချင်ရမယ်။ ငါဘုရားကိုတော့ လှည့်စားလို့မရဘူး"

ဒီစကားကိုပြောကာ တစူးတစိုက်ကြည့်တဲ့ ဗုဒ္ဓရဲ့ အကြည့်ကြောင့် ကျွန်ုပ်ရင်ခုန်သွားတယ်။ ငါ ဘုရားကို လှည့်စားလို့ မရဘူးဆိုတဲ့ စကားကြောင့် ငါ့အကြောင်းသိသွားလေသလားလို့ တွေးမိတယ်၊ ဒါပေမယ့် ဟန်ကိုယ့်ဖို့လို့ သဘောထားပြီး ခပ်တည်





တည်ပြန်မေးလိုက်တယ်။

"ကျွန်ုပ်ဘာကို လှည့်စားရမှာလဲ။ ဟောဒီ နေရာမှာ တစ်ပါးတည်း တရားကျင့်နေတာအမှန်။ ခြိုးခြံတဲ့ အကျင့်ရှိတာ အမှန်၊ သင်တို့ ဆွမ်းခံစားပေမယ့် ကျွန်ုပ်ဟာ သန့်စင်တဲ့လေသာ စားသုံးတာအမှန်၊ ဒါ . . . အားလုံးသိတယ်"

"ဇမ္ဗူက၊ သင်ဟာ မစင်စားတာ ငါမသိမဟုတ်၊ မစင်ကျင်းပေါ်ခွရပ်ပြီး လူမသိအောင် မစင်စားနေတာကို ဘာကြောင့် ဖုံးကွယ်ချင်တာလဲ"

ကျွန်ုပ်ရဲ့ အဖြစ်မှန်ကို တိတိကျကျ ပြောလိုက်တဲ့ ဗုဒ္ဓစကားကို ဘယ်လိုဖြေရမှန်းမသိတော့ဘူး။ ခိုးစားတာ လူမိတော့ အရှက်ရဆိုစကားအတိုင်း ရှက်လွန်းလို့ မျက်နှာဘယ်ထားရမှန်း မသိ တော့ဘူး"

"ချစ်သား ဇမ္ဗူက၊ သင်ဟာ မပစ်မှားအပ်သော ရဟန္တာသူမြတ်ကို ဝစီကံ၊ မနောကံနဲ့ ပစ်မှားမိတဲ့ ဝဋ်ကြွေးကြောင့် ရွံစရာမစင်ကို ခုံခုံမင်မင်စားနေခြင်း ဖြစ်တယ်"

ဟင် . . . ငါမစင်စားနေရတာ ဝဋ်ကြွေးကြောင့်ဆိုပဲ။ ဟုတ်မှာပါ။ ဒီလောက်ရွံစရာကောင်းတဲ့၊ လူတွေမသတီ စွန့်ပစ်ပစ္စည်းကို ခုံမင်တပ်မက်နေတာ ဘုရားရှင်ပြောသလို ဖြစ်မှာပဲ။ ဘယ်လိုဝဋ်ခံရတာပါလိမ့်။ ဒီအကြောင်းကို ဘုရားရှင်တော့ သိမှာပါ။

သိမှာပဲဟူသော အသိတရားဝင်လာသည်နှင့် ကျွန်ုပ်ဟာ ဘုရားရှင်၏ရှေ့မှောက်မှာ အလိုလို ဒူးတုပ်ဦးချမိရက်သား ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . . အရှင်ဘုရား။ ကျွန်ုပ်ဟာ အရှင်မိန့်သလို မစင်စားတာ မှန်ပါတယ်။ မစင်ကလွဲလို့ တခြားဘာမှ စားနိုင်စွမ်းလည်း မရှိပါ။ ဒီဒုက္ခဟာ ဘယ်လိုအကြောင်းကြောင့် ခံစားရပါလဲ အရှင်ဘုရား"

"ချစ်သား၊ ဇမ္ဗူက သင်ဟာ ကဿပဘုရားရှင်လက်ထက်က ကုလ္လပကခေါ်တဲ့ ရဟန်းတစ်ပါး ဖြစ်ဖူးတယ်။ သင့်ကို သူကြွယ်တစ်ဦးက ကြည်ညိုကိုးကွယ်ခံရလေတယ်"

"မှန်ပါဘုရား"

"တစ်ရက်မှာ သင့်ကျောင်းကို ရဟန္တာတစ်ပါး ကြွလာတော့ ရောက်နေတဲ့ ကျောင်းဒကာသူကြွယ်က ရဟန္တာရဲ့ တင့်တယ်တဲ့ အသရေ ကြည်ညိုဖွယ် ဣန္ဒြေကိုမြင်ပြီး ဆွမ်းလုပ်ကျွေးတယ်။ ဒီအပြင် စုတ်ပြတ်နေတဲ့ သင်္ကန်းကိုမြင်လို့ သဒ္ဓါစိတ်နဲ့ သင်္ကန်း လှူပြန်တယ်၊ တဖန် ရဟန္တာမြတ် ဆံပင်ရှည်နေတာ ကိုတွေ့လို့ ဆတ္တာသည်ခေါ်ပြီး ဦးခေါင်းကို ရိတ်ပေးတယ်၊ အဲဒီနောက် ကျောင်းမှာကျိန်းစက်တည်းခိုဖို့ လျှောက်ထားကာ အိပ်ယာကုတင် ညောင်စောင်း စီစဉ်ပေးလေတယ်"

"ဒီတော့ ဘာဖြစ်လဲဘုရား"

"အတိတ်ဘဝက ကုလ္လပကရဟန်းဖြစ်တဲ့ သင်ဟာ သူကြွယ်က ရဟန္တာမြတ်ကို ကြည်ညိုပေးလှူတာ ကို ဝန်တိုစိတ် ဖြစ်တယ်။ အဲဒီရဟန္တာကို စိတ်ထဲက ပစ်မှားရုံတင်မကဘူး ဝစီနှုတ်နဲ့လည်း ပြစ်မှားပြန်တယ်"

"ဘယ်လို ဝစီအမှုကို ကျူးလွန်ပါလဲဘုရား"





"သင်ရဟန်းဟာ သူကြွယ်လှူတဲ့ဆွမ်းကို စားတာထက် မစင်စားတာမှ မြတ်သေးတယ်လို့ ဆိုမိတဲ့ ဝဋ်ကြောင့် ဒီဘဝမှာ ခုလိုမစင်ကို ခံမင်နေတာပဲ"

ကျွန်ုပ်ဟာ ဗုဒ္ဓစကားနာရင်း တုန်လှုပ်သွားမိသည်။ ကျွန်ုပ် မသိသောဘဝက ကျူးလွန်မိသောဝဋ်ကြွေးက ယခုပစ္စုပ္ပန်ဘဝတွင် ပေးဆပ်နေရပုံများ ကြောက်မယ်ဖွယ် ကောင်းလှတော့တကား။

"နောက် ဆတ္တာသည် ဆံချတာထက် မွေးညှပ်နဲ့ဆံပင်တစ်မွေးချင်းနှုတ်တာ မြတ်သေးတယ်လို့ ပြစ်မှားမိလို့ သင်ရဟန်းဝတ်စဉ်က ဆံတစ်ပင်ချင်း အနှုတ်ခံရတာပဲ"

"ဟုတ်လိုက်လေ. . . ဒါတွေကို အရှင်ဘုရား အားလုံး သိနေပါလား"

"ချစ်သားဇမ္ဗူက၊ ငါဟာ သဗ္ဗညုတဉာဏ် တော်ရှင် ဘုရားစင်စစ်ဖြစ်တယ်။ အရာရာကို ထိုးထွင်း သိနိုင်သူ ဖြစ်တယ်။ သင်ဟာ ဒြိုးဖြံ့တဲ့အကျင့်ရှိသူမို့ ကိုယ်တုံးလုံးနေတယ်လို့ ဘယ်လိုပင် ပြောပြော၊ သင် အဝတ်မဝတ်နိုင်လို့ ဒီလိုနေတာ ငါသိတယ်။ ဒါလဲ ရဟန္တာကို ပြစ်မှားတဲ့ ဝစီကံပဲ။ သင်္ကန်းအလှူခံရုံ ရတာထက် ကိုယ်တုံးလုံးနေတာ မြတ်တယ်လို့ ပြောမိလို့"

"မှန် . . . . မှန်ပါဘုရား။ တပည့်တော် ဘဝဟာ ဒီအတိုင်းအမှန်ပါ။ အိပ်ယာကုတင်ထက် အိပ်စက်မရ၊ မြေပြင်မှာအိပ်မှ ချမ်းသာရာရတဲ့ အဖြစ်ပါ။ အို မြတ်သောဗုဒ္ဓဘုရား . . . တပည့်တော်အား သနားသည်းခံတော်မူပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သည်းခံခွင့်လွှတ်တယ် ဇမ္ဗုက။ ယနေ့က စ၍ သင်ချမ်းသာမှု ရှိပေတော့။ ရော့ . . . ဟောဒီ ရေသနုတ်ကို ဝတ်ရုံပေတော့"

ဘုရားရှင်က ရေသနုတ်ကို လှမ်းပေးပါတယ်။ ကျွန်ုပ်ဟာ အဝတ်ဝတ်ဖို့ ကြောက်ရွံ့သူမို့ ရေသနုတ်တော်ကို မဝတ်ရဲဘူး။ သို့ပေမယ့် ယနေ့ကစ၍ ချမ်းသာမှုရှိပေတော့ဟူသော ဗုဒ္ဓစကား ကြားလိုက်ရ၍ စိတ်တင်းကာ ဝတ်ရုံလိုက်တယ်။ ရှေးက အဝတ်ဝတ်လျှင် မခံနိုင်အောင် ခံစားရပေမယ့် ခုခါမှာတော့ ဘာမှ မဖြစ်ဘူး။ မဖြစ်ရုံတင်မကဘူး ရေသနုတ်တော်ကို ဝတ်လိုက်သည်နှင့် ဘယ်တုန်းကမှ မခံစားရဘူးသော အရသာထူးကို ခံစားလိုက်ရလို့ ဘုရားရှင်ကို အားကိုးယုံကြည်စွာနှင့် လက်အုပ်ချီလိုက်မိတယ်။

"အို . . . မြတ်သော ဗုဒ္ဓရှင်တော်ဘုရား . . . တပည့်တော် ဇမ္ဗုက မွန်မြတ်တဲ့ ဒီဝတ်ရုံရဲ့တန်ဖိုးကို ပြတ်ပြတ်ထင်ထင် သိပါပြီ။ ရှေးဝဋ်ကြွေး ခံရတာကိုလည်း ကြောက်ရွံ့မိပါပြီ။ လူ့ဘဝရဲ့ ဆင်းရဲခြင်း ဒုက္ခအဖုံဖုံကိုလည်း ဉာဏ်နှင့်ယှဉ်ပြီး သိရပါပြီ . . .၊ အို . . . ဗုဒ္ဓဘုရား၊ တပည့်တော်ကို မြတ်ဘုရား၏ သားတော်အဖြစ် သည်းခံတော်မူပါဘုရား။"

"ဧဟိ ဘိက္ခု ဇမ္ဗုက"

ကျွန်ုပ် ဇမ္ဗုကဟာ မြတ်ဘုရားရဲ့ နှုတ်က ဧဟိဘိက္ခု ခေါ်ခံရတဲ့ ရဟန်းဖြစ်သွားပြီမို့ ချမ်းသာပကတိရှိသွားပါတယ်၊ ကျွန်ုပ်ရင်ထဲမှာ ဖော်မပြနိုင်အောင် ဝမ်းသာနေမိတယ်။ စိတ်အစဉ် ကြည်လင်နေစဉ် ဗုဒ္ဓရဲ့မြတ်တရားကို ထပ်မံနာကြားလိုက်





ရတဲ့အတွက် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန တရားတွေဟာ လေမှာလွင့်ပျောက်သွားလို့ ကျွန်ုပ်ကိုယ်က ကင်းကွာတာ ကျွန်ုပ်သိလိုက်ပါတော့တယ်။

သာဓု . . . သာဓု . . . သာဓု . . .။

မောင်ဆန္ဒ(လယ်ဝေး)

တညွှန်း - ဝေပုလ္လ အတွဲ(၄)၊ အမှတ်(၃)
စာမျက်နှာ ၄၀မှ ၄၈။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုကျုပ်ပြောမယ်။ တစ်ကျပ်ရှိတဲ့လူက တစ်ကျပ်လုံး လှူရင်လက်ထဲဘာကျန်မလဲ။ ဗလာနတ္ထိဘာမှမရှိ ဖြစ်သွားမှာပေါ့။ ချင့်ချင့်ချိန်ချိန် လှူမှပေးမှ ဒီပစ္စည်းကျန်မှာပေါ့။ အေး. . . အဲဒါငါမှုပဲ။ မလှူဘူးမဟုတ်ဘူး။ ကျုပ်လည်းလှူတယ်။

(ဗိဋ္ဌာလပါဠိက)





# အလှူရှင်ဗိဋ္ဌာလနှင့် နို့မှာန်ဆော်

တစ်လမ်းကျော်က အော်နေသော အသံဖြစ်သဖြင့် သဲသဲကွဲကွဲမရှိ၊ ဘယ်သူက ဘာအကြောင်းနှင့် အော်နေမှန်းမသိ။

ဝေးနေသောအသံက တဖြည်းဖြည်းနီးလာသည်။ အကျိုးအကြောင်းသိလိုသဖြင့် လေသာပြူတင်းကိုတွန်းဖွင့်လိုက်ပြီး နားစွင့်နေလိုက်သည်။

"အို. . . မိခင်ဖခင်အပေါင်းတို့၊ မနက်ဖန်မနက် အာရုဏ်တက်တွင် ဆွမ်းအလှူငှာ ဘုရားအမှူးပြုသော သံဃာများကို ဆက်ကပ် လောင်းလှူနိုင်ဖို့ ပင့်ဖိတ်ခဲ့ပါတယ်. . . . . မိမိတတ်နိုင်တဲ့ သံဃာအရေအတွက်ကို လွယ်လင့်တကူ လောင်းလှူနိုင်ပါတယ်ခင်ဗျား. . . . . . . အကယ်၍ လောင်းလှူလိုတဲ့ အာသီသရှိသော်လည်း မအားလပ်လို့ ဆွမ်းအမှုမစီစဉ်နိုင်ကြရင် ဆွမ်းဆန်တော်ကို ထည့်ဝင်လှူနိုင်ပါတယ်. . . . ရသမျှ ဆွမ်းဆန်ကို တစ်နေရာရာမှာ စုပေါင်းချက်ပြုတ်ပြီး နောက်တစ်နေ့မိုးသောက် အလင်းရောက်ရင် စုပေါင်းလောင်းလှူပါမယ်။ ဒါကြောင့် မိမိတတ်စွမ်းသမျှ ဆန်၊ ဆီ၊ ဆား၊ ငပိ၊ ငရုတ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြက်သွန်စသမျှကို ပေးလှူနိုင်ကြောင်း နိဗ္ဗာန်အကျိုး မျှော်လို့ နှိုးဆော်အပ်တယ် သူတော်ကောင်းတို့ "

အကြောင်းအရာအလုံးစုံကို သဲသဲကွဲကွဲကြား လိုက်သည်နှင့် နှာခေါင်းရှုံ့ကာ ကျွတ်သတ်လိုက်မိသည်။

" ကျွတ်၊ လူတွေက ဝမရှိဘဲ အင်မတန်ဝီလုပ်ချင်ကြတယ်။ ကိုယ့်ကိုယ်ကို အနာထပိဏ်သူဌေးများ ထင်နေသလား မသိဘူး။ သူဌေးကြီးက ဘုရားအမှူးပြုတဲ့သံဃာတွေ ပင့်ဖိတ်ဆွမ်းလှူမလား... လှူနိုင်တယ်။ တစ်သောင်း လှူဦးမလား... ရတယ်၊ သင်းကဘာလဲ။ ကိုယ်မတတ်နိုင်ဘဲ ဆွမ်းအလှူခံဖို့ပင့်၊ ပြီးတော့နားမခံသာအောင် အော်... တကယ်ကွာ..... တော်တော်ဟုတ်တဲ့လူ။ စားစရာမရှိဘဲလှူချင်တန်းချင်တာလွန်ရော... အံ့သြတယ်"

နိဗ္ဗာန်ဆော်အသံကြားပြီး အလိုလိုဒေါသထွက်လာသည်။ ကျွန်ုပ်လိုသူဌေးတစ်ယောက်ကပင် သည်အကြံအစည်မျိုးစိတ်မကူး။ ကိုယ်သဒ္ဓါလျှင် တတ်နိုင်သလောက်ပင့်မည်။ တစ်ပါးနိုင်လျှင် တစ်ပါး၊ နှစ်ပါးနိုင်လျှင် နှစ်ပါးလှူမည်၊ ကျောင်းရှိသံဃာ အကုန် ပင့်ပြီးရွာရိုးကိုးပေါက် လိုက်အော်မနေနိုင်။ ကိုယ်က လှူချင် စိတ်ရှိသည်ထားဦး၊ တခြားသူက လှူချင်သလား... မလှူချင် ဘူးလားမသိ။ မလှူချင်သူအိမ်ဝင်ပြီး ဆွမ်းဆန်လှူပါ၊ ဆီလှူ ပါပြောလို့ လှူလည်း သဒ္ဓါစိတ်မရှိက ဘာအကျိုးရှိမလဲ။

ဒေါသဖြစ်ဖြစ်နှင့် တွေးနေစဉ် နိဗ္ဗာန်ဆော်အသံက လမ်းထိပ်မှ ကြားရပြန်သည်။ မကြာခင် အိမ်ရှေ့ရောက်လာတော့ မည်။

"တော်တော်ခက်တဲ့လူကွာ.....ဝန်နဲ့အား မချင့်ချိန်ဘဲ ဆင်ခေါင်းခွေးမနိုင် စီစဉ်ပြီး ခုမှနားမခံသာအောင် လိုက်အော်





နေတယ်... နေစမ်းပါဦး၊ သင်းကဘယ်သူ့တိုင်ပင်ပြီး ဒီကိစ္စ လုပ်လာတာလဲ။ ကိုယ်သဘောနဲ့ ကိုယ်လုပ်လာပြီး အလိုက်မသိ အိမ်စဉ်လိုက် အလှူခံနေတယ်...။"

"ဗျို့... သူဌေးကြီး ဗိဠာလ "

ရော... ဒီကောင်တော်တော်အလိုက်ကန်းဆိုး မသိတဲ့ ကောင်ပဲ။ သဒ္ဓါစိတ်မရှိလို့ အိမ်ရှေ့ထွက်မရပ်တာလည်း သဘော မပေါက်၊ လှူရိပ်မပြတာလည်း နားမလည်။

ကျွန်ုပ်ဗိဠာလ သည်အိမ်ထက်က ဒေါသတကြီးဆင်းခဲ့သည်။ အိမ်ရှေ့တံခါးကို ဆောင့်တွန်းဖွင့်လိုက်ပြီး တံခါးဝတွင် ခါးထောက် ရပ်လိုက်သည်။ မျက်နှာကိုတင်းလျက် သင်းကို အစိမ်းလိုက်ဝါး စားတော့မည့်ဟန်ဖြင့် စိုက်ကြည့်ပစ်လိုက်သည်။

" သူဌေးမင်းဗိဠာလခင်ဗျား...."

အလိုက်မသိသည့် လူမိုက်က ကျွန်ုပ်အမူအရာကို သတိ ပြုမိဟန်မတူ။ ပြုံးရွှင်သောမျက်နှာ၊ နှစ်လိုဖွယ်အသံနှင့် လှမ်းနှုတ်ဆက်သည်။ သူပြောမည်ကို ကျွန်ုပ်သိနေသည်။ မနက်ဖြန် နံနက်ဆွမ်းလောင်းလှူရန် ဆွမ်းဆန်တော်အလှူခံ ပါတယ်လို့ ပြောမှာကလွဲပြီး တခြားဘာမှမဟုတ်။ သင်းပါးစပ်ဟလိုက်သည် နှင့် တော်တော့ဟူသော အဓိပ္ပါယ်နှင့်လက်ပြလိုက်သည်။

လူငယ်က ကျွန်ုပ်ကို ကြောင်တက်တက်ကြည့်နေသည်။

"နေစမ်းပါဦးမောင်ရင်... ဒီအလှူကိုစီစဉ်ဖို့၊ မင်း ဘယ်သူကခိုင်းလဲ "

ကိုယ့်အလုပ်လား.... သူဌေးသူကြွယ်အလုပ်လား နားမလည်သည့် မိုက်သားကို ပိုးစိုးပက်စက်ပြောပစ်မည်ဟူသော အတွေးနှင့် ခပ်ထန်ထန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အော်. . . . . ဒီလိုစိစဉ်ဖို့ဘယ်သူကမှမနိုင်းပါဘူး သူဌေးမင်းရယ်. . . ကျွန်တော့်စေတနာသဒ္ဓါစိတ်နဲ့ အခုလိုစီစဉ်တာပါ။ "

"စေတနာဟုတ်လား. . . သဒ္ဓါစိတ်ဟုတ်လား. . . နေစမ်းပါဦး။ မင်းဆွမ်းပင့်ခဲ့တာဘယ်နှစ်ပါး လဲ"

"ပင့်သံဃာလားခင်ဗျာ. . . ဒီလိုပါ၊ မနက်ဖန် ဆွမ်းအလှူခံဖို့ဘုရားရှင်နဲ့ ကျောင်းရှိ သံဃာအကုန်ပင့်ခဲ့ ပါတယ် "

" အဟား. . . ဟား. . . ဟားဟား. . "

ကျွန်ုပ်အားပါးတရ အော်ရယ်ပစ်လိုက်သည်။ ကိုယ်မတတ်နိုင်ဘဲ စေတနာသဒ္ဓါကဲသည့် ပုဂ္ဂိုလ်ကြီးကို ကြည့်ပြီး မရယ်ဘဲ မနေနိုင်။ ဆင်ကိုကျောပိုး၊ ရှာရိုး လျှောက်ပြသည့်နှယ် ပုဂ္ဂိုလ်ထူးကို အံ့သြမဆုံးပေ။ ကျွန်ုပ်၏ လှောင်ပြောင်သရော်မှုကို နီဗ္ဗာန်ဆော် လုလင်က သဘောပေါက်ပေမယ့် ဘာမျှမဖြစ်ဝေဟန်ပြုံး နေသည်။

"မင်းကိုငါမေးစမ်းပါရစေ. . . မင်းသဘောနဲ့ စီစဉ်ခဲ့တဲ့ ဒီအလှူကိုတို့ကအားမပေးဘူး၊ မလှူဘူးဆိုရင်မင်းဘာနဲ့လှူမလဲ "

"လှူကြပါတယ် သူဌေးရယ်. . . "

"ဟုတ်ပါပြီ. . . လှူတဲ့လူရှိလို့ပေါ့ငါ့လူရ။လူတွေက မလှူရင် မင်း ဘယ်လိုလုပ်မလဲ "

"အဲဒီလိုဖြစ်ရင် ကျွန်တော့်ရှိတာလှူမှာပါ။ ဒါပေမယ့် သာဝတ္ထိမြို့သားတွေက စေတနာထက်သန်ကြပါတယ် . . "

"တော်တော်ဟုတ်တဲ့လူကွာ. . တကယ်တော့ မင်းကိုယ်မင်း သိဖို့ကောင်းတယ်။ မင်းဟာအနာထပိဏ်သူဌေး မဟုတ် ဘူး





ကိုယ်လူ၊ လှူချင်တဲ့စိတ်ရှိရုံနဲ့ ဒီသံဃာတွေ မပင့်သင့်ဘူး"

ကျွန်ုပ်စကားကြောင့် လူငယ်က ပိပိယိယိပြုံးလိုက်သည်။ သူ့အပြုံးက ကျွန်ုပ်ကိုပင် လှောင်ထေနေဟန်တူ၏။

" မင်းအမှုအရာက ဘာသဘောလဲဟေ့ကောင်"

"သည်းခံပါ သူဌေးမင်း၊ ကျွန်တော်ရှင်းပြပါရစေ. . ။ ခုနသူဌေးမင်းပြောလိုက်တဲ့ စကားဟာ ဘုရားရှင်ရဲ့တရား မနာရသေးလို့ပါ။ ဘုရှင်ရဲ့တရားနာမိရင် ဒီလိုစကား မျိုးလည်းပြောမှာ မဟုတ်ပါဘူး"

"အလိုကွဲ့၊ မင်းစကားကတယ်ဟုတ်ပါလား. . . . ကိုင်းထားပါမောင်ရာ. . . ဘုရားရှင်တရားမနာရသေးတဲ့ ကျွန်တော်ပိဋကလကို တဆင့်ပြန် ဟောစမ်းပါ။ အဲဒီတရား လေးနာစမ်းပါရစေ. . . ။

ကျွန်ုပ်၏ခပ်ထေ့ထေ့စကားကိုပင် နိဗ္ဗာန်ဆော် လုလင်က သဘောကျဟန်ပြုံးရင်းကောင်းပါပြီ. . ပြောပြပါမယ်ဟု ဆိုလိုက် ပေသည်။

" ဒီလောကမှာ လူလေးမျိုးရှိပါတယ်သူဌေးမင်း"

"ဘယ်လိုကွ၊ လူလေးမျိုးဟုတ်လား. . . စကတည်းက သောက်တလွဲပြောပြီ ၊ လောကမပြော နဲ့ဟောဒီမင္ဂိုမမှာ ကိုလူမျိုးတစ်ရာ့တစ်ပါးရှိတယ် သူငယ်။"

" ဪ. . . ဟုတ်ပါတယ်။ ကျွန်တော်အပြောလောသွားပါ တယ်။ သူဌေးပြောသလို လူမျိုးတစ်ရာ့တစ်ပါးဟုတ်မှာပါ။ ဒီထက်များချင်လည်းများပါလိမ့်မယ်ခင်ဗျား. . . "

"ဒါပေမယ့်၊ ခုပြောတဲ့ လေးမျိုးက အလှူဒါနနဲ့ပတ်သက်လို့ ဘုရားရှင်ဟောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကိုဘုရားအဟောနှင့် ကိုင်ထုလိုက်၍ ငြိမ်ရသည်။ သို့ပေမယ့်သင်းကိုတော့ အလျှော့မပေးပဲ ခပ်တင်းတင်းအသံဖြင့်။ ကိုင်း မင်းလေးမျိုး ရှင်းစမ်းပါဦး ဟုမေးလိုက်သည်။

" လျှစရာရှိရင် မိမိသာ လျှဒါန်းပြီး တစ်ပါးသူကို လျှဒါန်းဖို့ မတိုက်တွန်းသူက တစ်မျိုးတဲ့ "

ကျွန်ုပ် မကြားဖူးသော စကားဖြစ်၍ စိတ်ထဲက လိုက်မှတ်မိသည်။ ကိုယ်တော့လှူပြီးတစ်ပါးသူကို မတိုက်တွန်း။ အင်း. လှူတာပဲ တခြားလူကို စည်းရုံးနေစရာ မလိုပါဘူး။ ကိုယ်ရှိကိုယ်လှူပေါ့ဟု တွေးလိုက်သည်။

"အဲဒီပုဂ္ဂိုလ်မျိုးဟာ ဖြစ်လေရာဘဝမှာ စည်းစိမ်ချမ်းသာ ပြည့်စုံပါတယ်။ ဒါပေမယ့်အခြွေအရံ သင်းပင်းတော့ မရှိနိုင်ပါဘူးတဲ့ "

မျက်ခုံးပင့်လျက် လူငယ်ကိုကြည့်လိုက်သည်။ သူကမသိကျိုးကျွန်ပြုလျက် စကားဆက်သည်။

"အချို့ကတော့ ကိုယ်ကမလှူပဲ၊ တစ်ပါးသူကိုလှူဖို့ တိုက်တွန်းတတ်ပါတယ်"

"အဟော. . . . . ဟော။ ဒီလိုလူမျိုးလည်း ရှိသကိုး။ အေးလေ. . . လူဆိုတာ အမျိုးမျိုးကိုးကွ။ ဘာပဲဖြစ်ဖြစ်လေ. . ကိုယ်မလှူပေမယ့် လှုံ့ဆော်ပေးလို့ အလှူခံပုဂ္ဂိုလ်အတွက် ပြည့်စုံရင်ပြီးတာပဲ မဟုတ်လား. . . "

"အဲဒီ ပုဂ္ဂိုလ်မျိုးကတော့ ဖြစ်ရာဘဝမှာ ခြွေရံသင်းပင်း ပေါပေမယ့် စည်းစိမ်ဥစ္စာမပြည့်စုံဘူး "

ကျွန်ုပ်မျက်လုံးထဲသောဏာကို ဖျတ်ခနဲမြင်လိုက်သည်။ သောဏာတို့ လင်မယားက ဆင်းရဲသည်။ ဝမ်းရေးအတွက်





ကျွန်ုပ်ကိုပင် မှီခိုနေရသည်။ ပစ္စည်းဆင်းရဲသော်လည်း သားသမီးတွေက ဗူးပင်မှာ ဗူးသီး သီးနေသည့်ပမာ အတုံးအရုံး။ မိအိုဖအိုကြီးများကိုလည်း ကျွေးမွေးထားရပြန်သည်။ သောဏာ ဘဝမျိုးတော့ မဖြစ်ချင်။

"အချို့ကတော့ ကိုယ်တိုင်လည်းလှူတယ်။ သူတစ်ပါးလှူချင်အောင်လည်းတိုက်တွန်းတယ်။ ဥပမာ ပြောရင် ကျွန်တော်လိုလူစားပါ "

" အလဲ့ကွဲ့၊ ကိုယ့်ကိုယ်တော့ ခိုင်းနှိုင်းတတ်သားပဲ"

"နှိုင်းတာမဟုတ်ပါဘူး သူဌေး။ ကျွန်တော်က တတ်နိုင်သမျှ လှူဖို့ဝန်မလေးပါဘူး။ ကျွန်တော်လိုလှူချင်စိတ်ရှိအောင် ဒုက္ခခံလှုံ့ဆော်နေတာ သူဌေးမင်းအမြင်ပါ "

"ဟုတ်ပါပြီဗျာ. . . တားပါတော့"

" ဒီလိုလူမျိုးက နောင်ဘဝ ချမ်းချမ်းသာသာနေရပြီး၊ ခြွေရံသင်းပင်းလဲပေါမယ်လို့ ဘုရားရှင်က ဟောပါတယ် "

ကျွန်ုပ်က မရယ်မချင့်ရယ်ချင် ဟန်လုပ်ရယ်လိုက်ပြီး-

"ကိုယ်ကောင်းပြောတဲ့နေရာတော့ မောင်ရင်က ထိပ်ဆုံးပဲ" ဟု ပြောပစ်လိုက်သည်။

"နောက်ဆုံး လူမျိုးကတော့ ကိုယ်တိုင်လည်းမလှူ ဘေးလူကိုလည်း မတိုက်တွန်း၊ အဲဒီလူမျိုးဟာ နောင်ဘဝ ဘာဖြစ်မယ်ဆိုတာ သူဌေးမင်း တွေးသာကြည့်"

တွေးသာကြည့်ဟူသောစကားကို တမင်လေသံမြှင့်ပြောသော လုလင်မျက်နှာကို ဆတ်ခနဲကြည့်လိုက်သည်။ အဓိပ္ပါယ်ရှိသောအပြုံးနှင့် တုန့်ပြန်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

" ဒီမယ်ပုဂ္ဂိုလ်လေး. . . . . ကျုပ်ဟာအလှူအတန်း မရှိတဲ့ ပုဂ္ဂိုလ်လို့ထင်နေလား. . . "



www.burmeseclassic.com

www.burmeseclassic.com



“ အို. . . မဟုတ်တာဘဲ သူဌေးမင်းရယ်. . . ရှေးဘုန်းကံကြောင့် ကျိကျိတက်ချမ်းသာတဲ့သူဌေးမင်းလိုပုဂ္ဂိုလ်မျိုးက ဒီလောက်စေတနာနည်းမလား. . မလှူဘဲနေပါ့မလား”

“ နေဦး ”

ကျွန်ုပ်ကို သိဒ္ဓိတင်မြှောက်ပင့်နေသည့်လူငယ်ကို ဖြတ်ပြီးဟန့်လိုက်သည်။ သူစကားဘယ်ဆက်မည်ကို အတတ်သိနေ၍ စကားရှေ့မဆက်ခင် တမင်ထားပစ်လိုက်တော့၏။

“ကျုပ်ဟာ သာဝတ္ထိမြို့မှာ ချမ်းသာတဲ့သူစာရင်းဝင်ဆိုတာတော့ မောင်ရင်သိမှာပေါ့ ”

“သိပါတယ်ခင်ဗျာ။ သူဌေးကြီးဗိဿာလကိုမသိပဲနေပါ့မလား. . . ”

“အေး. . . ကျုပ် ဘယ်လိုချမ်းသာတယ်၊ ဘာကြောင့်ဒီလိုနေနိုင်တယ်ဆိုတာကတော့ မောင်ရင်တို့လို လူတန်းစားက သိနိုင်မှာမဟုတ်ဘူး။ အိန်း. . . နည်းနည်း ပါးပါးသဘောပေါက်အောင်တော့ ပြောပြလိုက်ပါမယ်။ ကျုပ်ဟာ ခုလိုချမ်းသာလာအောင် ငွေကိုအရူးအမူး ရှာတယ်။ တွေ့မရှောင်လုပ်ပြီး ကျစ်ကျစ်ကုပ်ကုပ် စုဆောင်းလို့ချမ်းသာတာ။ ငွေကိုကိုယ်ကခင်မှ ငွေကကိုယ့်ကိုပြန်ခင်မယ်။ ပစ္စည်းကို တန်ဖိုးထားမှ ပစ္စည်းကမြဲတယ်။ သုံးချင်သလိုသုံး၊ ဖြုန်းချင်သလိုဖြုန်း၊ လှူချင်သလိုလှူရင် ဒီပစ္စည်းက ဘယ်ခံမလဲ၊ မဟုတ်ဘူလား. . . ”

“ဟုတ်. . . ဟုတ်ပါလိမ့်မယ် ”

“လိမ့်မယ်လို့ မပြောပါနဲ့ကွာ။ ဟုတ်ကိုဟုတ်တယ် . . .





မင်းကိုကျုပ်ပြောမယ်။ တစ်ကျပ်ရှိတဲ့ လူက တစ်ကျပ်လုံးလှူရင် လက်ထဲဘာကျန်မလဲ။ ဗလာနတ္ထိဘာမှမရှိဖြစ်သွားမှာပေါ့။ ချင့်ချင့်ချိန်ချိန်လှူမှ ပေးမှ ဒီပစ္စည်းကျန်မှာပေါ့။ အေး. . . အဲဒါ ငါ့မူပဲ။ မလှူဘူးမဟုတ်ဘူး၊ ကျုပ်လည်းလှူတယ်။ ဒါပေမယ့် စံနစ်တော့ထားတယ်. . . ကိုင်း. . . ငါ့လူက ဆွမ်းဆန်အလှူခံတယ် မဟုတ်လား. . . ”

“ဟုတ်ပါတယ် . . . ဆွမ်းဆန်တော်”

ကျွန်ုပ်လက်ပြဟန့်လိုက်ပြန်သည်။ ကျွန်ုပ်အနေနှင့် နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်နေသည့် သူ့စကားကို နားမထောင်ချင်။ သူလိုလူမျိုးပြောမှ လှူဒါန်းသည်ဆိုသော အဖြစ်မျိုးလည်းမလုပ်ချင်။ မလှူလျှင်လည်း ကိုယ့်အကြောင်း သပုတ်လေလွင့် အပြောခံရမည်။ အပြောခံရလွတ်အောင် လှူအံ့ဟု ယတိပြတ်ဆုံးဖြတ်လိုက်တော့သည်။

“ကိုင်း၊ မောင်ရင်ခွက်ရှေ့တိုးလိုက်စမ်း၊ ကျုပ် သဒ္ဓါစိတ်ရှိသလောက်လှူစမ်းပါရစေ. . . ”

ကျွန်ုပ်သဘောကို နားမလည်သော နိဗ္ဗာန်ဆော်က ဆွမ်းဆန်ထည့်ရန် တောင်းကြီးကိုရှေ့တွင် အလိုက်သင့်ချပေးသည်။

ကျွန်ုပ် ရင်ထဲကျိတ်ရယ်လိုက်သည်။

သင်းလိုလူမျိုးကိုဆုံးမတော့အံ့ဟု ရည်ရွယ်လျက် ဆန်အိုးထဲက ဆန်ကိုလက်သုံးချောင်းနှင့် ကောက်ယူလိုက်သည်။ လက်သုံးချောင်းကြားပါလာသော ဆန်ပမာဏကို သူမြင်အောင် တမင် မြှောက်ပြလိုက်သည်။

“ကိုင်း. . . ရော့ဗျာ. . . . . အကျိုးတော်ဆောင်ကြီးက

www.burmeseclassic.com



ဆွမ်းချက်ပြီးလောင်းလှူလိုက်ပေတော့၊ အဟဲဟဲဟဲ ”

တမင်ရွဲ့လှူလိုက်သည်ကိုပင် သာဓုခေါ်လျက် လူငယ်က ဆန်တောင်းကြီးထမ်းလျက်ထွက်သွားပေသည်။

* * * * *

ရပ်ရွာထဲ အလုပ်မရှိ အလုပ်ရှာပြီး လူအထင်ကြီးအောင် ဗျို့ဟစ်အလှူပေးနေသည့် လူမျိုးကိုဆုံးမလိုက်ရသဖြင့် ကျွန်ုပ်ကျေနပ်သွားသည်။ ဘယ်နှယ်ဗျာ. . . လူတွေက ဘယ်လို ရှာစားရတယ်. . . ငွေတွင်းဘယ်လောက်နက်လို့ ဘယ်ပုံစံနဲ့ လက်တဆုံးနှိုက်ရှာရတယ်ဆိုတာ မစဉ်းစားဘူး။ ဒီပစ္စည်းကိုပဲ လှူပစ်ဖို့ ဆွယ်တရား ဟောနေကြတယ်။ ဒီလူမျိုးကို ခုလိုဆုံးမလိုက်မှ နောင်သိသွားမယ်။ ဤသို့တွေးနေစဉ် အတွေးတစ်ခုက ခေါင်းထဲ ကြားဖြတ်ဝင်လာသည်။ ကျွန်ုပ်စိတ်ထဲက အနှောက်အယှက်ဖြစ်ကာ ပျာယာခပ်သွားရတော့သည်။

“ သောဏ၊ ဟဲ့. . သောဏ။ ဒီကိုခပ်မြန်မြန်လာစမ်း ”

ကျွန်ုပ်ခေါ်သံ ဆုံးသည်နှင့် သောဏက ကျွန်ုပ်ရှေ့ ရောက်လာ သည်။

“ ဟော့ သောဏ၊ မင်းဟောဟိုသူငယ်နောက် လိုက်သွားစမ်း”

“ ဟုတ်ကဲ့ သူဌေးမင်း ”

သောဏက ကျွန်ုပ်စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်ပြီး ခပ်သုတ်သုတ်လိုက်တော့သည်။

“ဟဲ့ဟဲ့ နေဦး။ လိုက်ဆိုတာနဲ့ မင်းလိုက်သွားတော့ ဘယ်ရယ်ဆိုတာ ရောသိလား. . . စကားကို အကျအန နားမထောင်ဘူး။ မင်းတို့ ခုလိုဆင်းရဲမွဲတေနေတာ အဲသလို ဆင်ခြင်ဉာဏ်မရှိလို့ပဲ။ ငါပြောတာ သေသေချာချာ





နားထောင်. . . ။ဟောဟိုသူငယ်နောက် မင်းလိုက်သွား။ သင်းက မနက်ဆွမ်းလောင်းဖို့ အလှူခံနေတာ . . ဝမရှိဘဲ ဝိလုပ်တဲ့ သင်းလုပ်ရပ်ကို သဘောမကျလို့ ငါက ဆန်ကို လက်သုံးချောင်းနဲ့ ကောက်ထည့်ပေးလိုက်တယ်. . . ”

“ပြီးရောပေါ့ သူဌေးရယ် . . . ”

“ဘာပြီးတာလဲ၊ နားမလည်ဘဲ ဝင်ပြောပြန်ပြီ။ ဆီနဲ့ ထောပတ်ကိုလည်း ခြင်ခွက်နှင့်ခပ်ပြီး ထည့်လှူတာ မဟုတ်ဘူး။ ခွက်ထဲကယိုကျသလောက်ပဲ လှူလိုက် တယ်. . . ”

“ဟုတ်ကဲ့”

“အေး . . . ငါလှူတဲ့ပစ္စည်းကို ဒီကောင်က သိမ်းခြားခံယူသွားတယ်။ ဒီကိစ္စမသက်ာဘူးဟေ့”

“ဒါတွေ သူဘာ့ံမလို့လား မသိဘူး”

“ဟာ . . . မင်းတွေးလိုက်ရင် တလွဲချည့်ပဲ။ ဒီ ပစ္စည်းလောက် ဘုံးမလားကွ။ ဒီကောင် ယုတ်မာချင်လို့ ဒီပုံစံယူသွားတာဖြစ်မယ် . . . ။ မင်းစဉ်းစားကြည့် သောဏ၊ ငါလို သူဌေးတစ်ယောက်က ဒီပစ္စည်းလောက် လှူတယ် ဘယ်လောက်ကပ်စီးနဲတဲ့ သူဌေးလဲဆိုတာ ကြည့်ကြပါဦးလို့ လူဘုံအလယ်ချပြပြီး ငါသိက္ခာချဖို့ မဖြစ်နိုင်ဘူးလား. . . ”

“အဲဒါ အသေအချာပဲ သူဌေး၊ ဒီကောင်သူဌေးကို အရှက်ခွဲတော့မယ်”

“ဟုတ်တယ် . . ဒီတော့ မင်းသူ့နောက်လိုက်။ သင်းဘာလုပ်တယ်၊ ဘာပြောတယ်ဆိုတာ သေသေချာ ချာမှတ်။ ငါ့အကြောင်း မကောင်းပြောရင်တော့ သင်းကို

www.burmeseclassic.com

www.burmeseclassic.com



အသေသတ်ပစ်မယ်။ ကဲ. . လိုက်သွားစမ်း၊ ခပ်မြန်မြန်လိုက်ဟေ့ ”

သောဏာပြေးထွက်သွားသည်။ လှုလုံးပျောက်သွားသည့် နိဗ္ဗာန်ဆော်ကို လှမ်းမျှော်ကြည့်ရင်း ကျွန်ုပ်ရင်ထဲ ယောက်ယက်ခပ်နေသည်။ ကိုယ်သိက္ခာကျအောင် အလုပ်ခံရမည်မို့ ဆောက်တည်ရာ မရတော့ပေ။

* * *

“ ဟင်. . . ဟုတ်ရောဟုတ်ရဲ့လားသောဏာ ”

သောဏာ ပြန်ပြောသောစကားကြားရသော် ကိုယ့်နားကိုယ်ပင် မယုံနိုင်။ မိမိကအထင်သေးအမြင် သေးရှိသောလုလင်၏ အပြုအမူက အင်မတန်ကြီးမြတ်လှသည်။ ကိုယ်အပေါ် အာဃာတစိတ်မရှိဘဲ စေတနာအရင်းခံလုပ်ဆောင်သည်ဆို၍ ပို၍အံ့ဩမိသည်။

သောဏာ စကားကို တစ်ခုချင်း ပြန်စဉ်းစားလိုက်သည်။

“သူဌေးမင်းဆွမ်းဆန်တော်လှူလိုက်တာ တကယ့်ကို မွန်မြတ်အကျိုးရှိ သွားပြီခင်ဗျာ။ ဒီစကားကို ကျွန်တော်အနိုင်အမာပြောဝံ့ပါ တယ်။ ဒါလဲသူဌေးမင်း ခိုင်းတာနဲ့ နောက်ယောင်ခံလိုက်ကြည့်မိလို့ ဒီအကြောင်းသိခဲ့တာပါ။ ဒီလို သူဌေး. . ဒီကလှူတဲ့ပစ္စည်းကို သီးခြားယူသွားတာ ယုတ်မာစိတ်နဲ့ မဟုတ်ဘူး အရှင် . . . ၊ လှူတဲ့ပစ္စည်းက ပမာဏနည်းနေတော့ အကျိုးများစေလိုတဲ့သဘောနဲ့ စီစဉ်တာပါ။ ဘယ်ပုံစံ စီစဉ်တယ်ဆိုတာ သူဌေးမင်းတွေ့ ရင်သိပ်အံ့ဩမယ်။ ဒီလို ဒီလိုခင်ဗျ။ လှူတဲ့ ဆန်တစ်စေ့ကို ယူပြီး ဆွမ်းချက်ရာမှာထည့်တယ်၊ ပြီးတော့ သူဌေးကြီးအကျိုးများပါစေ. . . . . သဒ္ဓါတရားကြောင့် စည်းစိမ်ပွား ပါစေလို့ ဆုတောင်းတယ်။ နောက်ပြီးဘောဇဉ် ပြုရာမှာလည်း ပဲကြီး





ပဲနောက်ကိုထည့်တယ်။ စောစောကအတိုင်း ဆုတောင်းပြန်တယ်။ လှူတဲ့ပစ္စည်းတိုင်းမှာ သူဌေးမင်းပစ္စည်းပါအောင်ထည့်ပြီးအထပ်ထပ် ဆုတောင်းပေးတာကျွန်တော်မျက်စိနဲ့မြင်၊ နားနဲ့ကြားခဲ့ပါတယ်သူဌေး။”

သောဏာစကားကို ပြန်စဉ်းစားပြီး ကြက်သီးမွှေးညှင်းထသွားရသည်။ ကျွန်ုပ်က စေတနာပုတ်၊ သဘောယုတ်နှင့် ဆက်ဆံပေမယ့် လူငယ်၏ နှလုံးမှာဖြူစင်ကြောင်း ကြားရသဖြင့် တွေးရှက်နေတော့သည်။

“ဒီလောက်နဲ့သူ့စိတ်ထားကို မချီးကျူးသေးဘူး သူဌေးရဲ့။ သူနောက်ငါလိုက်နေမှန်းသိလို့ ဟန်ဆောင်နေလုပ်နေတာလား . . . တကယ်စိတ်ရင်း အမှန်လားဆိုတာ သိအောင် ဆွမ်းစားချိန်ထိ စောင့်ကြည့်သေးတယ်. . . ”

“အေး. . . ကြည့် တော့ဘာတွေလဲ။

“ဘုရားအမှူးပြုတဲ့သံဃာတွေကို ဆွမ်းကပ်ချိန်မှာ သူလျှောက်ထားတယ်. . . ”

“ဘာတွေလျှောက်လဲ ပြောစမ်း. . . ပြောစမ်း သောဏာ ”

“ဘုန်းတော်ကြီးမြတ်သောဘုရားရှင်တဲ့”

“အေး. . .

“တပည့်တော်ဟာ လူအပေါင်းကို ကောင်းစွာဆောက်တည်စေပြီး ဤမွန်မြတ်သောအလှူကို လှူပါတယ်. . . လှူဒါန်းရာမှာ ထည့်ဝင်သူတို့ အစွမ်းရှိသလောက်များများလှူခြင်း နည်းနည်းလှူ ခြင်းရှိပါတယ်. . . . . ထိုသူအားလုံး အကျိုးပေး ကြီးမြတ်သည်ဖြစ်ပါစေ ဘုရားတဲ့ခင်ဗျ ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဗိဋ္ဌာလသည် ကိုယ့်လိပ်ပျာကို ပြန်ရှက် သွားမိသည်။ သူတော်ကောင်းကို စိတ်ယုတ်မာမွေးမိသည့် မိမိအပြစ်ကို တွေးမိသည်။

"ငါသိပ်မိုက်ပါလား. . . မပြောအပ်၊ မပြုအပ်၊ မကြံစည်အပ်တာ ပြုမိကြံမိပါပေါ့လား. . . ဒီအပြစ်ကို သူတော်ကောင်းက သည်းမခံရင် သိကြားလက်နက်မိုးကြိုး စက်ကငါ့ဦးခေါင်းကို ရှစ်စိပ်ခွဲပစ်တော့ မယ်. . . ဒုက္ခပဲ၊ မဖြစ်ဘူး. . . ငါဒီလိုနေလို့မဖြစ်ဘူး၊ သူတော်ကောင်း လေးကို ခုချက်ခြင်းသွားတောင်းပန်မှဖြစ်မယ်. . ."

ကျွန်ုပ်ဗိဋ္ဌာလသည် ဘုရားရှင်အားဆွမ်း အလုပ်အကျွေး ပြုရာ မဏ္ဍပ်ဆီသို့ အပြေးအလွှားသွားသည်။ ရောက်သည်နှင့် ကိုယ်သိက္ခာကိုပင် မငဲ့ကွက်တော့ဘဲ သူတော်ကောင်းလေးခြေကို ဖက်၍တောင်းပန်လိုက်သည်။

အလုံးစုံကိုသိတော်မူသော မြတ်ဘုရား က ကျွန်ုပ်ကို မဟာကရုဏာဖြင့်ကြည့်သည်။ ပရိတ်သတ် အားလုံးထင်မြင်အောင် အကျိုးအကြောင်းထပ်မေးလိုက်သည်။ သူတော်ကောင်းလေးက - ဆွမ်းအမှုစီရင်ပုံမှ စပြီးကျွန်ုပ်နှင့်တွေ့ရပုံ အဖြစ်အပျက် အလုံးစုံကို ပြန်လျှောက်လိုက်သည်။

"အို. . . . . ဒါယကာသူဌေးကြီး၊ ကုသိုလ်ကောင်းမှု ဟူသည် အနည်းငယ်ဟူ၍ မအောက်မေ့အပ်၊ ငါဘုရားအမှူးပြုသော သံဃာတို့ကိုပေးလှူခြင်း၌ အနည်းငယ်ဟု မမှတ်လေလင့်၊ ပမာအားဖြင့်ရေတစ် ပေါက်ချင်းကျသဖြင့် အဖုံးဖွင့်ထားသော အိုးစရည်း ဟာပြည့်ဘိသကဲ့သို့ ပညာရှိ သည် အနည်းငယ်သော





ကုသိုလ်ကို ဆည်းပူးလျက် ကုသိုလ်ဖြင့်ပြည့်ပေ တယ်. . ."

ကျွန်ုပ်ဗိဋ္ဌာလသည် ဘုရားရှင်၏တရားကို နာလိုက် ရသဖြင့် ရင်ထဲကြည်နူးချမ်းမြေ့သွားရသည်။

ကျေးဇူးရှင် နိဗ္ဗာန်ဆော်လုလင်ကြောင့်သာ မြတ်ဘုရား၏ အဆုံးအမကို နာခွင့်ရခြင်းဖြစ်သည့်။ ဘုရားရှင်က အလှူဒါန ပြုခြင်းသည် စေတနာသဒ္ဓါတရား ပေါ်၌တည်ပြီး ဝတ္ထုပစ္စည်း၊ အပေါ်မတည်ကြောင်း၊ စေတနာကြီးလျှင် ကြီးသည့် အလျောက် အကျိုးများကြောင်း သိလိုက်၍ စိတ်မကောင်းနိုင်တော့။ ဩော်. . . ငါထားသောစေတနာသာ သန့်စင်လျှင်ဘယ်မျှကောင်း လေမလဲဟု နောင်တဖြစ်မိတော့သည်။

ကျွန်ုပ် ဗိဋ္ဌာလနားလည်လိုက်ပါသည်။

သည်အချိန်ကစပြီး ကျွန်ုပ်၏ စေတနာသဒ္ဓါ အိုးကြီးကွဲ သွားရပြီ။ ကျွန်ုပ်၏ ပစ္စည်းဥစ္စာ သိမ်းသိုလှောင်ထားရာ အခန်း တံခါးကိုလည်း လုံးဝဖွင့်ထားလိုက်ပြီ။ ဘုရားရှင်နှင့်တကွ ဘုရား သာသနာတော်အတွက် ငါ့စည်းစိမ်မှန်သမျှ လှူဒါန်းပြီး ဖြစ်သည်ဟု နှလုံးပိုက်လိုက်မိ၏။

ရင်ထဲကြည်နူးချမ်းမြေ့သွားရတော့၏။

မောင်ဆန္ဒ (လယ်ဝေး)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မျက်စိလည်လမ်းမှားနေသူကို အမှန်လမ်းရောက်အောင် ညွှန်ပြဆုံးမနိုင်လို့ တပည့်တော်သွားရမည့်လမ်းကို သိခဲ့ပါပြီ။ ကိုးကွယ်ရာအစစ်၊ ဓမ္မအစစ်၊ သံဃာအစစ်ကို မြင်ခဲ့ပြီမို့ ဘုရားတပည့်တော်ကို သည်းခံဆုံးမတော်မူပါဘုရား။

(ဘာရဒွါဇပုဏ္ဏား)





# လယ်ကွင်းထဲက ဓမ္မတေးသံ

ဂေါတမဗုဒ္ဓပေါ်ထွန်းချိန်မှာ ရာဇဂြိုဟ်မြို့ဟာ အဝါရောင်သင်္ကန်းတွေနဲ့ ဖုံးလွှမ်းထားလို့ ရွှေဝါရောင်မြို့ကြီးလို့ ပြောနိုင်ပါတယ်။ ဝေဠုဝန်. . . တပေါဒါရုံ. . . ဇီဝကမ္ဗဝန. . ဣန္ဒသာလစတဲ့ ကျောင်းတော်ကြီးတွေမှာ သံဃာပရိတ်သတ်နှင့် စည်ကားနေတာပေါ့။

သာသနာတော် ထွန်းကားရာ ရာဇဂြိုဟ်မြို့ဟာ ရန်သူဝင်ရောက်နှောက်ယှက် မဖျက်ဆီးနိုင်အောင် ဝေဘာရ၊ ပဏ္ဍဝ၊ ဝေပုလ္လ၊ ဂိဇ္ဈကုဋ်၊ ဣသိဂိလိ ခေါ်တဲ့ တောင်ကြီးငါးလုံးနဲ့ ကာရံထားသလိုဖြစ်နေတယ်။

အဲ့. . . ဒါတင်မကဘူး ဝေဘာရတောင်ခြေမှာ ယူဇနာငါးရာကျယ်တဲ့ နဂါးတို့နေရာရှိပြန်သေးတယ်။ ဥယျာဉ်ခြံတွေနဲ့ ရေအိုင်ကြီးလည်းရှိတယ်. . သည်ရေအိုင်ကြီးက မြစ်ဖျားခံစီးဆင်းတဲ့ တပေါဒါမြစ်ကလည်း ရာဇဂြိုဟ်ရဲ့ အရံအတားဆိုရင် မမှားပါဘူး။

တပေါဒါမြစ်ရေဟာ အမြဲတမ်းဆူပွက်ပူနွေးတယ်။ အများအပြောကတော့ မဟာလောဟကုမ္ဘီငရဲနှစ်ခုကြားက



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်စီးလို့ ဒီလိုဖြစ်နေတာသဲ့။

ရာဇဂြိုဟ်မြို့ကြီးဟာ နောက်ယှက်ဖြတ်ဆီးခြင်းဘေးက ကင်းဝေးအောင် သဘာဝကကို ဖန်တီးထားတယ်။ ဒါကြောင့် ဘေးရန်ကင်းကွာ၊ အေးချမ်းသာ ယာပြီး စီးပွားဖွံ့ဖြိုးတိုးတက် ချင်တိုင်းကို တိုးတက်နေတဲ့ မြို့ကြီးဖြစ်ပါတယ်။

ရာဇဂြိုဟ်ရဲ့ အခင်းအကျင်းကို သည်လောက် ညွှန်းပြနေတာ တခြားအကြောင်းကြောင့် မဟုတ်ပါဘူး။ ကျွန်ုပ်တို့ရဲ့ ဇာနာဋ္ဌာနလေးကို မျက်စိထဲ ကွင်းကွင်းကွက်ကွက် မြင်စေချင်လို့ပဲ။

ရာဇဂြိုဟ်ကို ဝန်းရံပတ်ဝိုင်းနေတဲ့ တောင်ကြီးတွေရဲ့ တောင်ဖက်အရပ်မှာ ဒက္ခိဏာဂီရိအမည်ရှိတဲ့ တိုက်နယ်တစ်ခု ရှိတယ်။ ဒီတိုက်နယ်ထဲက ရွာသိမ်ရွာငယ်လေး တစ်ရွာဟာ ကျွန်ုပ်တို့ရဲ့ ဇာနဋ္ဌပါပဲ။

* * *

ရွာသိမ်ရွာငယ်လေးဆိုပေမယ့် ဆင်းရဲမွဲတေလိမ့်မယ်တော့ မထင်ပါနှင့်အဆွေ. . .။ ဝီရိယ အားစိုက်၊ ကာယအားကိုး၊ စိုက်ပျိုးစားတဲ့ လယ်သမားတွေမို့ ဝမ်းရေးအတွက်တော့ ကြောင့်ကြစရာမရှိပါဘူး။

ဆန်က ကျုပ်တို့လက်ဖြစ်။

ပဲ၊ နှမ်း၊ စိုက်ကြတော့ဆီကို အိုးကြီးအိုးငယ်နှင့် လှောင်နိုင်တယ်။

ဟင်းသီးဟင်းရွက်ဆိုတာ ဝယ်စားစရာဘာလိုလဲ။ ဟင်းစားအတွက်ကတော့ ပိုင်ရှင်ကို ပြောနေစရာမလိုဘူး။ ကြိုက်တာဝင်ခူးသွား။ စားချင်တာ ဝင်ချိုးစား။





အင်း. . . ကာယအားကိုးစိုက်ပျိုးစားသူဆိုတော့ ကြောင့်ကြရတာ ရာသီဥတုပဲ။ မိုးကောင်းပါစေ. . . ဥတုရာသီမှန်ပါစေ. . . မြေဆီဩဇာတိုးပါစေ. . . လို့ အမြဲဆုတောင်းနေရပါတယ်။

တစ်ခုတော့ရှိပါတယ်။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ အကြီးအကဲက မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါး၊ အပဟာနိယတရားခုနှစ်ပါးနှင့်အညီ အုပ်ချုပ်ရင် မိုးလေဆွံ့စရာ မရှိပါ ဘူး။

ရာဇဂြိုလ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရဆိုတာ မင်းကောင်း တစ်ပါးပါ။ ရာဇဓမ္မသင်္ဂဟတရားနှင့် အညီအုပ်ချုပ်တဲ့ မင်းမို့ ရာသီဖေါက်ပြန် မိုးမမှန်စရာအကြောင်းတော့မရှိပါဘူး။

မင်းကြီးရဲ့အုပ်ချုပ်ပုံကို ကျုပ်တို့သဘောကျပါတယ်။ တိုင်းသူပြည်သားကို ရင်ဝယ်သားနှယ် ချစ်ခင်သနားတတ်တဲ့မင်းမို့ ပြော စရာဘာမျှမရှိပါဘူး။

အင်း. . . မရှိဘူးဆိုပေမယ့် တစ်ခုတော့ရှိတယ်ဗျ။ ဘာလဲ ဆိုတော့မင်းကြီးကနောက်မှ ပေါ်လာတဲ့ ရွှေကြာပင်ရှင်ကြီးဂေါတမ ကိုကိုးကွယ်တာပဲ။

ရုပ်နာမ်အနိစ္စ၊ ရုပ်နာမ်ဒုက္ခ၊ ရုပ်နာမ်အနတ္တလို့ ဟစ်ကြွေးတဲ့ ရှင်ကြီးဂေါတမရဲ့ ဝါဒက ကျုပ်တို့နဲ့တော့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ။ ဘယ့်နှယ်များ. . . ရဟန်းကြီးရဲ့ တရားတွေ ကြားရတာ စိတ်မချမ်းသာစရာပါ။ လူဖြစ်လာရတာတောင် စိတ်ညစ်ရမလို။

အေးလေ. . . အယူဝါဒတူတာမတူတာ၊ ကိုးကွယ်မှုခြားနားတာ မခြားနားတာက ကျုပ်တို့အတွက် အဓိကမဟုတ်ပါဘူး။ ကျုပ်တို့အဓိကလိုလားတာက မင်းကြီးအနေနဲ့ တရားမျှမှုနဲ့အညီ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ဖို့ပဲ။ ဒါလိုရင်းပဲ။ ဟုတ်တယ်လေ၊ ဒါမှရာသီမှန်မယ်။ နတ်ဒေဝါတွေက စောင့်ရှောက်မယ်။ မိုးလေဝသမှန်မှ စိုက်ပျိုးလို့ဖြစ်မယ်။

လယ်သမားကတော့ လယ်လုပ်ဖို့၊ ဆန်စပါးစိုက်ပျိုးဖြစ်ထွန်းဖို့ အဓိကပဲမဟုတ်လား။

. . .

မိုးမကျခင်ကတည်းက ပျိုးချဖို့ပြင်နေတဲ့ကျုပ်ဟာ မိုးဖြိုင်ဖြိုင်ကျတော့လုပ်ငန်းခွင်ဝင်ဖို့လုံးပမ်းရပြီ။ အလုပ်သမားတွေကို လှုံ့ဆော်ရပြီ။

"ဘယ်လိုလဲဟေ့ . . . လုပ်စားကြမှာလား . . . တောင်းစားကြမှာ လားကွဲ့။ မိုးလေးတစိမ့်စိမ့် တအေးအေးရွာပေးနေတာ ငါ့လူတို့ စိမ်ယူဖို့ သိကြားမင်းက ဖန်ဆင်းပေးနေတယ်များ ထင်သလား . . . တော်တော်ဟုတ်တဲ့လူတွေကွာ . . . အလုပ်သမားဖြစ်ပြီး ဝိရိယထားရ စကောင်းမှန်းမသိဘူး။ သည်မိုး၊ သည်ရေ၊ သည်အနေအထားဆိုရင် ငါတို့ထွန်ပြင်ဖို့သင့်ပြီလို့ မတွေးကြဘူးလား . . . မင်းတို့အဲဒါကြောင့် လူမွေးလူတောင်မပြောင်တာ။

ကျုပ်ရဲ့ဆူပူကြိမ်းမောင်းသံကြောင့် အလုပ်သမားတွေဟာ သူတို့တဲကုပ်တွေထဲက အလျှိုအလျှိုပြေးထွက်လာကြတယ်။ ကယောင်ကတန်းနဲ့ နွားကြိုးကောက်ကိုင်သူကိုင်၊ တွန်တုံး ကောက်မသူမ၊ တံပိုးကျည်းသယ်ချသူချ။ အလုပ်သမားတွေဟာ တစ်ခဏချင်း လှုပ်လှုပ်ရှားရှား ရုတ်ရုတ်သဲသဲဖြစ်ကုန်တယ်။

"အမယ် . . . အမယ် ခုမှဘာတွေ ကယောင်ကတန်း





ထလုပ်ကြတာလဲ။လူတွေကတော့ ဟုတ်သကွာ . . .။ ကဲပါ၊ ခုလုပ်နေတာတွေ ခဏရပ်လိုက်။ ငါကဘာလုပ်ချင်မှန်းမသိဘဲ စိတ်ထင်ရာကောက်လုပ်လို့ ဖြစ်တာ ကျ...နေတာပဲ။ ဒီကပြောတာ သေသေချာချာ နားထောင်စမ်း။ ငါ့လယ်တွေကို မနက်ဖန်မနက် စထွန်မယ်၊ အားလုံးကြားတယ်နော်"

" ကြားပါတယ် အရှင်ဘုရားရှင်ရဲ့ "

အလုပ်သမားတွေရဲ့ ပြိုင်တူအော်သံက နာဠလွှာလေးသိမ့်သိမ့်တုန်သွားသလား ထင်ရသည်။ ကိုယ့်အင်အားကြည့်ပြီး စိတ်တက်ကြွမိသည်...ော့ အမှန်ပင်။

" ဟုတ်ပြီ၊ ...ဘာ့ မနက်အတွက် နွားပိုက် သုံးထောင် အသင့်ပြ... ...ား။ အေး . . . ပြင်ဆိုလို့ တွေ့ရာနွား ကောက်မဆွဲလာကြနဲ့။ ဦးခေါင်းနဲ့ ခြေလေးဖက် အင်္ဂါငါးသွယ်တင့်တယ်တဲ့ နွားတွေရွေးခြယ်ထား . . ."

" ဟုတ်ကဲ့အရှင် "

" လက်ရွေးစင်နွားတွေရဲ့ဦးချိုမှာ ရွှေဦးချိုစွပ်၊ ခွာမှာတော့ ငွေခွာစွပ်တွေတပ်ထား "

"ကောင်းပါပြီ လယ်ရှင်ကြီး "

" ဘာလယ်ရှင်ကြီးလဲ . . . မြေပိုင်ရှင်မို့ မောင်မင်းတို့ကို အပေါ်စီးက ပြောနေတာမဟုတ်ဘူးဆိုတာ နားလည်။ ငါကအလုပ်လုပ်ရင် သူများထက် တိကျ၊ ဝီရိယရှိ၊ သပ်ရပ်တာလိုချင်တယ်။ ဒါငါ့မူပဲ။ဒါကြောင့်အသေးအဖွဲကစပြီး မှာနေတာ . . . အေး၊ နွားတွေကို ပန်းဖြူ၊ ပန်းနီ၊ ပန်းဝါ စတာတွေနဲ့ တန်ဆာဆင်ပြီး၊ တကိုယ်လုံးမှာ နံ့သာရေလိမ်းကျံပေး "



www.burmeseclassic.com

www.burmeseclassic.com



" ဟို. . . ကျွန်တော်မေးပါရစေ အရှင်ဘာရဋ္ဌါ၊ ခုဟာက လယ်ထွန်မှာမို့လား. . . "

လူရည်လည်သော လုပ်သားတစ်ဦးက မအိုးမအီ လေသံနှင့်ထမေးတယ်။ သူ့စိတ်ထဲမှာ အပိုအလုပ်တွေလို့ ထင်သလားမသိ။

" နေ. . . နေစမ်းပါဦး။ မောင်မင်းမေးတာက ဘာရည်ရွယ်တာလဲ. . . "

" ဒီလိုပါခင်ဗျာ. . . အရေးကြီးတာက အရှင်ရဲ့လယ်တွေ မနက်ဖန်ထွန်ပြီးဖို့၊ ထယ်ရေးကွဲဖို့. . . ဒီမြေမှာတမန်းမြန် မြန်ရဖို့. . . နောက်မျိုးစေ့ချနိုင်ဖို့. . . ပြီးတော့ "

" တော်ပြီ။ မောင်မင်းပြောမှာ ကျုပ်သဘောပေါက်တယ် . ကျုပ်ကဘယ်လိုလူစားဆိုတာ မောင်မင်းသိပါတယ်. . . ဘာအလုပ်လုပ်လုပ် ခမ်းနားတာ၊ သပ်ရပ်တာလိုချင်တယ် . . . ကိုယ်လုပ်တဲ့အလုပ်ကို တန်ဖိုးထားချင်တယ်။ လယ်ထွန်မယ်ဆိုတာနဲ့ ပုဆိုးခါးတောင်းကျိုက်ပြီး လယ် ကွက်ထဲဆင်းတာမျိုးကျုပ်ဘယ်တော့မှမလုပ်ဘူး။ မနက် ဖန်ခင်ဗျားတို့. . . အလုပ်သမားတွေ စုတ်စုတ်ပြတ်ပြတ်၊ ညစ်တီးညစ်ပတ်နဲ့ လယ်ထဲဆင်းဖို့မကြံနဲ့။

ကျွန်ုပ်စကားကြောင့် အလုပ်သမားတွေအချင်းချင်းကြည့် လျက်ပြုံးသည်ကို လှစ်ခနဲတွေ့လိုက်တယ်။ သူတို့ ဘာသဘောနဲ့ ပြုံးမှန်းကျုပ်နားလည်ပါတယ်။နေရာတကာဇာချဲ့တဲ့ပုဂ္ဂိုလ် . . . မလိုအပ်ပဲ ကြောင်ရေချိုးတဲ့ အဖိုးကြီးဆိုတဲ့ သဘောမှန်းရိပ် မိတယ်။

" အေးမနက်ကျရင်မောင်မင်းတို့အားလုံးရေချိုး၊ အသစ် စက်စက်အဝတ်ဖြူတွေဝတ်၊ ပန်းနံ့သာတွေဆင်ယင်၊





တစ်ကိုယ်လုံး ဆေးဒန်းမြင်းသီလာတွေလိမ်း. . . ပန်းခွေကြီးတွေကို မောင်မင်းတို့ ရဲ့လက်ျာပခုံးစွန်းမှာ တညီတညီးချိတ်ကြ "

" ကောင်းပါပြီ ဘာရဋ္ဌါ "

" ကျုပ်ပိုင်ထွန်တုံးငါးရာရှိတယ်။ အဲဒါကိုမောင်မင်းတို့ ထွန်စီးရမယ်။ ရှေ့ဆုံးထွန်မှာ ကျုပ်ကိုယ်တိုင်စီးမယ်။၊ နွားရှစ်ကောင်ကထား။ အေး. . . နောက်ထွန်တွေမှာ လေးကောင်စီက။ ပိုတဲ့နွားတွေက အလဲအလှယ် လုပ်နိုင်အောင် အသင့်ထား။

" ကောင်းပါပြီအရှင်. . . ဒီအတွက်မကြောင့်ကြပါနဲ့၊ အား လုံးအသင့် ထားပါမယ် "

" ဟုတ်ပါပြီ။ ဩော်. . . ဒါနဲ့၊ ပုဏ္ဏားမကြီးရော ကျုပ်စီစဉ် ခိုင်းထားတဲ့ နို့ယနာတွေပြီးပလား "

အလုပ်သမားတွေကိုအသေးစိတ်ညွှန်ကြားနေစဉ် အလိုက် သိသိအနားရောက်လာသောအိမ်ရှင်မကိုလှည့်မေးလိုက်တယ်။

" စိတ်ချပါရှင်ရယ်. . . ကျုပ်တို့မိန်းမသားတွေဘက်က တာဝန်မလစ်ဟင်းစေရပါဘူး။ မနက်ဖန်အသင့်ဖြစ် အောင် စီစဉ်နေပါတယ်. . . "

" အဟဲဟဲ၊ ဒီလိုတက်ညီလက်ညီမှပေါ့ရှင်မရာ. . . ဒါနဲ့နို့ ယနာက များရဲ့လား၊ အလုပ်သမားတွေက မယ်မင်းသိ တဲ့အတိုင်းနော်. . . စားနိုင်သဗျ။ အေးလေ. . . စားနိုင် မှလည်း လုပ်နိုင်မှာကိုး။

" ကဲပါရှင်. . . နှစ်စဉ်လုပ်နေတဲ့ အလုပ်ကျုပ်သိပါတယ်။ မနက်ဖန်ထွန်ဦးစီးဖို့သာ ရှင်ကပြင်ထား။ လုပ်ချိန်ကျမှ ဖျားသလေးနာသလေး မလုပ်နဲ့. . . ဟင်း။



www.burmeseclassic.com

www.burmeseclassic.com



" အဟဲဟဲ၊ မိန်းမကတော့ပြောရော့မယ်. . .ဘာရဌါဇ အကြောင်းမယ်မင်းအသိဆုံးပါဗျာ. . . အဟားဟားဟား"

* * *

ကျောင်းတော်က အုန်းမောင်းခေါက်တာနဲ့ ကျွန်ုပ် လူးလဲထလိုက်တယ်။ အိမ်ရှင်မအသင့်စီစဉ်ပေးထားတဲ့ရေလဲ ပုဆိုးယူ၊ မုတ်ဆိတ်ကြင်စွယ်တွေသုတ်သင်၊ကိုယ် လက်သန့်စင် ရေချိုးတယ်။ ပြီးတော့အမွှေးနံ့သာကိုသင်းထုံနေအောင် လိမ်းကျံပြီး အသပြာငါးရာတန်တဲ့ ပုဆိုးကိုဝတ်လိုက်တယ်။ တစ်ထောင်တန် ခြုံလွှာကိုတော့ လက်ဝဲပခုံးမှာတင်ကြည့်တယ်။ ဒီလိုပြင်ဆင် နေတုန်း ဖျတ်ခနဲအသိတစ်ခု ပြေးဝင်လာတယ်။

" မယ်မင်း. . . ဗျို့မယ်မင်းရေ. . . ခဏလောက်ဗျာ။ ဒီကို ခပ်မြန်မြန်လေးလာစမ်းပါ "

ကျွန်ုပ်ရဲ့ အလျင်စလိုခေါ်သံကြောင့် ပုဏ္ဏားမကြီး အပြေးအလွှား ရောက်လာတယ်။

" ဘာလို့ဒီလောက်အော်နေတာလဲရှင်ရဲ့။တော်တို့အလုပ် သမားတွေစားဖို့ နို့ယနာချက်ပြုတ်နေတာသိသားနဲ့ "

" အင်းပါဗျာ. . . သိပါတယ်။စီစဉ်တာလဲ စီစဉ်ပါ။လော လောဆယ်တော့ကျုပ်ရဲ့လက်ဝတ်လက်စားတွေထုတ်ပေး ပါဦး"

" အလိုလေးရှင်ရယ်. . . ဒါများကိုယ့်ဖါသာယူလိုက်လဲဖြစ် တာ။ ဟောဟိုယွန်းအစ်ထဲမှာ လက်စွပ်၊ နားဒောင်း၊ လက် ဝတ်ပစ္စည်းအစုံရှိနေတာပဲ။

" ဟုတ်ပြီ. . . ဟုတ်ပြီ။ ကျုပ်ကဝတ်ချင်လိုတော့ မဟုတ်ပါ ဘူးဗျာ. . . ဘာရဌါဇဟာဘယ်လိုလူစား. . . ဘယ်လို ဂုဏ်ဒြပ်နဲ့နေတယ်ဆိုတာ နာဋ္ဌရွာသားတွေသိပါတယ်။





ကိုယ့်ဂုဏ်နဲ့ညီအောင် ဆင်ယင်တဲ့သဘောပါ "

ကျွန်ုပ်က ပြောပြောဆိုဆိုနှင့် လက်စွပ်များကိုကောက်ဝတ် လိုက်တယ်။ လက်တစ်ချောင်းလျှင် တစ်ကွင်းစီစွပ်ပြီး၊ လက်ကိုရှေ့ ထောင်ကြည့်လိုက်တယ်။ လက်တွေကဟာ ယလိုလို. . . ပေါ့နေ သလိုလိုထင်လို့ နောက်တစ်ကွင်းစီ ကောက်စွပ်လိုက်ပြန်တယ်။ လက်စွပ်နှစ်ဆယ်စွပ်ထားတဲ့ လက်ချောင်းတွေကို ထောင်ပြီး အဝေးအနီး ပုံစံအမျိုးမျိုး ထားကြည့်လိုက်တယ် "

ပန်းတိမ်ကျော်ထံအပ်နှံပြီး ဇမ္ဗူရာဇ် ရွှေစင်နှင့်လုပ်ထား တဲ့လက်စွပ်တွေက ဖွေးဖွေးဖြူဖြူ အသားအရေနှင့် အင်မတန်လိုက် ဖက်လွန်းပေစွ။

ကျွန်ုပ်ဟာ ယွန်းအစ်ထဲက ခြသေ့်ခံတွင်းပုံနားဒောင်းကို ကောက်ယူလိုက်ပြန်တယ်။ ကြေးမုံပြင်ရှေ့ရပ်ပြီး၊ သေသေချာချာ ကြည့်ကာပန်ဆင်လိုက်တယ်။

လက်ဝတ်တန်ဆာတွေဝတ်ပြီးတော့ ပိုးပဝါပေါင်းကိုယူ ပေါင်းလိုက်တယ်။ ပိတောက်ခြောက်ရောင်ပဝါလေးက ကျွန်ုပ် အသားအရေကို ဝင်းမှဲ့သွားစေသလိုပါပဲ။

အားလုံးပြီးပြည့်စုံပြီဟုထင်ပြီး၊ လှမ်းထွက်ဖို့အလုပ်မှာ တစ် စုံတစ်ခုကို သတိရလိုက်ပြန်တယ်။

" အမယ်. . . ဟော. . . ဟော။ ဟုတ်သားပေါ့။ ဒါမပါ ရင်ဘယ်မှာ အင်္ဂါစုံတယ်ခေါ်မလဲ။ ပွဲတိုင်းမှာ အဖိုးတစ်သိန်းထိုက် တဲ့ ဒီလည်ဆွဲက ဆွဲနေကျဖြစ်တာပါ။ ဒီပွဲမှာလည်း ဝတ်ကို ဝတ်ရမယ် . . ."

ကျွန်ုပ်က ယွန်းအစ်ထဲက လည်ဆွဲကြီးကိုထုတ်ယူပြီး ရင်အုံ ပေါ်တင်ကြည့်လိုက်တယ်။ ကျေနပ်ပီတိဖြစ်နေတဲ့ ကျွန်ုပ်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ကြေးမုံပြင်မှာ အထင်းသားပြန်မြင်လိုက်ပါတော့တယ်။

. . .

လယ်ကွင်းတစ်ခုလုံး ထွန်ရှဥ်းများနှင့် မည်းမည်းတုတ်နေပြီ။

သစ်သစ်လွင်လွင် အဝတ်အစားများဝတ်ဆင်လျက် ပန်းနံ့သာ လိမ်းခြယ်ထားသော လယ်လုပ်သားများ အသွင်က တောင်ထိပ် နက္ခတ်ပွဲ ဆင်နွှဲသူများနှယ် မြူးကြွနေတယ်။ သူဌေးကြီးဘာရဒွါဇ လယ်ထွန်ပွဲ ကျင်းပမဟေ့. . . ဆိုတဲ့ သတင်းကြောင့် နာဠတစ်ရွာလုံး လယ်ကွင်းဆီရောက်နေကြပြီ။

" ကိုင်းရှင်မရေ. . . ဟောဒီခွက်ထဲ နို့ယနာထည့်ပျို့ထေး
ပတ်နဲ့တင်လဲရည်လည်း လိုသလိုသုံးဗျာ . အသင့်ဖြစ်ရင်
ကျုပ်နဲ့ ရှင်မ ထွန်တုံးနတ်ကို ပူဇော်ကြစို့ "

ကျွန်ုပ်စားနေကျ ရွှေခွက်ကို သန့်စင်အောင်ဆေးကြောပြီး နို့ယနာကိုထည့်လိုက်တယ်။ ပြီးတော့ ကျုပ်တို့ဇနီးမောင်နှံက ထွန်တုံး ငါးရာထိပ်မှာ နေရာယူတယ်။ နတ်မင်းကြီးကို အရိုအသေပေးတဲ့ သဘောနဲ့ ဒူးတုပ်ထိုင်ပြီး နို့ခွက်ကို ဦးခေါင်းထက်မြှောက်လျက် တိုင်တည်ပါတယ်။

" အို. . . လယ်မြေကို စောင့်ရှောက်သောနတ်မင်း။ ကျွန်ုပ်
ဘာရဒွါဇပူဇော်ပါ၏။ မွန်မြတ်သော ဤယနာနို့ဆွမ်းကို
ရွှင်ပြုံးစွာသုံးဆောင်ပါ။ ကြည်နူးချမ်းမြေ့တော်မူပါ။
ထို့အတူ ကျွန်ုပ်တို့ဝမ်းမြောက်စေရန် ဆန်ရေစပါး
ပေးသနားတော်မူပါ။ အလုံးစုံသော သနားကြင်နာမှုကို
ရရှိခံစားပါရစေ တန်ခိုးရှင်နတ်မင်း "
နတ်မင်းထံမှာလိုရာဆုတောင်းပြီးတာနဲ့ နို့ယနာတွေကို





ထွန်တုံးထက် လောင်းချလိုက်တယ်။ ဒီလိုပူဇော်ရင် ထွန်တုံး နတ်၊ လယ်နတ်၊ မိုးနတ်တွေက စောင့်ရှောက်တယ်လို့ ကျွန်ုပ်တို့ ယုံကြည်တယ်။ မျှော်လည်းမျှော်လင့်တယ်။

နတ်ကိုပူဇော်ပြီးတာနဲ့ လုပ်သားတွေ ကျွေးမွေးဖို့ပြင်ဆင်ပါတယ်။ အိမ်ရှင်မနှင့်သူ့အသိုင်းအဝိုင်းက နို့ယနာအိုးကြီးတွေသယ်ချလာပြီး၊ ပန်းကန်တွေထဲထည့်ပေးတယ်။ ကျွန်ုပ်ကိုယ်တိုင် ရွှေယောက်မျိုခွက်နှင့် လိုက်ထည့်ပေးပါတယ်။

" ကဲစားကြစမ်းပါ မောင်တို့ရာ. . . မင်းတို့သခင်မ
စီမံချက်ပြုတ်တဲ့ ဒီလိုယနာနို့မျိုးက စားရခဲပါဘိ။
တင်လဲရည်လည်း လိုသလောက်သာထည့်စားကြ။
ဟော. . . ဟိုသူငယ်ကို ထည့်ပေးပါဦးကွ။ လူငယ်ဆိုတော့
စားကောင်းတယ်။ စားသာစား၊ ဝအောင်သာစား၊
အားနာစရာတစ်ချက်မရှိဘူး။ ဝမ်းဝမှ အလုပ်လုပ်
နိုင်မှာနော်. . . "

ကျွန်ုပ်ဟာ ဟိုဟိုသည်သည် လှုပ်ရှားသွားလာရင်း လိုအပ်သမျှ ညွှန်ကြားပါတယ်။ လုပ်သားတွေဒီလိုပျော်ပျော်ရွှင်ရွှင်စားတာမြင်ရတော့ကျုပ်လည်း ကြည်နူးတယ်။ တကယ်တော့သူတို့ဟာ ကိုယ်နဲ့စီးပွားဖက်။ ကျေးဇူးရှင်လို့ ပြောရင်လည်းရပါတယ်။ သူတို့လုပ်အားကြောင့် ကျုပ်ချမ်းချမ်းသာသာ နေရတယ်ဆိုရင်မမှားပါဘူး။

" အလို. . ဘာဖြစ်ကြတာလဲ "

လုပ်သားငါးရာနှင့် ခြေပရိတ်သတ်တွေဟာ နို့ယနာစားရာက စားလက်စခွက်တွေကို ကပျာကယာ ဘေးချ၊ လက်တွေပါးစပ်တွေသုတ်သင်ပြီး ကသုတ်ကရက် ပြေးသွားကြတာတွေ့ရ၊ ကျွန်ုပ် မေးမိတယ်။

www.burmeseclassic.com



" လယ်ကွင်းကိုဘုရားရှင်ကြွလာလို့ လယ်လုပ်သားတွေ
ရှိခိုးကြတာသူမြင်ရွေး "
စိတ်တိုပြီး ကိုယ်ခန္ဓာတင်းသည့်နှယ် ဖြစ်သွားတယ်။

" နေစမ်းပါဦး၊ ဘုရားက ငါ့လယ်ထဲ ဘာလာလုပ်တာလဲ။ ဒီမှာ လူတွေအလုပ်ရှုပ်နေမှန်းမသိဘူးလား. . . ဝမ်းရေးအတွက် လုံးပမ်းရတာ ဘယ်လောက်အရေးကြီးနေတယ်ဆိုတာ မသိဘူးလား . . . အရေးထဲအရာပေါ်။ မဖြစ်ပါဘူး မြန်မြန်ပြန်သွားအောင်ပြောလွှတ်မှပါ " ဟုတွေးလျက်ဘုရားရှင်ရှိရာကို လျှောက်ခဲ့တယ်။

. . .

လူအများဝိုင်းအုံရှိခိုးနေတဲ့ ဘုရားရှင်ကို ခါးထောက်လျက် ခပ်စိမ်းစိမ်းကြည့်လိုက်တယ်။

"အင်း. . . ရုပ်လက္ခဏာသွင်ပြင်ကြည့်ရတာ တကယ့်ယောကျ်ားကောင်းပီသတဲ့ ပုဂ္ဂိုလ်ပဲ။ မျိုးရိုးဗီဇကလည်း မြင့်မြတ်တယ်။ ဘုရင်သားသကျသွေးဖြစ်ရက်သားနဲ့ တကယ့်လောကစည်းစိမ်ခံစားနေနိုင်တာ အေးအေးမနေဘူး။ လူပျင်းအလုပ် ဘာမဟုတ်တဲ့ဆွမ်းကို အိမ်စဉ်လိုက်ခံနေသတဲ့။"

ကျွန်ုပ်ဟာ ဂေါတမဘုရားကို စေ့စေ့ကြည့်ရင်း အားမလိုအားမရဖြစ်မိတယ်။ ဒီပုဂ္ဂိုလ်ရဲ့ စိတ်ဓါတ်ကို ငါပြုပြင်မှ ဖြစ်တော့မယ်လို့လည်း တွေးမိတယ်။

"အို. . . ရဟန်းဂေါတမ။ ငါဟာ အသက်ကြီးအရွယ်ထောက်အားအင်ချိနဲ့နေပေမယ့် ခုချိန်ထိအလုပ်လုပ်သေးတယ်။ ဆန်စပါးစိုက်ပျိုးစားလို့ ငါက တင့်တောင့်တင့်တယ်နေနိုင်တယ်။ ဒီမယ်ဂေါတမ၊ သင်ဟာခွန်အားဗလလည်းပြည့်တယ်. . . နုပျိုသူ





လည်းဖြစ်တယ်. . . ငါလိုအလုပ်လုပ်ရင် အတိုင်းအဆ
မရှိချမ်းသာမှာလည်းအမှန်ပဲ။ ဘာဖြစ်လို့ အိမ်စဉ်လှည့်ပြီး
လူပျင်းအလုပ်လုပ်နေတုန်း ဂေါတမ "

ကျွန်ုပ်ဟာမုန်းတီးစိတ်အလျဉ်းမရှိပဲ၊ ပြုပြင်ချင်တဲ့သဘောနဲ့ ဒီစကားဆိုလိုက်တယ်။ ဒီလိုပြောရင် အရှက်ကြီးရှက်ပြီး၊ မခံချင်စိတ်နဲ့ အလုပ်လုပ်လိမ့်မယ်လို့လည်းတွေးလိုက်တယ်။

"အို . . . ပုဏ္ဏားကြီး။ ငါဘုရားဟာသင်ကဲ့သို့ပင်
လယ်ထွန်အမှုပြုတယ်။ မျိုးကြဲစိုက်ပျိုးတယ်။ သင့်နှယ်
ချမ်းသာစွာ စားသောက်နိုင်တယ်ဘာရဒွါဇ"

တုန့်ပြန်စကားကြားလိုက်တဲ့ ကျွန်ုပ်ဟာ လက်ခုပ်လက်ဝါးတီးရယ်မိတယ်။ လူပုံအလယ်မှာ အပြောခံရလို့ရှက်စိတ်နဲ့မှုသားသုံးတဲ့ရဟန်းဂေါတမကိုကြည့်ပြီး မရယ်ဘဲမနေနိုင်ဘူး။ တကယ်တော့ ကျွန်ုပ်ကို မျက်စိမှုံ၊ နားထိုင်း၊ ခါးကိုင်းနေတဲ့ ပုဏ္ဏားကြီး ဘာမှမကြားဘူး။ မမြင်ဘူးလို့ ထင်နေသလားမသိဘူး။ ပြောင်လိမ်တာကို သဘောကျသွားတယ်။

"အို. . . ရဟန်း။ ဘာကြောင့်များမုသားစကားပြောချင်
တာလဲ။ သင်ဟာလယ်လုပ်တယ်ဆိုရင် မေးပါဦးမယ် . . .
ဘယ်မလဲထွန်တုံး ။ ထွန်တုံးမရှိပဲဘာနဲ့ ထွန်သတုန်းဗျာ။
ဘယ်မလဲနွား။နွားမပါပဲဘာနဲ့ ရှန်းခိုင်းသတုန်းဗျာ . . .
မဟုတ်တဲ့စကား အရှက်ပြေမပြောပါနဲ့ "

ကျွန်ုပ်က အရှက်ရအောင်ပြောင်လှောင်ရွှတ်ချစကားဆိုပေမယ့် ဘုရားရှင်က မတုန်လှုပ်၊ အိန္ဒြေမပျက်။ ကျွန်ုပ်ကိုပင်ကရုဏာမျက်လုံးနှင့်ကြည့်ရင်း တည်တည်ငြိမ်ငြိမ် တုန့်ပြန်စကားဆိုတယ်။

"အို . . ဘာရဒွါဇ၊ ငါဘုရားဟာ အမှန်ပင်



www.burmeseclassic.com

www.burmeseclassic.com



လယ်လုပ်ပေတယ်။ သင်ကဲ့သို့ပင် မျိုးစေ့ကို အမှန်ပင် ကြဲစိုက်ပေ တယ်။ ဘာရဒွါဇ. . . သင်က စပါးမျိုးစေ့ ကြဲစိုက်ပေမယ့် ငါက ငါ့လယ်မှာ သဒ္ဓါမျိုးစေ့ ကြဲစိုက်ပါတယ် "

" ဘာ. . ဘယ်လိုဘယ်လို။ သဒ္ဓါမျိုးစေ့ဟုတ်လား။ ဒါမျိုး ကျုပ်တစ်သက်မှာတစ်ခါမှမကြားဘူးပါလား။ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း ဒါတွေသာကြားဖူးပါသဗျာ။

ကျွန်ုပ်ဘာရဒွါဇဟာ အထူးအဆန်းစကားကြောင့် ကြောင်တောင်တောင်ဖြစ်သွားတာအမှန်ပါ။ ကျွန်ုပ်မသိတဲ့မျိုးစေ့ကို သူဘယ်လိုစိုက်ပျိုးထားတယ်ဆိုတာ အလွန်သိချင်သွားတယ်။ ဒါကြောင့်

"ရှင်း စမ်းပါဦး " လို့တောင်းဆိုလိုက်တယ်။

" ဘာရဒွါဇ၊ သင်စိုက်တဲ့ သလေးစပါးမျိုးဟာ လယ်မြေကောင်းမှာဖြစ်တည်၊ အမြစ်တွယ်၊ အညွန့်ထွက်၊ နှံတံဖြစ်၊ အနှံကြီးထွား၊ နို့ရည်ဖြစ်သလို ငါရဲ့သဒ္ဓါမျိုးစေ့ဟာ စိတ်အစဉ်တည်းဟူသော လယ်မြေကောင်းမှာ တည်စေတယ်။ အမြစ်တွယ်စေတယ်။ သီလဝိသုဒ္ဓိစသော လောကီဝိသုဒ္ဓိခြောက်ပါးမှာ ကြီးထွားစေတယ် ပုဏ္ဏား"

ကျွန်ုပ်ဟာ သကျသားဘုရားရှင်ထံက စိတ်ဝင်စားစရာစကားကြားလိုက်လို့တော်တော်အံ့ဩနေမိတယ်။ ရှေ့ဆက်မည့်စကားကို ငံ့လင့်နေလိုက်တယ်။

" အို. . . ဘာရဒွါဇ။ သင်ကြဲတဲ့မျိုးစေ့ရှင်သန်အောင်ရေလိုသလို၊ ငါရဲ့သဒ္ဓါမျိုးစေ့ရှင်သန်ဖို့ အိန္ဒြေခြောက်ပါးစောင့်စည်းမှု ရေကို သိုလှောင်ရပေတယ် "

" အင်း. . . မဆိုးပါဘူး "





"အိန္ဒြေ ခြောက်ပါးစောင့်လို့ သဒ္ဓါမျိုးစေ့ရှင်သန်ဖွံ့ဖြိုးရင် သီလ၊ သမာဓိ၊ ပညာတရားတွေဟာ ဘယ်ခါမညှိုး၊ အစဉ်လန်းဆန်းနေတယ်"

ကျွန်ုပ်ဟာ လယ်အလုပ်မလုပ်သူလို့ အထင်သေးမိတဲ့ ပုဂ္ဂိုလ်ထံက လယ်သမားနှင့်စပ်ဆိုင်တဲ့စကားတို့ အဆက်အစပ်အတွေးခေါ်နဲ့ကြားရတော့ အံ့ဩသွားမိတယ်။ စိတ်ထဲကလည်း ချီးကျူးမိတယ်။

"အိုပုဏ္ဏား. . . သင်ဟာ လယ်လုပ်ဖို့ထမ်းပိုးနဲ့ထွန်တုံးဆောင်ရမဟုတ်လား. . . ငါလည်းအလားတူတဲ့ ဝိပဿနာဉာဏ်နှင့် မဂ်လေးပါးတရား ဆောင်ရပေတယ်. . .။

"ဩော်. . . ဩော်။ တယ်ဟုတ်ပါလား။ စိတ်ဝင်စားစရာကောင်းလာပြီ။ ဆက်ပြောပါဦး "

"ထမ်းပိုးဟာ ထွန်တန်ကိုမှီရတယ်။ ထွန်တန်နဲ့တဆက်တည်းဖွဲ့ရတယ်။ ဒီလိုဖွဲ့ချည်းနိုင်ဖို့ ကြိုးလိုတယ်။ အဲဒီလိုပြုပြင်စီမံပြီးမှ နွားနဲ့ရုန်းရတယ်။ ဒီလိုပဲ မဟုတ်လား."

"မှန်ပေတယ် ဂေါတမ "

"ငါဘုရားလည်း သင့်လိုပဲ ဟိရိဩတ္တပ္ပတည်းဟူသော ထွန်တန်မှာ ဝိပဿနာမဂ်ဉာဏ်တည်းဟူသော ထမ်းပိုးကို သမာဓိကြိုးနဲ့ တဆက်တစပ်တည်းဖြစ်အောင် ဖွဲ့နှောင်ရတယ်။ ပြီးတော့ဝီရိယတည်းဟူသော နွားနဲ့ ယှဉ်ပြီး သတိဟူသောနှင်တံနှင့် ထွန်ယက်မောင်းနှင်ရပေတယ်"

"အင်း. . . သင်ပြောပုံက ယုတ္တိယုတ္တာရှိတာအမှန်ပဲ"

"အိုပုဏ္ဏား. . . ငါရဲ့စိတ်ကိုအဦးထား သမာဓိတရားဟာ



www.burmeseclassic.com

www.burmeseclassic.com



ချည်တဲ့ဖွဲ့တဲ့ ထွန်းညှင်းကြိုးဖြစ်ပေတယ်။ ငါဘုရားရဲ့သတိဟာထွန်သွားနဲ့ နှင်တံဖြစ်တယ်။ ဝိပဿနာဉာဏ်နှင့်ယှဉ်တဲ့သတိမဂ်၊ နှင့်ယှဉ်တဲ့သတိဟာ ထွန်သွားနဲ့ နှင်တံပါပဲ ”

ကျွန်ုပ်ဟာ ဘုရားရှင်ကိုနှိမ့်ချစကားပြောဖို့ မဆိုထားနှင့် အထင်သေးစကားပင် မဆိုဝံ့သော့။ သကျသား၊ ဘာမှမလုပ်ဖူးသူ၊ မကျွမ်းကျင်သူဟု ပြောရန်ပင်ခက်သွားပြီ။

“အိုပုဏ္ဏား... သင်ဟာလယ်ကို လုံခြုံအောင် ဆူး၊ သစ်ပင်၊ တံတိုင်း၊ ဝါး၊ စည်းရိုး မကာရသလော...”

“ကာရတာပေါ့ ဗုဒ္ဓရဲ့။ မကာရင် ကိုယ်စိုက်ပျိုးတာလေး ဖျက်ဆီးခံရမှာပေါ့ ”

“မှန်ပါပေတယ်။ ငါလည်းငါ့စိုက်ခင်းကို လုံခြုံအောင် ကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက်လေးပါး၊ မနောသုစရိုက်သုံးပါးဆိုတဲ့ စည်းရိုးနဲ့ကာရတယ်။ ဒါမှ နွား၊ ကျွဲ၊ သားသမင်တို့နဲ့တူတဲ့ ရာဂ၊ ဒေါသ၊ မောဟ အဖျက်သမားတွေ မဝင်နိုင်မှာပေါ့ ”

ဥပမာ ဥပမေယျစကားကို နှစ်ခြိုက်သွားမိပြန်တယ်။ ခွန်းတုံ့စကားဆိုဖို့ မစဉ်းစားရုံမက ဥပမာ ထင်ဟပ်စကားနာကြားချင်စိတ်ဖြစ်မိသွားတယ်။

“အိုပုဏ္ဏား... သင်ဟာ လယ် စိုက်ပျိုးပြီးရင် ကောက်ပင်တွေဖျက်ဆီးတဲ့ ပေါင်းမြက်ကို လက်နဲ့ဖြစ်ဖြစ်၊ တံစဉ်နဲ့ဖြစ်ဖြစ်ဖြုတ်တောက်ရဘူးလား...”

“ဖြုတ်ရတာပေါ့ဘုရား...။ ပေါင်းမြက်ရှင်းမှ စပါးပင်က ဖွံ့ဖြိုးမှာကိုး ”





“မှန်တယ်ဘာရဒွါဇ။ ငါဟာကိုယ်တွင်း အဇ္ဈတ္တိက ဓမ္မလယ်ထွန်ပြီးရင် ကုသိုလ်တရားစပါးကို မပျက်မစီး၊ မဖျက်ဆီးနိုင်အောင် အနုရိယဝေါဟာရရှစ်ပါး၊ မုသားပေါင်းမြက်ကို အရိယဝေါဟာရရှစ်ပါး၊ သစ္စာစကားတည်းဟူသောတံစဉ်နဲ့ သုတ်သင်ရပေတယ်။”

ကျွန်ုပ်ဟာ ရိုင်းပြတဲ့ အမူအရာအရာနဲ့ ပြက်ရယ်ရှုပ်ချစော်ကားမိတဲ့အတွက် နောင်တကြီးစွာရပြီး အလိုလိုဒူးတုပ်ချလိုက်တယ်။ နဖူးလက်တင် ရှိခိုးလိုက်တယ်။ ဘုရားရှင်က တရားမိုးကို အဆက်မပြတ်ရွာသွန်းနေပါတယ်။

“ အို... ပုဏ္ဏား၊ သင်ဟာ ဒီလယ်ကိုလုပ်၊ သီးနှံထွက်ရင် လယ်သိမ်းပြီး အနားယူတယ်မဟုတ်လား.. ဒီလိုနားတာဟာ နောင်နှစ်အလုပ်မစခင် တအောင့်တနား နားနေတာသာဖြစ်မယ်၊ အပြီးတိုင်မဟုတ်ဘူး။ မသေမချင်းလယ်အလုပ်ကို မစွန့်မချင်း ဒီအလုပ်ကို ဆက်လုပ်ရဦးမယ်။ ငါဘုရားဟာ ထွန်တုံးကိုဖြုတ်၊ လယ်အလုပ်ကို နားခြင်းဟာ ခဏမဟုတ်၊ အပြီးတိုင်ဖြစ်တယ်။ ငါဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း မရပ်မနားလယ်ထွန်ပြီး ဗောဓိပင်နဲ့ရွှေပလ္လင်ထိုင်လျက် အရဟတ္တဖိုလ်ကို ရောက်ပြီးမှ ကြောင့်ကြမဲ့စွာနားနေခဲ့တယ်။ ငါ့အဖို့ လယ်ထွန်စရာအကြောင်း မရှိတော့။

· · ·

ကျွန်ုပ် ဘာရဒွါဇဟာ ဥပမာဟပ်ဟောလေသော နက်နဲတဲ့ တရားကို နာလိုက်ရတော့ ဉာဏ်အလင်းက ထင်းထင်းကြီးပေါ်လာတယ်။

“ ဩော်... ငါရဲ့လယ်ထွန်မှုကြောင့်ရတဲ့ ကောက်နှံ



www.burmeseclassic.com

www.burmeseclassic.com



စပါးစားရလို့ ဒီနေ့တစ်နေ့ ဝမ်းမီးငြိမ်းပေမယ့် နောက်တနေ့မှာဆာလောင် မွတ်သိပ်ရပေတယ်။ မဆုံးနိုင်တဲ့တောင်တမှုက မငြိမ်းဘူး။ ဘုရားရှင်ရဲ့ ဓမ္မလယ်ထွန်ခြင်းက နိဗ္ဗာန်ဟူတဲ့ အမြိုက်သီးစားသုံးရတယ်။ အမြိုက်သီးဟာ ဆင်းရဲဒုက္ခ အားလုံးငြိမ်းသွားတယ်. ဟုတ်တာပဲ၊ ဘုရားရှင်ဟာ လယ်သမားပဲ။ ဓမ္မလယ်လုပ်သမားပဲ။ ဓမ္မလယ်လုပ်နေတဲ့ တကယ့်လယ်သမားကြီးပါလား. . . "

ကျွန်ုပ်ဟာ သည်အတွေးဝင်တာနဲ့ ကြည့်ညိုစိတ်ဖြစ်ပြီး တစ်ခါဦးခိုက်လိုက်ပြန်ပါတယ်။ ပြီးတော့ နို့ယနာဆွမ်းကို ရွှေခွက်မှာထည့် ပိတ်ဖြူကိုအုပ်ပြီး ဘုရားရှင်ကို တရိုတသေ ဆက်ကပ်လိုက်တယ်။

"အရှင်ဘုရား. . . ကျွန်ုပ် ဘာရဒွါဇဟာ ကြောင်းရင်းအမှန်ကို မသိတာကြောင့် လူပျင်းအလုပ်၊ အိမ်စဉ်လှည့်ဆွမ်းခံစားတယ်ထင်ကာ ပြောင်လှောင်သရော်မိပါတယ်။ ဒီအတွက် ခွင့်လွှတ်ပါဘုရား. . တကယ်တော့ ဘုရားရှင်ဟာ နိဗ္ဗာန်တည်းဟူသော အသီးအလို့ငှာ ဓမ္မလက်ထွန်နေတဲ့ တကယ်ယောက်ျား. . အင်မတန်စင်ကြယ်တဲ့အမှုနဲ့ အသက်မွေးတဲ့ ပုဂ္ဂိုလ်မှန်း သိရပါပြီ။ ဒါကြောင့် ကျွန်ုပ်လှူတဲ့ ဤနို့ယနာကို ဘုဉ်းပေးပါတော့"

" အို. . . ပုဏ္ဏား. . . ငါအပါအဝင် အဆူဆူသော ဘုရားရှင်တို့ဟာ ဂါထာသီကြူးခြင်းဖြင့် ရအပ်သော ဘောဇဉ်ကို မသုံးထိုက်၊ မဘုဉ်းပေးစကောင်း "

" အရှင်ဘုရား. . . နို့ယနာအတွက် ဒီဂါထာကို သီကြူးခြင်းမဟုတ်မှန်း တပည့်တော် ဘာရဒွါဇသိပါတယ်. . . "

ကျွန်ုပ်က စေတနာသဒ္ဓါစိတ်နှင့် လှူဒါန်းခြင်းကိုငြင်းပယ်





လိုက်လို့ ရင်ထဲခံစားသွားရတယ်။ အလှူဒါနနဲ့ ပတ်သတ်လို့ ဘုန်းကံ မဲ့လေပလားလို့ တွေးပြီးနှလုံးစိတ်ဝမ်းညှိုးနွမ်းသွားရတယ်။ အင်း . . . ဒီယနာနို့ကို အလှူမခံရင်လဲ တခြား တစ်ခုခုအလှူခံ ကောင်းသားဟု ကြံစည်မိပြန်တယ်။ ကျွန်ုပ်၏ စိတ်အကြံကိုသိသော ဘုရားရှင်က ဆက်၍မိန့်ပြန်တယ်။

" အို. . . ဘာရဒွါဇ၊ သင်ဟာဘုရားကို ရည်စူးပြီးဆောင်ယူလာတဲ့ ဒီဆွမ်းကို အခြားသူအားမပေးထိုက် "

" ဒါဆိုဘယ်သူ့ကို လှူရမလဲ ဘုရား. . . တပည့်တော်ပေးလှူရမဲ့ပုဂ္ဂိုလ် မရှိတော့ဘူးလား ဘုရား။"

" ပုဏ္ဏား၊ ဒီယနာနို့ဆွမ်းဟာ ငါဘုရားနဲ့ဘုရားသားတော်များမှတပါး ခံယူစားသုံးခြင်းပြုက ကြေကျက်ခြင်းမရောက်နိုင်၊ ဒီတော့မြက်သစ်ပင်မရှိ၊ ပိုးကင်းတဲ့ရေမှာသာစွန့်လေတော့ "

ကျွန်ုပ်ဟာ ဘုရားညွှန်တဲ့အတိုင်း ရေမှာချလိုက်ရာ၊ နို့ယနာဟာတရှဲရှဲမြည်ပြီး၊ အခိုးထွက်လာတယ်။ ကျွန်ုပ်အထိတ်တလန့်ဖြစ်လျက် နောက်ကိုပင် ခုန်ဆုတ်မိသွားတယ်။ အရာရာကိုသိနေတဲ့ ဘုရားရှင်ရဲ့ ဘုန်းတန်ခိုးစွမ်းရည်ကို မျက်ဝါးထင်ထင်မြင်လိုက်တော့ ကျွန်ုပ်က ဘုရားရှင်ရဲ့ခြေတော်ကို ဦးခိုက်လိုက်ပါတော့တယ်. . . "

" အိုမြတ်ဘုရား. . . ကျွန်ုပ်ဘာရဒွါဇ ပြတ်ပြတ်ထင်ထင်မြင်ပါပြီ။ အို. . . ဘုန်းတော်အနန္တ၊ တန်ခိုးတော်အနန္တပြည့်စုံသောမြတ်ဘုရား. . . မျက်စိလည်လမ်းမှားနေသူကို အမှန်လမ်းရောက်အောင် ညွှန်ပြ

www.burmeseclassic.com


ဆုံးမနိုင်လို့ တပည့်တော် သွားရမည့်လမ်းကိုသိခဲ့ပါပြီ။ ကိုးကွယ်ရာအစစ်၊ ဓမ္မအစစ် . . . သံဃာအစစ်ကို မြင်ခဲ့ပြီမို့ ဘုရားတပည့်တော်ကို သည်းခံဆုံးမတော်မူပါဘုရား. . . ”

“ဧဟိဘိက္ခု ဘာရဒွါဇ ”

လယ်ကွင်းထဲအထိ ဆင်းလျက် သစ္စာလေးပါးတရားမြတ်ကိုဟောကြားသောဘုရားရှင်၏ တရားအဆုံးတွင် ကျွန်ုပ်သည် သလေးစပါးစိုက်ပျိုးစားသည့် လယ်သမားဘဝကို စွန့်လွှတ်လိုက်ပါသည်။ ကျွန်ုပ်ဘာရဒွါဇကား အမြိုက်သီးစိုက်တဲ့ ဓမ္မလယ်သမားကြီး စစ်စစ်ဖြစ်ခဲ့ပေပြီ။

မောင်ဆန္ဒ(လယ်ဝေး)

HEIN HTET PRINTING GROUP



www.burmeseclassic.com

www.burmeseclassic.com

တထာဂတ၊ သင်ဟာ အရွယ်ရှိသေးတဲ့ ယောကျ်ား ကောင်းမဟုတ်လား။ စွမ်းအားရှိတဲ့ ယောကျ်ား မှန်ရင် မျိုးနွယ်ဆက်အမွေ ထိန်းသိမ်းသင့်တာ သဘောပေါက်ပါလိမ့်မယ်။ ဒီလိုထိန်းသိမ်းရင်လဲ ကျွန်ုပ်သမီးဟာ အလျော်ကန်ဆုံးဖြစ်ပါတယ် တထာဂတ။

(မာဂဏ္ဍီ)





# ရွှေသမက် ငွေသမက်

“ဒီမယ်ရှင်မ၊ ခင်ဗျားကလည်း ကိုယ့်ကိစ္စကို စိတ်ဝင်စားအုံးဗျ၊ ကျုပ်ကမိသားစုစီးပွားရေးလည်း လုံးပမ်းရ၊ မင်းရေးမင်းမှုလည်း ထမ်းရွက်ရ၊ ရပ်ရေးရွာရေးလည်းပါရ၊ ဘယ့်နှယ့်ဗျာ .. နေရာတကာ မာဂဏ္ဍီ ဖြစ်နေပြီ။ ဒီမိသားစုအရေးကို ရှင်မလည်း တာဝန်ရှိတာ တော့ သတိပြုအုံး”

ကျွန်ုပ်ပုဏ္ဏားကြီးမာဂဏ္ဍီသည် ကိုင်းညွတ်နေပြီဖြစ်သော ခါးကို ထူမတ်လျက် ပုဏ္ဏေးမကြီး မျက်နှာစေ့စေ့ကြည့်ကာ မြည်တွန်တောက်တီးနေမိသည်။ အနှစ်လေးဆယ်ကျော် ပေါင်းသင်းလာသည့် လင်သားသဘောကို သိနေသော ပုဏ္ဏေးမကြီးက၊ အနားလာကပ် ပြောနေသည့် ကျွန်ုပ်မျက်နှာကို တစ်ချက်ပင့်ကြည့်ပြီး၊ အရေးမကြီးလေဟန်ဖြင့် ချုပ်လက်စအထည်ကို ဟန်မပျက်ဆက်လုပ်နေလိုက်သည်။

ကြောင်အိုတော့ ကြွက်မလေး ဆိုစကားနှင့်အညီ လူအိုမှိုအိမ်သူဇနီးမယားက မလေးစားလေရော့သလား။ ငါမအိုသေးဘူး ဟောဟူသော ဟန်ပန်ဖြင့် ခါးကိုခပ်တင်းတင်း ဆန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စမျိုးက မိခင်တစ်ယောက်တာဝန်ဆိုတာတော့ ရှင်မနားလည်ပါတယ်နော်. . ."

"ဘာကိစ္စလဲ"

ဘာရည်ရွယ်ပြောနေမှန်း သိပေမယ့် မသိလေဟန်ဖြင့် တမင်မျက်မှုံကုပ်ပြီး ခပ်ဆတ်ဆတ် မေးလိုက်သည်။ ကျွန်ုပ်က ကျွတ်ခနဲစုတ်တစ်ချက်သပ်ပြီး ခေါင်းသွက်သွက် ခါရမ်းလိုက်သည်။

"ခက်သဗျာ. . ရှင်မတို့က အရိပ်ပြလို့ အကောင်မထင်ဘူး။ ဆင်ကောင်ကြီးချပြရင်တောင် ဘာမှန်းမသိလို့ ဆလိမ်သေတ်ဆင်လို့ ရေးပြရမလို ဖြစ်နေပြီ"

"ပြသင့်ပြရမှာဘဲလေ. . လူနားလာပြီး ပဟေဠိ ဖွက်သလို စကားတွေလာပြောနေတော့ ဒီကဘယ်လိုလုပ် နားလည်မလဲ"

"ကောင်းဗျ. . ကောင်းပါတယ်။ ဒီမယ်ရှင်မ၊ ဒီအိမ်မှာ ကျုပ်ရယ်. . . ခင်ဗျားရယ်. . . သမီးရယ်ဒါပဲရှိတယ် မဟုတ်လား။ ကျုပ်နဲ့ရှင်မကိစ္စမဟုတ်ရင် သမီးကိစ္စ ဖြစ်ရမှာပေါ့၊ သမီး . . သမီးအတွက်"

"ဪ . . ဒါလား"

ပုလ္လောမကြီးက လေသံတမင်ဖော့ပြောလိုက်သည်ကို သတိထားမိသည်။ သမီးကိစ္စကို ဘာမျှအရေးမကြီးသယောင် ပြလိုက်၍ ကျွန်ုပ်က အံ့သြဟန်ဖြင့် ငေးကြည့်နေသည်။

"နေ. . နေစမ်းပါအုံး။ ရှင်မပြောပုံက ကျုပ်သမီးအရေးကို အလေးမမူသလိုဘဲ။ ကိုယ့်သမီးဘယ်အရွယ်ရှိပြီ ဘာလုပ်ပေးသင့်ပြီဆိုတာ သတိထားရဲ့လား။ မကောင်း မြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းဆိုတဲ့ မိဘတို့ဝတ္တရားမမေ့သင့်ဘူး။





ပုလ္လောမကြီးက တိုးတိုးညှင်းညှင်း ရယ်လိုက်သည်။

ဘာသဘောနှင့် ရယ်မှန်း ကျွန်ုပ်နားမလည်ပါသည်။

မိခင်တစ်ယောက်အနေနှင့် ကိုယ့်သမီးအရေး စိတ်မဝင်စားပဲ ရှိမလား. . ။ ပြောကြစတမ်းဆိုရင် မအေကဖအေထက် ပိုပေမပေါ့။ ပခုံးလက်နှစ်သစ်၊ ဖဝါးလက်နှမ်း အရွယ်ကတည်းက တစိမ့်စိမ့်ကြည့်လာရာ ခုအရွယ်ရောက်ခဲ့ပြီ။ ပျိုမြစ်တက်ကြွသည့် သမီးလေးက ရှိသင့်သည်ထက် ပိုမိုဖွံ့ဖြိုးနေပြီ။ မိခင်ကောင်း အရည်အသွေး ပြည့်မီနေပြီ။ ဪ. . ငါ့သမီးလေးတောင် အိမ်ထောင်ရက်သား ချပေးရတော့မှာပါလားလို့ မိခင်တစ်ယောက် အနေနှင့် တွေးပြီးသားတော်ရေ့ဟု ပြန်ပြောသည့် ရယ်ပုံမျိုး။

မှန်ပါတယ်။ ကျွန်ုပ်ရင်လေးတာလဲ ဒီကိစ္စပါပဲလေ. . ။

သမီး၏ ထူးခြားပေါ်လွင်သည့် အလှသတင်းက ရပ်ရွာတစ်ဝှမ်းကျော်စောရုံမက ကုရုတိုင်းပင် ဖုံးလွှမ်းနေသည်။ မိန်းမသားတို့ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသောသမီးမို့ ကျော်ချင်တိုင်းကျော်၊ မွှေးချင်တိုင်းမွှေးနေသည်။ ရန့်သင်းသင်း၊ အဆင်းလှလှ ပန်းပွင့်ကို ပျားပိတုန်းတို့ ဝဲပျံဝတ်ရည် သောက်သုံးကြသည့် အတိုင်း သမီးဟူသော ပန်းအလှလေးအပါး ဝဲပျံနေသူတွေက များပြားလှသည်။

သမီးရှင်ပီပီ မျက်နှာပန်းပွင့်လှသည်။ သားရှင်တို့က မာဂဏ္ဍီတို့အပေ၊ မာဂဏ္ဍီတို့မယ်မယ်ဟု အရေးတယူရှိ၍ ကြည်နူးပီတိရှိရသည်။ တချို့သားရှင်များက ကမ်းလှမ်းကြသည်။ လယ်ပယ်ငါးရာလက်ဖွဲ့ပါ့မယ်၊ နွားပေါက်ငါးရာ၊ နွားမငါးရာ အပ်ပါ့မယ်၊ အဖက်ဖက်က ကြောင့်ကြစရာမလိုအောင် ပေးလိုက်ပါ့မယ်ဟု စကားကမ်းကြသည်။ လာရောက် ကြောင်းလမ်းသူထဲတွင် မင်းပျို မင်းလွင်များ၊ သေဌေးသူကြွယ်များ၊ အမျိုးမြတ် ပညာတတ်သူများ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ နှစ်သက်သူရှိသလို၊ မနှစ်သက်နိုင်သူလည်း ပါသည်။ ပုဏ္ဏေးမကြီးအနေနှင့် လက်ခံထိုက်သော သူငယ်မျိုးတွေ့ချိန် ကျွန်ုပ်ကို ဖွင့်တိုင်ပင်သည်။ ကျွန်ုပ်က နှိုက်နှိုက်ချွတ်ချွတ် ပြန်မေးသည်။ သမက်လောင်းကို ကိုယ်တိုင် လည်းလှေလာသည်။ နွားဝယ်သလို ဖင်ပြန်ခေါင်း ပြန်ကြည့်ပြီး "ဒီသူငယ်မျိုး ငါ့သမီးနဲ့ ထိုက်တန်မလားကွဲ့။ မပေးစားနိုင်ဘူး၊ သဘောမတူပါဘူး" ဟု ပယ်တတ်သည်။ ပြောလေသမျှ ပယ်ချပေါင်းများတော့ ပုဏ္ဏေးမကြီး စိတ်ပျက်လာသည်။ 'ပုဏ္ဏားကြီး သဘောကျမည့် ယောကျ်ားမျိုးက ကုရုတိုင်း မဆိုထားနဲ့ မဇ္ဈိမတစ်ဝှမ်း လှည့်ရှာတောင် လွယ်မှာမဟုတ်ဘူး။ သည်တော့ တော့အကြိုက် တော့အလို၊ တော်သာရွေးပစေဟုရေပိတ်စကား ပြောပြီးဖြစ်သည်။ ဒီအကြောင်းနှင့် ပတ်သက်လို့လည်း ဘာမျှမပြောတော့။

"ခင်ဗျားတို့ မိန်းမသားတွေ ယောကျ်ားယူတာ ဘာကို ကြည့်ရွေးသလဲ မသိဘူး"

"ဘယ်လိုရှင့်"

"ယောကျ်ားယူတာပြောပါတယ်။ ဥစ္စာပေါ၊ ရုပ်ချော၊ အပြောကောင်းတာနဲ့ လင်ကောင်းရပြီ ထင်သလား မသိဘူး"

"အဟင်းဟင်း. . .။ ဟုတ်ပါရဲ့။ ကျွန်မတို့ ရွေးတာ ကတော့ ရှင်လိုဥစ္စာရှိတဲ့ ပုဏ္ဏား၊ ရုပ်ဆင်း ရူပကာ ပြည့်စုံတဲ့ပုဏ္ဏား၊ စကားအရာလိမ္မာတဲ့ ပုဏ္ဏားမျိုးတွေနဲ့ လင်ကောင်းရမဟဲ့လို့ တွေးပြီး အတင်းကောက် ယူခဲ့တာ"

"မင်းရွဲ့မပြောပါနဲ့"

ကိုယ့်ကို ခပ်စပ်စပ်လေးထိသဖြင့် ပုဏ္ဏေးမကြီးကို





အော်ပစ်လိုက်သည်။ ပုဏ္ဏေးမကြီးက တစ်ချက်တည်းအလဲ ထိုးနိုင်လိုက်လို့ ကျေနပ်ဟန်ပြုံးနေသည်။ သူ့မျက်လုံးက အဓိပ္ပါယ်ရှိရှိကြည့်ပြီး၊ ရင်ထဲကစကားတွေပြောနေသလားမသိ။

"ဘယ်နှယ့်ရှင်. . မိန်းမသား တွေက မျက်စိမပါ၊ နားမရှိ၊ နှာခေါင်း မသုံးဘဲ ရပြီးရောယူတယ် ထင်သလားမသိ။ သူနှင့် ကျွန်မက လူငယ်ချင်းချစ်ရည်မျှလို့ လက်ထပ်ခဲ့တာမှ မဟုတ်တာ။ မိဘတွေက သင့်ရဲ့တော်ရဲ့လို့ ရွေးပေးတာနဲ့ အိမ်ထောင်ကျခဲ့တာပဲ။ နှစ်ဦးသားပေါင်းသင်းမှ တစ်ဦး သဘော တစ်ဦးသိရသည်။ သူပြောသလို ရွေးစတမ်းဆိုက မာဂဏ္ဍိယာ ကျွန်မအိမ်သား ဖြစ်လာစရာ အကြောင်းမရှိ။ ကိုယ့်တုန်းကတော့ မပြစ်မမြင်၊ သမီးရှင်ဖြစ်လာမှ ဟိုလူမကြိုက်၊ ဒီလူမနှစ်သက်ဟု ခွန်းတုန့်စကား ဆိုနေမည်ထင်သည်။

"မင်းဒီစကားမျိုးမပြောသင့်ဘူး။"

"ဟုတ်တယ်လေ . . ဒီစကားပြောရမှာပဲ။ အဲ. . ကျုပ်သမီးကိုတော့ ကျုပ်လိုအရွေးမမှားအောင် စိစစ်နေတာပဲ။ ကျုပ်ရွေးပေးတာ မှန်သမျှရှင်က ပယ်နေပြန်တော့ မတတ်နိုင်ဘူး။ တော်ကြိုက်မဲ့ သမက်မျိုးက စကြာဝဠာအနှံ့ရှာတောင် တွေ့မယ် မထင်ဘူးတော်ရေ့"

"မင်းတို့ မိန်းမတွေပြောရင် ဒီအတိုင်း ချည်းပဲ။ နေပစေ . . ကျုပ်သမီးနဲ့ လိုက်ဖက်မဲ့ ယောကျ်ားကို ကျုပ် ကိုယ်တိုင်ရှာမယ်. ."

"အလိုလေးလေး. . ရှာပါရှာပါ။ စိတ်ကြိုက်တွေ့အောင် ရှာပါရှင်. ."

* * * * *



www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမတွင် ဘုရားဟုထင်ရှားသော ဂိုဏ်းဆရာကြီးများရှိသည်။ ပူရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ နာဋပုတ္တ စသည်တို့မှာ ကျော်ကြားလှသည်။

ဘုရားဆိုသည့် ဂိုဏ်းဆရာတွေ ဟောပြောသည်က မာဂဏ္ဍီ ပုဏ္ဏားကြီးနှယ် ပုဂ္ဂိုလ်မျိုး အကြိုက်ဖြစ်သည်။ သတ္တဝါတစ်ယောက်သည် ဤအချိန်၊ ဤနေရာ၊ ဤပုံအတိုင်းဖြစ်၍ သုခဒုက္ခ ခံစားရသည်။ အမျိုးဇာတ် အားလျော်စွာ သုခဒုက္ခ ခံစားရမည်။ နိဗ္ဗာန်ရောက်ရန် ကျင့်စရာမလို။ ကျင့်သူရော၊ မကျင့်သူပါ မဟာကပ် ရှစ်သန်းလေးသိန်းရောက်လျှင် ဒုက္ခ တုန်ဆုံးပြီး အားလုံး နိဗ္ဗာန်ရောက်ကြမည်။ သတ္တဝါတစ်ဦး ကြုံရသော သုခ၊ ဒုက္ခ ဟူသည် တောင်းနှင့် ခြင်တွယ်ထားသကဲ့သို့ အတိအကျရှိသည်။ ဒုက္ခကို သူတစ်ပါးအလျှင် ကုန်အောင် လုပ်၍မဖြစ်။ သူတစ်ပါးနောက်မှ ငြိမ်းအောင်လည်း လုပ်မရ။ သတ္တဝါအားလုံး အတူတကွ တပြိုင်နက်သာ ဆင်းရဲဒုက္ခ ကုန်မည်ဟု ဆိုသည်။

အဇိတတို့ ဟောကြားချက်မှာ မာဂဏ္ဍီတို့လို ဒိဋ္ဌိအယူရှိသူများ နှစ်သက်စရာပင်။ ဒုက္ခငြိမ်းဖို့၊ သုခရှိဖို့ ကြိုးစားစရာမလို၊ သူ့အလိုလို နဂိုပြီးမည်ဆိုကတည်းက အလိုက်သင့်မျောလိုက်ရုံသာ။ တစ်နည်းအားဖြင့် လောကီစည်းစိမ်ရှိအောင် နတ်ဒေဝါများ၊ ပြဟ္မာများ ပသရုံသာ လိုသည်။

သူ့အနေနှင့် မိဘမျိုးရိုးအရ မီးနတ်ပူဇော်ခြင်း၊ ဂင်္ဂါမြစ်အောက်ပိုင်း၌ ရေချိုးခြင်းသည်ပင် ဘဝ၌ပြည့်စုံပြီဖြစ်သည်။ သို့ဖြစ်၍လည်း လောကီချမ်းသာအတွက် မီးနတ်ကိုမပြတ်ပူဇော်ခဲ့သည်။





ယနေ့မူ ပူဇော်မြဲထက် ထူးထူးကဲကဲ ပူဇော်ရန် စီစဉ်ထားသည်။

မီးနတ်ကြီးကို အဖိုးတန် စန္ဒကူးသား၊ ကတိုး၊ အကြော်၊ နံ့သာဖြူ၊ ကရမက်တို့နှင့် ပူဇော်ရန် အစေခံများကို သယ်ယူခိုင်းသည်။ ထောပတ်ဆီကိုလည်း ခပ်များများ လောင်းမည်။ အချိန်ကြာကြာ၊ မီးရှိန်များများ ပူဇော်ပြီး သမီးအတွက် ဆုတောင်းမည်။ ဝတ်မပျက် ပူဇော်ထားသည့် မီးနတ်ကြီးကသည်တစ်ခါတော့ သူ့လိုအင်ဖြည့်ဆည်းမည်ဟု ကျိန်းသေတွက်ထားသည်။ ပူဇော်မြဲနေရာ အရောက်တွင် ထင်းတွေကို စုပုံခိုင်းလိုက်သည်။

စန္ဒကူးသားပေါ် ထောပတ်ဆီတွေ လောင်းချပြီး မီးတင်ရှို့လိုက်သည်။

မီးနတ်ကို ပူဇော်သည့်ဂါထာကို မနားတမ်း ရွတ်ဖတ်သရဇ္ဈာယ်ရင်း၊ မျက်လုံးမှိတ်၍ အာရုံပြုထားလိုက်သည်။ သူ့စိတ်က ဂါထာတော်ကို ဘယ်မျှစူးစိုက်နေမိသည်မသိ။ တစ်စုံတစ်ယောက် ချဉ်းကပ်လာသည့် ခြေသံကြားမှ သတိဝင်ကာ ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်သည်။

အလို . . .။ အို . . ထူးခြားလှချည်းလား. .။

ဟုတ်မှဟုတ်ရဲ့လား. .။ ငါ့မျက်စိမှားနေတာတော့ မဟုတ်ပါဘူး. .။ နေအုံး. . မျက်လုံးသေသေချာချာ ပွတ်ကြည့်စမ်းမယ်။ ဟုတ်ပြီမမှားဘူး။ မီးနတ်ကြီးရဲ့တန်ခိုးနဲ့ ရောက်လာတာ အသေအချာပဲ။ ကြည့်စမ်း၊ ဒီယောကျ်ားမြတ်ရဲ့ တင့်တယ်မှုအသရေဟာ ဇမ္ဗူဒိပ်ကျွန်းမှာ တုမရှိအောင်ပဲ။ ယောကျ်ားမြတ်လက္ခဏာကြီး (၃၂)ပါးလည်းရှိတယ်၊ လက္ခဏာငယ်(၈၀) နှင့်လည်း ပြည့်စုံတယ်။ ဒီယောကျ်ားမျိုးဟာ လူသားဖြစ်ရင် စကြာဝဠာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တစ်တိုက်လုံး အစိုးရတဲ့ မင်းဖြစ်မဲ့ လက္ခဏာပဲ။ ဟုတ်ပြီ. . ဟန်ပြီ။ ဒီပုဂ္ဂိုလ်မျိုးနဲ့ ငါ့သမီးကို ပေးစားရမယ်။ ငါတစ်သက်လုံး ရှာနေတာ ဒီလို ယောကျ်ားမျိုးပဲ။

"အို. . ယောကျ်ားမြတ်၊ အသင်အသူနည်း"

"ပုဏ္ဏားကြီးမာဂဏ္ဍီ။ ငါဟာ ရဟန်းတို့ရဲ့ ဆရာ တထာဂတဖြစ်တယ်"

"တထာဂတ. . တထာဂတ။ အင်း. . အဲလေ ထားပါ။ သင်တထာဂတ ငါမီးပူဇော်ရာဆီရောက်လာတာ ငါ့ကို ချီးမြှောက်ဖို့ မဟုတ်လား"

"မှန်ပေတယ် မာဂဏ္ဍီ"

ကျွန်ုပ်က မိမိကိစ္စကို ရည်ရွယ်မေးရာ မှန်ပေတယ်ဟု ဝန်ခံလိုက်သဖြင့် လွန်စွာဝမ်းမြောက်သွားသည်။ ဘုရားရှင်က ကယ်တင်ချီးမြှောက်လို၍ လာကြောင်းမိန့်သည်ကို လိုရာဆွဲတွေးပစ်လိုက်သည်။

"ဟုတ်ပြီ။ ဒီကနေ့ မီးပူဇော်ရတာ ကျွန်ုပ်ဆန္ဒ ပြည့်ပြီဆို ရမှာပဲ။ ဒီလိုတထာဂတ၊ ကျွန်ုပ်မှာ အင်မတန်ချော၊ အင်မတန် လှတဲ့ သမီးတစ်ယောက်ရှိပါတယ်။ ဒီသမီးကို လိုချင်လို့ မရှိမတစ်ဝှန်းက လာကြသူတွေ အမြောက်အမြားပါ။ ဒီလိုလာသူတွေထဲမှာ မင်းပျိုမင်းလွင်၊ သေဌေး၊ သူကြွယ်၊ ပညာတတ်အမျိုးမြတ်သူတွေ ပါပါတယ်။ ဒါပေမယ့် ကျုပ်စိတ်ကြိုက် သမက်ကောင်း မတွေ့လို ငြင်းပယ်တာ ချည်းပဲ။ အို တထာဂတ၊ ကျွန်ုပ်သမီးနဲ့ လိုက်ဖတ်သူဟာ သင်လိုပုဂ္ဂိုလ်မျိုးပဲဖြစ်တယ်။ သင် သိမ်းပိုက် ပါ။ အလုပ်အကျွေးအဖြစ် လက်ခံပါ။ သင်သာ သိမ်းပိုက်ရင် တထာဂတနဲ့ သမီးငယ်ဟာ နေနဲ့လပမာ





တင့်တယ်မှာ အမှန်ပါပဲ။

ကိလေသာအာသဝေါကုန်ခမ်းနေသော ဘုရားရှင် မှန်းမသိ၍၊ အားတက်သရော ပြောနေသော ကျွန်ုပ်ကို ကရုဏာထား၍ သည်းခံတော်မူသည်။ ကျွန်ုပ်၏ အပြုအမူ၊ အပြောအဆိုသည် ရိုင်းစိုင်းသည့် အသွင်ဆောင်သော်လည်း မကြာမီ အကျွတ်တရားရလျက် မင်္ဂသုံးတန်လွန်ပြီး အနာဂမ် တည်မည်ကို မြင်၍နှုတ်တုန့် မပြန်ခဲ့သည်ကိုမသိ။

ဤသို့ နှုတ်ဆိတ်ခြင်းကို ဝန်ခံသည် ထင်သော ကျွန်ုပ်က လွန်စွာဝမ်းမြောက်သွားသည်။

"ဒီမယ်တထာဂတ၊ ဟောဒီနေရာမှာ ခဏလောက် သည်းခံစောင့်ပါ။ ကျွန်ုပ်ရဲ့သမီးချောကို သူ့အမေရှေ့မှာပဲ တထာဂတလက်ထဲ အပ်လိုက်ပါရစေ။ ခဏလေးပါ၊ မကြာစေရပါဘူး။"

ကျွန်ုပ်သည် အရွယ်နှင့်မလိုက်အောင် ဖျက်လက်စွာဖြင့် ရွာတွင်းပြေးဝင်သွားသည်။

ဘုရားရှင်သည် မိမိတန်ခိုးတော်ဖြင့် ခြေတော် ရာပဒ စေတီတော်ထားရစ်ပြီး၊ အခြားတစ်နေရာသို့ ရွှေ့သွားလေတော့၏။

* * * * *

" ဘယ်မှာလဲ ရှင့်သမက်။ ဖြစ်ချင်ဇောနဲ့ တောင်တွေး မြောက် တွေးပြီးလေကို အရုပ်ထင်နေတာ များလား"

" ဘယ်ကလာကွာ. . ငါသေသေချာချာ မြင်ရတာပဲ။ စကားတောင်ပြောခဲ့သေးတာကိုး"

သမီးနှင့်မအေကို ခေါ်၍ပြန်လာသော ကျွန်ုပ်သည် စောစောကနေရာတွင် ဘုရားရှင်ကို မတွေ့တော့၍ မီးပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ပုဏ္ဏေးမကြီးကတော့ ကျွန်ုပ်အမြင်မှောက်သည်ဟု စွပ်စွဲနေတော့သည်။

"အင်း.. ရှင်ကတော့ သမက်လောင်းကို အမှန်းတင်လိုက်တာလွန်ရော.... တော့သမက်က ချီးကျူးစကားနဲ့ ညီမညီတော့ မသိဘူး၊ ယောက္ခမစကား မြေဝယ်မကျ နားထောင်ပုံတတော့ လက်တွေ့ပါပဲရှင်"

ခေတ္တစောင့်ဖို့မှာထားသော်လည်း မတွေ့သည့်ပြင်၊ ဇနီးသည်က အပြစ်တင်နေပြန်သဖြင့် ကျွန်ုပ် ဘာလုပ်ရမှန်းမသိတော့။ခေါင်းကို တဗျင်းဗျင်းကုပ်ရင်း..

"မဟာဒီနေရာမှာ အသေအချာစောင့်လို့ ပြောထားတာပါကွာ၊ ဘယ်ရောက်သွားလဲ မသိဘူး" ဟု ညည်းညူသည်။ တောင်တောင်အီအီ လှည့်ပတ်ကြည့်မိသည်။

"ဟေး.. ဒီမှာ၊ ဒီကိုလာကြည့် ရှင်မ၊ ငါလည်ဆည် ပြောတာ မဟုတ်ဘူးလို့ မင်းလက်ခံသွားမယ်"

"ဘာလဲ"

တစ်နေရာအရောက်တွင် ကျွန်ုပ်က မြေပြင်ကို လက်ညှိုးထောက်ပြရင်း ခေါ်သဖြင့် ပုဏ္ဏေးမကြီး စူးစမ်းဟန် မေးလိုက်သည်။

"ဒီမယ်ကြည့်၊ ဟောဒါငါပြောတဲ့ တထာဂတ ခြေရာ၊ မင်းတွေ့တယ်မို့လား။ ကဲ.. မင်းဒီခြေရာ ကြည့်တာနဲ့ ဒီပုဂ္ဂိုလ်ဟာ ဘယ်လို ယောကျ်ားမျိုး ဖြစ်မယ်ဆိုတာ မှန်းဆရနိုင်ပါတယ်၊ မင်းလည်း ငါလောက်နီးနီး လက္ခဏာပညာ ကျွမ်းကျင်နေတာကိုး"

ဇနီးသည် အရည်အသွေးကို သိပေမယ့် ပညာဂုဏ်





မောက်သည့် ကျွန်ုပ်က အခွင့်သာသည်နှင့် နှိမ့်ချ စကားဆိုလိုက်သည်။ ထင်ထင်ရှားရှားပေါ်နေသည့် ခြေရာကို စူးစူးစိုက်စိုက်ကြည့်နေသော ပုဏ္ဏေးမကြီးက ခွန်းတုန့်စကား မဆိုနိုင်သေး။ ထူခြားသည့်ခြေရာကို မမှိတ်မသုန် စိုက်ကြည့် နေမိသည်။ ခဏအကြာတွင် ကျွန်ုပ်မျက်နှာကို မော့ကြည့်လျက် မနို့တရို့ ပြုံးလိုက်သည်။

"ပုဏ္ဏားကြီးက ပညာတတ်တာတော့ အမှန်ပါ။ ဒါပေမယ့် အတတ်ကျူးတော့ သူရူးဖြစ်နေပြီကိုး"

"ဘယ်လိုကွ၊ မင်းဘယ်လို ပြောလိုက်တာလဲ"

"ဟုတ်တယ်လေ .. ရှင်ဒီခြေရာကို သေသေချာချာ ကြည့်ပြီးပြီလား.."

"ကြည့်သားပဲ။ ဘာလဲ၊ ဒါယောကျ်ားကောင်း လက္ခဏာရှိတယ်ဆိုတာ မင်းလက်မခံဘူးလား၊ ပြောစမ်း"

"လက်မခံဘူး ပြောတာမဟုတ်ဘူး။ ရှင်က ဒီခြေရာရှင်ကို သမက်လောင်းရွေးတာ အံ့တယ်.."

ပုဏ္ဏေးမကြီးစကားကြောင့် အံ့အားတသင့်ကြည့်လိုက်သည်။

"နေစမ်းပါအုံး။ ဒီခြေရာရှင်ကို မရွေးရင်၊ ငါက ဘယ်လို လူမျိုးရွေးရမလဲ။ ဒီမယ်ကြည့်စမ်း .. ယောကျ်ားမြတ် လက္ခဏာ အထင်းသားမြင်နိုင်ပါ တယ်ကွ"

"အဟင်းဟင်း.. ရယ်ရတယ်ရှင်။ သမီးဖေနဲ့ ပညာတွေကွယ်ကုန်ပြီထင်ဟ။ ဒီမယ်ပုဏ္ဏားကြီး၊ ဒီခြေရာရှင်ဟာ ကာမဂုဏ် စည်းစိမ်မွေ့လျော်မယ့် ခြေရာ မဟုတ်ဘူးရှင့်။ ရှင့်သမီးကိုရောင်းစွဲချင်တာနဲ့ အတင်းထိုးချိန် ပေးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လူကမလိုလားရင် အလကားပဲပေါ့။

"တော်စမ်းပါရှင်မရာ. . ကျုပ်သမီးလို ဥစ္စာပေါ့၊ ရုပ်ချော၊ မျိုးရိုးသန့်တဲ့ မိန်းကလေးမျိုးကို မယူချင်သူ ရှိမလား၊ မင်းက ရေအိုင်မှာ မိကျောင်းမြင်သလို အရိပ်အရောင်ပဲ တွေ့ရတာပါ။ ငါက တထာဂတကို ကိုယ်တိုင်တွေ့ရတယ်။ စကားပြောခဲ့တယ်။ သမီးကို အလုပ်အကျွေးအဖြစ် လက်ခံပါ ပြောတော့လဲ မငြင်းဘူးဟေ့"

ကျွန်ုပ်ကို ဆန့်ကျင်ပြောနေသော ပုဏ္ဏားမကြီးအား ဒေါသတကြီးအော်ပစ်လိုက်သည်။ ဘယ်လို့ပင် အော်စေကာမူ ပုဏ္ဏားမကြီးက လက်မခံ။

"ရှင်ဘယ်လိုပြောပြော၊ ဒီခြေရာဟာ ကိလေသာ ကင်းမြတ်သူခြေရာ။ အိမ်ထောင်သားမွေးမှု မပြုဘူး။ ရှင့်ကို ကတိပေးလည်း လက်မခံမှာတော့ သေချာတယ်"

"နေစမ်းပါအုံး။ မင်းကဘာဖြစ်လို့ ဒီလောက် နိုင်နိုင်မာမာပြောနေတာလဲ"

"ရှင်းပါတယ်. . ရာဂတပ်မက်သူရဲ့ ခြေရာဟာ ဆောင့်ကြောင့်ထိုင်သလို ခြေဖျားထင်ကျန်မယ်မို့လား"

"အင်း. ."

"ဒေါသတပ်မက်သူဆိုရင် အဆောတလျင် ပြုတတ်လို့ ဖနောင့်ရာထင်မယ်"

"အေး. . ပြောပါအုံး"

"မောဟတပ်မက်သူဆိုရင် ခြေကဆွဲနေလို့ တရွတ်ဆွဲထားသလို အခံရေးအကြောင်းရှိမှာပေါ့"

"ထားပါ။ လိုရင်းပြောစမ်းပါ"





"ပြောနေတာပဲရှင့်။ ဒီခြေရာကိုကြည့်။ အပြစ်သုံးပါး လွတ်တဲ့ ခြေရာ၊ ဖဝါးပြင်က တညီတည်းထင်နေတယ်။ ရာဂ၊ဒေါသ၊မောဟကင်းသူမို့ ဒီလိုရှိတာပေါ့ရှင့်။ ဒီပုဂ္ဂိုလ်မျိုးဟာ ကိလေသာကင်းပြတ်နေပြီဆိုတော ပညာရှိကြီးမေ့နေပလား. ."

"ဟေ့၊ မင်းပြောတာ ငါအကုန်လုံးသိတယ်။ ခြေရာကြည့်တာနဲ့ သူ့အတွင်းစိတ်ကို မဆုံးဖြတ်နဲ့။ မင်းက ငါ့သမက်နဲ့စကား မပြောရသေးပါဘူး။ ငါက သေသေချာချာပြောပြီးသား။ ကဲ. . ငြင်းမနေနဲ့ မတွေ့တွေ့အောင်ရှာပြီး လက်တွေ့ပြမယ်။ လိုက်သာလိုက်ခဲ့။

* * * * *

သမက်လောင်းကို တွေ့မှ အပြောနှင့်အလုပ် လက်တွေ့ညီကြောင်းပြလိုက်မည်ဟူသော အတွေးနှင့် ဇနီးသည်လက်ကိုဆွဲ၍ ခပ်သုတ်သုတ် ထွက်ခဲ့သည်။ ရွှေညာဏ်တော်ရှင်ဘုရားရှင်ကို ဝေးဝေးလံလံမရှာလိုက်ရ၊ ကျွတ်တန်းဝင်တော့မည့် ဇနီးမောင်နှံကို စောင့်စားနေသော ဘုရားရှင်ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတော့သည်။

"ဟော. . ဟိုမှာတွေ့လားမယ်မင်း။ အဲဒါ ကျုပ်ပြောတဲ့ ရွှေသမက်ငွေသမက်ပဲ"

သပိတ်ကိုပိုက်လျက် စကျွအိန္ဒြေချကာ ရပ်နေသော ဘုရားရှင်ကို တွေ့သည်နှင့် သူထင်မြင်ချက် ပို၍မှန်သွားသည်ကို ပုဏ္ဏားမကြီး ယုံကြည်သွားပုံရသည်။ ကျွန်ုပ်က သမီးအတွက် မျှော်တက်နေပေမယ့် ဆန္ဒပြည့်မည် မဟုတ်မှန်းသိလေဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိန့်မိန့်ကြီးပြုံးနေသည်။

ကျွန်ုပ်က ဘုရားရှင်ရှေ့ အပြေးသွား လိုက်ပြီး...

"တထာဂတ။ ဟောဒါသမီးရဲ့ အမေပါ။ ကျုပ်နဲ့ တထာဂတတွေ့တယ်ဆိုတာ ပုဏ္ဏားမက မယုံကြည်ဘူး။ သမီးကို အပ်ဖို့ပြောပြီးပြီဆိုတာလဲ လက်မခံဘူး။ တထာဂတက လက်ခံတယ်ဆိုတာလည်း၊ မဟုတ်နိုင်ဘူးတဲ့၊ ကဲ၊ သင်းယုံအောင် ပြောပြလိုက်စမ်းပါ"

"ပုဏ္ဏားကြီး၊ သင်ဟာဘာကြောင့် ဒီလောက် လှုံ့လပြုနေတာလဲ။ ရာဂကင်းပြတ်နေတဲ့ ပုဂ္ဂိုလ်ရှေ့မှာ ဒီလိုမပြုအပ်ဘူး"

"ဟင်..."

မထင်မှတ်သော တုန့်ပြန်စကားကြားလိုက် ရသဖြင့် ကျွန်ုပ်သည် ဟင်...ဟုတစ်ခွန်းသာ ရေရွတ်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ကြိုတင်မျှော်လင့်ထားသော ပုဏ္ဏေးမကြီးကမူရယ်ချင်လွန်း၍ မနည်းမြိုသိပ်ထားရသည်။

"တထာဂတ၊ သင်ဘယ်လို မိန့်လိုက်တာလဲ။ ကျွန်ုပ်ပြောစဉ်က ဒီစကားမျိုးမပြောပါလား.. ဒီမယ် တထာဂတ၊ ကျွန်ုပ်သမီးဟာ ဇမ္ဗူရာဇ်ရွှေစင်လို အထပ်ထပ်လှော်ခုပ် သန့်စင်ထားတဲ့ ရွှေသားလို သန့်စင်တဲ့ မိန်းကလေးပါ။ အဆင်းရူပကာ၊ ကြွန်အင်္ဂါ ပြည့်စုံပြီး အပြစ်ဆိုလို့မြူမှုန်မျှ မတင်တဲ့သူပါ။ ဒီသမီးကို လိုချင်လို့ တောင်းရမ်းသူတွေ အနန္တကမရှိတဲ့ အထဲက သင့်ကိုရွေးတာ ယောကျ်ားမြတ်လက္ခဏာရှိလို့ တထာဂတ"

"ပုဏ္ဏား၊ ငါဟာ ကိလေသာအညစ်အကြေးမှန်သမျှ





အမြစ်ကကင်းပြတ်အောင် မြင့်မြတ်ပြီးဖြစ်တယ်။ ရာဂအနှောင်အဖွဲ့က လွတ်ကင်းအောင်ရှောင်နိုင်သူ ဖြစ်ကတယ်။ အိုမာဂဏ္ဍိပုဏ္ဏားကြီး။ ငါရဲ့ကိုယ်တွင်းမှာ ကိလေသာအညစ် အကြေးမှန်သမျှ နောက်ထပ်အောင်းစရာမရှိတော့"

ကျွန်ုပ် ပုဏ္ဏားကြီးမာဂဏ္ဍိသည် ဘုရားရှင်ကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

"တထာဂတ၊ သင်ဟာအရွယ်ရှိသေးတဲ့ ယောကျ်ားကောင်းမဟုတ်လား.. စွမ်းအားရှိတဲ့ ယောကျ်ားမှန်ရင် မျိုးနွယ်ဆက်အမွေ ထိန်းသိမ်းသင့်တာ သင်သဘောပေါက်ပါလိမ့်မယ်။ ဒီလိုထိန်းသိမ်းရင်လဲ ကျွန်ုပ်သမီးဟာ အလျော်ကန်ဆုံးဖြစ်မှာပါ တထာဂတ"

ဒိဋ္ဌိယူရှိသော ကျွန်ုပ်သည် ဘုရားရှင်ကို မိမိဆရာတိတ္ထိများနှယ်ထင်မှတ်လျက် သမီးကို ထိုးအပ်နေခြင်းကို နားလည်ခွင့်လွှတ်လိုက်သည်။ ဘုရားအဖြစ်ရသည့် အချိန်မဆိုထားလင့် အလောင်းတော်ဘဝ သိမ်းသွင်းစဉ်ကပင် လစ်လျူရှုနိုင်သော ဘုရားရှင်ကို ကျွန်ုပ်နားမလည်ခဲ့။

"မာဂဏ္ဍိ။ ငါဟာ လောကီအာရုံကာမဂုဏ်ကို ငြီးငွေ့လို့တောထွက်လာစဉ်မာရ်နတ်က ဆီးတားတယ်။ သိဒ္ဓတ္ထလာရင်းကို ပြန်သွားပါ၊ ခုနစ်ရက်မြောက်ရင် စကြာရတနာ ဆိုက်ပါလိမ့်မယ်လို့ သိမ်းသွင်းတာကို ပယ်ပြီး၊ သစ္စာလေးပါးမြတ်တရားသာရှာခဲ့တယ်.."

"ခုဟာက ဥစ္စာစည်းစိမ်မဟုတ်ပါဘူး တထာဂတ"

"နာဦးမာဂဏ္ဍိ၊ ငါဟာဘုရားဖြစ်တော်မူပြီး သတ္တ

www.burmeseclassic.com



သတ္တဒုနှစ်ဌာနမှာ စံမြန်းစဉ်၊ ပဋ္ဌမမြောက် အဇ ပါလညောင်ပင်အောက် သီတင်းသုံးတော့ မာရ်နတ်သမီး တွေက ကိလေသာနဲ့ ဖျားယောင်းပြန်တယ် . . .”

“ဩော် . . .”

“တဏှာ ၊ အရတိ၊ ရဂါမည်တဲ့ မာရ်နတ်ရဲ့ သမီးငယ် တွေက ယောက်ျားတို့ နှစ်သက်မဲ့အရွယ်အမျိုး အမျိုးဖန်ဆင်းပြီး ရာဂကျော့ကွင်း သက်ဆင်းအောင် စည်းရုံးခဲ့ကြတယ် . . .”

“ဘာများ ဖြစ်လဲ တထာဂတ”

“မာရ်နတ်ရဲ့ သမီးပျိုတို့၊ ရာဂကင်းပြတ်သူရှေ့မှာ ဒီလို မဖွယ်မရာမပြုသင့်လို့ ပြောလိုက်တာနဲ့ သူတို့ လဲကွယ်သွားကြတယ်။ မဂဏ္ဍီပုဏ္ဏားကြီး ၊ မာရ်နတ်သမီး တွေလို တပြိုက်နက်တည်းအရွယ်အမျိုးမျိုးဖန်ဆင်းနိုင် တဲ့ စွမ်းအားသင့်သမီးမှာရှိလား . . .”

“ပုထုဇဉ်မိန်းမသားက ဘယ်မှာတတ်နိုင်မှာလဲ တထာဂတ”

“အသင်ပုဏ္ဏား၊ ငါဘုရားကို မာရ်နတ်သမီးလို ရူပကာစွမ်းအားရှိသူတွေပင် အလိုဆန္ဒမဖြစ်ခဲ့။ သင့်သမီး လို မိန်းမသားက ငါ့ကိုဘယ်မှာဖမ်းစားနိုင်ပါ့မလဲ။ တ ကယ်တော့ သင့်သမီးရဲ့ခန္ဓာကိုယ်ဟာ (၃၂)ပါးသော အခြင်းအရာနဲ့ ဖွဲ့စည်းထားတဲ့ ပိုးမျိုးမိုခိုရာ အကောင်ပုပ် သာဖြစ်တယ်။ ပြင်ပဗဟိဒ္ဓသဏ္ဌာန်က ဘယ်လိုပင်လှ အောင်ဖန်တီးထားပေမယ့် အတွင်းအဇ္ဈတ္တသဏ္ဌာန်က မစင်အိုးနှယ် ပုပ်ညှိသိုးပျက်နေတဲ့ ခန္ဓာသာဖြစ်တယ်”

ကျွန်ုပ်မာဂဏ္ဍီပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမသည် မက်မော





တွယ်တာဖွယ်ရာ မဟုတ်သည့်ရုပ်ခန္ဓာကို ခွဲပြသည့်တ ရားနာလိုက်ရသည်နှင့် ဘုရားရှင်၏ရာဂကင်းပြတ်မှုကို ပြတ်ပြတ်ထင်ထင်မြင်သွားတော့သည်။ နဂိုကတည်းက ကြိုတင်တွက်ဆထားသော ပုဏ္ဏေးမကြီးဟာမူ နှစ်လိုဖွယ် စကားကြားလိုက်သည်နှင့် ပီတိဝှန်လှိုက်ဘဝင်ဆိုက်ကာ လက်အုပ် ချီရှိခိုးပြီး ဖြစ်သည်။

“အို မာဂဏ္ဍီပုဏ္ဏား၊ သင့်သမီးကို ဘယ်လိုပင်အ မွန်းတင်နေပေမယ့် ငါမတွယ်တာ။ ဤဘဝသည် ငါ၏ ရုပ်ခန္ဓာဖြစ်ခြင်း အဆုံးသတ်ပြီကို သိထားသောငါဘုရား ဟာ ခန္ဓာနာမ် ရုပ်မှန်သမျှ ပယ်ခွာပြီးဖြစ်ပေတယ်။ သင့် သမီးဟာ ငါတက်မည့်လှေကားထစ်တွင် တည်နေစေကာ မူ ပုပ်ညှိသောကိုယ်ရှိတဲ့ ဒီလိုမိန်းကလေးကို ငါ့ခြေနှင့် ပင် ထိချင်လိမ့်မည်မဟုတ် ”

“မှန်ပါဘုရား . . . တပည့်တော်မာဂဏ္ဍီ မှားမိသည်ကို သည်းခံတော်မူပါ”

“သာဓု မာဂဏ္ဍီ၊ သာဓု ”

ကျွန်ုပ်သည် သမီးကောင်းစားစေချင်သော ဆန္ဒတစ်ခုထဲ နှင့် ယောက်ျားကောင်းယောက်ျားမြတ်ကို ရှာဖွေရင်း မမျှော်လင့် သော တရားကို နာခဲ့ရသည်။ အာသဝေါတရား ကုန်ခမ်းနေသော ဘုရားရှင်ထံက ရုပ်၊ နာမ်၊ ဓမ္မသဒ္ဒါရအကြောင်း သိလိုက်ရသဖြင့် ကိုယ့်ကိုယ်ကိုလည်း ဆင်ခြင်မိသည်။ တဏှာ၏သားကောင် ဖြစ်နေသော ကိုယ့်ဘဝကိုလည်း စက်ဆုပ်လာမိသည်။ ကျွန်ုပ် မာဂဏ္ဍီသည် ကိုယ်လျှောက်သင့်သော လမ်းကို ပြတ်ပြတ်ထင်ထင် မြင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ခွင့်လွှတ်သည်းခံလျက် အမှန် လမ်းညွှန်သည့်ဘုရားရှင်ကို ကြည်ညိုသဒ္ဓါစိတ်ဖြင့် ဦးတင်ရှိခိုး လိုက်လေတော့သည်။

မောင်ဆန္ဒ (လယ်ဝေး)

HEIN HTET PRINTING GROUP

# မောင်ဆန္ဒ (လယ်ဝေး)

## သင်္ကန်းမဝတ်လိုက်ရတဲ့ ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



ဘပည့်တော် ပုဏ္ဏသာတိပြတ်ပြတ်ထင်ထင်မြင်ပါပြီ ဘုရား. . .။ ကံထူးလို့ ဘုရားရှင်ကို ဖူးခွင့်ရတဲ့ တပည့်တော်ဟာ မသိခဲ့ခြင်းကြောင့် ငါ့ရှင်လို့ ရိုင်းပြစွာ ပြောဆိုသုံးနှုန်းမိတာ ခွင့်လွှတ်ပါ ဘုရား. . .

(ပုဏ္ဏသာတိ)





# သက်န်းမဝတ်လိုက်ရတဲ့ ရဟာန်း

ယူဇနာနှစ်ရာကျော်ခရီး အပြင်းချီလာခဲ့ရတဲ့ ကျွန်ုပ်ပုဏ္ဏသာတိဟာ ကြားလိုက်ရတဲ့သတင်းကြောင့် ဝုန်းဝုန်းပြိုလဲကျမသွားအောင် မနည်းထိန်းထားရတယ်။

"နေစမ်းပါဦး ဘဂ္ဂဝ။ ဒီရာဇဂြိုဟ်မှာ ဘုရားရှင်မရှိဘူး၊ ဟုတ်လား . . "

"မှန်ပါတယ် ရဟာန်းကြီး"

မျှော်လင့်ချက်ပျက်ပြီဆိုတဲ့ အတွေးကြောင့် ဝမ်းနည်းစိတ်ဖြင့် ဆို့နင့်သွားတယ်။ ဘာလုပ်လို့ဘာကိုင်ရမှန်းလည်း မသိတော့ဘူး။

"ဟို. . ဟိုဒင်း၊ ဒါဆို ဘုရားပွင့်တယ်ဆိုတာ မှန်ရောမှန်ရဲ့လား"

"ဒါကတော့ အမှန်ပါ။ ဂေါတမဗုဒ္ဓ ပွင့်ထွန်းနေပါပြီ။"

"အင်း. . တော်ပါသေးရဲ့။"

ရာဇဂြိုဟ်ပြည်မှာ ဘုရားရှင်မရှိဘူး ဆိုပေမယ့် ဘုရားပွင့်တဲ့သတင်း မှန်နေလို့အားပြန်တက်လာတယ်။ ကပိုကရိုဖြစ်နေတဲ့ သက်န်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်ရုံလိုက်ရင်း ဘာ့ပ္ပခုံးကို



www.burmeseclassic.com

www.burmeseclassic.com



တရင်းတနှီးကိုင်ကာ မေးလိုက်တယ်။

"ဘုရားပွင့်ပြီနော် . . "

"ဟုတ်ပါတယ်။ ဘုရားပွင့်တာ သေချာပါတယ်။"

"အင်း . . ဟုတ်ပြီ။ ဒါဆို ဘုရားသခင် ဘယ်မှာရှိလဲ။ ရှိတဲ့နေရာကို ငါ့ကိုညွှန်ပါ။ ငါဟာ ဟိုးဝန္တာရတိုင်းက လာခဲ့သူပါ။ ဘုရားရှင်ကို ဖူးတွေ့ချင်လွန်းလို့ ဒုက္ခခံလာသူပါဘဂ္ဂဝ"

ကျွန်ုပ်စကားကြားလိုက်တဲ့ ဘဂ္ဂဝဟာ စိတ်မကောင်းတဲ့ မျက်လုံးနှင့်ကြည့်ပြီး၊ စုတ်သပ်လိုက်တယ်။

"ဖြစ်ရလေ ရဟန်းကြီးရယ် . . သွားရင်းလာရင်းများ မစုံစမ်းဘူးလား။ ဘုရားရှင် ဒေသစာရီ ကြွသွားတာ ခုဆို သာဝတ္ထိကို ရောက်နေတယ်။ ဘုရားရှင်ဖူးမှာကို သာဝတ္ထိကိုကျော်ပြီး ရာဇဂြိုဟ် အထိလာရတယ်လို့ပဲ။"

"ဟုတ်လား . . လွဲချက်က နာလိုက်တာ။ ဒါကျုပ်ရဲ့ ပေါ့ဆမှုပဲ။ သာဝတ္ထိ မြို့သူမြို့သားတွေ ထူးထူးခြားခြား လှုပ်ရှားနေတာတော့ တွေ့ခဲ့ပါရဲ့။ ဒီလို မထင်ဘူး။ သာမန်ဂိုဏ်းဆရာ တစ်ယောက်ယောက်ကို ပူဇော်ဖို့ လုံးပန်းနေတယ် ထင်တာကိုး။ ကဲ၊ ကျေးဇူးတင်တယ် ဘဂ္ဂဝ၊ အချိန်မရှိဘူး၊ ကျုပ်ကို ခွင့်ပြုဦး"

ကျွန်ုပ်ဟာ ဘုရားရှင်ကို ဖူးချင်တဲ့စိတ်သာ ရှိနေလို့ စိတ်မြန်လက်မြန် နောက်ကြောင်းပြန်လှည့်ဖို့ လုပ်လိုက်တယ်။ ဘဂ္ဂဝက ကျွန်ုပ်လက်ကို ကမန်းကတန်းဖမ်းဆွဲရင်း . .

"နေပါဦး . . နေစမ်းပါဦး။ ဒါကဘယ်လဲ ရဟန်းကြီး"

"ဟေ . . ဘုရားရှင် သာဝတ္ထိမှာဆို။ ငါသာဝတ္ထိ ပြန်မယ်လေ . . "

"ဩော် . . "





ဘဂ္ဂဝဟာ ကျွန်ုပ်ကိုကြည့်ပြီး စိတ်ပျက်တဲ့ အမူအရာနဲ့ ခေါင်းခါတယ်။ ကရုဏာသက်တဲ့ မျက်လုံးနဲ့ကြည့်ရင်း . . "ဒီလိုသွားလို့ ဘယ်ဖြစ်မှာလဲ" လို့ပြောတယ်။ လောကြီးနေတဲ့ ကျွန်ုပ်က "ဘာဖြစ်လို့လဲ၊ ဒီလိုမသွားလို့ ဘယ်လိုသွားရမှာလဲ"လို့ ပြန်မေးလိုက်တယ်။

"ရာဇဂြိုဟ်နဲ့သာဝတ္ထိဟာ ယူဇနာလေးဆယ် ကျော်လောက်ဝေးတယ် ဆိုတာ မေ့နေပလား။ ခုသွားလို့ ခုရောက်တဲ့နေရာလို့ ထင်လား။ ရဟန်းကြီး ကြည့်ရတာလဲ ပင်ပန်းနေပြီ။ ဒီမှာ တစ်ညနားသွားပါ၊ နောက်နေ့မှ ဆက်သွားပေါ့"

အိုးထိန်းသည် ဘဂ္ဂဝပြောလိုက်မှ ကျွန်ုပ်လုပ်ရပ်ကို ဆင်ခြင်မိတယ်။ ဟုတ်ပေသားပဲ။ သာဝတ္ထိကို ပြန်သွားဖို့ ဘယ်လွယ်မလဲ။ အချိန်ကလည်း ခရီးသွားသင့်တဲ့ အချိန်မဟုတ်တော့ အဖော်မပါဘဲ မသွားသင့်တဲ့အချိန်။ အင်း . . ပြောရရင် စိတ်သာ ရှိပြီး ကိုယ်ကမဟန်တော့ပါဘူး။ ပင်ပန်းနွမ်းနယ် နေတဲ့ ခန္ဓာကိုယ်ကို အနားပေးသင့်တယ်။

"မှန်တယ်ဘဂ္ဂဝ။ သင့်ကိုကျေးဇူးတင်ပါတယ်။ ဒီတစ်ည၊ သင့်အိုးလုပ်တဲမှာ ကျိန်းစက်ခွင့်ပေးပါ"

* * * *

အိုးထိန်းသည်တဲမှာ နားတယ်ဆိုပေမယ့် စိတ်ကမနားမိဘူး။ နှုတ်နည်းမိတဲ့အတွက် မပင်ပန်းသင့်ပဲ ပင်ပန်းရ၊ အချိန်မကုန်သင့်ပဲ ကုန်ရတာတွေ တွေးရင်းဒေါပွနေမိတယ်။ ဟုတ်ပ၊ သာဝတ္ထိမှာ ဘုရားရှင်ရှိမှန်းသိရင် လွန်ခဲ့တဲ့လေးငါးရက်အတည်းက ဖူးခွင့်ရပြီ။ နာချင်တဲ့တရား နာခွင့်ရပြီ။ ခုတော့ . .

www.burmeseclassic.com



"အို .. ရဟန်းကြီး"

ကိုယ့်အဖြစ်ကို ပြန်တွေးနေစဉ် ခေါ်သံကြားလိုက်တယ်။ ကျွန်ုပ်ကို ခေါ်မည့်သူဆိုလို့ ဘဂ္ဂဝသာရှိလေတော့ ဘာကိစ္စလဲလို့ အသံပြုရင်း ခေါင်းထောင်ကြည့်လိုက်တယ်။

"ဩော် .. "

တံပေါက်ဝမှာ ရပ်နေတဲ့ ရဟန်းတစ်ပါးကို တွေ့လိုက်ရလို့ အံ့အားသင့်သွားတယ်။ ဟုတ်တယ်လေ .. ကျုပ်ဆီကို ရဟန်း တစ်ပါးပါးလာလိမ့်မယ်လို့မှ မတွေးတာ။ တွေ့နေတဲ့ ရဟန်းရဲ့ သွင်ပြင်ကြည့်ရင်း ကိုယ့်ကိုယ်ကိုလည်း ပြန်ငုံ့ကြည့်မိတယ်။ ဘုရားရှင်ကို ရည်စူးရဟန်းပြုခဲ့ပေမယ့် ဝိနည်းလည်းနားမလည်၊ နည်းနိသယလည်း မရှိတော့ ကိုယ့်အသွင်အပြင်က မြင်ရတဲ့ ရဟန်းငယ်နဲ့ ကွာနေတယ်။ ကျွန်ုပ်ဝတ်ထားတဲ့ သင်္ကန်းက သင်္ကန်းပဲဆိုတဲ့အမှတ်နဲ့ အထည်စတစ်စ ကောက်ရုံလာတာပါ။ အရောင်အဝါကလည်း မည်းညစ်ညစ်။ ခရီးကြမ်းဖြတ်ခဲ့ရလို့ စုတ်ပြတ်နေပြန်တယ်။ ကြည်ညိုဖွယ်အဆင်းမရှိဘူး။ ရောက်လာတဲ့ ရဟန်းသွင်ပြင်သဏ္ဌာန်နဲ့ကျွန်ုပ်အနေအထားက ဥဒေါင်းငှက်နှင့် လင်းတအိုပမာ တူနေတယ်။ ရဟန်းချင်းတူပေမယ့် အဆင်းချင်း မတူတော့ သိမ်ငယ်မိတာအမှန်ပါ။

"ဘာကိစ္စရှိပါသလဲအရှင် .."

"ငါ့ရှင် ယာယီသီတင်းသုံးတဲ့ ဒီတဲမှာ တစ်ည တည်းခိုချင် လို့ပါ"

"ဩော် .. ဒါလား။ တပည့်တော်လည်း အခုမှရောက် လာတဲ့ အာဂန္တုပါ"

ပိုင်ရှင် အိုးထိန်းသည်ဘဂ္ဂဝ ယာယီလှူထားတဲ့ ဒီနေရာကို တစ်ညတာ ပိုင်ဆိုင်ထားသူမဟုတ်လား။ ရောက်လာတဲ့ရဟန်းက





ကိုယ်ခွင့်ပေးမှ နေခွင့်ရမယ်။ ဘာပဲဖြစ်ဖြစ် တိုးတိုးဖော်ရှိရင် ပျင်းရိစရာမရှိဘူး။ ရဟန်းသူတော်စင်ချင်းဆိုတော့ တရားဓမ္မ ဆွေးနွေးလို့လည်းရတယ်။ အကြောင်းသင့်ရင် ကိုယ်သိချင်တဲ့ ဘုရားရှင်အကြောင်း စုံစမ်းနိုင်တယ်ဆိုပြီး ဝမ်းသာအားရ ဖိတ်ခေါ် လိုက်တယ်။

ခွင့်ပြုချက်ရတာနဲ့ ရဟန်းကြီးက တဲထဲဝင်လာပြီး မလှမ်း မကမ်းမှာ နေရာယူတယ်။ အသင့်ရှိနေတဲ့ ကောက်ရိုးတွေကို ဖြန့်ခင်းပြီး၊ တင်ပလ္လင်ခွေထိုင်ကာ ငြိမ်နေတဲ့ ရဟန်းကြီးကို မျက်တောင်မခတ် အကဲခပ်နေမိပါတယ်။

* * * * *

ရောက်ကတည်းက စကျူအိခြေခွေချထိုင်နေတဲ့ ရဟန်းကြီး ကိုကြည့်ပြီး စဉ်းစားလိုက်တယ်။

စိတ်ပျံ့လွင့်မှုမရှိအောင် စူးစိုက်၊ စုစည်းနေပုံပါ။ ပြောရရင် နောင်တော်ညွှန်တဲ့ ကျင့်ကြံနည်းမျိုးပေါ့။ ဒီနည်းကို ကိုယ်တိုင် ကျင့်ခဲ့လို့ သဘောပေါက်နေတယ်။ ကျွန်ုပ်လည်း အတုယူပြီး စူးစိုက် မှု စတင်လိုက်ပါတယ်။ ဒါပေမယ့် ကျွန်ုပ်စိတ်ကစုစည်းမရဘူး။ ရာဇဂြိုဟ်ပြည်ကို ရောက်လာတဲ့ ကိုယ့်အဖြစ်ကို တွေးမိနေတယ်။

ရောက်လာရတဲ့အကြောင်းက နောင်တော်ပို့လိုက်တဲ့ လက်ဆောင်က စတာပဲ။ ဟုတ်တယ် .. ။ တွေးမရဘူး။ ဤ လက်ဆောင်တော်ကို မောင်းမိဿံအလယ်မှာ လက်ခံမယူပဲ၊ တစ်ပါးတည်း ပြဿဒ်ဆောင်ပေါ်မှာ ဖွင့်ပါညီတော် .. "လို့ စကား လက်ဆောင်ပါးတာကလည်း စိတ်ဝင်စားစရာ။

'ပြန်စဉ်းစားရင် နောင်တော်ဗိမ္ဗိသာရနှင့်ကျွန်ုပ်ပုက္ကုသာတိ ခင်မင်ရပုံက ခပ်ဆန်းဆန်း။ နောင်တော့်နာမည် ကြားဖူးတာကလွဲပြီး တစ်ခါမှလည်း မတွေ့ဖူးဘူး။ ရုပ်သွင်ကိုတောင် ပြောစကားအရ



www.burmeseclassic.com

www.burmeseclassic.com



မှန်းဆယူရတယ်။ တက္ကသိုလ်နှင့် ရာဇဂြိုဟ်ဟာ ယူဇနာနှစ်ရာကျော် ဝေးလေတော့ သွားရေးလည်းမလွယ်။ ဆက်သွယ်ဖို့လည်းအခက်။ ဒါပေမယ့် ကုန်သည်ကြီးတွေ ကောင်းမှုကြောင့် ဆက်သွယ်နိုင်ခဲ့တယ်။ အကျွမ်းတဝင်ဖြစ်ဖို့ နောင်တော်ကပဲ ကမ်းလှမ်းခဲ့တယ်။

> “ညီတော် ပုက္ကုသာတိ။ ကုန်သည်တွေ နားတော်လျှောက်လို့ ညီတော်ဟာ မင်းကျင့်တရား ညီညွတ်ကြောင်း၊ တိုင်းသူပြည်သားများအပေါ် ရင်ဝယ်သားပမာ သနားချစ်ခင်ကြောင်း၊ သူတော်ကောင်းတရား ထုံမွှေ့ကြောင်း ကြားရလို့ သာဓုခေါ်ပါတယ်။ သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့၊ ပေါင်းဖက်မွေ့ဆိုစကားနှင့်အညီ နှစ်ပြည့်တစ်ပြည်ရွှေလမ်းငွေလမ်း ယှက်နွယ်ဆက်သွယ်လိုလို့ သဝဏ်လွှာပါးလိုက်ပါတယ် ညီတော် . . ”

ရာဇဂြိုဟ်ပြည်ကြီးရှင် ဟူသော မာန်မာနစကား မပါ။ ပကတိရိုးသားမှုနဲ့ သဝဏ်လွှာပါးပုံက ထူးခြားပါတယ်။ နောင်တော်ရဲ့ ရိုးသားတဲ့အသွင်ကို အဝေးကပင် မှန်းဆမြင်နိုင်လို့ ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့တယ်။

အဲဒီကတည်းက ဆွေသားရင်းချာပမာ ဆက်ဆံခဲ့တယ်။ မိတ်ဆွေကောင်းတို့ရဲ့ တာဝန်အတိုင်း ပေးကမ်းထောက်ပံ့ခြင်း၊ စကားချိုသာစွာပြောခြင်း၊ အကျိုးစီးပွား ဆောင်ခြင်း၊ မိမိနှင့် တန်းတူထားခြင်း၊ သစ္စာတည်ခြင်း ဆိုတဲ့တရားကို အပြန်အလှန် စောင့်ထိန်းခဲ့တယ်။ ဟင်းကောင်းစားရရင် မိဘကိုသတိရသလို၊ သတင်းကောင်းရရင် မိတ်ကောင်းကို အကြောင်းပြုစတမ်းလို့ ကတိပြုခဲ့ကြတယ်။

ကျွန်ုပ်ဟာ မမျှော်လင့်ဘဲ အရောင်ငါးပါးရှိတဲ့ ကမ္ဗလာထည်တွေကို ရလိုက်ပါတယ်။ ဒီအခါ ဦးဆုံးသတိရတာက နောင်





တော်ပါ။ ဒီပစ္စည်းဟာ နောင်တော်နဲ့ လိုက်ဖက်မယ်။ ဒီကမ္ဗလာဝတ်လိုက်ရင် အသရေတော် တိုးသွားမှာပဲလို့ တွေးပြီး လက်ဆောင်ပို့လိုက်ပါတယ်။ အင်း . . ဒီနေရာမှာတော့ ပုထုဇဉ်သားပီပီ ဝါကြွားချင်စိတ် ဖြစ်မိတာ ဝန်ခံပါတယ်။ လက်ဆောင်တော်ရရင် နောင်တော်ရော ရာဇဂြိုဟ်ပြည်သားတွေပါ ဝမ်းသာအံ့သြကုန်တယ်ဆိုတာ ကြားချင်ပါတယ်။ တက္ကသိုလ် ပြည်သားတွေရဲ့ ကြွယ်ဝမှုကို သိစေချင်လို့၊ ဒီလက်ဆောင်ကို မင်းပရိသတ်ဗိုလ်ပုံအလယ်မှာဖွင့်ကြည့်ပါ နောင်တော်လို့လည်း စကားလက်ဆောင်ပါးလိုက်တယ်။

ကျွန်ုပ်ပို့ပြီးမကြာခင်မှာပဲ နောင်တော်ဆီက လက်ဆောင်ရောက်လာပါတယ်။ ကျွန်ုပ်စကားနှင့် ဆန့်ကျင်ပြီး၊ တစ်ပါးတည်းသီးသန့်ကြည့်ဖို့မှာတော့ တော်တော်စိတ်ဝင်စားသွားတယ်။ ဒါနဲ့ တံတင်းကို ပြသာဒ်ပေါ် ချက်ချင်းတင်ခိုင်းလိုက်ပြီး၊ တံခါးအထပ်ထပ်ပိတ်ပစ်လိုက်ပါတယ်။

* * * * *

တံတင်းဖွင့်လိုက်ရင် လက်ဆောင်တော် တွေ့လိမ့်မယ် ထင်ပေမယ့်၊ အထပ်ထပ်ရစ်ပတ်ထားတဲ့ပုဆိုးမှာ မင်းတံဆိပ်ခပ်နှိပ်ထားတာတွေ့တော့ “ဩော် . . ”ဟု ရေရွတ်ကာ တစ်ကိုယ်တည်း ပြုံးမိတယ်။ ကျွန်ုပ်ကလွဲရင် တခြားသူတွေ မတွေ့စေလိုတဲ့ နောင်တော်၏ စေ့စပ်မှုကို ချီးကျူးမိတယ်။

> “ဟော . . ပုဆိုးနဲ့ ထုပ်ထားတာက သစ်သားကြုတ်ပါလား။ ဒီသစ်သားကြုတ်ပို့ရုံနဲ့ တခမ်းတနား စီစဉ်နေသေး။ အင်း . . ဒီလောက်နဲ့တော့ မဟုတ်တန်ရာဘူး။”

ကျွန်ုပ်ဟာ ပိုမိုစိတ်ဝင်တစားဖြစ်ပြီး သစ်သား ကြုတ်ကို ခပ်သွက်သွက်ဆွဲဖွင့်လိုက်ပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အလို .. သင်းပျံ့နေတဲ့ အနံ့ပါလား။ ဘယ်ကလာတာလဲ။ ဟင် .. ဒီကြုတ်ကပဲ။

"ဩော် .. စန္ဒကူးသားကြုတ်ပါလား"

သစ်သားကြုတ်ဖွင့်လိုက်ရာ စန္ဒကူးကြုတ် ထပ်ထွက်လာကယ်။ တယုတယ ပွတ်ကြည့်ရင်း၊ ထူးခြားတဲ့ အစီအစဉ်ကြောင့် စိတ်လှုပ်ရှားလာတယ်။ ခပ်သွက်သွက်ဆက်ဖွင့်ကြည့်ပြန်တယ်။

ဟယ် .. ဆင်စွယ်ကြုတ်။

ဟော .. ရွှေ .. ရွှေကြုတ်။

အလို .. လောဟိတင် အမျက်နီကြုတ်။

ကြည့်စမ်း .. ပတ္တမြားကြုတ်။

ကျွန်ုပ်ဟာ ဖွင့်ကြည့်လေတိုင်း တစ်ခုပြီးတစ်ခု ပေါ်လာတဲ့ ကြုတ်တွေကိုကြည့်ရင်း ဆောက်တည်ရာမရ ဖြစ်လာတယ်။ ကြုတ်အထပ်ထပ်စီရင်ပို့လာတဲ့ လက်ဆောင်ဟာ ဘာများဖြစ်လေမလဲလို့ တွေးကာ ဂနာမငြိမ်ဖြစ်နေတယ်။

"ဩော် .. ဘာများလဲလို့ ရင်ဖိုလိုက်ရတာ။ အဟင်းဟင်း .. နောင်တော်က တယ်နောက်ပါလား။ ရွှေပေလိပ်ပို့တာများ ဒီလောက်စီစဉ်လို့။ ဟဲ့ တမန်တို့။ ဒီရွှေပေလိပ်ကို ငါ့ညီတော်လက်အရောက် ဆက်သကြဆိုလည်း ရောက်မှာပါ။ ဟင် . . . ဒီရွှေပေလိပ်မှာ စာလွှာပါလား။ ဒါနောင်တော့် လက်ရေးပေပ။ ဘာများ ရေးထားပါလိမ့်"

ရတနာခုနစ်ပါးနှင့် စီစဉ်ထားတဲ့ နောက်ဆုံး ကြုတ်အဖွင့်မှာ တွေ့ရတဲ့ရွှေပေလိပ်ကို ဖြေကြည့်တော့ ဟင်္သာပြဒါးနဲ့ ရေးထားတဲ့ စာလွှာကို တွေ့ရတယ်။ ဘာများပါလိမ့်ဆိုပြီး ကမန်းကတန်းဖတ်လိုက်တယ်။ အခန်းက အလုံပိတ်ထားတော့ အမှောင်ချထားသလို ဖြစ်နေတာကြောင့် ဖတ်မရဘူး။ ဒါနဲ့





ပြူတင်းပေါက်ကို ဖွင့်လိုက်ပြီး ဝင်လာတဲ့ အလင်းရောင်မှာ ရွှေပေလွှာကို ဖတ်လိုက်တယ်။

* * * * *

"ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ"

ပထမစာကြောင်းကိုဖတ်ပြီး ရုတ်တရက် ငိုင်သွားတယ်။ စိတ်ထဲမှာ တစ်စုံတစ်ယောက်က ပုတ်ခတ်လိုက်သလိုဖြစ်ပြီး ဖျတ်ခနဲသတိရဟယ်။

"ဟင် .. ဘုရားဆိုပါလား။ နေ .. နေစမ်း ပါဦး။ ဒီစကားရဲ့ အနက်အဓိပ္ပါယ် ပြန်ကြည့်စမ်းပါ ဦးမယ်။ (လောကေ)လောကသုံးခွင် ဘုံအပြင်၌ (သဗ္ဗပါဏိနံ) လုံးစုံများစွာ သတ္တဝါတို့၏ (ဟိတာယ) လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများစိမ့်သောငှာ (ဗုဒ္ဓေါ) သစ္စာလေးဆူအောင်လံထူ၍ ပြိုင်သူဘက်ရှား သဗ္ဗညုမြတ်စွာဘုရားသည် (သမုပ္ပန္နော) ဥဒည်းတောင်စွန်း နေစက်ဝန်းကဲ့သို့ ပွင့်ထွန်းတော်မူခဲ့ပါပြီ။"

ဟာ .. ဘုရားပွင့်ပြီ။

ကျွန်ုပ်တစ်ကိုယ်လုံးဟာ အားကောင်းမောင်းသန်ဆင်ပေါက်ကြီးဟစ်ကောင်က နှာမောင်းနှင့် ပွေ့ယူပစ် လိုက်သလို သွက်သွက်ခါ တုန်လှုပ်သွားပါတယ်။ ဘုရားပွင့်ပြီ ဆိုပါလား။ သတ္တဝါအားလုံး အကျိုးအတွက် ဘုရားသခင် ပွင့်ပြီတဲ့။ ဒီသတင်းကိုကြားလိုက်ရတဲ့ ငါ့နှလုံးသားဟာ လိပ်ပြာအတောင်ခတ်သလို တဖျတ်ဖျတ် လှုပ်သွားပါလား။

ကျွန်ုပ်ဟာ တစ်သက်တာ အကြားချင်ဆုံး သတင်းကိုကြားလိုက်ပေမယ့် ကိုယ့်နားကို မယုံဘူး။ ကိုယ့်မျက်လုံးကို မယုံဘူး။ မှားလေသလားလို့ ရွှေပေလွှာကို ထပ်ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"စမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ"

အင်း . . ဒါက (လောကေ)လောကသုံးခွင် ဘုံအပြင်၌ (သဗ္ဗပါဏိနံ)လုံးစုံများစွာ သတ္တဝါတို့ဝယ် (သုခါယ)ဆင်းရဲမပွား၊ ချမ်းသာများစိမ့်သောငှာ (ဓမ္မော) မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်သည် (သမုပ္ပန္နော) ဥဒည်းတောင်စွန်း နေစက်ဝန်းကဲ့သို့ ပွင့်ထွန်းပေါ်လာတော်မူခဲ့ပြီ။ ဟယ် . . သတ္တဝါတွေ ချမ်းသာရာ နိဗ္ဗာန်ရောက်ကြောင်းတရား ပေါ်လာပြီ ဆိုပါလား။ မဇ္ဈိမတစ်ဝှမ်းမှာ ဘုရားရယ်လို့ ပေါ်လာတဲ့ မက္ခလိဂေါသာလ၊ ပူရာဏကဿပ၊ နာဋပုတ္တတို့ ကြားဖူးပါရဲ့။ ဟောတဲ့ တရား နာရပါရဲ့။ ဟောလေသမျှ တလေထဲပဲ။ ဒုက္ခ ဆင်းရဲကင်းစေမယ့် တရားဆိုပြီး လက်တွေ့ ချမ်းသာမှု မရှိတဲ့ တရားတွေပဲ။ နာရသမျှလည်း ရေငတ်သူ ဆားငန်ရေသောက်ရသလို ငတ်မပြေဘူး။ အင်း . . ခုတော့ တရားစစ်တရားမှန် ပေါ်ပြီတဲ့။

ကျွန်ုပ်ဟာ တရားစစ်တရားမှန်လို့ကြားရရုံနဲ့ ရင်ထဲ ချမ်းမြေ့သွားတယ်။ အနောဒတ်ရေအိုင်က သီတာ ရေစင်ကို သောက်ရသလို ရင်ထဲအေးမြသွားတယ်။ ကြည်နူးစိတ်နဲ့ ဆက်ဖတ်လိုက်ပြန်တယ်။

"သံဃော လောကေ သမုပ္ပန္နော ပုညခေတ္တံ အနုတ္တရံ" ဆိုပါလား။ အနက်က . . (လောကေ) လောကသုံးခွင် ဘုံအပြင်၌ (သဗ္ဗပါဏိနံ) လုံးစုံများစွာ သတ္တဝါတို့၏ (အနုတ္တရံ) အတုမရှိသော (ပုညခေတ္တံ) ကောင်းမှုပြုဖွယ် မြေနယ်ဖြစ်လျက် (သံဃော) အရိယာအပေါင်းသည် (သမုပ္ပန္နော)ဥဒည်းတောင်စွန်း နေစက်ဝန်း ကဲ့သို့ ပွင့်ထွန်းပေါ်တော် မူခဲ့ပေပြီတဲ့။

ကျွန်ုပ်ဟာ နောင်တော်ပို့လိုက်တဲ့ ရွှေပေလွှာကို ကြိမ်ဖန်များစွာ ဖတ်မိတယ်။ ဖတ်ရင်း၊ တွေးရင်း၊ နှုတ်က တဖွဖွ





ရေရွတ်နေမိပါတယ်။

လောကရှိသတ္တဝါတွေ ကောင်းကျိုးအတွက် ဘုရား ပွင့်ပြီတဲ့။

သတ္တဝါတွေချမ်းသာရာရမည့် နိဗ္ဗာန်ရောက် တရား ပေါ်ပြီတဲ့။

လူတို့ ကောင်းမှုပြုဖွယ် မြေနှင့်တူတဲ့ အရိယာ သံဃာတွေ ရှိပြီတဲ့။

ဪ . . ရတနာသုံးပါး ပေါ်လေပြီကိုး။

* * * * *

နောင်တော်ပို့တဲ့ ရွှေပေလွှာ ဆက်ဖတ်ကြည့် တော့ ဣတိပိသော ဘဂဝါ အရဟံ အစချီတဲ့ ဘုရားဂုဏ်တော် တွေ့ရပြန်တယ်။ ဂုဏ်တော် တစ်ခုချင်း အနက်ဖွင့်ကြည့်တော့၊ ဧကန်ဘုရားပွင့်ပြီဆိုတာ ယုံလိုက်ပါတယ်။ တရားဂုဏ်တော် ခြောက်ပါး ဆက်ဖတ်မိတော့ ပိုလက်ခံသွားတယ်။ လာပါ . . လာပါ . . ကိုယ်တိုင် လက်တွေ့လုပ်ကြည့်ပါ . . လို့ လက်ရပ်ခေါ်နေတဲ့ တရားပါလား။ ရဲရင့်လိုက်တာ။ မြတ်သားလိုက်တာ။ အင်း . . သံသယဖြစ်စရာ မလိုပါဘူး။

သံဃဂုဏ်တော်ကို ဖတ်ပြီးတဲ့နောက် ကျင့်စဉ် လမ်းညွှန် ထားတာ ဖတ်မိပြန်တယ်။ သဘောရသလို စမ်းသပ်လုပ်ကြည့်တယ်။ စိတ်ကို စူးစိုက်ခြင်းမှ စုစည်းခြင်း ပြုရမယ်တဲ့။ ပျံ့လွင့်တတ်သော စိတ်ကို တစ်နေရာတည်း စုစည်းမိအောင် လုပ်ဆိုပဲ။

"ဟုတ်ပေသားပဲ။ စိတ်ဆိုတာ ပျံ့လွင့်တဲ့သဘော ရှိတာ ကိုး။ ကြည့်လေ . . ငါကနန်းပြဿဒ်ထက်မှာ ရှိနေပေမယ့် ငါ့စိတ်က ရာဇဂြိုဟ်ပြည်ကို ရောက်နေတယ်။ နောင်တော် နဲ့ အတူ ရှိနေတယ်။ ဘုရားရှင်ထံမှောက် ရောက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟော . . တွေးရင်း ငါ့စိတ်က တဏှာသိုလ်ပြည်တစ်ဝှမ်းလုံး ပြေးလွှားနေပြန်ပြီ။ မြန်လိုက်တဲ့စိတ်။ ဒီစိတ်ကို တစ်နေရာတည်း စုစည်းရမယ်၊ သမာဓိရအောင် ကျင့်ရမယ်တဲ့။ လွယ်ပါ့မလား။ အင်းလေ . . ဘာပဲဖြစ်ဖြစ် လုပ်ကြည့်ရမယ်"

ကျွန်ုပ် ပုဏ္ဏသာတိဟာ နောင်တော်လမ်းညွှန်တဲ့ အတိုင်း လုပ်ကြည့်ဖို့ ဆုံးဖြတ်ပြီး ကျွန်ယုံလုလင်ကို ခေါ်လိုက်တယ်။

"အမောင်လုလင်။ . . ဒီပြဿဒ်နားကို သင်မှတစ်ပါး အခြားသူလုံးဝဝင်မလာစေနဲ့။ သင်ကိုယ်တိုင်လည်း ငါမခေါ်ဘဲ အနားကိုချဉ်းကပ်မလာနဲ့"

တိုတိုနှင့်လိုရင်းမိန့်ပြီး တံခါးကိုပြန်ပိတ်လိုက်ချိန် အကျိုးအကြောင်းဘာမှန်းမသိတဲ့ လုလင်ဟာ ယောင်နနနဲ့ကျန်ခဲ့တယ်။

* * * * *

"အိုရဟန်း၊ သင်သည် မည်သူ့ကို ရည်စူး ရဟန်းပြုခဲ့ပါသနည်း"

ကျွန်ုပ်၏ဖြစ်စဉ်ကို ပြန်တွေးနေစဉ် စောစောက ငြိမ်နေတဲ့ ရဟန်းကြီးရဲ့ မေးသံကြားလိုက်တယ်။ ရုတ်တရက် ဘာဖြေရမှန်း မသိဘူး။

ကျွန်ုပ်ဟာ ပြဿဒ်တံခါးပိတ်ပြီး ဆယ်ငါးရက် လုံးလုံး ဖွဲကောင်းကောင်းနဲ့ တရားကျင့်ခဲ့တယ်။ စိတ်ကို တစ်နေရာတည်း စူးစိုက်ခြင်းမှ စုစည်းခြင်းလုပ်ရာမှာ အစပိုင်းအခက်အခဲရှိပေမယ့် တဖြည်းဖြည်း အလေ့အကျင့် ရလာတယ်။ ဒီလိုစုစည်းမိတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ ကင်းဝေးပြီး ချမ်းသာမှု တွေ့လာတယ်။ ကြိမ်ဖန်များစွာလုပ်တော့ ဈာန်ပိုင်းတွေလည်းတွေ့လာတယ်။ ဈာန်အလျဉ်မှာနစ်မြောပြီး အတိုင်းမရှိ





အရသာထူးခံစားရတယ်။ ဂယနဏာမသိ ရသေးတဲ့ ကျွန်ုပ်ဟာ အစဦးမှာပင် အတွေ့ထူးလို့ ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ချီးကျူးမိတယ်။ ဒါကြောင့် ဘုရားရှင်ကို ရည်စူးပြီး ရဟန်းပြုခဲ့တယ်။

"ကျွန်ုပ်ကို မေးသလားအရှင် . . "

"မှန်ပါတယ်။ သင့်ဆရာမည်သူနည်း။ ဘယ် တရားကို နှစ်သက်ပါသနည်း"

တစ်ဖက်က စုံစမ်းမေးမြန်းလေတော့ ကိုယ့်ဆရာ ကိုကြွားခွင့်ကြုံပြီမို့ ကျောစန့်ရင်ဖွင့်လိုက်မိတယ်။

"ဒီလိုငါ့ရှင် . . သကျမျိုးနွယ်ကထွက်လာတဲ့ ရဟန်းဂေါတမဆိုတာ ရှိတယ်။ အဲရှင်ဂေါတမရဲ့ အရဟံအစ ဂုဏ်တော်ကိုးပါးဟာ လမ္ဗူဒိတ်ကျွန်းအလုံး ပျံ့နှံ့ကျော်စောနေပါတယ်။ ထိုအရှင်ဂေါတမကို ရည်စူးပြုခဲ့ခြင်းအမှန်မို့ ငါ့ဆရာဟာ ဂေါတမပေါ့။"

ဘုရားရှင်ကို မတွေ့ဖူး၊ မမြင်ဖူးပေမယ့် ကိုယ်ရည်စူးခဲ့ခြင်းအမှန်မို့ ခပ်မာမာကြွားလုံးထုတ်လိုက်တယ်။ အကယ်၍ ရဟန်းကြီးလည်း အရှင်ဂေါတမတပည့် ဖြစ်နေရင် ဆရာတူတပည့်မို့ ပိုရင်းနှီးသွားစရာရှိတယ်။ မဟုတ်လို့ တခြားဂိုဏ်းဆရာတွေရဲ့ တပည့် ဖြစ်နေရင်လည်း အကြောင်းမဟုတ်ဘူး။ တရားသဘောဟောကြောရင်လည်း ကိုယ်သိထား၊ တွေ့ထားတာ ပြောလိုက်ရုံပဲ။ ဟုတ်တယ်လေ . . ကိုယ်က ဘုရားရှင်တရား အကြွင်းမဲ့ ယုံတာကိုး။

"သြော် . . ဒါဆို ဘုရားရှင်ဘယ်မှာရှိလဲ"

"ဘုရားရှင်လား . . "

ဘုရားရှင်လားလို့ စကားစပြီး ဘာဆက်ပြောရမှန်းမသိဘူး။ ဘဂ္ဂဝပြောလို့ ဘုရားရှင် သာဝတ္ထိရောက်နေတာသာ သိထားတယ်။ တွေ့လည်း မတွေ့ရသေး။ ဖူးခွင့်လည်း မကြုံသေး၊ မသိတာ



www.burmeseclassic.com

www.burmeseclassic.com



ကို အသိလုပ်ပြီး မုသာဝါဒမသုံးချင်လို့ မှန်ရာကို ဝန်ခံလိုက်တယ်။

"အိုရဟန်း . . ဘုရားရှင်ကို မြင်ဖူးသလော . . ဖူးရရင် သိနိုင်မည်လော . . "

"အင်း . . မှန်တာ ပြောရရင် ဘုရားရှင်ကို တစ်ခါမှ မမြင်ဖူးပါဘူး။ ဖူးတွေ့ရရင်လည်း သိမှာ မဟုတ်ပါဘူး"

ရဟန်းကြီးက သည်သို့မိန့်ပြီး စကားဆိတ် သွားတယ်။ ကျွန်ုပ်ကတော့ အတူနေရဟန်းစကားကို ပြန်တွေးကြည့်နေတယ်။ ကိုယ်တွေ့ချင် မြင်ချင်နေတဲ့ ဘုရားရှင်အကြောင်း စကားစပ်မိလို့ အားတက်မိတာ အမှန်ပါ။ မေးမယ်လို့ ရည်ရွယ်ထားတာမို့ အခွင့်သင့် အခါကြုံပဲ။

"အရှင်ရဟန်း၊ ဘုရားရှင်အကြောင်း သိရင် ပြောပြပါ။ တရားမမွှနာဖူးရင် ပြန်လည်ဟောကြားပါ"

* * * * *

ကျွန်ုပ်ရဲ့တောင်းပန်စကားကြောင့် ရဟန်းကြီးက သိထားတဲ့တရားကို စဟောပါတယ်။

"အိုရဟန်း။ ယောကျ်ားရယ်လို့ ပညတ်ထားတဲ့ ဒီခန္ဓာကိုယ်ဟာ စင်စစ်တော့ ဓာတ်ခြောက်ပါးနဲ့ စိတ်ခံစားမှုဖြစ်တယ်။ ယောကျ်ား၊ မိန်းမ၊ မောင်ဖြူ မမဲ လို့ ပညတ်ချက်က အမှန်မရှိပေဘူး။ မရှိတာကိုဖယ်ပြီး တကယ်ရှိတဲ့ ဓာတ်ခြောက်ပါးကို ဖဿခြောက်ပါးနဲ့ စိတ်ခံစားမှုဖြစ်တယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနောဓာတ်ဆိုတဲ့ ဒွါရခြောက်ပါးကို အပြင်အာရုံ ရိုက်ခတ်တဲ့အခါ တွေ့ထိဆက်စပ်သော စိတ်သဘော ဖြစ်တယ်။ ခြောက်ပါးဒွါရနဲ့ အာရုံတို့ ထိစပ်ပြီး ကောင်းတယ်၊ ဆိုးတယ်၊ အလယ်အလတ်ရှိတယ်လို့ ခံစားရမှု(၁၈)ပါး ရှိလာတယ်။ ဒီအထိ





သဘောရပါသလား ပုက္ကုသာတိ"

ကျွန်ုပ်ဟာ တရားဟောမှုကို အာရုံစိုက်နေတုန်း နာမည်ခေါ်လိုက်လို့ ဒီရဟန်းကြီး ငါ့နာမည်ကို သိနေပါလားလို့ အံ့ဩသွားတယ်။ အကျိုးအကြောင်း မေးမည်လုပ်ပေမယ့် မိုးသီးမိုးပေါက် ရွာသွန်းသည့်ပမာ အဆက်မပြတ် ဟောနေလေတော့ မေးခွင့်မသာဘူး။ တရားသာ ဆက်နာခဲ့တယ်။

"အိုရဟန်း၊ ရူပဝါစရ ပဥ္စမဈာန်ကတစ်ဆင့် အရူပဈာန်လေးပါးကို တိုးတက်ပွားရင်လည်း ရတယ်"

"ဟုတ်လားဘုရား"

"ဒါပေမယ့် အရူပဈာန်ဆိုတာလည်း ပြုပြင်ပေးမှ ရနိုင်တဲ့တရားသာဖြစ်တယ်၊ နိုင်မြဲမှုမရှိဘူး။ ချုပ်ပျောက် ပျက်စီးတတ်တယ်။ အိုနာသေဒုက္ခဆင်းရဲနဲ့ ဆက်ဆံရတတ်တယ်။ ဒါကြောင့် ဘဝသံသရာဆက်ရေး၊ ပြတ်ရေး ကို ဘာမှစိတ်မစောဘဲ လောကတခွင် မြင်မြင်သမျှ ဘာမျှမစွဲလေနဲ့။ မစွဲလန်းရင် ပူပင်စရာ မရှိဘူး။ ပူပင်မှု မရှိရင် ပကတိအေးငြိမ်းမှုကို လက်တွေ့ခံစားရမှာပဲ"

ငြိမ်းချမ်းမှုတရားဟောနေစဉ်ပင် ကျွန်ုပ်စိတ်ထဲ အလိုလိုသိသွားတယ်။ ဒီတရားဟောနိုင်တာ နောင်တော် ဗိမ္ဗိသာရ ညွှန်းတဲ့ ဘုရားရှင်ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူး။ ဒီအသိဝင်လိုက်တာနဲ့ ရုတ်ခြည်းကိုယ်နေဟန်ပြင်လိုက်ရင်း ဝပ်တွား ဦးခိုက်ရှိခိုးလိုက်မိတယ်။

"တပည့်တော် ပုက္ကုသာတိ ပြတ်ပြတ်ထင်ထင် မြင်ပါပြီဘုရား။ ကံထူးလို့ ဘုရားရှင်ကို ဖူးခွင့်ရတဲ့ တပည့်တော်ဟာ မသိခဲ့ခြင်းကြောင့် ငါ့ရှင်လို့ ရိုင်းပြစွာ ပြောဆိုသုံးနှုန်းမိတာ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါဘုရား"

"ငါသည်းခံထားပြီးဖြစ်တယ် ပုက္ကုသာတိ"

"ဝမ်းမြောက်ပီတိဖြစ်ရပါသည်ဘုရား။ မှန်လှပါ ဗုဒ္ဓသခင် . . တပည့်တော်ကို သနားသောအားဖြင့် ရဟန်းပြုခွင့် ပေးတော်မူပါ"

"ချစ်သားပုက္ကုသာတိ။ ငါဘုရားဟာ မသိသေးတဲ့ တရားကို သိအောင် သွန်သင်နိုင်ပေမယ့်၊ မရှိသေးတဲ့ ပစ္စည်းကို ရှိအောင် ပြုပေးနိုင်စွမ်းမရှိ၊ ရဟန်းပြုလိုသော် သပိတ်နှင့် သင်္ကန်းကို ရှာလေ . . "

ဘုရားရှင်မိန့်ကြားချက်ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်ဘာလုပ်ရမည်ကို နားလည်လိုက် ပါတယ်။ သင်္ကန်းမရရင် ဘုရားရှင်ရဲ့ သာသနာတော်တွင်း ရောက်ခွင့်မရှိနိုင်ဘူး။ ကြီးမြတ်တဲ့ သင်္ကန်းတစ်စုံရရေးက ကျွန်ုပ်အတွက် သေရေး၊ ရှင်ရေးတမျှ အရေးကြီးနေပြီ။ ကျွန်ုပ်ဟာ ဘုရားရှင်ကို ဦးခိုက်လိုက်ပြီး တဲထဲက ခပ်ရိုရို ထွက်ခဲ့ပါတော့တယ်။

* * * * *

နံနက်မိုးသောက် အလင်းရောင်ရောက်ချိန်တွင် ရာဇဂြိုဟ်တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ် ကုန်သည်။

"ဒေသစာရီကြွသွားတဲ့ ဘုရားရှင် ပြန်ကြွလာ ပဟော့"

"ဟုတ်ရဲ့လား . . ဘာသတင်းမှလည်း မကြားပါလား"

"အိုးထိန်းသည် ဘဂ္ဂဝတဲက ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးနေသတဲ့။ ဒါဟာ ဘုရားရှင်ကလွဲပြီး တခြား ဖြစ်ရိုးလား"

ဘုရားရှင်ပြန်ကြွလာကြောင်း သတင်းကြားရသော ဗိမ္ဗိသာရမင်းကြီးသည် မှူးမတ်ပရိတ်သတ်များ ခြံရံပြီး အပြေးအလွှား





ရောက်လာပါတယ်။ ခရီးလမ်း ခုလတ်မှာပင် ဘုရားရှင်ကို ဖူးတွေ့လိုက်ရသဖြင့် ပျပ်ဝပ်ရိုးကျိုး ရှိခိုးလိုက်သည်။

"အသင်မင်းကြီး၊ သကျသားရဟန်းကြီး ပုက္ကုသာတိကို ကောင်းစွာ သဂြိုဟ်လော့"

ဘုရားရှင်ညွှန်ပြမှပင် အမှိုက်ပုံတွင် ခေါင်းစိုက် ပျံလွန်တော်မူနေသော ပုဂ္ဂိုလ်ကိုတွေ့လိုက်ရသည်။ သူ့လက်ထဲတွင်လည်း စွန့်ပစ်ထားသော အဝတ်စ၊ အဝတ်စုတ်တွေကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"မှန်လှပါမြတ်ဘုရား . . သူဘယ်သူပါလဲ"

"မင်းကြီး၊ သူဟာ ငါဘုရားကို ကြည်ညိုလို့ တက္ကသိုလ် ပြည်ကလာတဲ့ ပုက္ကုသာတိမင်းပဲ။ ရဟန်း ပြုချင်လို့ သင်္ကန်းအတွက် ပံ့သကူကောက်နေတုန်း အတိတ်ကညှိုး သူ့ဘီလူးက နွားယောင်ဆောင်ဝှေ့လို့ ပျံတော်မူရှာလေပြီ"

"အို . . ဒါဆိုရင် တပည့်တော် ဖိတ်လို့လာတဲ့ ညီတော် ပုက္ကုသာတိပေါ့"

"မှန်တယ်မင်းကြီး။ ရှေးကသင်္ကန်း လှူခဲ့ခြင်း မရှိလေတော့ ရဟန်းဖြစ်ပေမယ့် သင်္ကန်းရုံခွင့် မကြုံလိုက်ရှာဘူး"


ဘုရားရှင်မိန့်မြွက်စကား ကြားလိုက်ရသော မင်းကြီးသည် စိတ်မကောင်းခြင်းကြီးစွာနှင့် အမှိုက်ပုံထက်က ညီတော်ရဟန်း အလောင်းကို ပွေ့ယူလိုက်သည်။ ငြိမ်းချမ်းမှုလက္ခဏာနှင့် ဇိဝိန်ချုပ်နေသော အပြုံးစိကင်းစင်သည့် ညီတော်မင်းမျက်နှာကို စေ့စေ့ ကြည့်ရင်း အလိုလို မျက်ရည်စီးကျလာတော့သည်။

မောင်ဆန္ဒ(လယ်ဝေး)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မှန်တယ်ဒကာ။ ငါဟာအမှန်လမ်းကို မြင်ခဲ့ပြီ။
လောကမှာ ငါ့အားအကိုးရဆုံးပုဂ္ဂိုလ်ကို တွေ့ရပြီ။
အဲဒါပုဒ္ဓ။ လောကမှာ ငါအတတ်ချင်ဆုံး မန္တန်ကို
တတ်ခဲ့ပြီ။ အဲဒါဓမ္မ။

(ဝဂ်ီသပုဏ္ဏား)





# ဆဝသီသမန္တာန်အရှင်

ကြက်သွေးရောင်ကတ္တီပါစ ဖုံးအုပ်ထားသော ဝေါယာဉ်ကို ပုဏ္ဏားလေးယောက်ကထမ်းလာသည်။ ထိုဝေါယာဉ်နောက်မှ ပုဏ္ဏားတစ်သိုက်က ပုရွတ်ဆိတ်ကဲ့သို့ တန်းစီလိုက်လာကြ၏။

ခရီးအတော်ဝေးဝေးက လာကြသည်ထင့်။ ဝေါထမ်းပုဏ္ဏားတို့က မောဟိုက်နေပြီ။ အရိပ်အာဝါသကောင်းသည့် ညောင်ပင်ကြီးအောက်အရောက်တွင်ကြိုးဆောင့်ဆွဲ ခံရသော နွားပမာ တုန့်ခနဲရပ်သွားသည်။ထို့နောက် ဝေါ ယာဉ်ကို အသာအယာချပြီးနောက် ပြိုင်တူလိုလိုပင် ဝူးခနဲလေမှုတ်ထုတ်လိုက်ကြသည်။ မျက်နှာကို အပေါ်မော့လျက် အသက်တဝ ရှူရှိုက်လိုက်ရင်း နဖူးကစီးကျနေသော ချွေးတို့ကို လက်နှင့်သပ်ချသည်။ ဦးပေါင်းရစ်များဖြုတ်လျက် ယပ်ပမာတဖျတ်ဖျတ်ခပ်ရင်း အညှိုးနှင့် ပူနေပုံရသောနေမင်းကြီးကို စောင်းကြည့်ကြသည်။

လေရှူးတစ်ချက်အသုတ်တွင် ကတ္တီပါစသည် ပုတ်ခတ်ဆွဲလှုပ်လိုက်သကဲ့သို့ ခပ်ဟဟဖြစ်သွားသည်။ ပြူတင်းတံခါးလှပ်သလို ဟနေသော ကတ္တီပါနှစ်စကြားမှ ကျွန်ုပ်ဦးခေါင်းပြူထွက်လာသည်နှင့်ပုဏ္ဏားတစ် ယောက် ဝေါယာဉ်အနီးရောက်သွားသည်။

www.burmeseclassic.com



"ခေတ္တနားကြမယ် ဒက္ခာ"

"ကောင်းပါတယ်အရှင် . . . ဝေါထမ်းလုလင်တွေလည်းပင်ပန်းနေ၊ ဒီနေရာက အရိပ်အာဝါသလည်းကောင်း၊ ပြီးတော့ လမ်းဆုံလမ်းခွဆိုတော့ လူသွားလူလာလည်း စုံတဲ့နေရာ. . ."

"ကဲ၊ ထားပါလေ . . . ငါရေအေးအေးတစ်ခွက်သောက်ချင်တယ်"

"ကောင်းပါပြီအရှင်"

ဒက္ခာအချက်ပြလိုက်သည်နှင့်ရေတကောင်းကိုင်က အပြေးတစ်ပိုင်းနှင့်ရောက်လာသည်။ ရွှေသားကဲ့သို့ ပြောင်လက်နေသည့်ကြေးဖလားထဲသို့ ရေငှဲ့ထည့်ပြီး တရိုတသေ ကမ်းပေးလိုက်သည်။

"မန္တိမတစ်ဝှမ်းလှည့်လိုက်တာ တစ်ပတ်လည်ပြီး ဇာတိမြေတောင်ပြန်ရောက်ပြီအရှင် . . ."

"ဟေ. . . သာဝတ္ထိရောက်ပြီ"

ရေသောက်မည့်ဟန်အပြင်တွင် ငယ်ကျွန်ရင်း ဒက္ခာစကားကြောင့် မသောက်ဖြစ်သေးဘဲ ပတ်ဝန်းကျင်ကို အကဲခပ်ကြည့်ကြည့်လိုက်သည်။

"အိန်း၊ ဟုတ်သကိုး။ သတိမမူတော့ကိုယ့် အရပ်တောင် မမှတ်မိဘူး။ အင်း . . . ပြောင်းလဲ နေတာကလဲ မမှတ်မိစရာ"

"မှန်ပါတယ်အရှင်. . ."

မန္တိမတစ်ဝှမ်းလုံး အချိန်ကြာမြင့်စွာ လှည့် လည်နေတော့ ကိုယ့်မြေကိုယ့်ရေနှင့်ပင် စိမ်းသယောင် ဖြစ်နေသည်။ ငယ်စဉ်ကတည်းက ကျင်လည်ခဲ့သော အရပ်မို့သာ ခဏချင်း မှတ်မိနိုင်သည်။ ပြောင်းလဲနေပုံက မှတ်မိစရာပင်မရှိ။





သွားလာလှုပ်ရှားနေသူတွေကိုကြည့်လျက် ကျွန်ုပ် ဝဂ်ီသရင်ထဲတစ်မျိုးခံစားရသည်။ အရပ်တကာ နယ်လှည့်လာရာသည်ပုံမျိုးအဆက်ဆံမခံရ။ ကျွန်ုပ်ရောက်သည်နှင့်ပရိသတ်တွေဝိုင်းအုံလာကြသည်။ အရှင် ဝဂ်ီသ . . . အရှင်ဝဂ်ီသ ဟု သူထက်ငါတရေးတယူရှိ ကြသည်။ ကိုယ့်မြေကိုယ့်ဒေသရောက်လာသောကျွန်ုပ် ဝဂ်ီသကို အရေးတယူမရှိကြ။ အားလုံးက မသိကျိုးကျွန်နေကြ၍ ခံပြင်းဒေါသဖြစ်ရသည်။

ရွာနားမြက် ရွာနွားမစားသဘောလား. . .။အဟင်းဟင်း. . . ရတယ်လေ . . . ဝဂ်ီသကို သတိမမူ လူမထင်တဲ့သူတွေဟာ ခဏနေရင် အုလုအုယက် ဝိုင်းအုံစေရမယ်။ ဝဂ်ီသဖဝါးကို သူတို့ဦးခေါင်း နဲ့ လာပွတ်စေရမယ် ဟု အာယာတ၊ မာနစိတ်ရင်ထဲ၌ဖြစ်သွားသည်။

"ဒက္ခာ"

"အမိန့်ရှိပါအရှင်"

"သာဝတ္ထိမြို့သားတွေ ဝဂ်ီသအကြောင်း ဘာမျှ မသိသေးဘူးထင်တယ်။ မင်းကိုယ်တိုင် သွားပြောလိုက်စမ်း။ ဟောဒီညောင်ပင် အောက်မှာ သင်တို့အကြောင်း ကောင်းကောင်းသိတဲ့ ဝဂ်ီသရှိတယ်. . . ကိုယ့်ကိုယ် ကို ဘာမှန်းမသိတဲ့လူတွေ၊ ဘာဖြစ်မယ်ဆိုတာ မသိတဲ့လူတွေ ပဏ္ဍိပ်ဝဂ်ီသဆီကို သွားကြလို့ သတင်းပေးလိုက်စမ်းဟေ့"

"ကောင်းပါပြီ သခင်"

X X X

ဒက္ခာသည် ပြိုင်မြင်းတစ်ကောင်နှယ် ပြေးထွက် ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့တံခါးအရောက်တွင် ခေတ္တရပ်လျက် အကဲခပ်လိုက်သည်။

သာဝတ္ထိမြို့သားများသည် ပန်းမျိုးစုံ၊ ဆီမီး၊ အမွှေးတိုင်များ ကိုင်ဆောင်လျက် မြို့ပြင်တစ်နေရာသို့ ဦးတည်သွားနေကြသည်။ သူတို့တစ်တွေကား၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်။ လမ်းဘေးမှာ ရပ်နေသော ဒဏ္ဍာကိုပင် ငဲ့စောင်းမကြည့်။

ဒဏ္ဍာစိတ်ထဲ မရိုးမရွဖြစ်လာသည်။

"ဒီမယ်. . . ခဏနေကြပါဦးမိတ်ဆွေတို့။ ခင်ဗျားတို့ အခုဘယ်ကို သွားကြမှာလဲ"

လူအုပ်ရှေ့ပိတ်ရပ်လျက် လက်ကါးယားခြေ ကါးယား ကြောင်တောင်တောင် အမူအရာနှင့်မေးသဖြင့် လူအုပ်ကြီးက ခေတ္တရပ်တန့်သွားသည်။ ဒဏ္ဍာကို အထူးအဆန်းသတ္တဝါတစ်ကောင် နှယ် ကြည့်နေသည်။ လူအုပ်ထဲက အသက်ကြီးသော အဘိုးအို တစ်ဦး တိုးတွက်လာ သည်။

"ဘာဖြစ်လို့လဲမောင်ရင်. . . တို့ဘာအကူ အညီပေးရမလဲ"

"အကူအညီ မလိုပါဘူး။ ကျုပ်ကသာ ဒီက လူတွေကို ကူညီချင်တာပါ။ ဒါနဲ့ အဘိုးတို့က ဘယ်သွားမှာလဲ"

"တို့လား. . . ဘုရားကျောင်းတော်လေ"

အဘိုးအိုစကားကြားသည်နှင့် ဒဏ္ဍာက မရယ်ချင်ရယ်ချင် တမင်ဟန်လုပ်၍ ကိုယ်ကိုလှုပ်ခါ လှုပ်ခါရယ် လိုက်သည်။

"အဟိုးဟိုး. . . ဘုရားကျောင်းဟုတ်စ၊ အဘိုးအို။ အဟင်းဟင်း. . . အဲဒီသွားတော့ ဘာအကျိုးရှိမလဲ"

မနိုးမခန့်ရယ်ရင်း မျက်ခုန်းလေးပင့်ကာ မေးလိုက်သော





ဒဏ္ဍာစကားကြောင့် အဘိုးအိုက ကိုင်းညွတ်နေသောကိုယ်ခန္ဓာကို ဆတ်ခနဲ ထူမတ်လိုက်သည်။

"ဘယ်လိုကွဲ့။ ဘာအကျိုးရှိမလဲဟုတ်လား . . . ကျောင်းတော်မှာ တရားသွားနာတာ အကျိုးမရှိဘဲ နေမလားကွဲ့။ လောကီ လောကုတ္တရာ အကျိုးရှိတဲ့ တရားနာတာ အလွန်အကျိုးရှိတာပ"

"အဟီးဟီး. . . တော်စမ်းပါအဘိုးကြီးရယ် . . . တရားဆိုတာ လက်တွေ့အကျိုးမရှိပါဘူး။ တကယ့် လက်တွေ့အကျိုးရှိမဲ့အလုပ်ကို လုပ်စမ်းပါ။ ဟော. . . ဟိုသစ်ပင်အောက်ကဝေါယာဉ်ကို မြင်တယ်မဟုတ်လား. . ."

လူအုပ်ကြီးက ဒဏ္ဍာညွှန်ပြရာကို မျှော်ကြည့်ကြသည်။ အဘိုးအိုက ငဲ့စောင်း၍ပင်မကြည့်ဘဲ အင်း. . . ပြောပါဦးဟု အေးတိအေးစက် မေးလိုက်သည်။

"အဲဒီဝေါယာဉ်တင်းတိမ်ကမ္ဘလာအတွင်းမှာ အတုမရှိတဲ့ ပညာရှိပဏ္ဍိပ်ကြီး ဝဇီသဆိုတာ ရှိတယ်"

"ဘာပြုတုန်း"

"အရှင်ဝဇီသဟာ လက်ရှိအသက်ရှင်နေတဲ့ လူမပြောနဲ့ သုံးနှစ်အတွင်းသေသူရဲ့ဦးခေါင်းခွံကို ခေါက်ကြည့်ရုံနဲ့ ဒီလူဘယ်ဘုံ၊ ဘယ်ဘဝ ရောက်နေတယ်ဆိုတာ အတတ် ပြောနိုင်တယ်"

"ဘယ်လိုကွဲ့"

"အဟဲဟဲ . . . အဲဒါပဲ။ ဒီမယ်အဘိုးအို. . . ခင်ဗျားက အသက်လည်းကြီးပြီ။ ဒီနေ့မနက် ဖန် ဘာဖြစ်မယ်၊ အနာဂတ် ဘယ်လိုနေရ မယ်ဆိုတာ မသိချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား. . . အဟင်း၊ သိချင်ရင် ဟောဟိုမှာရောက်နေတဲ့ ပဏ္ဍိပ်ဆီကိုသွားလိုက်"

လက်မတထောင်ထောင်နှင့်ပြောနေသော ဒဏ္ဍာကို ကြည့်လျက်အဘိုးအိုက ပြုံးလိုက်သည်။ ဒဏ္ဍာ အနားတိုးသွားပြီး ပခုံးကို တစ်ချက်ပုတ်လိုက်၏။

"မောင်ရင့် ပဏ္ဍိပ်က လူတွေအကြောင်း သိတယ်ဆိုပါတော့"

"လူ့အကြောင်းသိတာ ပဏ္ဍိပ်အပြင်ဘယ်သူမှမရှိဘူး"

"ငါ့အကြောင်းလည်း သိတယ်ဆိုပါတော့"

"အဘိုးအိုအကြောင်းတင်မကဘူး၊ ဒီကလူတွေအကြောင်းလည်း ကောင်းကောင်းသိတယ်"

အဘိုးအိုက ခပ်လျောင်လျောင်ရယ်လိုက်ပြီး ရှုတ်ခြည်းရပ်လိုက်သည်။ မျက်နှာထားခပ်တည်တည်နှင့် ဒဏ္ဍာမျက်နှာတည့်တည့်လက်ညှိုးထိုးလိုက်ပြီး. . .

"မောင်ရင့် ပဏ္ဍိပ်သိတာထက် တို့ဗုဒ္ဓက ပိုသိတာပ မောင်ရင်လေးရာ. . . မောင်ရင့်ဆရာက တစ်ဘဝ နှစ်ဘဝပဲ သိတာမဟုတ်လား. . . လွန်ခဲ့တဲ့သုံးနှစ် အတွင်းသေသူကိုသာ ပြောနိုင်တာ မဟုတ်လား. . . အေး၊ တို့ဗုဒ္ဓက ဘဝအသင်္ချေထိ သိသဟေ့"

"ဗျာ. . ."

"မောင်ရင်လေး အံ့ဩမနေနဲ့။ ကျုပ်လိမ်ညာ မပြောဘူး။ သီလစောင့်တဲ့ကျုပ်က အကျိုးမရှိတဲ့စကား အချိန်ကုန်ခံပြောမနေဘူး။ မောင်ရင့်ပဏ္ဍိပ်ထက် တို့ဗုဒ္ဓသာလား. . . မသာလား. . .၊ သိချင်ရင် ကျောင်းသာလိုက်ခဲ့။ ကိုင်း၊ သွားကြမဟေ့"





အဘိုးအိုက ပြတ်ပြတ်တောင်းတောင်းပြောပြီး ခရီးဆက်ဖို့ သူ့လူများကို အချက်ပေးလိုက်သည်။ သူ့ကိုယ်စိန်ခေါ် လျက် ရှောင်ဖယ်ကျော်တက်သွားသော လူအုပ်ကြီးကိုကြည့်ရင်း ဘာဆက်လုပ်ရမှန်းပင် မသိတော့။

X X X

"ဘယ်လို. . . ငါလို ဆဝသီသမန္တန်ပိုင်ရှင်ထက် ပိုသိတယ်ဟုတ်လား. . ."

"အမှန်ပဲအရှင်. . ."

"ဒါဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

လောကတွင် မိမိထက်သိသူ၊ တတ်သူမရှိနိုင်ဟု တွက်ထားသော ကျွန်ုပ်သည်ကြားရသည့် သတင်းကြောင့် တုန်လှုပ်သွားသည်။ ဒေါသနှင့်ကုန်း အော်ပစ် လိုက်၏။

မိမိသည် ဗေဒင်သုံးပုံတွင် တစ်ဖက်ကမ်းခပ် တတ်မြောက်ထားသည်။ အတတ်သင်ပေးသူဆရာ့အပေါ် ဝတ်ကြီးဝတ်ငယ်ပြုစုသဖြင့် ဘယ်သူမှ မရသည့် ဆဝသီသမန္တန်ကိုလည်း သင်ခွင့်ရခဲ့သည်။ သည်မန္တန်ကို ဆရာမှ လွဲ၍ကျွန်ုပ်သာတတ်သည်၊ ဆရာကွယ်လွန်သွားတော့ ဆဝသီသမန္တန် တတ်သူကား ကျွန်ုပ်သာကျန်တော့သည်။ သည်မန္တန်ကို အသုံးချလျက် ဇမ္ဗူဒိပါတစ်ကျွန်းလုံး လှည့်ခဲ့သည်။ ငွေကိုသဲယူသလိုရခဲ့သည်။ သည်အတတ်ကြောင့် ဆသဝီသမန္တန်အရှင်ဟုပင် နာမည် ထင်ရှားခဲ့သည်။ မိမိကဲ့သို့သော မန္တန်အရှင်ကို ယှဉ်လို သူပေါ်လာပြီ။ ထိုပုဂ္ဂိုလ်က ဗုဒ္ဓတဲ့။

"ဒီမယ်ဒဏ္ဍာ၊ မင်းကို သာဝတ္ထိပြည်သားတွေက ဒီအတိုင်းပြောလိုက်တာ အမှန်ပဲလား . . ."

"အမှန်ပါသခင်. . . မယုံရင်ကျောင်းလိုက်ခဲ့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဝင်္ဂီသကို ပညာမာနက လှုံ့ဆော်လိုက် သဖြင့် ဒေါသအိုးက ပေါက်ကွဲထွက်သွားသည်။

“ဒကာ ၊ ဘုရားကျောင်းသွားမယ်၊ ဝေါပြင်”

X X X

ဘုရားကျောင်းသွားမယ်ဟု ဆရာသခင်အမိန့် ပေးလိုက် ပေမယ့် ဒကာမလှုပ်။ စပါးကြီးမြွေ ညို့ခံထားရသူနှယ် ခြေစုံ ရပ်လျက် ငိုင်နေသည်။

“ဆရာ တကယ်သွားတော့မလို့လား”

“ဘာဖြစ်လို့လဲ ဒကာ ၊ တကယ်သွားမှာပေါ့”

“စဉ်းစားပါအုံးဆရာ. . . ”

“ငါဘာစဉ်းစားရမှာလဲ. . . ဒီကိစ္စဟာ ငါလို ပညာရှိ ပဏ္ဍိတ်လုပ်ရမဲ့ကိစ္စ၊ ငါ့ပညာဟာ သူတို့ဗုဒ္ဓထက်သာ လား. . . မသာလား လက်တွေ့ပြရမယ်။ အဲဒီပညာစွမ်း ပြမှ ဝင်္ဂီသဟာ ဘယ်လိုပုဂ္ဂိုလ်ကြီးဖြစ်တယ်ဆိုတာ သိမှာပေါ့ ဒကာ”

“ဒါတော့ မှန်ပါတယ်ဆရာ. . . ဒါပေမယ့်. ”

“တော် ဒကာ ၊ဝေါသာပြင်”

ကျွန်ုပ်ဝင်္ဂီသ၏ ဖွတ်တရွတ်နိုင်စွာ ဆုံးဖြတ်မှုကြောင့် နောက်လိုက် ပုဏ္ဏားများဆက် မပြောသာတော့။ စိတ်မပါတပါနှင့် ဝေါကို ကောက်မလျက် ကျောင်းတော်သို့ ဦးတည်လိုက်လေ၏။

X X X

ကျွန်ုပ်ဝင်္ဂီသသည် အောင်မည်ဟု ယုံကြည်ထားသော စစ်သူကြီးစစ်မြေပြင်ချီသကဲ့သို့ ရင်ကိုကော့ထားသည်။ ဝေါယာဉ်





တွင်ကာရံထားသော၊ တင်းတိမ် ကမ္ဗလာကို ဟင်းလင်းဖွင့်စေ လိုက်သည်။ ပုဏ္ဏားများထမ်းလာသည့် ဝေါကို မြင်သည်နှင့် ကျွန်ုပ် ဝင်္ဂီသကို ထင်းထင်းကြီးတွေ့စေမည်။ ကျွန်ုပ်ကို ဂရု မစိုက်ပဲ မနေနိုင်အောင် စီရင်လျက် ကျောင်းတော်ဆီသို့ ဦးတည်လိုက်သည်။

ဘုရားကျောင်းတော်တွင်း ဝင်သည်နှင့် ပရိသတ်က လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။

“အဟဲ ဟဲ . . . . ဝင်္ဂီသတဲ့၊ ငါလို ပဏ္ဍိတ်တစ်ယောက် ကို ဂရုမစိုက်ဘဲ နေကြတဲ့ သင်းတို့ကို ငါ့အကြောင်း ပြရ သေးတာပ။ သင်းတို့အထင်ကြီးတဲ့ ဗုဒ္ဓက သာမလား . . . ဝင်္ဂီသက သာမလားကြည့်ကြဦးပေါ့။ ကျားနဲ့ဆင် လယ်ပြင် မှာ တွေ့ပြီပေါ့လေ”

ဘုရားရှင်ရှေ့ ရောက်သည်နှင့် ကျွန်ုပ်ဝင်္ဂီသ ဝေါယာဉ် ထက်က ဆင်းလိုက်သည်။ ပတ်ဝန်းကျင်ကို မကြည့်၊ ဘုရားရှင် နှင့် အနီးဆုံးရောက်သည်အထိ လျှောက်ခဲ့သည်။

“ဝင်္ဂီသ၊ ဆန္ဒရှိရင်ထိုင်ပါ”

ဘုရားရှင်က ဦးစွာနှုတ်ခွန်းဆက်လိုက်သည်။

ဘုရား . . . ဘုရားဟုကြားစက တွေ့ဖူးသောဘုရားများ ကဲ့သို့ သာမန်ပုဂ္ဂိုလ်သာဖြစ်မည်ဟုထင်ခဲ့သည်။ မျက်ဝါး ထင်ထင် ဖူးတွေ့လိုက်ရသော ထူးခြားသောအသရေတော်ကို သတိပြုမိသည်။ လက္ခဏာအတတ်ပညာတွင် တစ်ဖက်ကမ်း ခပ် တတ်သော ကျွန်ုပ်ဝင်္ဂီသ ရှင်းရှင်းလင်းလင်း နားလည်လိုက် သည်။ ကျွန်ုပ်ရင်တွင်းမှ သဒ္ဓါစိတ်ကြောင့် အလိုလို လက်အုပ် ချီမိပြီးသား ဖြစ်သွားသည်။

“ဝင်္ဂီသ၊ သင့်မှာ တစ်စုံတစ်ခုသော ပညာတတ်သလား”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အလိုကြိုသိနေသော ဘုရားရှင်အမေး ကြောင့် ရင်ထဲကြည်နူးသွားသည်။ ဘုရားနှင့်တွေ့လျှင် မိမိ၏ ဆဝသီသမန္တန် အတတ်ကို ပြခွင့်ရချင်သည်။ သည်သို့ပြရမှသာ ပရိတ်သတ်က ကျွန်ုပ်အပေါ် အထင်ကြီးလာမည်။ ခုတော. . . ဆန္ဒပြည့်ပြီ။

"မှန်ပါဗုဒ္ဓ ။ ကျွန်ုပ်ဟာ ဒီဇမ္ဗူမှာ တူသူမရှိတဲ့ ဆဝသီသမန္တန်ပါအရှင်ပါ"

"ဆဝသီသ. . . ဆဝသီသ။ ကောင်းပြီဝင်္ဂီသ။ ဟောဒီ ဦးခေါင်းခွံတွေကို မြင်ရဲ့မဟုတ်လား . . ."

ဝင်္ဂီသလာမည်ကို ကြိုသိနေသောဘုရားရှင်က ငရဲဘုံ၊ တိရစ္ဆာန်ဘုံ ၊ လူ့ဘုံ၊ နတ်ဘုံနှင့် အာသဝေါကင်း ပြတ် ရဟန္တာမြတ်ဖြစ်သွားသော ပုဂ္ဂိုလ်ငါးဦး၏ဦးခေါင်း ခွံငါးခုကို တန်ခိုးတော်နှင့်ဆောင်ယူထား ခဲ့ သည်။

သူတို့ရဲ့လားရာဂတိကို ဟောနိုင်ပါ့မလား"

ကျွန်ုပ်ဝင်္ဂီသသည် ဘုရားရှင်၏ အမေး မဆုံးခင် ဆတ်ခနဲ ထရပ်လိုက်သည်။ မိမိအစွမ်းကို ပြရ တော့မည်မို့ ကြည်နူးနေသည်။ ဒူးထောက်အရှုံးပေး၊ အညံ့ခံနေသည့် စစ်ရှုံးသူအပါး ချဉ်းကပ် သွားသော စစ်အောင်သူ၏ဟန်ဖြင့် မာန်အပါပါ လှမ်းသွားရင်း ပထမ ဦးခေါင်းခွံကို လက်သည်းဖြင့် ခေါက်လိုက်သည်။ မျက်လုံးကို စုံမှိတ်လျက် ဆဝသီသမန္တန်ကို ရင်ထဲက ရေရွတ် လိုက်သည်။

"ဒါဟာ ငရဲရောက်နေသူ"

"မှန်ပေတယ် ဝင်္ဂီသ"

"ဟောဒါက တိရစ္ဆာန်ဘုံရောက်သူ"

"ဟုတ်တယ် ဝင်္ဂီသ"

"ဒီတတိယဦးခေါင်းခွံက လူ့ပြည်ရောက်နေပါပြီ"





မှန်ကန်ကြောင်းဘုရားရှင်က ဝန်ခံလိုက်သဖြင့် နောက်ပါ ပုဏ္ဏားများက သူတို့ဆရာ၏ပညာကို ချီးကျူးဟန်၊ ဩဘာ လက်ခုပ်တီးကြသည်။ စောင့်ကြည့်နေသော ပရိတ်သတ်နတ်က ဝင်္ဂီသတော်ပါပေတယ်ဟု ချီးကျူး ကြသည်။

ကျွန်ုပ်က ဝင့်ကြွားဂုဏ်ယူစွာဖြင့် စတုတ္ထ ဦးခေါင်းခွံကို ခေါက်လိုက်၏။

"ဒါက နတ်ပြည်ရောက်နေပြီ"

"မှန်ပေတယ် ဝင်္ဂီသ ၊ ဆက်ဟောပါ"

ပဉ္စမမြောက်ဦးခေါင်းခွံ၏လားရာကိုဟော၍ မှန်ကြောင်း ဘုရားရှင်က ဝန်ခံလျှင် သာဝတ္ထိပြည်သားတွေ ကျွန်ုပ်အစွမ်း သိသွားမည်။ သည်အခါ ဝင်္ဂီသအပါး ဝိုင်းအုံလာကြတော့မည်။ သူတို့တစ်တွေ အထင်ကြီးနေသည့် ဗုဒ္ဓထက် ပညာမနိမ့်ကြောင်း တွေ့လျှင်. . . ကိုယ့် အတွေးနှင့်ကိုယ်ကျေနပ်လျက် ဆဝသီသမန္တန် ကို ရေရွတ်လိုက်သည်။

"ဟင်. . . ဒါ"

ဦးခေါင်းခွံကို လက်သည်းခွံနှင့်ထပ်ခြစ်ပြီး မန္တန် ကို ထပ်ရွတ်လိုက်သည်။

"လားရာဂတိသိရင်ပြောလော့ ဝင်္ဂီသ"

ရင်ထဲက အတော်ပင် တုန်လှုပ်သွားသည်။ သည်အဖြစ်မျိုး တစ်ခါမှ မကြုံဖူး၍ ရှက်ရွံ့အံ့ဩသော စိတ်ဖြင့် ရင်ဖိုလှိုက်မော နေသည်။

ငါတတ်ထားတဲ့ မန္တန်က မစွမ်းလေရော့သလား . . . အို ဘယ်နည်းနဲ့မှမဟုတ်ဘူး။ ဒီမန္တန်အစွမ်း ကြောင့် မဇ္ဈိမတစ်ဝှမ်းကျော် ခဲ့တာပဲ . . . ဒါဖြင့်ငါမန္တန် ရွတ်မှားနေရော့လား. . . ဒါလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ စနစ် တကျသင်ပြီး ကြိမ်ဖန်များစွာရွတ်ခဲ့တဲ့မန္တန်ကို ပုဒ်ရော ပါဒ်ပါမှားစရာမရှိဘူး။ ဒါဖြင့် . . . ဘုရားရှင်ရှေ့မှာ မန္တန်တန်ခိုးတွေ ပြယ်ကုန်ရော့သလား . . . ဟု ယောက်ယက်ခပ်မျှ တွေးနေမိသည်။ စိုးရိမ်စိတ်ကြောင့် ချွေးစီးများပင် ကျလာသည်။

"မှန်ပါဘုရား . . . ဒီဦးခေါင်းခွံရဲ့လားရာ . . . ဟိုဒင်း ဂတိ . . . အဲ၊ မသိပါ"

"ကြိုးစားပါဦး ဝဂ္ဂီသ၊ သင့်မန္တန်ကို သရဇ္ဈာယ် စမ်းပါဦး"

"မှန် . . . မှန်ပါ။ အထပ်ထပ်ရွတ်ရလွန်းလို့ အာခေါင်တွေတောင် ခြောက်ကပ်နေပါပြီ . . . တပည့်တော် ဝဂ္ဂီသတတ်ထားတဲ့ ဒီပညာဟာ တစ်ခါမှ ဒီအဖြစ်မျိုး မကြုံဖူးပါ ဘူး။ ဒီ . . . ဒီတစ်ခါတော့ . . . "

စကားကိုရပ်လျှက် သံသယစိတ်ဖြင့်ဘုရားရှင် အားမော်ဖူးလိုက်သည်။ ကျွန်ုပ်နောက်လိုက် ပုဏ္ဏားများ လှုပ်လှုပ်ရွရွဖြစ်ကုန်ပြီ။ ကျွန်ုပ်အဖြစ်ကို ကြည့်လျက် ဘာလုပ်ရမှန်းမသိကြတော့ ။

တပည့်ဒဏ္ဍက ကျွန်ုပ်အပါးပြေးကပ်လာသည်။

"အရှင် . . . ။စိတ်ငြိမ်ငြိမ်ထားပြီး မန္တန်ကို ရွတ်ပါ။ ဆဝသီသမန္တန်အစွမ်းကို ကျွန်တော်တို့ သိနေပါတယ်။ ဦးခေါင်းခွံလေးလုံးဖြေနိုင်ပြီး ကျန်တဲ့ ဒီတစ်လုံး မဖြေနိုင်တာနဲ့ဆရာဘဝ ပျက်စီး သွားပါမယ်"

"ဟဲ့ ဒဏ္ဍ ၊ မင်းကငါ့အကြောင်းပိုသိမလား . . . ငါဘယ်လိုကြိုးစားတယ်ဆိုတာ ငါအသိဆုံး။ ဒါ . . . ဒါပေမယ့် ဒီပြဿနာကို ငါမဖြေနိုင်တော့ဘူး"

ကျွန်ုပ်စကားကြောင့် ဒဏ္ဍငိုင်ကျသွားသည်။ ဆုံးရှုံးမှုကို မြင်၍စိတ်ပျက်သွားပုံရသည်။





"ချစ်သားဝဂ္ဂီသပုဏ္ဏား . . . အာသဝေါကုန် တဲ့ ရဟန္တာဟာ ဘဝကင်းပြတ်သွားပြီ။ ဘယ်တော့မှ ဘဝအသစ် မဖြစ်တော့ဘူး။ ဘဝသစ်သာ ရှာနိုင်တဲ့ သင့်ရဲ့ ဆဝသီသမန္တန်ဟာ ဘယ်မှာစွမ်းတော့မလဲ"

". . . . . . "

ဘုရားရှင်မိန့်လေမှ ပဉ္စမမြောက်ဦးခေါင်းခွံ သည် ရဟန္တာဖြစ်ကြောင်းသိလိုက်ရသည်။ မိမိရထား သော မန္တန်ကား အဆုံးစွန်ပြည့်စုံခြင်း မရှိကြောင်း နားလည်လိုက်သည်။

"မှန်ပါမြတ်ဘုရား . . . ကျွန်ုပ် သည်မျှမသိ ပါ။ အကယ်၍ ဒီထိသိနိုင်သောဂါထာရှိရင် လိုချင်ပါတယ် . . . ကျွန်ုပ်ကလည်း ဆဝသီ သမန္တန် ပြန်ပေးပါ့မယ်"

ကျွန်ုပ်ကား အရေးနိမ့်သော်လည်း မာန်မချ၊ ဒူးမထောက်သေးဘဲ ပညာချင်း လဲလှယ်လိုကြောင်း လျှောက်ထားလိုက်သည်။

"ချစ်သား ဝဂ္ဂီသ၊ ငါဘုရားက သင့်မန္တန်ကို မလိုလား"

X X X

သည်ဇမ္ဗူတွင် ဆဝသီသမန္တန်တတ်သူက ကျွန်ုပ်တစ်ဦးတည်းသာရှိသည်။ သည်မန္တန်ကြောင့် စည်း စိမ်ဥစ္စာမြောက်မြားစွာ ရခဲ့သည်။ ဆဝသီသမန္တန်ကို လို ချင်၍ ဒုက္ခခံလိုက်နေသော ပုဏ္ဏားများက တသီချည်း။ ကျွန်ုပ်က ဟင်းစားသာပေး၍ ကွန်ချက်မပြသဖြင့် လိုချင် ပေမယ့် သူတို့မရကြကုန်။

ဤအဖိုးတန်ဂါထာကို အလွယ်တကူ ပေးပါ မည်။ ဘုရားရှင်မန္တန်ပြန်ပေးပါဟု လျှောက်ရာ ပြတ်ပြတ် တောင်းတောင်း ငြင်းပယ်သည်။

"အရှင်ဘုရား၊ မန္တန်ဖြင့် မန္တန်ချင်းလဲလှယ်၍ တန်ဖိုး မဆုံးနိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဝင်္ဂီသ၊ ငါဘုရားကား မန္တန်ချင်းလဲလှယ်မှု မပြု၊ အကယ်၍ သင်အလိုရှိရင် မေတ္တာဖြင့် ပေးအံ့"

မမျှော်လင့်သော စကားကြားလိုက်၍ ကျွန်ုပ် ဝင်္ဂီသ တုန်လှုပ်သွားသည်။ ဝမ်းသာစိတ်ဖြင့် ဘုရားရှင်အပါး တိုးသွားမိသည်။

"ကောင်း. . . ကောင်းပါတယ် မြတ်ဘုရား။ မေတ္တာနဲ့ ပေးမယ်ဆိုရင် ခုချက်ချင်းသာ ချီးမြှင့်ပါ။ တခဏနဲ့ တတ်အောင် ကျွန်ုပ်သင် ယူပါ့မယ်"

ကျွန်ုပ်တို့ ပုဏ္ဏားဟူသည် ဂါထာမန္တန်နှင့်ပတ် သက်လျှင် ဘယ်သောအခါမှ ရောင့်ရဲခြင်း မရှိ။ ထူးခြား သောမန္တန်ဖြစ်၍ တောင့်တောင့်တတ ပိုဖြစ်ရသည်။

"အသင်ဝင်္ဂီသ၊ သင်တို့ ပုဏ္ဏားတွေဟာ အယူဝါဒ တစ်ရပ်ရပ်ကိုဖြစ်စေ၊ အဖိုးတန်မန္တန်ကို ဖြစ်စေတောင်းခံရင် ဒီပုဂ္ဂိုလ်လိုက်နာရမယ့် ကျင့်ဝတ်ရှိလား. . ."

"ရှိပါတယ်"

"ဟုတ်ပြီ ဝင်္ဂီသ။ ငါဘုရားရဲ့မန္တန်ကိုလိုချင်ရင် ဝန်းကျင် ကျင့်ဝတ်ဆောင်ဖို့၊ ပရိဝါသ် နေဖို့ မရှိဘူးလို့ သင် ထင်သလား. . ."

ဘုရားရှင်ဘာကို ရည်ညွှန်းမိန့်ကြားမှန်း နားလည် လိုက်သည်။ မန္တန်တတ်ရေးအတွက် ဆရာ့ကျင့်ဝတ် လိုက်နာရန်ကား ပြဿနာမဟုတ်။ အတတ်တစ်ခုအတွက် သည်မျှတော့ ရင်းရမည်သာ။

ကျွန်ုပ်သည် ဆုံးဖြတ်ချက်ကို ချက်ခြင်းချလိုက် သည်။ ထို့နောက် တပည့်ပုဏ္ဏားတို့ကို အပါး ခေါ်လိုက်၏။





"တပည့်တို့. . . ငါခုချက်ခြင်း ဘုရားတပည့် ခံလိုက်မယ်. . ."

"ဗျာ. . . ဆရာက ဘုရားရှင်တပည့်ခံမယ်လို့ ကြားလိုက်တာ ဟုတ်ပါရဲ့နော်. . ."

တပည့်ရင်း ဒတ္တက ကျွန်ုပ်စကားကို မယုံနိုင် လွန်းဟန်ဖြင့် ထပ်မေးသည်။

"ဒတ္တ ၊ မင်းငါပြောတာ ဆုံးအောင်နားထောင် စမ်း။ လောကမှာ ငါမသိတာမရှိတော့ဘူးလို့ ထင်ထားတာ ဗုဒ္ဓနဲ့တွေ့မှ တတ်သိစရာ မန္တန်ရှိနေတာ ငါသိတယ်။ ဒီတော့. . . အဲဒီ ဗုဒ္ဓမန္တန်ကို ဘုရားထံက အရယူမယ်။ ပြီးရင် မင်းတို့ဆီပြန်လာမယ်. . . ငါပြန်လာတာနဲ့ ဇမ္ဗူဒီပါကျွန်းအလုံးလှည့်ကြတာပေါ့"

ကျွန်ုပ်စကားကို ဒတ္တ သဘောပေါက်သွားသည်။

"ဒီလိုဆို ကောင်းပါတယ်. . . မြန်မြန်တတ်အောင် သင်ပါဆရာ"

X X X

ငါ့ထံက မန္တန်သင်ချင်ရင် ငါနဲ့တူသူဖြစ်ရမယ်. . . ဟုဘုရားရှင်က မိန့်သဖြင့် ရဟန်းပြုရန် သဘောတူလိုက်သည်။ ကျွန်ုပ်သဘောတူသည်နှင့် အပါးမှာ ရှိသော နိဂြောဓမထေရ်ကို တာဝန်ပေးတော့သည်။

"နိဂြောဓ၊ ဝင်္ဂီသကို ရဟန်းပြုပေးလိုက်"

ကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာ နိဂြောဓက ဦးစွာ ပထမ ပုဏ္ဏားတို့ အဆောင်အယောင်ကို စွန့်စေသည်။ ထို့နောက် ဦးပြည်းကတုံးရိတ် ပေးသည်။ နိဂြောဓမထေရ်က တစပဉ္စက ကမ္မဋ္ဌာန်းပေးသည်ကို



www.burmeseclassic.com

www.burmeseclassic.com



သီးခံရှုတ်ဖတ်ရ သည်။ ဗုဒ္ဓအနွယ်ဝင်ဖြစ်ရန် ပရိဝါတ်ပြုနေသော် လည်း ကျွန်ုပ်စိတ်ကမူ မန္တန်သစ်သင်ရေးသာ အာရုံရောက် နေသည်။ ငါ့အရည်အချင်း ငါ့ပညာနှင့်ဆိုလျှင် ခဏနှင့်တတ်ရ မည်ဟု မာန်တက်နေမိသည်။

နိဂြောဓမထေရ်က ရဟန်းဖြစ်စ ကျွန်ုပ်ကို ဦးဆောင်လျက် ဘုရားရှင်ထံ ခေါ်သွားသည်။ ဆရာမထေရ်ရှိခိုးသည့်အတိုင်း ဝတ်ပြည့်နေလိုက်၏။

"ချစ်သား ဝင်္ဂီသ။ သင်ဟာခုချိန်ကစပြီး ငါ ဘုရားရဲ့ သာသနာ့ဝင်သာမဏေ တစ်ဦး ဖြစ်လေပြီ။ ဒီတော့ သင်လိုချင်တဲ့ မန္တန်ရဲ့ ပရိဝါသ်ကို ဆောင်တဲ့အနေနဲ့ လိုက်ဆိုတော့ . . ."

ဘုရားရှင်က ဒွတ္တိံသာကာရ အစရှိသော ကာယဂတာ ကမ္မဋ္ဌာန်းကို တစ်ပိုဒ်ချင်း ချပေးတော့သည်။

အစဦးပိုင်းတွင် ကျွန်ုပ်စိတ်များက ပျံ့လွင့် နေသည်။ ပရိဝါသ်ဆုံးလျှင် ငါတတ်ချင်သည့် မန္တန်သင် ရတော့မည်ဟုသာ စိတ်ကရောက်နေသည်။ မြန်မြန်ရွတ် . . . မြန်မြန်ပြီး. . . မြန်မြန်သင်ရရင် လိုရာရပြီဟု တွေးနေခဲ့သည်။

ရွတ်ရင်းရွတ်ရင်း သုံးဆယ့်နှစ်ကောဋ္ဌာသ၏ ကုန်ခြင်း ၊ ပျက်ခြင်းသဘောက ထင်၍ထင်၍လာသည်။ ငါသည် လည်းကောင်း. . . ငါ့ခန္ဓာသည်လည်းကောင်း ဘာမျှမဟုတ် လေ. . . ဟုဆင်ခြင်လာမိသည်။ ဆက်၍ ဆက်၍ ဆင်ခြင် လိုက်ရာ၊ မဂ်ဖိုလ်တရားကို ထင်ထင် လင်းလင်းရသွားတော့သည်။

ကျွန်ုပ်ဝင်္ဂီသ အားလုံး နားလည်သွားပြီ။

ဗုဒ္ဓရင်ခွင် ခိုလှုံမိသောကျွန်ုပ်သည် တောင့်တောင့်





တတဖြစ်နေသော ဗုဒ္ဓမန္တန်ကား ဘာမျှအနှစ် သာရ မဟုတ်ဟု သိသွားခဲ့လေ၏။

X X X

"ဆရာဝင်္ဂီသ၊ ဗုဒ္ဓမန္တန်ရပြီလား. . ."

ကျွန်ုပ်အခြေအနေကို နေ့စဉ်လာရောက် ယောက်လှမ်း နေသော ပုဏ္ဏားတို့မှာ ရက်ရှည်လာသည် နှင့်အမျှ စိတ်မရှည် နိုင်တော့။ မန္တန်ကို အကြောင်းပြလျက် ဘုရားကျောင်းက မခွာသော ကျွန်ုပ်ကို ဒေါသ ဖြစ်နေဟန်လည်းတူသည်။ ကြာလျှင်သူတို့ ဆရာစိတ်ပြောင်းမှာကိုလည်း စိုးရိမ်ပုံရသည်။

တစ်ရက်တွင် ဒဏ္ဍာကိုယ်တိုင် ကျွန်ုပ်အပါး ရောက်လာပြီး လိုရင်းကို မေးသည်။

"အိန်း ၊ ငါရပြီ"

"ဟုတ်လား ဆရာဝင်္ဂီသ။ ဒါဆိုဒီကျောင်းမှာ ဘာလို့ အချိန်ဆွဲနေမှာလဲဆရာ. . .။ ဆရာ့ပညာကို အသုံး ချပြီး ဇမ္ဗူဒီပါကျွန်းအလုံးက ငွေတွေ သဲ့ယူကြစို့"

"ဒဏ္ဍာ၊ ငါကားသင်တို့နှင့်အတူသွားရန် အကြောင်း မရှိတော့"

"ဘာ. . . ဘာပြောလိုက်တယ် ဆရာဝင်္ဂီသ။ ကျွန်ုပ်တို့နဲ့ ခွဲတော့မယ် ဆိုလိုက်တာလား"

ကျွန်ုပ်စကားကို ကြားလိုက်သောဒဏ္ဍာသည် အထိတ် တလန့်ထအော်လိုက်သည်။ ကျွန်ုပ်ထံက ဒီစကားမျိုး ကြားရလိမ့်မည်ဟု သူတွေးထားပုံမရ။

"မှန်တယ်ဒဏ္ဍာ။ ငါဟာ အမှန်လမ်းကို မြင်ခဲ့ပြီ။ လောကမှာ ငါ့အားအကိုးရဆုံး ပုဂ္ဂိုလ်ကို တွေ့ရပြီ။ အဲဒါ ဗုဒ္ဓ။



www.burmeseclassic.com

www.burmeseclassic.com

လောကမှာ ငါအတတ် ချင်ဆုံး မန္တန်ကို တတ်ခဲ့ပြီ။ အဲဒါ ဓမ္မ"

"သွားပြီ. . . သွားပြီ ။ ကြားထားတဲ့သတင်း' တွေဟာ တကယ့်ကို မှန်တာပဲ။ ရဟန်းကြီး ဂေါတမဟာ အာဝဇ္ဇနီမာယာနဲ့ လှည့်ဖြား ဖမ်းစား တတ်တယ်။ သူနဲ့ ဆုံ တဲ့လူမှန်သမျှ သူ့ဂိုဏ်းသားဖြစ်အောင် ညှို့ယူဖမ်းစား တတ်တယ်ဆိုတာအမှန်ပဲ။ သွားပါပြီ . . . ရေစုန် မျောပါပြီ"

ဒဏ္ဍသည် ကျွန်ုပ်ကို စေ့စေ့ကြည့်ရင်း အရှူး တစ်ယောက်နှယ် တတွတ်တွတ်ရွတ်နေသည်။ မျက်ရည် တွေလည်း စီးကျလာပြီး ဇက်ကျိုးကျသော ငှက်ပျောပင်နှယ် ငိုက်ကျသွားသည်။

ကျွန်ုပ်သည် ဒဏ္ဍကို ဥပက္ခာပြုလိုက်သည်။ အနှစ်နှစ် အလလ လက်တွဲလာသော တပည့်ကို ကျောခိုင်းလျက် ဘုရားကျောင်းတော်ဆီ ပြန်လျှောက်ခဲ့သည်။ ကျွန်ုပ်သည် အမှန်လမ်းကို ညွှန်ပြခဲ့သော ဘုရားရှင်၏ ကျေးဇူးဂုဏ်ကို ဆင်ခြင်လျက် နှုတ်က ရေရွတ်နေမိသည်။

"ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ"

"ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ"

"ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ"

မောင်ဆန္ဒ(လယ်ဝေး)

HEIN HTET PRINTING GROUP



www.burmeseclassic.com



တပည့်တော်သောတာဒက္ခာပြတ်ပြတ်ထင်ထင်သိမြင်ခဲ့ပါပြီ။ အို. . . အမှန်လမ်းပြမြတ်ဗုဒ္ဓ။ ကျွန်ုပ်အရာရာကို နားလည်သွားပါပြီ။ ရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်ပါတော့မယ်။ သရဏဂုံတည်သူဟူ၍ မှတ်ပါတော့။

(သောတာဒက္ခာပုဏ္ဏား)





# စမ္ပာနဂိုရ်မြို့စားကြီး

ကျွန်ုပ်သောတာဒက္ခာကို မြို့စားကြီးလို့ စမ္ပာမြို့သူမြို့သားတွေက တလေးတစားခေါ်ကြတယ်။ အရိုအသေပေးဆက်ဆံကြတယ်။

မာဂဓတိုင်းအရှင်ဘုရင် ဗိမ္ဗိသာရက ဆုလာဘ်အဖြစ်စမ္ပာမြို့ကို အပိုင်စားပေးခဲ့ရလို့ ကျွန်ုပ်ဟာ စမ္ပာမြို့ရဲ့ ဘုရင်ငယ်တစ်ပါးဆိုလည်း မမှားပါဘူး။

စမ္ပာမြို့ကိုတော့ သိကြမှာပေါ့။ ဘုရားအလောင်း မဟာဇနကမင်းဖွားရာ စမ္ပာနဂိုရ်လို့ ထင်ရှားတဲ့မြို့။ တစ်ချိန်က အင်္ဂတိုင်းရဲ့မင်းနေပြည်တော်ပေါ့။

စမ္ပာလို့ ဘာကြောင့်ခေါ်တွင်တယ်ဆိုတာကို အ မျိုးမျိုးပြောကြတယ်။ စမ္ပာအမည်ရှိတဲ့ နဂါးမင်းမှီတင်း နေထိုင်ရာစမ္ပာမြစ်ကမ်းမှာ တည်ရှိလို့ ခေါ်သတဲ့။ ဖြစ်နိုင်ပါတယ်။ သို့သော်လည်း ဒီအယူကို ကျွန်ုပ်သိပ်သဘောမကျဘူး။

အခြားအယူတစ်မျိုးကတော့ ဒီလိုပါ။

တစ်ချိန်က စမ္ပာမင်းကြီး ဒီမှာစိုးစံတယ်။ မင်းကြီးရဲ့မိဖုရားကြီးက ဂဂ္ဂရာတဲ့။ အဲဒီမိဖုရားကြီးက သတ္တဝါတွေ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးကြည့်ပြီး လူသူကျွဲနွားတွေ သောက်သုံးဖို့ ရေကန်ကြီး တစ်ကန်ဟူးတယ်။ ပတ်ပတ်လည်မှာ အရိပ်အာဝါသရအောင် စကားပင်တွေ စိုက်တယ်။ စကားပွင့်ညို၊ စကားပွင့်စိမ်း၊ စကားပွင့်ဝါ၊ စကားပွင့်ဖြူဆိုတဲ့ စကားငါးမျိုးစိုက်ခဲ့ပါသတဲ့။ ဒီနေ့မြင်ရတာ ကတော့ သော်ကညို၊ မဟာလှေခါးပန်း၊ ကသစ်၊ သင်းခွေ၊ ငုရွှေပင်တွေ ဖြစ်ထွန်းနေတာတွေ့ရပါတယ်။ စကားငါးမျိုးဆိုတာ ဒီအပင်တွေပဲဖြစ်မှာပါ။

စကားကို စံကားလို့ ရေးကြတယ်၊ စံကားကို ပါဠိအလို အားဖြင့် စမ္ပာလို့ရေးတယ်။ စကားပင်တွေကောအတိ ဖြစ်ထွန်း နေတဲ့မြို့မို့ စမ္ပာမြို့လို့ အမည်တွင်ကြောင်း ပြောကြတယ်။ ဒီအယူအဆက ပိုပြီးသဘာဝယုတ္တိရှိ တယ်။ ပကတိအခြေအနေနဲ့ ဟပ်စပ်တယ်။ ကျွန်ုပ်ပို နှစ်ခြိုက်ပါတယ်။

ထားပါလေ . . . ဒါတွေက ပညတ်သဘောတွေ ပါ။

စမ္ပာနဂိုရ် မြို့စားကြီးဆိုတာကလည်း အမှန်ကတော့ ပညတ်သက်သက်ပါပဲ။

ကျွန်ုပ်ရဲ့ မျိုးရိုးဂုဏ်နဲ့ ပညာဂုဏ်ကို ပူဇော်တဲ့ သဘောပါ။

ကျွန်ုပ်ဟာ အမျိုးမြင့်မြတ်စင်ကြယ်တဲ့ ဇာတ်ရှိသူပြဟ္မဏ တစ်ဦး။ အဖဘက်ကရော၊ အမိဘက်ကရော ဇာတ်မြင့်သူတွေ၊ ဇာတ်မြင့်သူလည်းဖြစ်၊ ဥစ္စာဓနလည်းကြွယ်ဝ၊ ဗေဒင်သုံးပုံ လည်းတတ်၊ ရုပ်ဆင်းအင်္ဂါလည်း တင့်တယ်၊ အကျင့်သီလနဲ့လည်း ပြည့်ဝလို့ ပြဟ္မဏတွေက ဂိုဏ်းဆရာအဖြစ်တင်မြှောက်ကြတယ်။

ကျွန်ုပ်အနေနဲ့ မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရ ချီးမြှင့်တဲ့ မြို့စားရာထူးထက်၊ ပြဟ္မဏတွေ့ရဲ့ ဂိုဏ်းဆရာ ဆိုတဲ့ဂုဏ်ကို ပိုနှစ်သက်တယ်။ ကျွန်ုပ်တို့ပြဟ္မဏတွေဟာ ဇာတ်ခွဲခြားမှုကို အထူးအလေးထားတယ်။ အမျိုးလေးပါးမှာ အမြတ်ဆုံးအမျိုးဖြစ်တဲ့





ပြဟ္မဏမျိုးဆိုတဲ့ဂုဏ်ကို တန်ဖိုးထားတယ်။

ဘယ်သို့ပဲ ဖြစ်ဖြစ် ဂိုဏ်းဆရာကြီးကျွန်ုပ်သောဏဒဏ္ဍဟာ စမ္ပာမြို့စားကြီးရယ်လို့ မာဂဓတိုင်းတစ်ခုလုံး ကျော်စောသူပါ။

စည်းစိမ်ချမ်းသာမှုနဲ့ ကျော်စောမှုကို ယစ်မူးနေတဲ့ ကျွန်ုပ်သောဏဒဏ္ဍဟာ လောကကြီးမှာဘာဖြစ်နေ တယ်၊ ဘယ်လို ပြောင်းလဲတိုးတက်နေတယ်ဆိုတာ သတိမမူမိတာ အမှန်ပါ။ ကျွဲခြေရာခွက်ထဲ စံမြန်းနေတဲ့ ဖားသူငယ်ဟာ ကိုယ်အမိုပြုရာ ရေအိုင်ကိုမဟာသမုဒ္ဒရာထင်တယ်ဆိုစကား ရှိ မဟုတ်လား။ စမ္ပာဟာ ကျွန်ုပ်အတွက်တော့ မဟာသမုဒ္ဒရာပဲပေါ့။

* * * *

"ဟဲ့ အမတ်ကြီးဥတ္တိယ၊ ဟိုမှာ ရုတ်ရုတ်သဲသဲ၊ အုတ် အုတ်ကျက်ကျက်နဲ့ ဘာဖြစ်နေတာလဲ"

သလွန်ညောင်စောင်းထက်လဲလျောင်းပြီး စမ္ပာမြို့ရဲ့ ရှုခင်းအရသာကို မိန်းမောခံစားနေစဉ်လူအများ ရုတ်ရုတ်သဲသဲ သွားလာနေတာမြင်လို့ အမတ်ကြီးဥတ္တိယကို မေးလိုက်တယ်။ ဥတ္တိယက ကျွန်ုပ်ညွှန်ရာကို ကြည့်လိုက်ပြီး . . .

"ဪ . . . ဒါဟာ စမ္ပာမြို့သားတွေ ဘုရားဖူးသွားနေ ကြတာပါ မြို့စားမင်း"

"ဘယ်လို . . . ဘုရား၊ ဘုရားဖူးသွားကြတယ် ဟုတ်ရဲ့လား"

"မှန်ပါတယ် မြို့စားမင်း၊ သာကီနွယ်ဖွား ရဟန်းကြီးဂေါတမ ဟာ အင်္ဂတိုင်းအတွင်း ဒေသစာရီကြွရာက စမ္ပာမြို့ကို ရဟန်းငါးရာနဲ့ ရောက်လာပါတယ် . . ."

"ဟေ . . . စမ္ပာကို ကြွလာတယ် ဟုတ်လား နေပါဦး၊ ငါမရှင်းလို့မေးပါရစေကွယ် . . . မောင်မင်းပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂေါတမဆိုတာ ကပ္ပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနနဲ့ မာယာဒေဝီရဲ့ သားဆိုတာလား ..."

"မှန်ပါတယ်အရှင် ... မာဂဓပြည့်ရှင်ဘုရင် ဗိမ္ဗိသာရ ကိုးကွယ်တဲ့ရဟန်းကြီးပါ။ အခုရဟန်းကြီး ဂေါတမက ဂဂ္ဂရာအိုင်အနီးက စကားတောမှာ ယာယီသီတင်းသုံးနေတယ်။ အဲဒါ စမ္ပာမြို့သားတွေ သွားဖူးနေ တာပါ"

ဘုရားဆိုသော စကားကြားလိုက်ရတဲ့ ကျွန်ုပ်ရဲ့ နှလုံးသားဟာ ကြည်နူးမှုနှင့် တဖျတ်ဖျတ်လှုပ်နေတယ်။ ဂေါတမဘုရားရှင်လို့ ကြားလိုက်ကတည်းက ဆောက် တည်ရာမရဖြစ်ပြီး၊ ညောင်စောင်းထက်က လူးလဲထမိတယ်။

မဇ္ဈိမမှာ ဘုရားပွင့်ပြီဆိုတဲ့ သတင်းကြားနေတာတော့ ကြာပါပြီ။ ဒီသတင်းက တစတစပိုပြီး ကျယ်လောင်လာတယ်။ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ၊ ဘုရားရှင်ရဲ့ တရားဒေသနာတွေ ကြားနေရပါတယ်၊ ကြားနေပေမယ့် သံသယစိတ်နဲ့ မယုံကြည်ခဲ့ဘူး၊ ဘာဖြစ်လို့လဲဆို တော့ ဒီဒေသမှာ ဘုရားရယ်လို့ ဟစ်ကြွေးနေတဲ့ ပုဂ္ဂိုလ်တွေက အများသား၊ ပူရာဏကဿပကလည်းဘုရားတဲ့၊ မက္ခလိဂေါသာလကလည်း ဘုရားတဲ့၊ သိဥ္စည်းတို့ နာဋပုတ္တတို့ကလည်းဘုရားလို့ ပြောကြတာပဲ။ ဒီတော့နောက်မှ ပေါ်လာတဲ့ ဂေါတမကိုလည်းဒီပုတ်ထဲက ဒီပဲလို့ပဲ တွက်လိုက်တယ်။

သို့သော်လည်း ရဟန်းဂေါတမရဲ့သတင်း တစ်နေ့တစ်ခြား ပိုထူးခြားလာတယ်။ ဘုရင်ဗိမ္ဗိသာရနဲ့ ပသေနဒီကောသလမင်းကြီးတို့က ထူးထူးခြားခြားယုံ ကြည်ကိုးကွယ်တာ၊ သကျမျိုးနွယ်တွေ လောကီစည်းစိမ် စွန့်ပြီး ရဟန်းပြုကြတာ၊ ယသလိုသေဌေးသားက ဂေါတမနောက်လိုက်ဖြစ်သွားတာ၊ ဥရုဝေလကဿပလို ပုဂ္ဂိုလ်နဲ့ရှင်တစ်ထောင်ရဟန်းပြုခဲ့တာ၊ သိဥ္စည်းဆရာကြီးရဲ့ ညာ





လက်ရုန်းနှစ်ယောက် ဂေါတမထံရောက်တာ ...၊ ဒီသတင်းတွေက စိတ်ဝင်စားစရာအမှန်။ ပြီးတော့ အခြားဘုရားတွေက အတ္တတရားဟောနေချိန်မှာ အနတ္တတရား ဟောလိုက်တာ တကယ့်ကိုထူးခြားတာပဲ။ အခွင့်ကြုံ အခါသင့်ရင် ဝါဒရေးရာနဲ့ပတ်သက်ပြီး ဆွေးနွေးချင်စိတ် ဖြစ်ခဲ့တယ်၊ မမျှော်လင့်ဘဲ ဘုရားရှင်ကြွလာတယ်ဆိုတော့ ...။

"အတော်ပဲဟေ့၊ ငါဘုရားရှင်နဲ့ သွားတွေ့မယ်"

ကျွန်ုပ်က ပြောပြောဆိုဆိုထိုင်ရာက ထလိုက်တော့ ဥတ္တိယက ဘာပြောရမှန်းမသိအောင်အံ့ဩသွားတာ ကို တွေ့လိုက်ပါတယ်။

* * * *

"အရှင် ... အရှင်က ရဟန်းဂေါတမကို သွားဖူးမယ်ဆိုတာ အမှန်ပဲလား ..."

ကျွန်ုပ်ဟာ အဝတ်အစားလဲပြီး အခန်းထဲက ထွက်လိုက်တာနဲ့ အခန်းပေါက်မှာ ဝိုင်းအုံစောင့်နေတဲ့ ဗြာဟ္မဏတွေကို တွေ့လိုက်ပါတယ်၊ သူတို့ဟာ မနေ့ကမှ အနယ်နယ်အရပ်ရပ်က ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေပါ၊ တစ်နှစ်တစ်ခါ ယဇ်ပူဇော်ဖို့၊ ရိုးရာမန္တာန်တွေရွတ်ဖို့၊ ဂိုဏ်းဆရာကြီးဖြစ်တဲ့ ကျွန်ုပ်ကိုဂါရဝပြုဖို့ ရောက်လာသူတွေ ဖြစ်ပါတယ်။

"အေး ... ဟုတ်တယ်၊ ငါဘုရားဖူးသွားမလို့ ပြင်နေတယ်"

"မဟုတ်သေးပါဘူး အရှင် ...၊ အရှင်မသွားပါနှင့်၊ သွားဖို့လဲ မသင့်ဘူး၊ သွားရင် စမ္ပာမြို့စား ဗြာဟ္မဏဆရာကြီးဆိုတဲ့ ဂုဏ်သိက္ခာကျသွားမှာပါ ..."

သူတို့ အားလုံးကပိုင်းတားကြတယ်။ သူတို့တ[illegible] တာသဘာဝကျပါတယ်။ အားလုံးက အလေးအမြတ်ထားနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လိုပုဂ္ဂိုလ်က ရဟန်းဂေါတမသွားတွေ့ရင် သိက္ခာကျပြီပေါ့။ သူတို့ရဲ့ဆရာ ကျွန်ုပ်က ရဟန်း ဂေါတမအောက်ရောက်သွားပြီဆိုကတည်းက သူတို့အနေအထားလည်း နိမ့်သွားပြီပေါ့။ ဒါပေမယ့် ကျွန်ုပ်အနေနဲ့ကတော့ ဝါဒရှင်ကို နှီးနှောချင်တယ်။ သူ့ရဲ့တရားကို ကြားနာချင်တယ်။ ရဟန်းကြီးဂေါတမဟောတဲ့အနတ္တဝါဒကို သိချင်တယ်၊ ဒီသဘောကိုနားလည်အောင် ပြောချင်ပေမယ့် အားလုံးကလက်ခံမှာမဟုတ်ဘူး၊ ဒီတော့ စကားလွှဲဆိုရတော့မယ်။

"အင်း ... ဒီလို ပြောလို့တော့ မဟုတ်သေးဘူး ကွဲ့၊ စမ္ပာမြို့ကို ကြွလာတဲ့ ရဟန်းဂေါတမဟာ ခုချိန်မှာ ဧည့်သည်၊ တို့ကအိမ်ရှင်၊ ဧည့်သည်ကို အိမ်ရှင်ကြိုဆိုရမယ့် ဝတ္တရားရှိပါတယ် ..."

ကျွန်ုပ်အကြောင်းပြချက်ကို သူတို့လက်မခံဘူး၊ ခေါင်းခါကန့်ကွက်ကြတယ်။

"တကယ်တမ်း လာတွေ့သင့်တာက ရဟန်းကြီး ဂေါတမပါအရှင် ...။ ဘာဖြစ်လို့လဲဆိုတော့ အရှင်က အမျိုးနွယ်ဇာတ်လည်းမြင့်မြတ်တယ်။ ဥစ္စာနေလည်း ကြွယ်ဝတယ်။ ပေဒင်သုံးပုံလည်းတတ်တယ်။ ရုပ်ဆင်းအင်္ဂါလည်း တင့်တယ်တယ်။ အကျင့်သီလလည်းရှိတယ်။ အသက်အရွယ်လည်းကြီးတယ်။ ပြီးတော့ မင်းနဲ့ပုဏ္ဏားတွေ အလေးအမြတ်ထားတဲ့ ဂိုဏ်းဆရာကြီးလည်းဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်မျိုးကို ရဟန်းဂေါတမလာမဖူးရင် ဘယ်သူ့ကို ဖူးရမလဲ ပြောစမ်းပါအရှင် ...။

ပြဟ္မဏတွေက ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ ၊ ဆရာစွဲနှင့်





ပြောမှန်းသိပါတယ်။ ပြောရရင်တော့ သူတို့ရဲ့ဆရာက တခြားဂိုဏ်းဆရာကို အညံ့မခံစေချင်ဘူး။ ဒါပေမယ့် ကျွန်ုပ်စိတ်က အလိုလို အညံ့ခံချင်စိတ် ဖြစ်နေတယ်။ ဒါကို သူတို့လက်ခံအောင်ပြောဖို့ ကြိုးစားမိပြန်တယ်။

"အချင်းတို့ ၊ သင်တို့စကားဟာ မှန်ပါတယ်။ ဒါပေမယ့် ရဟန်းဂေါတမဟာ စင်ကြယ်တဲ့ ဇာတ်ရှိတယ်။ လှပတဲ့ရုပ်အဆင်းရှိတယ်။ ယောက်ျားမြတ်တို့ အင်္ဂါ(၃၂)ပါးနဲ့လည်း ပြည့်စုံတယ်။ သူဟာ လောကီစည်းစိမ်ကို ယတိပြတ် ပယ်စွန့်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ရဟန်းပြုခဲ့တယ်။ တပ်မက်ခြင်းလည်းကင်းတယ်။ မင်းနဲ့ပရိတ်သတ်တွေ ကိုးကွယ်သူဖြစ်တဲ့အပြင် ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတယ်လို့ ဆိုကြတယ်။ ဒီလို ဘုရားရှင်ထံကို ငါ သွားသင့်တာ အမှန်ပဲ အချင်းတို့။"

ကျွန်ုပ်ရဲ့စကားကြားရတဲ့ ပြဟ္မဏတွေဟာ အတော်စိတ်ပျက်ကုန်တယ်။ သူတို့ရဲ့ ဆရာဆုံးပါပြီ၊ သူတို့ရဲ့ ဝါဒကျဆုံးပါပြီလို့ တွေးတောပုံပါပဲ။ ကျွန်ုပ်ရဲ့ အပြုအမူနဲ့ အပြောအဆိုက ဘယ်နည်းနဲ့မှ တားမရမှန်း သဘောပေါက်သွားတယ်။ သူတို့အချင်းချင်းတိုင်ပင်တဲ့ အကြည့်နဲ့ကြည့်ပြီး၊ ဇာစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ပါတယ်။

"ကောင်းပြီအရှင် ... ဒါဆိုရင်လဲ ရဟန်းဂေါတမဆီကို ကျွန်ုပ်တို့အားလုံး လိုက်ခဲ့ပါမယ်။"

* * * *

ပုဏ္ဏားငါးရာခြံရံပြီး ကျွန်ုပ်သောဏဒဏ္ဍဟာ ဘုရားရှင်သီတင်းသုံးရာ စကားတောကို ခမ်းခမ်းနားနား ထွက်ခဲ့ပါတယ်။ ဒီအခြံအရံကို ဘုရားရှင်တွေ့ရင် သောဏဒဏ္ဍဟာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်မှန်း ရိပ်စားမိမှာပါ။ ဂိုဏ်းဆရာတစ်ယောက်ကို မထီလေးစား ဆက်ဆံမှာ မဟုတ်ပါဘူး။

ဒီအတွေးနဲ့ ဂင်္ဂရာရေအိုင်ဆီ ဦးတည်လာခဲ့ရာ စကားတော ကို ချဉ်းနင်းလိုက်သည်နှင့် ခေါင်းထဲအတွေး တစ်ခုဝင်လာပါတယ်။

"အင်း . . . မကြာခင် ရဟန်းဂေါတမနဲ့ တွေ့ ရတော့မယ်။ ဒီလိုတွေ့လို့ ငါက ပြဿနာစမေးတယ်၊ ဆိုပါတော့၊ ငါ့အမေးကို အကျိုးသင့် အကြောင်းသင့်ဖြေရင်ကောင်းတယ်။ မဖြေဘဲ ဒီလို မမေးထိုက်ဘူး သောဏဒဏ္ဍ ၊ သင်မေးသင့်တာက ဒီပုံဖြစ်တယ် ဆိုရင် သေရော။ ငါရဲ့လွဲမှားမှုကို ပုဏ္ဏားတွေ ကြားကုန်လိမ့်မယ်။ တစ်သက်လုံး ဆည်းကပ်နေသူတွေ ငါ့ကို အထင်သေးသွား ရောပေါ့။"

ကျွန်ုပ်ဟာ ဒီလိုတွေးမိတော့ ရင်လေးသွားတယ်။ ကိုယ်က စမေးဖို့ခက်ပြီ။ ဟုတ်တယ်လေ . . . အရှက်ကွဲ မခံနိုင်ဘူး။

"အဲ ၊ ထားပါ။ ကိုယ်ကမမေးဘဲ ရဟန်းဂေါတမက မေးလာလို့ ပြဿနာဖြေနိုင်ရင် အကြောင်းမဟုတ်ဘူး။ မဖြေနိုင်ရင် ဂိုဏ်းဆရာတစ်ယောက်လုပ်ပြီး ဒါတောင် မဖြေနိုင်ဘူးဆိုရင် သိက္ခာကျမယ်။ မဖြစ်သေးပါဘူး။ မသွားတော့ဘဲလှည့်ပြန်တာကောင်းပါတယ် . ."

လှည့်ပြန်မယ်ဆိုတဲ့ အတွေးနဲ့ လှမ်းလက်စခြေလှမ်းကို ရပ်ပစ်လိုက်တယ်။ ကျွန်ုပ်အမူအရာကြည့်ပြီး ပုဏ္ဏားတွေက အဓိပ္ပါယ် နားမလည်ဟန်ဖြင့် ကြည့်နေ တယ်။

"ဟယ် . . . မဟုတ်သေးပါဘူး။ အလာကြီးလာပြီး ဒီနေရာ ရောက်မှ နောက်ကြောင်းပြန်လှည့်ရင် ပုဏ္ဏားတွေနဲ့ စမ္ပာမြို့သားတွေက ဘာပြောမလဲ။ ရင်မဆိုင်ဝံ့အောင်





ကြောက်ရွံ့သူ၊ မလိမ္မာမိုက်မဲသူလို့ ကဲ့ရဲ့ကြမှာပေါ့။ ဘုရားရှင်ကလည်း မာနကြီးသူလို့ သတ်မှတ်သွားမှာပေါ့။ ဒီလိုလုပ်တာ ပိုပြီးသရုပ်ပျက်တယ်။ အင်း . . . ဘုရားရှင်နဲ့ မတွေ့လို့တော့ မကောင်းဘူး။ တွေ့ သင့်တယ်။ အဲ . . . တွေ့တဲ့အချိန် ငါကျွမ်းကျင်တဲ့ ဗေဒင်အရာမေးရင် ကောင်းမယ်။ ဒါဆို အလွယ်တကူ ဖြေနိုင်လို့ ငါလည်း သိက္ခာမကျဘူး။ ဂိုဏ်းဆရာကြီးဆိုတဲ့ဂုဏ်လည်း မပျက်ဘူး။ အင်း . . . သိတာပဲ မေးပါ စေလို့ ဆုတောင်းရမှာပဲ။

ကျွန်ုပ်သောဏဒဏ္ဍဟာ စိတ်မရောက်ခင် မြားကုန်နေ ပေမယ့် ဟန်ကိုယ့်ဖို့ဟု အားဆေးတင်လျက် စကားတောထဲ ချဉ်းနင်းဝင်လိုက်ပါတော့တယ်။

* * * *

ဘုရားရှင်ရဲ့အပါးမှာ စမ္ပာမြို့သားတွေ ဝိုင်းရံနေတယ်။ စမ္ပာတစ်မြို့လုံးကလူတွေ ဒီစကားတောကို ရောက်နေသလားလို့ ထင်မိတယ်။

ကျွန်ုပ်နဲ့ပုဏ္ဏားငါးရာ ဝင်လာတာကိုတွေ့တာနဲ့ စမ္ပာမြို့သား တွေက အလိုက်တသိနေရာပေးကြတယ်။ မြို့သူမြို့သားတွေရဲ့ ကိုင်းရှိုင်းမှုတွေ့ရတဲ့ ရဟန်းဂေါတမဟာ ကျွန်ုပ်ကို အထင်သေးမယ် မထင်ပါဘူး။

"အခြံအရံတွေတယ်များပါလား သောဏဒဏ္ဍ"

"မှန်ပါ ရဟန်းကြီးဂေါတမ။ အနယ်နယ်အရပ်ရပ်က ရောက်လာတဲ့ ဗြာဟ္မဏတွေပါ။ ဂိုဏ်းဆရာဖြစ်တဲ့ ကျွန်ုပ်ကို ကန်တော့ဖို့နဲ့ ယဇ်ပူဇော်ပွဲ လုပ်ဖို့လာကြရင်း ရဟန်းကြီးကို လာတွေ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းကြီးဂေါတမရဲ့ နှုတ်ဆက်မှုကို ဝင့်ကြွား ဂုဏ်ယူတဲ့ လေသံနဲ့ တုန့်ပြန်လိုက်မိတယ်။ အမှန်မှာတော့ စိတ်ထဲက အရှိ အသေပေးချင်ပေမယ့် တပည့်တွေ ရှေ့မှာမို့ မာနသံနှင့် တုန့်ပြန်လိုက်ခြင်းပါ။

"သင်တို့ အလေ့အထဟာ ကောင်းပေတယ် သောဏဒဏ္ဍ။ ဗြာဟ္မဏတွေ စုံလင်တုန်း ငါဘုရားမေးပါဦးမယ်။ အသင်တို့ ဗြာဟ္မဏဟူသည် အဘယ်မျှသော ဂုဏ်အင်္ဂါရှိရလဲ။ ဘယ်လိုပြည့်စုံသူကိုမှ ဗြာဟ္မဏလို့ ပညတ်လဲ"

ရောက်မဆိုက်မေးလိုက်တဲ့ စကားကြားပြီး ဝမ်းသာသွားတယ်။ ကျွန်ုပ်ကျွမ်းကျင်ရာသာ မေးလေခြင်းကြောင့် ဆန္ဒကို မလျှောက်ပဲသိနေတဲ့ ဘုရားရှင်ရဲ့စကားကို ကျေနပ်သွားတယ်။

"မှန်ပါ ရဟန်းဂေါတမ။ ဗြာဟ္မဏမှန်ရင် ငါးပါးသော ဂုဏ်အင်္ဂါရှိရပါတယ်။ ဒီငါးပါးက ဘာလဲဆိုရင် . . . မျိုးရိုးသန့်စင်ခြင်း၊ ဝေဒကျွမ်းကျင်ခြင်း၊ တင့်တယ် တဲ့ ကိုယ်အင်္ဂါရှိခြင်း၊ အကျင့်သီလပြည့်စုံခြင်းနှင့်ယဇ်ပူဇော်ရာမှာ ဦးဆောင်နိုင်ခြင်းပါပဲ"

"ဟုတ်ပြီ သောဏဒဏ္ဍ ဒီငါးပါးထဲက တစ်ပါး ပါးနှုတ်ရင် ဗြာဟ္မဏလို့ ပညတ်နိုင်သေးလား"

ဘုရားရှင်အမေးကို ကျွန်ုပ်ကောင်းကောင်း ရိပ်စားမိပါတယ်။ ဗြာဟ္မဏ ၊ ဗြာဟ္မဏလို့ပြောနေတဲ့ ကျွန်ုပ်တို့ မျိုးနွယ်တွေထဲမှာ ဒီငါးချက်နဲ့မပြည့်စုံသူတွေ ထုနဲ့ထေပါ။ ပြောရရင် လူစုန်းပြူးတွေပေါ့။ ဒါကိုရည်ညွှန်း ပြောလေတော့ ဗြာဟ္မဏတွေရဲ့ သိက္ခာကို ကာကွယ်ဖို့ တာဝန်ရှိလာပါတယ်။

"အရှင်ဂေါတမ၊ တင့်တယ်တဲ့ ကိုယ်အင်္ဂါရှိခြင်းကို ပယ်ပြီး၊





ကျန်လေးပါးပြည့်စုံရင် ဗြာဟ္မဏလို့ ပညတ်နိုင်ပါတယ်။"

ကျွန်ုပ်အဖြေကြားလိုက်တော့ နောက်ပါ ပုဏ္ဏားပရိတ်သတ် ဟင်းချအာကို သဲ့သဲ့ကြားလိုက်တယ်။ တစ်မျိုးနွယ်လုံးရဲ့ဂုဏ်သိက္ခာကိုထိန်းတဲ့ ကျွန်ုပ်ကို အားလုံးက ကျေးဇူးတင်ကြမှာပါ။

"ကောင်းပြီ ပုဏ္ဏားကြီး။ အဲဒီလေးပါးထဲက တစ်ပါး ထပ်နှုတ်ပြီး ကျန်သုံးပါးရှိရင် ဗြာဟ္မဏလို့ သတ်မှတ်နိုင်သေးလား . . ."

သည်အမေးကြားလိုက်တာနဲ့ ကျွန်ုပ်ရဲ့ ပရိတ်သတ်ကို လည်ပြန်လှည့်အကဲခတ်လိုက်တယ်။ ဗြာဟ္မဏတွေထဲမှာ မပြည့်စုံတာကို တွေ့လိုက်တယ်။ ဒီအရေးကိုလည်း ကာကွယ်ပေးသင့်တယ်လို့ ထင်မိတယ်။

"ဝေဒကျမ်းတတ်မြောက်ခြင်းဆိုတာ ပယ်နှုတ်ပြီးကျန်သုံးပါးနဲ့ပြည့်စုံရင်ဗြာဟ္မဏလို့ ပညတ်နိုင်ပါတယ်"

"ဟုတ်ပြီ ပုဏ္ဏားကြီး။ အဲဒီကျန်တဲ့ သုံးပါးထဲက တစ်ပါး နှုတ်ပြီး၊ ကျန်နှစ်ပါးနဲ့ဗြာဟ္မဏလို့ ပညတ်နိုင်သေးလား . . ."

သည်အမေးကို ချက်ခြင်းဖြေဖို့ တုန့်ဆိုင်းသွားတယ်။ ရဟန်းကြီးဂေါတမရဲ့အမေးကို ကျွန်ုပ် လွယ်လင့်တကူဖြေနိုင်လိမ့်မယ်လို့ တွက်ထားပေမယ့် တကယ့်အရေးကျတော့ မလွယ်မှန်းသိရတယ်။ တစ်ရစ်တစ်ရစ်တိုး ပတ်လာတဲ့ကြိုးကို ဖြေနိုင်ဖို့ဆိုတာ အမှန်တော့ ခက်ခဲပါတယ်။ ဒါပေမယ့် ကျွန်ုပ် အပြန်ပြန်အလှန်လှန် စဉ်းစားပြီး ဖြေလိုက်ပါတယ်။

"အရှင်ဂေါတမ။ မိဘမျိုးရိုးကိုပယ်ပြီး ကျန်နှစ်မျိုးနဲ့ ဗြာဟ္မဏလို့ ပညတ်နိုင်ပါတယ်"

ကျွန်ုပ်စကားဆုံးသည်နှင့် နောက်ကဝန်းရံ[illegible]တဲ့ ပုဏ္ဏားတွေက ပွက်ပွက်ညံသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင် သောတာဒက္ခ၊ ဒီစကားမဆိုပါနှင့်။ မျိုးရိုးနွယ်စင်ကို ပစ်ပယ်ရင် ဗြဟ္မဏဆိုတာ ဘာအဓိပ္ပါယ် ရှိတော့မလဲ"

ကျွန်ုပ်ရဲ့ညာလက်ရုံး ဥတ္တိယက ဒေါသတကြီးထကန့်ကွက်တယ်။

"ဟုတ်တယ် ... အရှင်ဟာ ကိုယ့်အဆင်းကိုလည်း ပယ်တယ်။ ဝေဒကျမ်းတတ်မှုကိုလည်း ပယ်တယ်။ ဒါကို မပြောလိုပေမယ့် မျိုးနွယ်ဇာတ်ကို ပယ်တာတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး"

ဗြဟ္မဏဟူသော အစွဲပြင်းထန်သည့် ပုဏ္ဏားတစ် ယောက်က အကြောက်အကန်ဆိုပြန်တယ်။

"အို ပုဏ္ဏားတို့ ... သင်တို့က သောဏဒဏ္ဍထက် အကြားအမြင်များတယ်။ စကားအရာ လိမ္မာတယ်။ ယှဉ်ပြိုင်ပြောနိုင်တယ်ဆိုရင် အဲဒီပုဏ္ဏားထွက်ပြီး ငါ့စကားဖြေပါ"

ရဟန်းဂေါတမ မိန့်ကြားတာကို ကြားလိုက်ရတော့ ကျွန်ုပ်ပျာပျာသလဲ တောင်းပန်ရတယ်။ တကယ်တော့ ကျွန်ုပ်တပည့်တွေဟာ ရဟန်းဂေါတမကို စကားအရာမှာ ဘယ်မှာ ယှဉ်နိုင်မလဲ။ ကျွန်ုပ်သည်ပင် အကျဉ်းအကျပ်ထဲ ရောက်အောင် ဆွဲသွင်းနိုင်စွမ်းတဲ့ ရဟန်းကြီးကို တုလို့မရနိုင်ပါဘူး။ ဒါကြောင့် ကိုယ့်လူတွေကိုသာ မာန်လိုက်ရပါတယ်။ "

ဒီမယ်အချင်းတို့၊ သင်တို့က ငါနားမလည်လို့ ဒီစကား ပြောတယ် ထင်လေသလား ...ငါ့ စကားဟာ ဗြဟ္မဏတွေရဲ့ သိက္ခာကို ထိန်းလိုက်တာပါ။ဒီမယ် သင်တို့အားလုံးတစ်ခု တွေးကြည့်ကြပါ။ ဟောဒီငါ့ဘေးမှာ ထိုင်နေတဲ့ အင်္ဂက၊





ကျုပ်တူကိုကြည့်။ အင်္ဂကဟာ ရုပ်အဆင်းရှိတယ်။ ဝေဒကျမ်းလည်းတတ်တယ်။စင်ကြယ်တဲ့ဇာတ်လည်းရှိတယ်။ ဒီအင်္ဂါရှိတာနဲ့ ဗြဟ္မဏလို့ပညတ်မလား။ဒါတွေဟာအဓိကျလား...။ အင်္ဂကဟာ သူ့အသက်သတ်မယ်။ သူ့ဥစ္စာခိုးမယ်၊ သူ့သားမယားပစ်မှားမယ်။ သေရည်သေရက် သောက်မယ်။မုသားစကားဆိုမယ်။ ရုန့်ရင်းတဲ့ စကားဆိုမယ်။အကျိုးမရှိတဲ့စကားဆိုမယ်။ အဲဒီဒုစရိုက်မှုတွေ လုပ်ရင်သူဟာစင်ကြယ်တဲ့ မိဘမျိုးရိုးကိုထိန်းရာ ရောက်မလား...။ အင်္ဂကကြောင့် မိဘမျိုးရိုးယုတ်ညံ့ မသွားဘူးလား.."

ကျွန်ုပ်စကားကြားလိုက်ရတဲ့ ပုဏ္ဏားတွေဟာပါးပြင်းထောင်နေတဲ့မြွေဟောက်ဟာ အလမ္ပာယ်ဆရာရဲ့ပုလွေသံ ကြားရသည့်နှယ်ငြိမ်ကျသွားတယ်။ ကျွန်ုပ်နှိုင်းနှိုင်းချင့်ချင့် ဆင်ခြင်စကားဆိုမှန်း နားလည်သွားကြတယ်။ ဒုစရိုက်ကျူးလွန်သူဟာ မျိုးနွယ်ဂုဏ်ကို မထိန်းနိုင်ဘူးဆိုတာသဘောပေါက်သွားကြပါတယ်။

"မှန်ပါအရှင်ဂေါတမ။ မြင့်မြတ်တဲ့သီလအကျင့်နှင့် ထက်မြက်တဲ့ဉာဏ်ရှိရင် ဗြဟ္မဏလို့ပညတ်နိုင်ပါ တယ်"။

"ကောင်းပြီသောဏဒဏ္ဍ။ ဒီနှစ်ပါးက တစ်ပါးကို ပယ်ရင် ဗြဟ္မဏလိုပညတ်နိုင်သေးလား"။

"အိုအရှင်...ဒီနှစ်ပါးကတစ်ပါးပယ်လို့တော့ မဖြစ်ပါဘူး။ တစ်ပါးတည်းနဲ့ဗြဟ္မဏလို့ မဆိုနိုင်ပါဘူး။ သီလနဲ့ပညာကိုဆေးကြောရတယ်။ ပညာနဲ့သီလကိုဆေးကြောရတယ်။ သီလရှိသူဟာပညာရှိတယ်။ပညာရှိသူဟာ သီလရှိတယ်။ လက်တစ်ဘက်နဲ့တစ်ဘက်ကိုဆေးရသလို သီလနဲ့ပညာဟာ အပြန်အလှန်ဆေးရတာမို့တစ်ပါးတည်း ရှိလို့မရဘူး"

"မှန်ပေတယ်သောဏဒဏ္ဍ။ ဒီအင်္ဂါနှစ်ပါးရှိမှ ဗြဟ္မ



www.burmeseclassic.com

www.burmeseclassic.com



ဏလို့မှတ်။ ဒီတော့သီလဆိုတာဘယ်ဟာလဲ၊ ပညာက ဘာလဲ"။

ဒီအမေးကို ကျွန်ုပ်မဖြေနိုင်ပါ။ မှန်ရာဝန်ခံရလျှင် သီလအကြောင်းကျွန်ုပ်မသိပါ။ခုချိန်မှာတော့မသိတာ ကိုမသိကြောင်းဝန်ခံရမှာကျွန်ုပ်မရှက်တော့။ ဝန်မလေးတော့။ သိက္ခာကျမည်ဟုမတွေးတော့။

"မှန်ပါဘုရား။ ဒီအဆင့်ထိမသိသေးပါ။ သိနိုင်အောင်ဆုံးမတော်မူပါ"

* * * *

ကျွန်ုပ်ဟာဘုရားရှင်ရဲ့ အမေးကိုဖြေရင်းဖြေရင်း ဗြဟ္မာဏတို့ဆုပ်ကိုင်ထားတဲ့ မျိုးနွယ်ဇာတ်ရဲ့အားနည်းချက် ကို ပို၍ပို၍ သိလာပါတယ်။

ဗြဟ္မာဏဟာ အမျိုးလေးပါးမှာအမြတ်ဆုံး၊ ဝေဒကျမ်းကျွမ်းကျင်သူ၊ ယဇ်ပူဇော်မှုကို ဦးဆောင်နိုင်သူဟူသော သာမညကိစ္စကို အလေးထားနေကြတယ်။ သီလအကျင့်မြတ်ရှိဘို့နဲ့ထက်မြတ်တဲ့ဉာဏ်ရှိဘို့အရေးမထားကြဘူး ဒီအရေးမထားတဲ့ပညတ်ချက်က အဓိကကျနေမှန်း ရဟန်းကြီးဂေါတမနှင့်တွေ့မှသိရတယ်။ ဒါကြောင့် ကိုယ့်ရဲ့အားနည်းချက်ကို ခပ်မြန်မြန်ပဲဝန်ခံလိုက်တော့တယ်။

" အို. . . ဗြဟ္မာဏအပေါင်းတို့" ။

ဘုရားရှင်ရဲ့ကြည်လင်ပြတ်သားတဲ့ အသံကြားလိုက်လို့ ကျွန်ုပ်နှင့်ဗြဟ္မာဏအားလုံး ဘုရားရှင်ဆီအာရုံရောက်သွားတယ်။

"ပူဇော်အထူးခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရားဟာ ဒီလောကမှာပွင့်တော်မူပြီ ပုဏ္ဏားတို့။ ထိုဘုရားရှင်ဟာ





အစအလယ်အဆုံးသုံးပါးသောကောင်းခြင်းဂုဏ်နဲ့ပြည့်တဲ့တရားကိုဟောတယ်။ စင်ကြယ်တဲ့တရားကိုပြတယ်။ အချင်းပုဏ္ဏားတို့. . . ဘုရားရှင်ရဲ့တရားကိုနာရတဲ့သူတွေဟာ လူ့ဘောင်ကိုခွာပြီး ရဟန်းအဖြစ်ခံယူကြတယ်၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းတယ်။ စင်ကြယ်သော အသက်မွေးမှု ပြုကြတယ်။ စက္ခုအစရှိ သောဣန္ဒြေကိုစောင့်တယ်။ အတိုင်းအရှည်ကိုသိကြတယ် သတိရှိတယ်။ ရောင့်ရဲလွယ်တယ်။ ဒီရဟန်းတို့ရဲ့အကျင့် သီလကို အငယ်၊ အလတ်၊ အမြတ်ရယ်လို့၊ သုံးပါးရှိပေတယ်. . . "။

ဘုရားရှင်ဟာ ရဟန်းတို့ကျင့်ဆောင်တဲ့ သီလသုံးမျိုးကို အသေးစိတ်ဆက်ဟောပါတယ်။ မိုးသီးမိုးပေါက် ကျသည့်နှယ် အဆက်မပြတ်ဟောလေတဲ့ တရားကိုကျွန်ုပ် အာရုံပြုနေပါတယ်။

ကျွန်ုပ်တို့အမြတ်တနိုးထား သင်ယူတဲ့ဝေဒကျမ်း အတတ်ဟာ ရဟန်းတို့ရှောင်ကြဉ်မှန်းသိလိုက်ပါတယ်။ အင်္ဂကျမ်း၊ နိမိတ်ကျမ်း၊ ဥပါတကျမ်း၊ အိပ်မက်ကျမ်းစတဲ့ဒီပညာရပ်တွေဟာ မဂ်ဖိုလ်ခရီးနဲ့ ဖီလာတဲ့အတွက်။ရှောင်သင့်သော အသက်မွေးမှုလို့ ဘုရားရှင်က ဟော တာ၊ ပြတ်ပြတ်ထင်ထင်နာလိုက်ရတယ်။

ကျွန်ုပ်တို့ ဗြဟ္မာဏတွေအလေးဂရုပြုတဲ့ လောကီပညာရပ်များကို ဘုရားရှင်က ရှောင်ကြဉ်စောင့်ထိန်းဖို့ သီလလို့ပညတ်တယ်။ ရုတ်တရက် လက်ခံနိုင်ဖွယ်မရှိပေမယ့် ကျွန်ုပ်ရဲ့အသိဉာဏ်က ဘုရားရှင်ကို ဆန့်ကျင်နိုင်စွမ်းမရှိတာ အမှန်ပါ။

"အိုသောဏဒဏ္ဍနဲ့ဗြဟ္မာဏအပေါင်းတို့။ ဒီလိုသီလအကျင့်နဲ့ရှိတဲ့ရဟန်းဟာ ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ပြီး ကမ္မဋ္ဌာန်း ကိုရှေးရှုထိုင်တယ်။ ရဟန်းဟာအဘိဇ္ဈာ မှာပါဒ၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ ကင်းသောစိတ်ရှိလို့ ပထမဈာန်ကိုဖြစ်စေတယ်။တဖန်ဝိတက်ဝိစာရကို ပယ်ခွာပြီး ဒုတိယဈာန်နှင့် နေပြန်တယ်။ တဖန်နှစ်သက်မှုနဲ့ ပီတိကိုခွာပြီး၊ တတိယဈာန်နှင့်နေပြန်တယ်။ သည်နောက် ချမ်းသာဆင်းရဲကို ပယ်ခွာပြီး စတုတ္ထဈာန်နှင့် ယှဉ်တဲ့စိတ်ဖြင့်နေပေတယ်"။

ဘုရားရှင်က ကျွန်ုပ်တို့ အပမ်းတကြီးကြိုးစားနေတဲ့ ဈာန်လမ်းကို လမ်းပြသွားလို့ လွန်စွာကျေနပ်သွားတယ်။ မှန်တာဝန်ခံရရင် ဒီတရားတွေကို ကျွန်ုပ်ဂယနကာ မသိခဲ့တာ အမှန်ပဲ။ ဂိုဏ်းဆရာကြီးလို့ ပညတ်ခံရပေမယ့် အမှန်လမ်းကို လုံးဝမသိခဲ့ဘူး။ ဘုရားရှင်ဟောတဲ့တရားကို စိတ်ဝင်တစားနားထောင်မိတယ်။ထောင်နေရင်း အမှောင်လမ်းမှာ စမ်းတဝါးဝါး လျှောက်နေတဲ့ကျွန်ုပ် ဟာအလင်းတန်းကို မြင်ရလို့အားတက်သလို ခံစားဝမ်း မြောက်နေမိတယ်။

"ပုဏ္ဏားကြီးသောဏဒဏ္ဍ။ စိတ်ဓါတ်သန့်စင်တဲ့ ထိုရဟန်းဟာ ဝိပဿနာဉာဏ်အမြင်အလို့ငှာ စိတ်ကို ညွှတ်ခြင်းဟာ ပညာပေပဲ"။

"အို. . . ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တနဲ့ ပြည့်စုံသောမြတ်ဘုရား။ တပည့်တော် သောဏဒဏ္ဍ ပြတ်ပြတ်ထင်ထင် သိမြင်ခဲ့ပါပြီ။ တပည့်တော်ဟာ ဒီနေ့ကစပြီး ဗြဟ္မဏတို့ရဲ့ ဆရာဆိုတဲ့အနှစ်သာရမရှိတဲ့ ပညတ်ကို ဖယ်ပစ်လိုက်ပါပြီ အို. . . အမှန်လမ်းပြမြတ်ဗုဒ္ဓ။ ကျွန်ုပ်အရာရာကို နားလည်သွားပါပြီ။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါတော့မယ် သရဏဂုံတည်သူဟူ၍မှတ်ပါလော့. . ."။





"သာဓု. . . သာဓု. . . သာဓု"။

ဘုရားရှင်ရဲ့ သာဓုအနုမောဒနာအဆုံးတွင် ကျွန်ုပ်သောဏဒဏ္ဍဟာ ယိုခြင်းငါးပါးနှင့်အညီ ရှိခိုးဦးတင်လိုက်ပါတယ်။ ကျွန်ုပ်ခေါင်းပြန်ထောင်လိုက်ချိန်တွင် ဝမ်းသာအားရချီးကျူးသံနဲ့ အတူပြုံးနေတဲ့ စမ္ပာမြို့သားတွေရဲ့ မျက်နှာများကို တွေ့လိုက်ရပါတော့တယ်။


* * * *

မောင်ဆန္ဒ(လယ်ဝေး)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒီမယ်အဘိုး. . . ၊ သုပ္ပဗုဒ္ဓမျက်နှာကို သေသေချာချာ ကြည့်လိုက်စမ်းပါ။ လူတောထဲ မတိုးဝံ့အောင် နူနေတဲ့လူ။ ကုန်းကောက်စရာမရှိအောင် ဆင်းရဲတဲ့လူ။ အဟဲဟဲ. . . ပစ္စည်းမရှိပေမယ့် ဆင်းရဲတယ် မထင်ပါနဲ့။ လူချမ်းသာဗျ။ ကျွန်တော့်မှာ ရတနာသုံးပါးရှိတယ်။ သီလ၊ သမာဓိ၊ ပညာ၊ ဟိရိဩတ္တပ္ပစတဲ့ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာ ရှိတယ်။

(သုပ္ပဗုဒ္ဓကုဋ္ဌိ)





# လူချမ်းသာကြီး သုပ္ပဗုဒ္ဓကုဋ္ဌိ

ဝေဠုဝန်ကျောင်းတော်ကြီးတစ်ခုလုံး ရဟန်းပရိသတ်၊ လူပရိသတ်တို့နှင့် ပြည့်နှက်နေသည်။ သာဝတ္ထိပြည်က ဇေတဝန်ကျောင်းတော်၊ ကပိလဝတ်ပြည်က နိဂြောဓါရုံကျောင်းတော်၊ ရာဇဂြိုလ်ပြည်က တပေါဒါရုံ ကျောင်းတော်၊ သမားတော်ကြီး ဇီဝက၏ အမ္ဗဝနကျောင်းတော်၊ ဝိသာခါ၏ ပုဗ္ဗါရုံကျောင်းတော်တို့ထက်ထူးကဲထူးမြတ်သော ကျောင်းတော်ကြီးမို့ ထူးထူးခြားခြား စည်ကားနေလေသလား မသိ။

ဝေဠုဝန်ကျောင်းတော်ကြီး ပေါ်ပေါက်ပုံကလည်း စိတ်ဝင်စားစရာ။

သိဒ္ဓတ္ထမင်းသားသည် လူ့စည်းစိမ်စွန့်ပယ်လျက် သစ္စာလေးပါးမြတ်တရားရှာရန် တောထွက်စဉ် ရာဇဂြိုလ်ပြည့်ရှင်နှင့် ဆုံစည်းခဲ့သည်။ ဗိမ္ဗိသာရမင်းကြီးသည် ပုရိသယောကျ်ားမြတ်တို့ ရုပ်လက္ခဏာရှိပြီး တင့်တယ်မှုအသရေပြည့်ဝသော ငယ်ရွယ်သူမင်းသားတောထွက်မည်ဆို၍ အံ့ဩနေသည်။

"အို . . . မင်းသားငယ်။ ဒီအသက်အရွယ်နဲ့ ဘာကြောင့် တောထွက်ဘိသနည်း။ ရွှေနန်းစည်းစိမ်၊ ကာမဂုဏ်အာရုံ

www.burmeseclassic.com



အပြည့်အဝ ခံစားနေသင့်တယ်။ ဘယ်လိုလဲ မင်းသား . . . ကပိလဝတ်ပြည်မှာ မပျော်ပိုက်ရှာသလား . . . သို့ဆိုရင် ရာဇဂြိုဟ်ပြည်မှာ လာရောက်ခံစားပါ။ ပြည်တစ်ဝက်ခွဲပေးပါမယ်"

"မင်းကြီး၊ ငါဟာမမြဲတဲ့ သင်္ခါရတရားကို ဆင်ခြင်မိလို့ ထာဝရမြဲမြံတဲ့ သစ္စာတရားရှာဖို့ ထွက်လာတယ်၊ နန်းစည်းစိမ် မလိုလားပါ"

"အို . . . မင်းသားငယ်။ တောထွက် တရားရှာတယ်ဆိုတာ အိုမင်းချိနဲ့ အားအင်ကုန်ခမ်း၊ ကာမဂုဏ်နွမ်းခြောက်နေတဲ့ ဇရာဒုဗ္ဗလအရွယ် လူအိုများကိစ္စပါ။ မင်းသားလို မင်းပျို မင်းလွင်က ဘဝကို အချိန်းမဖြစ်သင့်ပါ။ ဒီမယ်မင်းသား . . . ပြည်တစ်ဝက်ခွဲပေးတာ နည်းတယ်ထင်ရင် ရာဇဂြိုဟ် ပြည်တစ်ပြည်လုံး သိမ်းပိုက်ပါ၊ တောမထွက်ပါနဲ့"

"ကျေးဇူးတင်ပါတယ်မင်းကြီး၊ ငါဟာ လောကီ စည်းစိမ်ကို ခြေဖဝါးမှာတွယ်ကပ်နေတဲ့ မြူမှုံလောက် မျှ စုံမက်မှုမရှိ ကာမဂုဏ်အာရုံငြီးငွေ့လို့ ငြိမ်းအေးရာ အသခ်တနိဗ္ဗာန်ကိုသာ တောင့်တတယ်၊ တောထွက်ဖို့သာ ဆန္ဒရှိတယ် မင်းကြီး"

သိဒ္ဓတ္ထမင်းသားက ပြတ်ပြတ်တောင်းတောင်း မိန့်ကြားလျက် ခရီးဆက်ဖို့ပြင်သည်။ သားရင်းတမျှ သံယောဇဉ်ရှိသော်လည်း တားမရသည့်အဆုံး နှမြောတသ စွန့်လိုက်ရတော့သည်။ သို့သော် နောက်ဆုံးအနေနှင့် သံယောဇဉ်စကား ဆိုလိုက်သေး၏။





"တားမရရင်လည်း သွားပါမင်းသား။ ဒါပေမယ့် တရားထူး တွေ့ရင်တော့ ရာဇဂြိုဟ်ကို ဦးဆုံးကြွခဲ့ပါ။ တရားထူးကိုနာခွင့်ရပါရစေ . . ."

"ကောင်းပြီမင်းကြီး"

သိဒ္ဓတ္ထမင်းသားသည် ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာချပြီး ရဟန်းပြုထားပြီမို့ နောက်မဆုတ်တော့၊ တောရိပ်ဝင်လျှက် အထူးထူးသော တရားတို့ကို ကျင့်ကြံအားထုတ်ခဲ့သည်။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်တွင် သစ္စာလေးပါးတရားမြတ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိပြီး သဗ္ဗညုတဉာဏ်တော်ရခဲ့သည်။

ဘုရားဖြစ်သည်နှင့် ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောခဲ့သည်။ ထို့နောက် ယသသူဌေးသားနှင့် အဖော်တို့ကို လမ်းမှန်ရောက်အောင်ပို့ဆောင်ခဲ့သည်။ တဖန်ယသသူဌေး၏မိတ်ဆွေ တောသူဌေးငါးဆယ်ကို တရားအဆုံးအမပေးလျှက် ရဟန်းပြုပေးခဲ့သည်။ သီတင်းဝါလကျွတ်သည်နှင့် ရဟန်းခြောက်ဆယ်ကို သာသနာပြုရန် အရပ်ရပ်သို့ စေလွှတ်ခဲ့သည်။ ဘုရားရှင်ကိုယ်တိုင်လည်း ဥရုဝေလတောသို့ဝင်လျှက် ဥရုဝေလကဿပနှင့် ရှင်တစ်ထောင်ကို တရားစစ်တရားမှန် တည်စေလေသည်။

ဘုရားဖြစ်ပြီး ခြောက်လအကြာတွင် ကတိခံထားသည့်အတိုင်း ရသေ့ညီနောင် ရှင်တစ်ထောင်ခြံရံလျှက် ရာဇဂြိုဟ်ပြည်သို့ကြွသည်။ ဘုရားရှင်လာကြောင်း သတင်းရလျှင် ဗိမ္ဗိသာရမင်းကြီး အပြေးအလွှားကြိုဆိုသည်။ မင်းကြီးသည် နန်းတော်သို့ ဆွမ်းပင့်ကျွေးလျှက် တရားထူးကိုနာသည်။ နဂိုက သံယောဇဉ်ရှိသည့်အပြင် တရားထူးနာရ၍ ထူးထူးကဲကဲသဒ္ဓါကြည်ညိုကာ ဘုရားရှင်နှင့်ရဟန်းများ သီတင်းသုံးရန် ဝေဠုဝန်ဥယျာဉ်နှင့်

www.burmeseclassic.com



အဆောက်အအုံများကို ကျောင်းအမှတ်ရေစက်သွန်း ချလှူဒါန်းလေသည်။

သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်ရိပ် တရားကျင့်ခဲ့သော ဘုရားရှင်အဖို့ ကျောင်းကန်သည် အပိုပင်။ သို့သော် အနာဂါတ် သာသနာအကျိုး မျှော်တွေးလျှက် အလှူခံလိုက်သည်။ ဗုဒ္ဓသာသနာတော်တွင် ဦးဆုံးပေါ်ပေါက်သော ကျောင်းတော်၊ အလှူရှင်၏သဒ္ဓါစိတ်ကို နတ်ဒေဝါများ ကောင်းချီးပေးသည့်အနေနှင့် မြေငလျင်လှုပ် ဂုဏ်ပြုခဲ့သော ကျောင်းတော်ဖြစ်သည်။

ဝေဠုဝန်၏ သာယာလှပပုံက စာဖွဲ့ပြစရာပင်မလို။ မင်း၊ မိဖုရားနှင့် မောင်းမမိဿံတွေ ပျော်စံသည့် ဥယျာဉ်တော်မို့ အဆန်းတကျယ်စီစဉ်ထားသည်။ ရေတွင်း၊ ရေကန်များလည်း ပြည့်စုံသည်။ သစ်ပင်ပန်းပင်တို့ကား နွမ်းခြောက်သည်မရှိ။ စိမ်းစိုလတ်ဆတ်နေ၏။ သာယာကြည်နူးဖွယ်ကောင်းသော ဥယျာဉ်တော်မို့ ကျေးငှက်သာရကာတို့ မြူးတူးပျော်စံရာဖြစ်သည်။ သဘာဝအလှတွင် ငှက်အပေါင်းက တေးသံသာ သီကျူးအားဖြည့်ထား၍ နှစ်သက်ဖွယ်ပင်။

ထိုကျောင်းတော်၌ ဘုရားရှင်နှင့် ရဟန္တာများ သီတင်းသုံးလိုက်သဖြင့် အလှပေါ် တင့်တယ်မှုအသရေဆင့်လိုက်၍ ဂုဏ်မြင့်သွားတော့သည်။

ဤသို့ လှပမှုအပေါင်း ခညောင်းနေသော ဝေဠုဝန်ကျောင်းတော်သို့ ဘုရားရှင်အား ဖူးမြော်ရန်၊ တရားနာရန် လာကြကုန်သော ရာဇဂြိုဟ်ပြည်သားတို့ကား ပျားအုံတွင်ပျားများ တွယ်ကပ်နေသကဲ့သို့ ပြွတ်သိပ်နေသည်။





တိုးဝှေ့နေသော လူအုပ်ကြီးမြင်ရသော သုပ္ပဗုဒ္ဓကုဋ္ဌိသည် တောင်းရမ်းရန်အလို့ငှာ ခပ်သွက်သွက် ချဉ်းကပ်လာတော့သည်။

* * * *

သုပ္ပဗုဒ္ဓကို ရာဇဂြိုဟ်ပြည်သားတွေက မဆက်ဆံချင်။ ဖြစ်နိုင်လျှင် ခပ်ကင်းကင်းနေလိုကြသည်။ မလွှဲသာလို့ ရင်ဆိုင်တွေ့လျှင်လည်း မနှစ်သက်သော အကြည့်ဖြင့်ကြည့်ကြသည်။ တချို့ကမူ အော့နှလုံးနာဟန်၊ အော့အန်ပြကာ မြန်မြန်ထွက်သွားစမ်းဟူသော အမူအရာနှင့် လက်ပြမောင်းထုတ်ကြသည်။ နှင်ထုတ်လျှင်လည်း ခွန်းတုံ့မဆိုပဲ ခပ်ရှိုးရှိုးလေးလှည့်ထွက်ခဲ့သည်။ သုပ္ပဗုဒ္ဓ နားလည်ပါသည်။

"အင်းလေ . . . ငါ့ဘဝကလည်း နုံခြာတာကိုး။ မိဘမဲ့တစ်ကောင်ကြွက်ဖြစ်ရုံမက ကုန်းကောက်စရာမရှိအောင် ဆင်းရဲလွန်းတော့ မဆက်ဆံချင်ဘူးပေါ့။ ငါလည်း ကိုယ့်ခြေကိုယ့်လက် အားကိုးရှာစားချင်ပါတယ်။ ဒါပေမယ့် အမေပေးခဲ့တဲ့ ငါ့ရဲ့ ခြေနဲ့လက်က အကောင်းမရှိ တုံးတိတိဖြစ်နေပြီ။ ဝေဒနာကြောင့် ချွတ်ယွင်းကုန်ပြီ။ ဒီအနေအထားနဲ့ ဘာလုပ်စားမလဲ။ ဘယ်သူက အလုပ်ပေးမလဲ။ ရာဇဂြိုဟ်ပြည့်ရှင်က အပါးခေါ်ထားမလား။ ဝေးသေး၊ သွားစမ်းကုဋ္ဌိ၊ ဟဲ့ သုပ္ပဗုဒ္ဓကုဋ္ဌိ ဒီနားမနေနဲ့၊ ဒီနေရာနင်မလာနဲ့လို့ ငေါက်လွှတ်မှာ သေချာတယ်၊ အင်း . . . သူတို့လည်း အဆိုးမဆိုသာပါဘူး။ ကိုယ့် အဖြစ်က မသတီစရာ။ ပြည်တစိုစို၊ သွေးတရွဲရွဲ၊ ရွံ့စဖွယ်အဆင်းရှိတဲ့ ကုဋ္ဌနူနာသည် တစ်ယောက်ကိုး။ အင်း . . . သုပ္ပဗုဒ္ဓကုဋ္ဌိလို့ နှိမ်ချတဲ့ခေါ်သံဟာ ရိုင်းပျ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့်အသိအမှတ်ပြုတဲ့အတွက် ကျေးဇူးတင် ရှိမယ်။ ထားပါလေ . . . ဘယ်သူတွေဘယ်လိုနှိမ်နှိမ် ဘုရားရှင်ကတော့ မနှိမ်ချဘူး။ ဘုရားသားတော်တွေကတော့ မောင်းမထုတ်ဘူး။ ဒီလို မဆက်ဆံတဲ့အပြင် ဆွမ်းကျန်ဟင်းကျန်ရှိရင် သုပ္ပဗုဒ္ဓလာယူလှည့်ဆိုပြီး ပေးစွန့်တက်သေးတယ်။ ဒါကြောင့်ဘုရားရှင်နဲ့ ဘုရားသားတော်တွေဟာ ကိုယ့်အတွက်တော့ ကျေးဇူး ရှင် . . . အားထားရမယ့်ပုဂ္ဂိုလ်တွေ။ နေ့စဉ်ဝမ်းရေးအဆင်ပြေနေတဲ့ ဝဋ္ဋဝန်ကိုဖဲကျဉ်ပြီး လောဘတကြီးအတောင်းထွက်ခဲ့တာ အချည်းနှီးပဲ။ ဟော . . . လူတွေရုတ်ရုတ်သဲသဲ တိုးဝှေ့နေတယ်။ ဘယ်သူက ဘာများလှူလို့ ဒီလောက် တိုးဝှေ့နေလည်းမသိဘူး။"

သုပ္ပဗုဒ္ဓသည် လူအုပ်ကြီးအနီး ချဉ်းကပ်လိုက်သည်။ အများကြားတိုးဝင်ရန် စိတ်ကူးပေမယ့် မသင့်တော်ဟု ဆင်ခြင်မိသည်။ သို့ပေမယ့် ပေးစာကမ်းစာ လက်လွှတ်သွားမည်စိုးသဖြင့် သူရှိကြောင်း အသံပြုလိုက်သည်။

"သနားပါခင်ဗျား . . . ကျွန်တော်သုပ္ပဗုဒ္ဓဟာ သူများပေးမှကမ်းမှ စားရတဲ့ဘဝမို့ စွန့်ကြဲတော်မူကြပါ"

တမင်အသံထုတ်အော်လိုက်သဖြင့် တိုးဝှေ့နေသော ပရိသတ်ကြီး ခေတ္တခဏမျှငြိမ်သွားသည်။ သူ့ဆီကိုလည်း ပြန်လှည့်ကြည့်ကြသည်။ သုပ္ပဗုဒ္ဓခေါင်းငုံ့လျက် အသနားခံလိုက်သည်။

"ဟဲ့သုပ္ပဗုဒ္ဓ၊ ဘယ်သူကဘာလှူလို့နင်ကိုပေးရမှာလဲ"

"ဗျာ"





သူ့မေ့အကြည့်တွင် ကရုဏာသက်သည့် အပြုံးနှင့် ကြည့်နေသော အဘိုးအိုက . . .

"ဘုရားရှင် တရားသဘင်ကြွလာလို့ တရားနာရအောင် နေရာလုနေတာ သုပ္ပဗုဒ္ဓရဲ့ . . ."

"ဪဟုတ်လား၊ အဟဲဟဲ မသိပါဘူးအဘရယ်၊ စိတ်မရှိပါနဲ့၊ ကန်တော့နော်အဟင်း . . ဟင်း"

သုပ္ပဗုဒ္ဓသည် မှန်းချက်နှင့် နှမ်းထွက်မကိုက်၍ အားပျက်သွားသည်။ အမြင်မမှားပေမယ့် အထင်မှားခြင်းအတွက် ရှက်ကိုးရှက်ကန်းဖြစ်ကာ လူအုပ်နှင့်ခပ်လှမ်းလှမ်းမှာ ငြိမ်သက်စွာ ထိုင်လိုက်တော့၏။

* * *

ချော်လဲရောထိုင်သဘောမျိုး တရားနာရပေမယ့် သုပ္ပဗုဒ္ဓ ခပ်ပေါ့ပေါ့သဘောမထား။ ကြည်ညိုရင်းစွဲ မြတ်ဘုရားတရားတော်မို့ ရိုသေစွာနာယူမိသည်။ တရားတော်ကို အစမှအဆုံးတိုင် နှလုံးသွင်းထားလိုက်သည်။

"လက်ဖျက်တစ်တွတ်မျှသော ဘဝကိုမချီးမွမ်းကြနဲ့။ အနည်းငယ်မျှသော မစင်သည်ပင် အနံ့ဆိုးသကဲ့သို့ ဘဝသည်လည်း ဆင်းရဲခြင်းသာ။ ကံကြမ္မာအရ ဖြစ်လာသော ခန္ဓာကိုယ်ဟာ အို၊ နာ၊ သေခြင်းတရားရှောင်မရ။ တရားနာပရိသတ်တွင် အကြီးအကဲဖြစ်သော ရာဇဂြိုလ် ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရလည်း အိုနာသေခြင်းကို မလွဲ မသွေကြုံရမည်။ ပရိသတ်နောက်ပါးမှာ ခပ်ကုပ်ကုပ်လေး ထိုင်နေတဲ့ သုပ္ပဗုဒ္ဓသည်း အိုနာ



www.burmeseclassic.com

www.burmeseclassic.com



သေ့ရမယ်။ ခန္ဓာငါးပါး ပိုင်ထားတဲ့ ဘယ်သူမဆို ရှောင်လွှဲမရနိုင်ဘူး။ သေမည့်နေ့ ကို စောင့်ဆိုင်းနေတဲ့ အပုပ်ကောင်များသာဖြစ်လို့ မက်မောစရာ ဘာမှမရှိဘူး။ ဒီခန္ဓာကိုယ်ကြီးဟာ အမြဲတစေ နာနေတယ်။ ထိမိနိုက်မိရုံနဲ့ ကွဲအက်တတ်တဲ့ ငှက်ဥကဲ့သို့ဖြစ်တယ်။ အပြင်ကထိခိုက်မှုကို မခံနိုင်အောင် အရေပြား ပါးလွှာလွန်းပေတယ်။ ဒီခန္ဓာကိုယ်ကြီး ရှိနေ လျှက် ငါကျန်းမာတယ်၊ အနာကင်းတယ်လို့ တွေးရင် မိုက်မဲရာကျတယ်။ ဒီခန္ဓာကိုယ်ကြီးဟာ ပျက်ဆီးရတဲ့ မမွှတာလမ်းရိုးအတိုင်း လျှောက်ရမှာသာဖြစ်တယ်။ ရှောင်လွှဲမရနိုင်ဘူး။ မည်သူမည်ဝါလို့ ခွဲခြားမရှိဘူး။ ဘယ်လိုပင်တောင့်တပေမယ့် အနတ္တတရားဟာ အတ္တ အလိုကို တရွေးသားမျှမလိုက်ပါဘူး။ အနတ္တတရားဟာ အနတ္တတရားဟူသော သဘောသာဆောင်မယ်။ ရာဇ ပြိုလ်ပြည့်ရှင်လည်း အနတ္တတရားကို မလွှဲမသွေရင်ဆိုင် ရမယ်။ ဟိုး . . နောက်နားက သုပ္ပဗုဒ္ဓလည်း အနတ္တတရား ကြုံရမယ်။ ခန္ဓာငါးပါးရှိသူမှန်သမျှ အနတ္တတရားနဲ့ရင်ဆိုင်ရမယ် . ."

သုပ္ပဗုဒ္ဓသည် ဘုရားရှင်ဟောနေသည့်တရားကို နှလုံး သွင်းမှတ်သားနေပေသည်။ တရားနာရင်း သူ့နှလုံးသား မှာ သက္ကာယဒိဋ္ဌိကင်းစင်သွားသည်။ သက္ကာယဟူသည် ခန္ဓာ ငါးပါးဖြစ်သည်။ ခန္ဓာငါးပါးကို ငါဟုလည်းကောင်း၊ ငါ့ဟာဟု လည်းကောင်း ခွဲယူခြင်းသည် ဒိဋ္ဌိဖြစ်သည်။ အရိယာသူတော် ကောင်းတို့ကို မဆည်းကပ်၊ မနာကြားရသူသည် ငါမဟုတ်သော





ခန္ဓာငါးပါးကို ငါဟုလည်းကောင်း၊ မရှိသောငါကို ခန္ဓာငါးပါး ဟုလည်းကောင်း၊ ငါ့မှာခန္ဓာငါးပါးရှိသည်ဟု လည်းကောင်း၊ ခန္ဓာငါးပါးမှာ ငါရှိသည်ဟူ၍လည်းကောင်း တွေးတတ်ကြသည်။ ဤသည်မှာပင် သက္ကာယဒိဋ္ဌိ ဖြစ်သည်။

သက္ကာယဒိဋ္ဌိရှိနေသော သူများကိုဘုရားရှင်က တရား ဟောရာမှာပင် ရှု့ချသွားသည်။

"ဒီနေ့သာသနာတော်ကြီး ထွန်းလင်းနိုက်၊ ငါ ဘုရားရှင်နှင့်တကွ အရိယာသူတော်ကောင်းတို့ကို မျက်ဝါးထင်ထင် ဖူးရနိုက်ဖြစ်လျှက် တရားကိုမမြင်၊ တရားကိုမကျွမ်း၊ အရိယာတို့အဆုံးအမ မခံယူလျှင် မိုက်မဲရာကျတယ်။ ခန္ဓာငါးပါးနှင့် ဖွဲ့စည်းထားသော ဤခန္ဓာကိုယ်ကြီးကို ငါဟူ၍လည်းကောင်း၊ ဖောက်ပြန် ချွတ်ယွင်းလျှင် စိုးရိမ်ပူဆွေးငိုကြွေးလျှင်လည်းကောင်း လွဲမှားသော အမြင်သာဖြစ်ပေတယ်"

တရားသဘင်တွင် ဘုရားရှင်သည် ဘုရင်ဗိမ္ဗိသာရ နှင့် သူ့ကို နှစ်ကြိမ်တိုင်တိုင် နှိုင်းယှဉ်ပြောသွား၍ သုပ္ပဗုဒ္ဓ အားတက် သွားသည်။ တရားအပေါ်ပို၍အာရုံစိုက်မိသည်။ သုပ္ပဗုဒ္ဓရယ်လို့ ထုတ်ဖော်ပြောခြင်းမှာ နှိမ်ချလို၍မဟုတ်။ ချီးမြှောက်လိုခြင်း ဖြစ်ကြောင်း နားလည်လိုက်သည်။ သည်တော့ တရားသဘောကို ဉာဏ်နှင့်ဟပ် ဆင်ခြင်မိလိုက်သည်။

သစ္စာလေးတန်တရားမှန်ကို မိမိခန္ဓာမှာဉာဏ်နှင့် ကပ် ကြည့်တတ်အောင် ဟောသွားခြင်းသည်။ တရားသိမ်းချိန် သုံးတိ သန္တာန်မှာ သစ္စာဉာဏ်အလင်း ပေါ်သွားသည်။ ဤအလင်းရ သည့်ခဏ၌ သုပ္ပဗုဒ္ဓကုဋ္ဌိသည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ အပြီးတိုင်ပယ်သတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့လေ၏။

သုပ္ပဗုဒ္ဓသည် မိမိစိတ်တွင် ထင်မြင်အလင်းရသည်ကို မြတ်ဘုရားအားလျှောက်ထားရန် အချိန်စောင့်နေသည်။ တရားစခန်းသိမ်းသော်လည်း တရားသဘင်မှမခွာသေးသူများ ရှိနေသည်။ သူကထိုလူစုထဲဝင်သွားလျှင်

"ဟဲ့ . . သုပ္ပဗုဒ္ဓကုဋ္ဌိ၊ အဝေးကိုသွားစမ်း၊ ဒါနင့်အရာလား . . . မျက်နှာသာပေး ရွှေရေးပန်းကန်တက်မလုပ်နဲ့"

ဟုငေါက်ငန်းကြမည်။ သူ့ကြောင့်အခြားသူများ အမျက်ဒေါသမဖြစ်စေလို။

လူသူရှင်းမှ ဘုရားရှင်အပါးကပ်ရန် ခပ်လှမ်းလှမ်းမှာရပ်နေလိုက်တော့သည်။

*    *    *

"သုပ္ပဗုဒ္ဓကုဋ္ဌိ"

တစ်စုံတစ်ယောက်ကအနားမှကပ်ခေါ်လိုက်၍ ဆတ်ခနဲမော့ကြည့်လိုက်သည်။ ရုပ်ရည်သားနား၊ ခန့်ညားသောအဘိုးအိုတစ်ဦး သူ့ရှေ့တွင်ရပ်နေသည်ကို တွေ့လိုက် သည်။ ပြုံးချိုသောမျက်နှာမူရာဖြင့် ကြည့်နေ၍အံ့သြသင့် ရပြန်သည်။ ဘယ်သူကမှသူ့ကို သည်ပုံစံမျိုးမဆက်ဆံဘူး၍ ထူးဆန်းနေသည်။

"ဘယ်လိုလဲသုပ္ပဗုဒ္ဓကုဋ္ဌိ၊ တရားနာရလို့ကြည်နူးနေတယ်ထင်ပ"

"ဟုတ် . . . ဟုတ်ကဲ့ခင်ဗျ။ ဒီတစ်ခါတရားနာရတာ ပီတိသုခအမှန်ဖြစ်ပါတယ်"





"ဩော် . . . ဩော်၊ ဒါဆိုဆာရမှန်းတောင်မသိတော့ဘူးပေါ့"

အဘိုးအိုအမေးကြားလိုက်မှ သူ့ဗိုက်ကိုယောင်ယမ်းပြီးပြန်စမ်းလိုက်မိသည်။ ခုချိန်ထိဝမ်းမဖြည့်ရသေး သည်ကို သတိရလိုက်သည်။

"ဟုတ်ပ၊ အဘိုးရာ . . . ဆာရမှန်းခုမှသတိရတယ်။ ဒါပေမယ့်ကျွန်တော် မတောင့်တတော့ဘူး။ဘုရားရှင်ရဲ့တရားနာရလို အလိုလိုပြည့်စုံနေပါပြီ"

"တကယ်လား"

"ဟုတ်ကဲ့၊ အမှန်တကယ်ဖြစ်နိုင်ပါတယ်"

"အင်း . . ထားပါလေ၊ ငါကသင့်ကိုစားသောက်ဖွယ်ရာပေးမယ်ဆိုရင်ရော . . . "

ဩော် . . ဒါဆိုရင်တော့ဝမ်းသာစရာပေါ့၊ လက်ငင်းကောင်းကျိုးရလို့ တရားတော်ကိုပိုယုံကြည်သွားတာပေါ့"

သုပ္ပဗုဒ္ဓအပြောကြောင့် အဘိုးအိုကဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။ ရယ်ခြင်းရပ်ကာမျက်နှာကိုတည်လိုက်ရင်း . . .

"ဒီလိုလုပ်သုပ္ပဗုဒ္ဓ၊ ငါကမင်းအတွက်ဘုရင်စားတော်ပွဲယူပေးမယ်။ ဒါမျိုးဆိုတာ စားရခဲပါဘိခြင်း"

"အမှန်ပေါ့အဘိုး"

"အိမ်း ရစေမယ်၊ ဒါပေမယ့် မင်းကငါကိုတစ်ခုအော့လုပ်ပေး၊ လုပ်ပေးရမယ်ဆိုလို့တခြားမထင်နဲ့၊ အားစိုက်စရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး။ နတ်ကပြောရုံပဲ"

"ဘာများလည်းအဘိုး"

"ဒီလိုကွယ် . . . မောင်ရင်လေးက ဟောဒီဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့ ဘုရားရှင်ကိုသိလား"

"အဟာဟ၊ သိတာပအဘိုးရာ. . သိရုံတင်မကဘူးအကျွမ်းတဝင်ရှိပ။ ဒီနေ့တရားပွဲမှာဘုရားရှင်ကသုပ္ပဗုဒ္ဓ၊ သုပ္ပဗုဒ္ဓ ရယ်လို့နှစ်ကြိမ်တိတိထုတ်ပြောသွားသေးသဗျ"

သုပ္ပဗုဒ္ဓကဂုဏ်ယူဝင့်ကြွားသည့်လေသံနှင့် မာန်ပါပါပြောလိုက်၍ အဘိုးအိုပြုံးလိုက်သည်။ အဓိပ္ပါယ် ပါသော အပြုံးနှင့်ခေါင်းတဆတ်ဆတ်ညိတ်ရင်း. .

"အေး . . . ဟုတ်ပြီ။ အဲဒီဗုဒ္ဓကိုဘုရားမဟုတ်ဘူး၊မယုံကြည်ဘူး၊ မကိုးကွယ်ဘူးလို့ပြောလိုက်၊ ဒါပဲ"

"ဗျာ"

အဘိုးအိုစကားကြောင့် သုပ္ပဗုဒ္ဓအံ့အားတသင့်ရေရွတ်လိုက်သည်။ ဘုရားရှင်ကို ဘုရားမဟုတ်ဘူးလို့ ပြောခိုင်းသည့် အဘိုးအိုကို စေ့စေ့ကြည့်လိုက်သည်။ သူဘယ်သူလဲ. . ဘယ်ဂိုဏ်းကလဲ. . . . ဘယ်လိုဒိဋ္ဌိမျိုးလဲဟု တွေးနေမိသည်။

"ပြီးတော့ ဘုရားဟောတဲ့တရားဟာမမှန်ဘူး၊ မဖြစ်နိုင်ဘူး၊ ယုံကြည်ကိုးကွယ်ရာမဟုတ်ဘူးလို့ ပြောကွာ"

"ဘာ. . ဘယ်လိုဗျ"

သုပ္ပဗုဒ္ဓဒေါသတကြီးထအော်လိုက်သည်။ အဘိုးအိုကမကြားဟန်ပြုလျှက် ဆက်ပြောသည်။





"နောက်ပြောရမှာက ဘုရားသားတွေဟာ ရဟန်းမဟုတ်ဘူး၊ မှီခိုအားထားရာမဟုတ်ဘူး၊မဆည်းကပ်အပ်ဘူးလို့ ပြောရမယ်"

"ဒီမယ်၊ ဒီမယ်"

"ဟုတ်ပါတယ်. . . မောင်ရင်ပြောရမှာကဒီသုံးခွန်း ပဲ၊ ဒါလေးပြောလိုက်ရင် ဘုရင့်စားတော်ပွဲချက်ချင်းရောက်လာစေရမယ်"

သုပ္ပဗုဒ္ဓသည်ဒေါသကြောင့်တုန်ယင်နေသည်။ ရတနာသုံးပါးအပေါ် သည်မျှစော်ကားနေသည်ကိုနားမခံနိုင်။ ခင်ဗျားကြီး ဘာစကားလာပြောနေတာလဲ၊ ခင်ဗျားပြောခိုင်းတာတွေ ကျုပ်တစ်ခုမှမပြောနိုင်ဘူး၊ နောက်ထပ်ဘာမှမပြောနဲ့ ဟု အော်ငေါက်လွှတ်လိုက်ချင်သည်။ သို့သော် သုပ္ပဗုဒ္ဓဒေါသကို သိမ်းဆည်းထားလိုက်သည်။

"ကြုံတောင့်ကြုံခဲဘုရင့်စားတော်ပွဲကို ကျွန်တော်စားချင်တာ အမှန်ပဲ၊ ဒါပေမယ့် ဒီစကားပြောရလို့ နတ်သုဂ္ဂတိချွေးမယ်ဆိုရင်တောင် ကျွန်တော်မစားတော့ဘူး"

"ဟေ့. . ဘယ်လိုဖြစ်တာလဲငါ့လူရဲ့ မဆာလို့လား. . ဒါဖြင့်တစ်မျိုးကွာ၊ အသပြာတစ်ရာပေးမယ်"

ရတနာသုံးပါးကိုမယုံဘူးဟုတစ်ခွန်းပြောရုံနှင့် အသပြာတစ်ရာရမည်ဆိုခြင်းမှာ ရတောင့်ရခဲအခွင့်အရေးပင်။ သူ့ဘဝတွင် အသပြာတစ်ရာမဆိုထားနှင့် အသပြာတစ်ဆယ်တောင် မကိုင်ဖူးဘူး။ အလွယ်တကူရလာသော အခွင့်အရေးကို ခေါင်းခါလိုက်သည်။

"ဟေ. . . ဘယ်လိုဖြစ်တာလဲ၊ ဒီစကားလေး ပြောရမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်လေးလှချည့်လား၊ ဘာလဲ. . . ပေးတဲ့ငွေနည်းလို့လား
. . . နည်းတယ်ထင်ရင် တစ်ထောင်ပေးမကွာ"

သုပ္ပဗုဒ္ဓစဉ်းစားလိုက်သည်။ စကားတစ်ခွန်းအတွက် တစ်ထောင်ရမည်။ သူ့ဘဝတစ်မျိုးပြောင်းနိုင်သည့် အခွင့်ထူးပင်။ နေ့ချင်းညချင်းတောင်းစားသည့်ဘဝမှလွတ် ရမည့်အခြေအနေ။ သို့သော်. . . ကြည်ညိုအားထားသော ဘုရားရှင်ကို သည်စည်းစိမ်လောက်နှင့် ဘုရားမဟုတ်ဘူးလို့မပြောနိုင်။

"ဒီမှာအဘိုး၊ ကျွန်တော်ဟာ သူများပေးစာကမ်းစာ နဲ့ အသက်ရှင်ရတဲ့ သူတောင်းစားပါ၊ အသပြာတစ်ထောင်ဟာမက်မောစရာပါ။ ဒါပေမယ့် ရတနာသုံးပါးကိုပုတ်ခတ်ပြောပြီး ချမ်းသာရမှာတော့မဖြစ်ချင်ဘူး၊ ဒီမယ်အဘိုး . . . သုပ္ပဗုဒ္ဓမျက်နှာကိုသေသေချာချာ ကြည့်လိုက်စမ်းပါ၊ လူတောထဲမတိုး ဝံ့အောင်နူနေတဲ့လူ၊ ကုန်းကောက်စ[illegible] မရှိအောင် ဆင်းရဲတဲ့လူ၊ အဟဲဟဲ. . . ပစ္စည်းမရှိပေမယ့် ဆင်းရဲတယ်မထင်ပါနဲ့၊ လူချမ်းသာဗျ၊ ကျွန်တော်မှာ ရတနာသုံးပါးရှိတယ်၊ သီလ၊ သမာဓိ၊ ပညာ၊ ဟိရိဩတပ္ပစတဲ့သူတော်ကောင်းဥစ္စာ ခုနစ်ဖြာရှိတယ်၊ ဒီလိုချမ်းသာတဲ့ သုပ္ပဗုဒ္ဓကို ဘာမဟုတ်တဲ့အသပြာနဲ့ လာမဆွယ်နဲ့၊ ရတနာသုံးပါးမယုံဘူး၊ မကိုးကွယ်ဘူးလို့ပြောရင် ရွှေတွေတောင်လို ပုံပေးမယ်ဆိုရင်တောင် မပြောဘူးမှတ်"

သုပ္ပဗုဒ္ဓ၏ယုံကြည်ချက် အပြည့်ရှိသောစကား ကြားလိုက်ရသည်နှင့်အဘိုးအိုက နှစ်လိုစွာပြုံး၍ သာဓုခေါ်လိုက်သည်။

"အို. . . . သုပ္ပဗုဒ္ဓ ကုဋ္ဌိ၊ သင်ဟာသောတာပန်စင်စစ်





ဖြစ်တာငါသိကြားယုံပေပြီ"

အကိုးအိုယောင်ဆောင်ထားသော သိကြားမင်းသည် သုပ္ပဗုဒ္ဓကို နှုတ်ဆက်ပြီး ကျောင်းတော်ဆီသို့ ထွက်သွားလေသည်။

သုပ္ပဗုဒ္ဓသည် ဘာကိုမျှအလျဉ်းဂရုမစိုက်ဘဲ၊ မြေပေါ် ဒူးတုပ်ထိုင်ချလိုက်ပြီး ဝေဠုဝန်ကျောင်းဆီသို့ လက်အုပ်ချီလိုက်သည်။

"သဒ္ဓေ သဒ္ဒါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ"

သုပ္ပဗုဒ္ဓကုဋ္ဌိသည် ယနေ့ဟောကြားသော ဘုရားရှင်၏ တရားကို နှလုံးသွင်းလျက် ကြည်ညိုလိုက်လေ၏။

မောင်ဆန္ဒ(လယ်ဝေး)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

> အို. . . ချစ်စွာသောခင်ပွန်းမ။ ကျွန်ုပ်ကောသိယဟာ ကုဋေရှစ်ဆယ်သော ပစ္စည်းတွေ မပျောက်မပျက်အောင် ထိန်းသိမ်းခဲ့ပေမယ့် တစ်နေ့နေ့သေလွန်ရင် ဒီပစ္စည်းတွေ ကိုယ့်နောက် ဘယ်လိုယူသွားရမလဲဆိုတာ အစက မသိခဲ့ဘူး။ ဒီနေ့ဘုရားရှင်နဲ့တွေ့ပြီးတဲ့အခါ ပစ္စည်းတွေ ကိုယ့်နောက်ပါအောင် ယူသွားရမည့်နည်း သိခဲ့ပြီကွဲ့။
>
> (မစ္ဆရိယ ကောသိယ)





# ဦးကပ်စေး

ရာဇဂြိုလ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ သူဌေးကြီးများဖြစ်သော ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလ္လိယတို့၏ ဂုဏ်သတင်းကား မရှိမတာစ်ဝှန်း ကျော်စောပျံ့နှံ့ပေသည်။ အတိုင်းအဆမရှိသော ဥစ္စာဓနပိုင်ဆိုင်မှု၊ ရတနာသုံးပါးအပေါ် ယုံကြည်သက်ဝင်မှု၊ အလှူဒါနမပြတ်မလပ် လုပ်ဆောင်မှု ကြောင့် လူအများ၏နှုတ်ကျူးထောပနာပြုခံရသည်။

သေဌေးကြီးများနှယ် မနမကြွယ်ဝသော်လည်း ကုဋေရှစ်ဆယ်ဥစ္စာဓနပိုင်ဆိုင်သည့် ကျွန်ုပ်သည်လည်း ကျော်စောပေသည်။ကျွန်ုပ်၏ ကျော်စောမှုမှာ သေဌေးကြီးများနှင့် မတူပေ၊ ဥစ္စာဓနချမ်းသာသော်လည်း သားမယားကို မကျွေးရက်၊ ဆွေမျိုးဉာတကာ ကိုမပေးရက်၊ ရဟန်း သံဃာကို မလှူရက်ရုံမက ကိုယ်တိုင်ပင် မစားရက်၊ မသောက်ရက်အောင် သဒ္ဓါဆွံ့ခြင်း ကြောင့် မစ္ဆရိယကောသိယဟု ကျော်စောနေခြင်းဖြစ်သည်။

သို့သော် ကျွန်ုပ်သည် သာမန်သူဌေးမဟုတ်။ ဘွဲ့ခံသူဌေး။ ညီလာခံတက်ခွင့်ရသော သူဌေး။ အဆောင်အယောင် အခမ်းအနားနှင့် အခြွေအရံများပြားသော သူဌေးပင်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် သူဌေးကြီးကောသိယနှင့် ဇနီးတို့စီးနင်းလိုက်ပါလာသည့် ရထားကဇရပ်တွင်ရပ်နားမည့် အရိပ်အယောင်မြင်သည်နှင့် အလုပ်အကျွေးတို့ အလုပ်ရှုပ်ကုန်သည်။ ဇရပ်ပေါ်ပြေးတက်ပြီး အမှိုက်သရိုက် ရှင်းသူရှင်း၊ ဖုံလှဲသူလှဲ၊ ကော်ဇောခင်းသူခင်းနှင့် လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။

"ကဲ၊ တော်ရုံသင့်ရုံပေါ့ကွယ် . . . တို့လည်း အပန်းပြေခေတ္တနားရုံပါ"

"ဘာ . . ဘယ်လိုဗျ မယ်မင်း၊ တော်ရုံသင့်ရုံဟုတ်လား . . . မယ်မင်းဝတ်ထားတဲ့ အဝတ်အစားက နှစ်ပြား တစ်ပဲတန်လား . . . ဒီမယ်ဟော့၊ ဖုံတစ်စက်၊ အမှိုက်တစ်စ မရှိစေနဲ့၊ ပြောင်လက်နေအောင် လှဲကြ။"

သူဌေးကတော်က ခရီးပမ်းလာသူခြင်းပီပီ စာနာစိတ်ဖြင့် တော်ရုံသင့်ရုံခိုင်းသော်လည်း ကျွန်ုပ်ကလက်မခံ။ ကျွန်ုပ်၏ အဖိုးတန်အဝတ်အစားများ ပေမှာစွန်းမှာစိုးရိမ်သည်။ တကယ် တော့လည်း စိုးရိမ်ဖွယ်ပင်။ ကျွန်ုပ်နှင့် သူဌေးကတော် ဝတ်ဆင် ထားခဲ့သည်က သာမညမဟုတ်။ ကော်တုမ္ဗရာဇ် တိုင်းဖြစ် အထည်များဖြစ်သည်။

ကျွန်ုပ် သည် ဇရပ်ပေါ်တက်လာပြီး ကော်ဇောပေါ် အကျအနထိုင်သည်။ သူဌေးကတော်ကမ်းပေးသည့် နံ့သာယပ်တောင်ကို တဖျတ်ဖျတ်ခတ်ရင်း . . .

"ဘာနံ့လဲ မယ်မင်း၊ စူးစူးရှရှမွှေးလိုက်တာ . ."

"ဟိုမှာလေ . . ဇနပုဒ်သားတွေ တပျော်တပါးကြော်လှော်နေတာ မတွေ့ဘူးလားရှင့် . . "

ဇရပ်နှင့် မလှမ်းမကမ်း သစ်ပင်အောက်၌ ကြော်လှော်နေသည့်ဆီမှ သင်းပျံ့သောရနံ့က ဇရပ်ဆီ ဝေ့ဝဲဝင်လာသည်။ ချိုရည်နံ့က တမြမြ၊ ဆန်လှော်နံ့က တမွှေးမွှေး။ နှမ်းဆီနံ့က





ဟသင်းသင်း။ အကြော်ဖိုက လွင့်ပျံ့လာသော အညော်နံ့က ဇရပ်ပေါ်က လူစုကိုသွားရည်မထိန်းနိုင်အောင် ဖြစ်ရသည်။

"ဟဲ့၊ ဟိုဇရပ်ပေါ်က သူဌေးကြီးကောသိယ မဟုတ်လား . . . မုန့်တစ်ပွဲလောက်ပို့လိုက်ပါအုံး"

နှုတ်သွက်အာသွက်ရှိသော အမျိုးသမီးတစ်ယောက် အသံကြားလိုက်သည်။ ပူပူနွေးနွေး အကြော်မုန့်ကို အလုအယက်စားနေသည့် ဇနပုဒ်သားတွေကြည့်ပြီး တစ်ခုတစ်လေစားရရင်ကောင်းမှာပဲဟု တွေးနေစဉ် ထိုစကားကြားလိုက်၍ ကျွန်ုပ်၏ ရင်ထဲကျေနပ်သွားသည်။

"ညီးက ပြောရော့မယ် . . . ဘွဲ့ခံသူဌေးကြီးက ဒီလိုဆင်းရဲသားမုန့်ကို စားမလားအေ့"

"အိုတော် . . . ရိုးရာမုန့်ဆိုတာ လူတိုင်း နှစ်သက် ကြပါတယ် . . ."

"ဒါက ညီးအထင်ပြောတာ၊ စေတနာနဲ့ကျွေးပေမယ့် စော်ကားတယ်ထင်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဒါဆိုလဲ ပြီးတာပဲလေ . . ."

အမျိုးသမီးအချင်းချင်း ပြောနေသောအသံကို အတိုင်းသားကြားရသည်။ စိတ်ထဲက တောင့်တသော်လည်း ကိုယ့်သိက္ခာကိုငဲ့ကွက်လျက် စောင့်စည်းနေရသည်။ မုန့်ပန်းကန်လာချလျှင်ကောင်းလေစွဟု တွေးနေပေမယ့် ဆန္ဒကမပြည့်ဝ။

အကြော်ဖိုမှ အညော်ရနံ့က ပို၍လွင့်ပျံ့လာသည်။ အားပါးတရ စားနေကြသော ဇနပုဒ်သားတွေ ကိုလည်း မြင်နေရသည်။ လျှာနွေကိုထိန်း၊ သွားရည်ကိုသိမ်းရင်း ကြိုးစားသော ဒုက္ခဖြစ်နေရသည်။ ကြာလျှင် သည်ဝေဒနာက ပိုဆိုးလာမည်မို့ သူဌေးကတော်ကို မျက်နှာရိပ်မျက်နှာကဲပြလျက် ဇရပ်ထက်မှ ဆင်းခဲ့ရ

www.burmeseclassic.com



တော့သည်။

× × × ×

ဘာမဟုတ်သည့် ဆင်းရဲသားမုန့်က ကျွန်ုပ်ကောသိယကို ပြင်းပြင်းထန်ထန် နှိပ်စက်ခဲ့သည်။ အညှော်နံ့ခံရပြီး မစားခဲ့ရသဖြင့် စိတ်ထဲ ကသိကအောက် ဖြစ်ရသည်။ တစ်ခုဖြစ်စေ . . . တစ်ပိုင်းဖြစ်စေ စားရလျှင် အာသာဆန္ဒပြည့်နိုင်သည်။ ခုတော့ သူဌေးဟူသောဂုဏ်ပုဒ်က နှောက်ယှက်သဖြင့် စားခွင့်မကြုံခဲ့။

"ဟယ် . . . ငါဟာ သူဌေးတစ်ယောက်ပဲ။ ကုဋေ ရှစ်ဆယ်ကြွယ်ဝတဲ့ ငါလိုလူက ဒီမုန့်ဘယ်နှစ်ခု စားမလဲ။ စားနိုင်တယ်၊ စားပစ်မယ်"

စားပစ်မယ်ဟု ကြုံးဝါးလိုက်ပေမယ့် ကုဋေရှစ်ဆယ်ကို လာရောက်ထိခိုက်မည့်အရေးမို့ ရင်လေးသွားပြန်သည်။

"မဟုတ်သေးပါဘူး။ ငါဘာတွေ ကြံစည်နေပါလိမ့်။ မုန့်လုပ်စားရင် ငါ့ပိုက်ဆံကုန်သွားမှာပေါ့။ အင်း . . . စားခွင့်ကြုံရက်နဲ့ မစားလိုက်ရတာ နာတယ်။ ဟို မိန်းမကသာ မနှောင့်ယှက်ရင် မုန့်ပန်းကန်က ရှေ့ရောက်လာပြီ။ တစ်ခုစားမလား . . . တစ်ပန်းကန်လုံး ကုန်အောင် စားမလား . . . မယ်မင်းတို့မုန့်က တကယ်စားလို့ ကောင်းတာပဲလို့သာ ထုတ်ဖော်ချီးကျူးရင် နောက်ထပ်ရောက်လာမှာ သေချာတယ်"

ကျွန်ုပ်ကောသိယသည် လွတ်သွားသည့် အခွင့်အရေး ကို ပြန်စဉ်းစားရင်း စားလိုစိတ်ဖြစ်လာပြန်သည်။ သွားရည်ကို ပြန်သိမ်းရင်း မသက်မသာ မျိုချလိုက်ရသည်။

"အင်းစားချင်တာကို စားမှဖြစ်မယ်။ ဒီမုန့်စားလို့ ကုဋေရှစ်ဆယ်ပြုတ်သွားမှာမှ မဟုတ်ဘဲ။ ငါ့မှာပစ္စည်းတွေလည်း



အသင့်ရှိနေတယ်။ ဆန်ရော၊ ဆီရော၊ ထောပတ်တင်လဲရော အောတိုက်နေတာပဲဟာ။ ကိုင်း မုန့်လုပ်စမ်း ရှင်မရေလို့ ပြောလိုက်ရုံပဲ"

မုန့်လုပ်စားရန်ဆုံးဖြတ်ပြီးမှ အသိတစ်ခုက ဖျတ်ခနဲ ဝင်လာပြန်သည်။

"ငါမုန့်လုပ်စားရင် အညှော်နံ့ရသူတွေ ရောက်လာမယ်။ ဘယ်လိုလဲ သူဌေးရဲ့ဘာတွေများ လုပ်စားနေသတုန်းလို့ မေးရင်ဘယ်လိုလုပ်မလဲ။ မတော်တာကြောင့် ခေါ်ကျွေးနေရမယ်၊ ဟယ် . . . မလွယ်ပါဘူး။ ငါ့ဆန်၊ ငါ့နှမ်း၊ ငါ့ထောပတ်တွေ ဒီလိုကျွေးရင် ကုန်ရောပေါ့။ ဝိုင်းစားတာနဲ့ ပြုတ်ကရောပေါ့။ တော်ပြီ အကုန်မခံနိုင်ဘူး။ ငါ့လည်း မစားတော့ဘူး"

မုန့်ကြော်စားချင်ပေမဲ့ အခြားလူကိုမကျွေးလိုသဖြင့် အာသီသကို မျိုသိပ်ရင်းစိတ်မချမ်းသာစွာဖြင့် အိပ်ယာထက် ပစ်လှဲလိုက်လေတော့သည်။

* * * *

ရာဇဂြိုဟ်မှပြန်လာကတည်းက အခန်းထဲမှ မထွက်၊ ညောင်စောင်းထက်ကမဆင်း၊ ကတ္တီပါစောင်ခြုံလျက် ဘယ်လူးညာပြောင်း တလူးလူးတလိမ့်လိမ့်ဖြစ်နေသော ကျွန်ုပ်ကို ဇနီးသည် သတိပြုမိပုံရသည်။ လင်တော်မောင်အပါး မဲ့မရဲ ကပ်လာသည်။

"အရှင်နေမကောင်းဘူးလား"

"ကောင်းပါတယ်. . . ."

"ဒါဖြင့်အခန်းထဲကလည်းမထွက်၊ အိပ်ယာကလည်း မထ၊ လန်းဆန်းပုံလည်းမပြပါလားအရှင်. . . ရာဇဂြိုဟ်ပြည်ရှင်က အပြစ်တင်လို့လား. ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးရှင်မရယ်. . .၊ မင်းကြီးက တို့များအပေါ် အလေးဂရုထား ဆက်ဆံပါတယ်. ."

နေမကောင်းတာလည်းမဟုတ်၊ မင်းဧကရာဇ်လည်း အပြစ်မတင်ဆိုသဖြင့် စိတ်မရွှင်သည်မှာ မိမိကြောင့်များလားဟု တွေးမိဟန်တူသည်။

"ကျွန်မကများ မနှစ်သက်တာ ပြုခဲ့မိလို့လား. . . မှားတာရှိရင် ပွင့်ပွင့်လင်းလင်းအပြစ်တင်ပါမောင်ကြီး"

"သြော်မယ်မင်းရယ်. . . မင်းလည်းအမှားမရှိပါဘူး။ငါ ဖြစ်နေတာကအခြားအကြောင်းပါ. ."

"ဘယ်အကြောင်းဆိုတာ ကျွန်မသိရရင် တစ်နည်းမဟုတ် တစ်နည်း အကူအညီပေးနိုင်မှာပါ၊ တစ် ယောက်တည်း ကျိတ်မှိတ် ခံစားနေရတာထက် အေးအတူ ပူအမျှဝေမျှ ခံစားပါရစေ"

ဇနီးသည်၏ ထပ်တလဲလဲအမေးကြောင့် ကျွန်ုပ်စဉ်းစားသွားသည်။ ဖွင့်ဟတိုင်ပင်လိုက်လျှင် တစ်နည်းနည်းနှင့် ဝိုင်းကူဖြေရှင်းနိုင်လိမ့်မည်ဟုတွက်လျက် အိပ်ရာက လူးလဲထလိုက်သည်။

"ဒီမယ်ရှင်မ၊ ဒီကိစ္စကို ဘယ်သူမှဖွင့်မပြောဘဲ ကျိတ်ခံမယ်လို့ ကျုပ်တွေးခဲ့တယ်၊ မယ်မင်းက တတွတ်တွတ်မေးနေတော့ ပြောပြရမယ်။ ဒီလိုကွယ်. . . တို့ရာဇဗြိုဟ်ပြည်က ပြန်လာတော့ ဇရပ်တစ်ခုမှာ ဝင်နားတယ် မဟုတ်လား"

"ဟုတ်တယ်လေ. ."

"အဲဒီမှာ ဇနပုဒ်သူတွေ စုဝေးမုန့်ကြော်စားနေကြတယ်။ အဲဒီ အညော်နံ့ကိုရှူရတော့ ကျုပ်စားချင်တဲ့ အာသီသ





ဖြစ်မိတယ်။ အကြောင်းမသင့်လို့မစားခဲ့ရတဲ့ စိတ်အစွဲက ဘယ်လိုမှ ဖျောက်ဖျက်မရဘူး"

"သြော်. . . ဖြစ်မှဖြစ်ရလေရှင်. . . ဒီဆီကြော်မုန့်စားချင်တာများ ဒီလောက်တောင် ခံစားနေရတယ်လို့ပဲ။ ဆီကြော်မုန့် လုပ်စားလို့ဘယ်လောက် ကုန်မလဲ။ ဆန်တစ်စိတ်၊ ထောပတ်တစ်ဆွဲ၊ ဆီတစ်ပုံး အကုန်ခံရင်တစ်ရွာလုံး ကျွေးနိုင်တာများ"

"ဘာ. . . ဘယ်လိုဘယ်လို၊ မင်းဘယ်လိုပြောလိုက်တယ်၊ ကျုပ်ပစ္စည်းတွေနဲ့မုန့်လုပ်ပြီး သဏ္ဍာရတစ်ရွာလုံး ကျွေးရမယ်ဟုတ်လား. . . နေစမ်းပါဦး။ ကျုပ်က ဒီလိုကျွေးလို့ ဘာအကျိုးထူးမလဲ၊ ကျုပ်ကျွေးတာကို ပါးဖြဲ နားဖြဲစား၊ ဖုတ်ဖက်ခါ ထသွားမယ်၊ ငွေမပေးရတိုင်း ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားဖောဖောသီသီ ပြောသွားတာကလွဲပြီး ဘာရမှာလဲ၊ ဘယ့်နှယ်ဗျာ. . . မကျွေးနိုင်ပါဘူး. . ."

ကျွန်ုပ်က ပျာပျာသလဲလဲထပြောမှ သူဌေးကတော်ကြီးက သူ့အမှားကို ပြန်သတိရသည်။ ကုဋေရှစ်ဆယ်ကြွယ်ဝပေမဲ့ မသုံးရက်၊ မပေးရက်၊ မလှူရက်၊ မစားရက်သည့် ကျွန်ုပ်၏စိတ်ဓာတ်ကို ခုမှ ပြန်သတိရသွားသည်။

"သြော်. . . ဟုတ်ပါတယ်၊ ကျုပ်ကစကားအဖြစ်ပြောတာပါ။ ဒီလောက်မလုပ်ရင်လဲ ဆန်နှစ်ပြည်လုပ်ရင် မိသားစုရော အစေအပါးတွေပါ စားလို့ဖြစ်ပါတယ်"

"ဘယ်လိုဗျ၊ အစေအပါးတွေရော. . ဟုတ်စ၊ သူတို့ကို ဘာအကြောင်းနဲ့ကျုပ်ကကျွေးရမှာလဲ၊ သင်းတို့ ကိုယ့်ကိုက်တန်တဲ့လခ ပေးထားတာပဲ၊ လောကွတ်ချော်ပြီး ကျွေးမ



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်ပါဘူး။ ”

“ဒါဆိုလည်းဖြစ်ပါတယ်. . . တစ်ပြည်ပဲလုပ်။ ကျုပ်တို့မိသားစုဗိုက်ရိုက်စားတောင်မကုန်ဘူး။ ”

“ဒီမယ်ရှင်မ၊ ခင်ဗျားကကိုယ်တိုင်မရှာရတဲ့ ပစ္စည်းဆိုပြီး နှမြောတွန့်တိုရမှန်းမသိဘူး။ ကုဋေရှစ်ဆယ် ချမ်းသာအောင် ကျုပ်ဘယ်လိုအပင်ပမ်းခံ ရှာထားရတယ် ဆိုတာသိရင် ဒီစကား မယ်မင်းမပြောဘူး။ ”

ကိုယ့်မိသားစုအပေါ်ပင် မသဒ္ဓါနိုင်သော ကျွန်ုပ်ကို စေ့စေ့ကြည့်ရင်း စဉ်းစားနေသည်။ အင်းလေ. . . ကလေးတွေကဒါလည်းစားချင်ကြမှာ မဟုတ်ပါဘူး။ တောင့်တောင့်တတဖြစ်နေတဲ့သူအတွက်သာ စီစဉ်ပေးတော့မယ်ဟု သူဌေးကတော်ကြီးတွေးလိုက်ပုံရသည်။

“အပိုမကုန်ရင်လည်းဖြစ်ပါတယ်. . . ရှင်နဲ့ ကျွန်မအတွက် တစ်ခွက်လောက်လုပ်လိုက်မယ်”

“အင်းကောင်းတယ်. . အဲ. . ကျုပ်တစ်ခု မေးစမ်းပါရစေ။ ခင်ဗျား ဘာဖြစ်နေလို့လဲ။ ဝေဒနာ ဖြစ်နေတာကကျုပ် တစ်ယောက်တည်းပါ။ ရှင်မကဘာမှ မဖြစ်ဘဲဘာလို့စားချင်တာလဲ”

သည်တစ်ခါတော့သူဌေးကတော်ကြီးက ကျွန်ုပ်မျက်နှာကိုစေ့စေ့ကြည့်သည်။ ကိုယ်ဇနီးသည်ပင် မသဒ္ဓါနိုင်အောင်ဖြစ်သောကျွန်ုပ်ကို မစ္ဆရိယကောသိယဟု ခေါ်ကြသည်မှာ မဆန်းဟုတွေးလိုက်ဟန်ဖြင့် မဲ့ပြုံးလေးပြုံးလိုက်သည်။

“ကဲ. . . ရှင့်သဘောအတိုင်းဖြစ်ပါရစေမယ်။ ရှင့်တစ်ယောက်စာပဲလုပ်ကျွေးပါမယ်ရှင့်. . ”





“အင်း. . . ဒီလိုပဲဖြစ်သင့်တာပေါ့ဗျာ”

* * *

ကျွန်ုပ်တစ်ယောက်စာမုန့်လုပ်ဖို့ သူဌေးကတော်ကြီး ကိုယ်တိုင် စီစဉ်နေပါသည်။ အများအတွက်မပါသော်လည်း တောင့်တနေသူ ကျွန်ုပ်ကောင်းကောင်း စားပါစေဟူသော စေတ နာနှင့်စီစဉ်မှန်းသိသည်။ သို့သော်သူ့စေတနာကို စေတနာဟု ကျွန်ုပ်မထင်။

“ဘယ်လိုလဲရှင်မ၊ မုန့်လုပ်ဖို့ဒီဆန်ကောင်းတွေ သုံးမလို့လား. . . ခင်ဗျားတို့မိန်းမသားတွေ အဲ့ဒါကြောင့် ပြောတာ၊ မရှာရတိုင်းနှမြောရမှန်းမသိဘူး။ ဒီဆန်ကောင်းနဲ့လုပ်မှ မုန့်ညက်ရတာမဟုတ်ပါဘူးဗျ။ ဆန်ကွဲ၊ ဆန်ကျိုး၊ ဆန်နုပ်နဲ့ လုပ်လဲဖြစ်တာပဲ။ ကဲ ဆန်ကောင်းတွေ ပြန်ထားလိုက်၊ ဆန်ကွဲနဲ့လုပ်။ အေးပေါ့ဗျာ၊ . . ဒါလည်းမုန့်ဖြစ်တာပဲဟာ ထောပတ်ကလည်းဒီလောက် မလိုပါဘူး။ ထောပတ်ပါတိုင်းကောင်းတာမဟုတ်ဘူး။ ထန်းလျက်က ဈေးကြီးသဗျ။ တင်လဲရည်ပဲသုံး။ သုံးဆိုလို့ဗုံးတောလအော မလုပ်နဲ့။ ပါတယ်ဆိုပြီးပြီပေါ့။ ဆီကတော့. . . ဒါလည်းလျှော့သုံးဗျာ. . မတတ်သာလို့သာစားရတယ်။ ကျုပ်သဘောဆိုရင် ဒီလိုကုန်မှာ မစားတော့ဘူး။”

အနားကငုတ်တုပ်ထိုင်ပြီးပြောနေသည့် ကျွန်ုပ်ကို စိတ်ရှည်ဟန်မတူ။ သည်လောက်နှမြောနေတာ ဖြစ်သလိုမြန်မြန်လုပ်ကျွေး၊ အေးရောဟု သဘောထား၍ အကြော်အိုးကိုမြှင်လိုက်သည်။

“ဒီမယ်. . ဒါကဘာလုပ်မှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ကွက်သာတွင် အကြော်ဖိုပြင်နေချိန် ကျွန်ုပ်က ကသောကမြော ပြေးလာပြီးတားသည်။ ဘာကြောင့်တားမှန်းမသိ၍ ဒေါကန်သွားဟန်တူသည်။

"ရော. . ဘာလုပ်ရမလဲ၊ ရှင့်ဖို့မုန့်ကြော်မှာလေ"

"သေရောဗျာ. . . ကျုပ်ကတော့သေသာ သေလိုက်ချင်တယ်. . . အကြော်ဖိုကို အိမ်ရှေ့ထွက်လုပ်တော့ ဘေးက အညှော်နံ့မရဘူးလား. . . ဒီအနံ့ခံပြီး ရောက်လာရင် ကျုပ်က ကျွေးရတော့မယ်။ မယ်မင်းလုပ်ပုံကမဟုတ် သေးပါဘူး။ ကဲ ဒီအိုးတွေကို ဟောဟိုပြာသာဒ်ပေါ်တင်။ ဘုံခုနစ်ဆင့်ပေါ်တက်ကြော်မှ ဖြစ်မှာပေါ့ဗျ။"

ကျွန်ုပ်မစ္စရိယ ကောသိယသူဌေးကြီး စကားကြောင့် သူဌေးကတော် အလွန်စိတ်ပျက်သွားရသည်။ တစ်ဖက်သားကို မပေးရက်၊ မလှူရက်သည့် ကျွန်ုပ်၏ တွန့်တိုမှုကို အံ့သြသွားပုံရသည်။ ဒီလိုလူမျိုး လင်လုပ်မိသည့်အတွက် ရင်နာသည်ဟု ဆိုများဆိုလေမလားမသိ။

* * * *

သက္ကာရနိဂုံးရွာထဲရှိ အဆောက်အဦးမှန်သမျှတွင် အမြင့်ဆုံးဖြစ်သော ပြာသာဒ်ပေါ်ရောက်မှပင် စိတ်နှလုံးဖုံးဖုံး ချဟန်ရှိသည်။

"ကိုင်း. . ဘယ်လောက်စိတ်ချရလဲ၊ ကျုပ်ခြံထဲ ဘယ်သူမှလည်းမဝင်နိုင်ဘူး။ ဝင်နိုင်ဦးဟောဒီပြာသဒ်ပေါ် ဘယ်သူမှတက်မလာနိုင်ဘူး။ ဒီတော့ဘယ်သူမှ ကျွေးစရာမလိုတော့ဘူးပေါ့။ ဒါပဲနော်. . . . ခင်ဗျားကလည်း စားချင်တယ် ဖြစ်မလာနဲ့ဦး"





"စိတ်ချပါရှင်. . . မသဒ္ဓါတဲ့အစာကိုမစားပါဘူး။ တော်စားရရင်ဆန္ဒပြည့်ပြီး ကျွန်းမာလာရင်ကျေနပ်ပါပြီ"

"ဒါပဲ. . ဒါပဲ။ ကိုင်းကြော်စမ်းဗျာ။ မုန့်ညက်တွေ မဖိတ်မစင်စေနဲ့ဗျ။ ဒီအဆင့်ရောက်မှဘာမှ မဖြစ်စေချင်ဘူး။ အား. . မွှေးလိုက်တဲ့အနံ့ဗျာ။ ဒီအနံ့ပေါ့ရှင်မရာ။ ကျုပ်ရောဂါဖြစ်အောင် ဒုက္ခပေးတာဒီအနံ့ပဲ။ ဟန်ပြီဗျို့ မုန့်ကြီး ပွထလာတော့ စားချင်စဖွယ်ပဲ။ ကျက်ရင်ကော် လိုက်ဗျာ။ ပူပူနွေးနွေးမုန့်ကို အရသာခံ စားလိုက်ရအောင် . . . ဟင်"

သူဌေးကတော်ကော်ပေးလိုက်သော မုန့်ကြော်ကို စားတော့အံ့ဟု ကောက်အကိုင်တွင် ပြူတင်းဝတွင် လာရပ်သော ပုဂ္ဂိုလ်ကိုတွေ့လိုက်ရ၍ အထိတ်တလန့် ဖြစ်သွားသည်။ လက်မှ ကိုင်ထားသော မုန့်ကို ပန်းကန်ထဲ ပြန်ထည့်ပြီး အဖုံးဖုံးလိုက်သည်။

"ရှင်မ၊ ခင်ဗျားကိစ္စ ခဏရပ်ထားစမ်း။ ဘယ့်နှယ်ဗျာ။ လူမမြင်စေချင်လို့ ဘုံခုနစ်ဆင့်ပေါ် တက်ကြော်တာအလှူခံရဟန်းက ကောင်းကင်ကကြွလာသတဲ့"

"ဟုတ်ပါရဲ့ရှင်. . . ကောင်းကင်ကဈာန်နှင့် ကြွလာတာဆိုတော့ ဒါတန်ခိုးရှင်ပေါ့မောင်ကြီးရဲ့။ ဒီလို တန်ခိုးရှင်မျိုး လှူရရင် ကုသိုလ်ထူးတာပဲ"

"ဘယ်လိုဗျ. . . ကျုပ်မုန့်ကိုလှူဖို့ မယ်မင်းစိတ်ကူးတယ် ဟုတ်လား. . . သွားစမ်းပါ"

"မဟုတ်သေးပါဘူးရှင်ရယ်"

သူဌေးကတော် တားမြစ်နေဆဲမှာပင် ကျွန်ုပ်က ပြူတင်းပေါက်ဆီ ခပ်သုတ်သုတ် ထသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦးရဟန်းကြီးရဲ့၊ အရှင်က ကောင်းကင်ခရီးနဲ့ ကြွလာတယ်ဆိုပါတော့"

"မှန်ပါတယ်ကောသိယ။ ဆွမ်းအလို့ငှာ အလှူခံ လာပေတယ်"

"ဆွမ်းအလှူခံတယ်။ နေစမ်းပါဦး၊ ရဟန်းကြီးကဘယ်သူတုန်း"

"မှန်တယ်၊ ငါဟာ ဂေါတမဗုဒ္ဓအနွယ်တော် အရှင်မဟာမောဂ္ဂလန်မထေရ်ဖြစ်တယ်။"

"အရှင်မောဂ္ဂလန်၊ အင်း . . . တန်ခိုးကြီးပါပေရဲ့၊ ထူးခြားပါပေရဲ့။ ဒါပေမယ့်ရဟန်းကြီးရယ် ကျွန်ုပ်မှာ လှူစရာဘာပစ္စည်းမှမရှိဘူး။ လှူစရာတောင်မပြောနဲ့ စားစရာတောင် မရှိဘူး။"

ကျွန်ုပ် ကောသိယက ဘူးစကားဆိုရင်း မလုံမလဲဟန်ဖြင့် အကြော်ဗန်းကို ငဲ့စောင်းကြည့်လိုက်သည်။

"မုသားဝါဒစကားမဆိုလေနဲ့ကောသိယ။ မုန့်ကို အိုးစလောင်းနဲ့ဖုံးအုပ်ထားပေမယ့် ငါလိုတန်ခိုးရှင်က ထိုးဖောက် မြင်နိုင်ပေတယ်။"

"အလို. . . မုန့်ဟုတ်စ၊ ဒါတော့ရမယ်မထင်နဲ့ ရဟန်း။ သူတပါးလှူဖို့ လုပ်ထားတာမဟုတ်ဘူး၊ ဒီအတွက် ကြောင့် ကောင်းကင်ကကြွလာပြီး ရပ်ပေမဲ့ ရမယ်မထင်နဲ့၊ ရပ်ရုံမကလို့ စင်္ကြံကြွနေဦး မရနိုင်ဘူးမှတ်"

တန်ခိုးရှင် အရှင်မဟာမောဂ္ဂလန်မထေရ်သည် ကျွန်ုပ်၏ စကားအဆုံးတွင် ကောင်းကင်ထက်၌ စင်္ကြံကြွပြတော် မူလေသည်။

"အလိုဗျာ. . . တန်ခိုးကြီးလိုက်ပါဘိ၊ လေသာ ပြတင်းမှာ





စင်္ကြံကြွပြတာကတော့ အံ့စရာပါပဲ။ အဟင်း. . ဒီလို အံ့ဩလို့တော့ လှူမယ်မထင်နဲ့၊ တန်ခိုးကြီးလို့ ထက်ဝယ်ဖွဲ့ခွေပြတောင် မလှူဘူးမှတ်"

ကျွန်ုပ်စကားဆုံးသည်နှင့်မထေရ်မြတ်သည် စင်္ကြံကြွ နေရာမှ ကောင်းကင်တွင် ပလ္လင်ဖွဲ့ခွေထိုင်နေလိုက်သည်။

"ရော. . . ပြောတာနဲ့တန်ခိုးပြနေပြန်သကိုး။ ပြလေ. . . ပြချင်သလောက်ပြ။ မုန့်လှူမယ်တော့မထင်နဲ့၊ တတ်နိုင်လို့ ဒီပြတင်းထိပ်မှာ ရပ်ပြအုံး လှူမယ်ထင်သလား"

ကျွန်ုပ်မစ္ဆရိယကောသိယက လှူလိုစိတ်မရှိ၍ စိတ်ပျက်အောင်ပြောပေမယ့် မထေရ်မြတ်ကသည်းခံမြဲသည်းခံသည်။ကျွန်ုပ်နှင့် မထေရ်မြတ်တို့ ပြောဆိုဖြစ်ပျက်ပုံတို့ ဇနီးသည်ကကြည့်လျက် ဝမ်းသာအားရဖြစ်နေသည်။

"အိုး. . . ဟုတ်ပေ့ကွာ။ ပြတင်းပေါက်တောင် ရောက်လာပြီ။ ရောက်လေ. . ရောက်စမ်း။ လှူမယ်လို့ တော့မထင်နဲ့။ တတ်နိုင်လို့ အခိုးလွှတ်ပြဦး။ လှူချင်စိတ်ကတော့ ပေါ် မလာဘူးမှတ်။"

ကျွန်ုပ်ကောသိယစကားဆုံးသည်နှင့် အရှင်မောဂ္ဂလန်ကိုယ်တော်ကြီးက အခိုးလွှတ်ပြလေတော့သည်။ အခိုးများက ပြာသာဒ်ဆောင်တစ်ခုလုံး ဖုံးလွှမ်းမည်းမှောင် သွားတော့သည်။

ပြောလေသမျှတန်ခိုးတော်နှင့် ဖန်ဆင်းပြနေသောကြောင့် စကားရှေ့ဆက်မဆိုဝံ့တော့။ အခိုးလွှတ်ရုံမကလို့ မီးလျှံတောက်ပစေမလှူဘူးဟု ပြောမိလျှင် ပြာသာဒ်ဆောင် တစ်ခုလုံးမီးစွဲလောင်ချေတော့မည်။

တန်ခိုးရှင်ပုဂ္ဂိုလ်က တစ်စုံတစ်ရာမလှူလျှင် ပြန်မည်



www.burmeseclassic.com

www.burmeseclassic.com



လည်းမထင်။ မြန်မြန်ပြန်မှ စိတ်အေးလက်အေး အကြော်စားရတော့မည်ဟု တွေးမိသည်။

"ကိုင်းရှင်မ၊ ဟောဒီရဟန်းကို မုန့်တစ်ခုလုပ် လှူစမ်းကွာ. ."

"လုပ်ပြီးသားလှူလိုက်မလား"

ကျွန်ုပ်စကားဆုံးသည်နှင့် သဒ္ဓါစိတ်ထိပ်တက်နေသော ဇနီးသည်က လုပ်ပြီးသားမုန့်ကို ကောက်ယူရင်းပြောသည်။ ကျွန်ုပ် ပျာပျာသလဲ တားလိုက်ရသည်။

"ဘယ်လိုကွ။ ဒီလောက်ကြီးတဲ့မုန့်ကို မလှူနိုင် ပါဘူး။ ခပ်သေးသေးပဲလုပ်လှူကွာ။ အသစ်လုပ်လိုက်။ ဒီမယ်. . . မင်းသိတယ်နော်. . မဖြစ်လို့လှူတာ သေးနိုင်သမျှ သေးပလေ့စေ။"

စေတနာသဒ္ဓါတရားမရှိဘဲ မတတ်သာ၍ လှူလေသော ကျွန်ုပ်အဖြစ်ကိုကြည့်ပြီး ဇနီးသည်က ရယ်ချင်သွားဟန်တူသည်။ သဒ္ဓါစိတ်ခေါင်းပါးသော ကျွန်ုပ်ကိုပြာသာဒ်ထက်ထိ အလှူခံလိုက်သော ရဟန်းကိုလည်း ကျေးဇူး တင်လေဟန်ဖြင့် တိုးတိုးညှင်းညှင်း ရယ်နေလေသည်။

* * *

"ဟ. . မင်း ဘယ်လိုလုပ်လိုက်တာလဲ။ သေးသေးလေးလုပ်ပါဆို မုန့်ကဒယ်အိုးပြည့်လုပ်ရသလားကွ။ အဲဒါ ဘေးဖယ်. . . နောက်တစ်ခုထပ်လုပ်။"

ကျွန်ုပ်၏စိတ်ထားကိုသိ၍ ပုံမှန်အနေအထားထက်





တစ်ဝက်ထိလျှော့ချပြီး မုန့်ညက်ခပ်ကာ အိုးကင်းထဲထည့်သည်။ မုန့်ညက်က အိုးကင်းထဲရောက်သွားသည်နှင့် တဖြည်းဖြည်း ပွထလာရာ အိုးကင်းတစ်ခုလုံး ပြည့်သွားသည်။ ကြည့်ရင်းကြည့်ရင်း ကျွန်ုပ်လည်း အမှန်ပင် အံ့ဩသွားသည်။ သည်မုန့်ကြီးကို လှူလိုက်မှာစိုး၍ အပြစ်တင်စကား ဆိုလိုက်ရသည်။

"ကျွန်မမုန့်ညက်ထည့်တာ နည်းနည်းပါ"

"နည်းနည်းမဟုတ်လို့ ဒီလောက်ကြီးတာ ပေါ့ကွ။ ကိုင်း ခပ်စမ်း။ အေးဟုတ်ပြီ။ အဲ့ဒီလောက်ပဲထည့်။ ဖြစ်ရင်ထပ်သွန်လိုက်ဦး။ ပါတယ်ဆိုရုံပေါ့"

ကျွန်ုပ်ကိုယ်တိုင် ကြီးကြပ်လျက် မုန့်ညက်ကို ထည့်လိုက်ပြန်သည်။ မုန့်ညက်က ဇွန်းမှာပါရုံသာဖြစ်ပေမယ့် အိုးကင်းထဲရောက်သည်နှင့် အတိုင်းအဆမရှိ ပွလာသည်။ အစအဆုံးစောင့်ကြည့်နေသော ကျွန်ုပ်သည် နားမလည်နိုင်သော အကြည့်ဖြင့်မော့ကြည့်သည်။

"ကဲ. . ဒီမုန့်ကိုဖယ်ထားဦး။ ငါကိုယ်တိုင်စိတ်ကြိုက် ကြော်မယ်။ "

ကျွန်ုပ်ကမုန့်ညက်ကို ခပ်ပင်မခပ်တော့ဘဲ ဇွန်းဖျားနှင့်ထိရုံသာထိလျက် ဒယ်အိုးထဲ လောင်းထည့်လိုက်သည်။ စိတ်ကြိုက်လုပ်ပေမယ့် မုန့်ကဒယ်အိုးပြည့်ပင် ကြီးနေသည်။

ကျွန်ုပ်ကောသိယကမလှူရက်၍ ဆယ်ယူပြီး ဘေးဖယ်ထားလျက် ထပ်ကြော်ပြန်သည်။ ကြော်လေတိုင်း မုန့်ချပ်ကဒယ်အိုးပြည့်သာ ဖြစ်နေသည်။ အသေးဆုံးမုန့်လုပ်ပေမယ့် အကြီးဆုံးဖြစ်နေ၍ မတွေးတတ်အောင် ဖြစ်နေသည်။

"ကဲ. . ရှင်မ၊ ငါဘယ်လိုပင်တွန့်တိုနေပေမယ့် ဒီမုန့်ထဲက တန်ခိုးက တွန့်တိုလို့မရတာ သေချာပြီ။ ဒီတော့ မုန့်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချပ်သာ လှူလိုက်တော့"

ကျွန်ုပ်လက်လျှော့လိုက်မှ မုန့်လှူရေးက အထမြောက်သွားသဖြင့် ဇနီးသည်ရင်ထဲမှာ ဝမ်းမြောက်သွားပုံရသည်။ မထေရ်ကိုလှူရန် မုန့်တစ်ခုကို ကောက်ယူလိုက်သည်။

"ဟိုး. . ဟိုး. . ဘယ်လိုလုပ်တာလဲရှင်မ။ ကျုပ်နိုင်းတာ တစ်ခု။ ဘယ့်နှယ် အားလုံးလှူဖို့လုပ်ရသတုံး"

"ဟုတ်ပါရဲ့ကျွန်မကောက်တာတစ်ခုပါ"

သူဌေးကတော်က မုန့်ကိုတစ်ခုတည်းဖြစ်ပေအောင် ခွာ ပေမယ့် တွဲနေသည့်မုန့်ကခွာမရ။ သည်ပုံဆိုမုန့်တွေ အကုန်လုံးလှူရတော့မည်။ ကျွန်ုပ်ထိုင်ကြည့်နေလို့မဖြစ်။ ကိုယ်တိုင်ခွာလှူမှ ဖြစ်တော့မည်။ ကျွန်ုပ်ကိုယ်တိုင် ကူညီသော်လည်း မုန့်ကပြုတ်မထွက်။ လင်မယားနှစ်ယောက် ခြေကန်ဆွဲပေမယ့် အတွဲလိုက်ဖြစ်နေသော မုန့်က ခွာထုတ်လို့မရပေ။

"ကိုင်းရှင်မ၊ ဒီမုန့်ဟာ အလှူခံကိုစောင့်နေတဲ့မုန့်ထင်ပါရဲ့။ ဒီတော့ ကျုပ်မစားရလည်းရှိပါစေတော့ ဟောဟို မထေရ်ကိုသာ အားလုံးလှူလိုက်တော့ရှင်မရေ"

* * *

ဝေဒနာ ခံစားရသည်အထိ တောင့်တခဲ့သောမုန့်ကို ပေးလှူဖို့ ဆုံးဖြတ်လိုက်သည်နှင့် မထေရ်မြတ်ထံက သာဓုခေါ်သံကြားလိုက်သည်။ ရင်ကို လှပ်ခတ်သွားလျက် ကြက်သီးမွေးညှင်းပင်ထသွားတော့သည်။

"အို. . အရှင်ရဟန်း၊ ကျွန်ုပ်စေတနာမပါပဲ ပေးလှူသည်ကို သာဓုခေါ်လေသလော"





"မှန်ပေတယ်ကောသိယ၊ သင့်စိတ်ထဲ ရှေးယခင်က ဘယ်သို့ပင်ရှိပါစေ။ ဥစ္စာပစ္စည်းကိုပေးလှူရန် ဆုံးဖြတ်သည့်တစ်ခဏ၌ သင့်မှာသမဗီဇိတသမ္ပဒါတရားနှင့် ပြည့်စုံသွားပေတယ်။ ဤတရားဟာသူတော်ကောင်းတို့ အကျင့်ဖြစ်ကြောင်း ဘုရားရှင်ကမိန့်ကြားထား၍ ဘုရားစကားနာယူသူသင့်အပေါ် သာဓုခေါ်ပေတယ်. . ."

ကျွန်ုပ်သူဌေးကြီးကောသိယရင်ထဲ ကြည်နူးသွားသလိုရှိသည်။ စေတနာမပါဘဲ လှူဒါန်းခြင်းကိုပင် သာဓုခေါ်လေလျှင်သဒ္ဓါတရားထက်သန်စွာလှူဒါန်းက အဘယ်မျှအိုးကျိုးမည်မသိဟု တွေးလိုက်သည်။

"အိုမထေရ်မြတ်၊ ဘုရားတပည့်တော်ရဲ့ ပြာသာဒ်ထဲကြွပါ။ ဟောဒီပလ္လင်ညောင်စောင်းထက်ထိုင်တော်မူပါ။ တပည့်တော်လှူသော ဤမုန့်ကို နှလုံးသန့်သန့် ဘုဉ်းပေးတော်မူပါ"

မထေရ်မြတ်သည် ကျွန်ုပ်မစ္ဆရိယသူဌေးကြီးသဒ္ဓါ ဘက်သို့ ညွှတ်ပြောင်းလာသည်ကို သိသွားပုံရသည်။ ကျွန်ုပ်ပြင်ဆင်ပေးသော ကုတင်ထက် ကြွရောက် သီတင်းသုံးသည်။ မထေရ်မြတ်၏ အမူအရာကို မျက်ခြေမပြတ်ကြည့်နေသော ကျွန်ုပ်၏ရင်ထဲ ကြည်ညိုစိတ်တွေ တိုးလာသည်။ စောစောက တွန့်တိုမှုများ လွင့်ပျောက်ကုန်ပြီ။ ကျွန်ုပ်သည် မုန့်များကိုယူလျက် သပိတ်ထဲလောင်းလှူရန်ပြင်၏။ သို့သော် မထေရ်ကသပိတ်ကို မဖွင့်. . .။

"အို မစ္ဆရိယကောသိယ၊ သင်လှူဒါန်းမည့်မုန့်ကို ဘုဉ်းပေးဖို့ဘုရားရှင်နှင့် သံဃာတော်ငါးရာ ကျောင်းတော်မှာ သီတင်းသုံးနေပါတယ်။ သင်လှူဒါန်း လိုပါက ကျောင်း

www.burmeseclassic.com



တော်ကိုမှန်ယူလာခဲ့လော့"

"မှန်ပါအရှင်. . . ဘုရားရှင် ဘယ်မှာ သီတင်းသုံးပါလဲ ဘုရား"

"ကောသိယ၊ မြတ်ဘုရားဟာ သက္ကာရနိဂုံးက လေးဆယ့်ငါးယူဇနာဝေးတဲ့ သာဝတ္ထိမှာ သီတင်းသုံးနေလေရဲ့။ အကယ်၍ဆန္ဒရှိလျှင် ဘုရားရှင်ထံသင်တို့ကို ခေါ်သွားပေးမယ်. . ."

မထေရ်မြတ်စကားကြားလိုက်တော့ ကျွန်ုပ်အမှန်အားတက်သွားသည်။ လေးဆယ်ငါးယူဇနာခရီးကို သွားရောက်လျှဖို့ကား သာမန်အားဖြင့်မလွယ်။ တန်ခိုးရှင်ဆောင်ယူသွားမှသာဖြစ်မည်။ မထေရ်၏ တန်ခိုးကြီးမားမှုကိုလည်းအကြွင်းမဲ့ယုံသဖြင့် လိုက်ပါလှူဒါန်းခွင့် တောင်းလိုက်၏။

မထေရ်မြတ်၏တန်ခိုးနှင့် တခဏချင်းကျောင်းတော်ကိုရောက်သွားသော ကျွန်ုပ်သည် ဘုရားရှင်ကိုဖူးမြော်ခွင့် ရလိုက်သည်။ ကျွန်ုပ်ကောသိယ၏ မဖြစ်စလောက်မုန့်ညက်နှင့်လုပ်သောမုန့်က ဘုရားရှင်နှင့်တစ်ကွ သံဃာငါးရာဘုဉ်းပေး၍ပင်မကုန်။ သူဌေးလင်မယား အဝအလင်စားပြီးရုံမက ဇေတဝန်ကျောင်းဝန်းကျင်ရှိ သံဃာပရိသတ်၊ လူပရိသတ်ကို ပေးလှူ၍လည်းမကုန်ပေ။ အံ့မခန်းဖွယ် အဖြစ်ဆန်းကြုံရသော ကျွန်ုပ်ကောသိယသည်သဒ္ဓါစိတ်နှင့်လှူက စည်းစိမ်မလျော့၊ တိုးမြဲတိုးသည်ကိုနားလည်လိုက်သည်။ အလှူဒါနအတွက် အနုမောဒနာပြုသည်။ ဘုရားရှင်ဟောသောတရားအဆုံးတွင် ကျွန်ုပ်ကောသိယသည်ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအပေါ် အကြွင်းမဲ့ယုံကြည်ခဲ့ကြောင်း မိမိကိုယ်တိုင် သိလိုက်သည်။





ထိုသို့ ယုံကြည်မိသည်နှင့် အရာရာကို စွန့်လွှတ်နိုင်သော စွမ်းအားရှိလာသည်ကို သိလာတော့ သည်။

"အို. . ချစ်စွာသောခင်ပွန်းမ။ ကျွန်ုပ် ကောသိယဟာ ကုဋေရှစ်ဆယ်သောပစ္စည်းတွေ မပျောက်ပျက်အောင် ထိန်းသိမ်းခဲ့ပေမယ့် တစ်နေ့နေ့သေလွန်ရင် ဒီပစ္စည်းတွေ ဘယ်လိုကိုယ့်နောက်ယူသွားရမလဲဆိုတာ အစကမသိခဲ့ဘူး။ ဒီနေ့ ဘုရားရှင်နဲ့တွေ့ပြီးတဲ့အခါ ပစ္စည်းတွေ ကိုယ့်နောက်ပါအောင် ယူသွားရမယ့်နည်းကို သိခဲ့ပြီကွဲ့."

"ဟုတ်လား . . . ရှင်သေရင် ဒီပစ္စည်းတွေ နောင်ဘဝပါအောင်ယူနိုင်တယ်၊ . . . အံ့စရာပါလား ဘယ်လိုယူသွားမလဲရှင်"

"ကုဋေရှစ်ဆယ်ကို သာသနာတော်အတွက် လှူမယ်ဟေ့၊ အဲဒါမှ ငါပိုင်ပစ္စည်းကိုယူသွားနိုင်မှာ . . ."

"ဘယ်လိုရှင့် . . . လှူမယ်ဟုတ်လား။ ဒါဆို ကိုယ့်နာမည် ကိုယ်ဖျက်သလို နေမှာပေါ့။ မစ္ဆရိယ ကောသိယ ဆိုတဲ့ ရှင်နာမည်ပျက်သွားမှာပေါ့ . . . ဦးကပ်စေးကြီး ရဲ့"

"အ ဟဲ ဟဲ . . . ဒီနာမည်ပျက်ချင်ပျက်ပါစေ ရှင်မရာ။ နာမည်အသစ်မှည့်လိုက်မှာ ပေါ့ကွ"

"နာမည်အသစ် . . . ဟုတ်လား။ ပြောစမ်းပါဦး"

"သဒ္ဓါကောသိယ ။ အ ဟဲ ဟဲ သဒ္ဓါကောသိယတဲ့၊ သက္ကာရနိဂုံးက သဒ္ဓါကောသိယသူဌေးဆိုတာ ကျုပ်ပဲရှင်မရေ . . . ကျုပ်ပဲဗျ"

မောင်ဆန္ဒ(လယ်ဝေး)

www.burmeseclassic.com